

www.burmeseclassic.com
မိုးမိုးစာပေ
BURMESE CLASSIC
လုံးချင်းဝတ္ထုသစ်
မာန်ဗိမုရား
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၉၄၆၀၈၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၉၅၀၉၁၁
အဖုံးဒီဇိုင်း - L လင်း
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၆၀၊ ကားဝါလမ်း
အုတ်ကြီးမြို့နယ်၊ ရန်ကုန်။
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းဌေး
ပုံနှိပ်ခြင်း - ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ
ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်

၈၉၅ ・ ၈၃
မြပုလဲသွယ်
မာန်မိဖုရား / မြပုလဲသွယ် ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၂
၂၈၀ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) မာန်မိဖုရား

"ဟော…သူသတိရလာပြီ"

"ဟုတ်တယ်၊ မျက်ခွံလေးတွေ လှုပ်လာပြီ"

"မင်းထန်…မင်းထန်"

နားထဲမှာ စကားသံတိုးသဲ့သဲ့များနှင့်အတူ မင်းထန်ဆိုသည့် ခေါ်သံကိုပါ သူ ကြားနေရ၏။ လေးလံနေသော မျက်ခွံများကို အားယူကာ ဖွင့်ကြည့်ဖို့ ကြိုးစားပေမယ့် မရ။ နှုတ်မှလည်း စကားများစွာ ပြောချင်နေ၏။

ပထမဆုံး သူမေးချင်တာ သူဘယ်ကိုရောက်နေသလဲ ဆိုတာ။ သို့သော် သူ့နှုတ်ဖျားက ဘာမှမေးလို့မရအောင် အာစေး ထည့်ထားသလို လေးလံနေသည်။ အို…သူ့နှုတ်ဖျားမှမဟုတ် သူ့တစ်ကိုယ်လုံးလည်း နာကျင်ကိုက်ခဲကာ မွန်းကြပ်နေသည်။

ထိုစဉ် တစ်စုံတစ်ယောက်က သူ့မျက်နှာပေါ် ငုံ့မိုးကာ

www.burmeseclassic.com



လျက် ကြင်နာနွေးထွေးသော အသံဖြင့်…

"မင်းထန်…မင်းထန်"

နူးညံ့ချိုသာသော မိန်းကလေးတစ်ယောက်၏ အသံက သူ့နားထဲ တိုးဝင်လာ၏။

ထိုအသံမျိုးက သူနှင့်ရင်းနှီးသယောင်ရှိပေမယ့် ရုတ်တရက် သူ့ဦးနှောက်များက ဘယ်သူမှန်း စဉ်းစားလို့မရ။ ထို့ကြောင့် လေးလံနေသော မျက်လုံးများကိုသာ ဖြည်းညင်းစွာ အားယူဖွင့်ကြည့်ခိုက်…

BURMESE CLASSIC

"ဟော…ထန် သတိရပြီနော်"

"အကြင်နာ"

"ဝမ်းသာလိုက်တာ ထန်ရယ်"

သူ့လက်တစ်ဖက်ကို နွေးထွေးစွာ ဆုပ်ကိုင်လျက် နူးညံ့တိုးလျစွာ ပြောလာသော ကြည်လင်သန့်စင်သော မျက်နှာလှလှလေးတစ်ခုကို တွေ့လိုက်ရခိုက် သူ့အသိတွေ ဝင်းခနဲလက်လျက်

"အကြင်နာမြတ်နိုး"

သူ့နှုတ်မှ ထိုအမည်ကို ခပ်တိုးတိုး ခေါ်ဖြစ်သွားတော့ မိန်းမလှလေးက ကျေနပ်ဝမ်းသာစွာ သူ့ကို အားပါးတရ ပြုံးပြလျက်…

"ဟုတ်တယ် ထန်၊ တို့က အကြင်နာမြတ်နိုးပဲ၊ ထန်





မှတ်မိတယ်နော်၊ စိုးရိမ်လိုက်ရတာ ထန်ရယ်"

"ထန် ခုလို ပြန်သတိမှ ရပါ့မလားလို့ အားလုံးစိတ်ပူနေကြတာ"

စိတ်လှုပ်ရှားခြင်းများစွာဖြင့် ဝမ်းသာစွာပြောနေသော အကြင်နာမြတ်နိုးကို သူ တွေဝေစွာ ငေးမောကြည့်လျက် တစ်စုံတစ်ခုကို အပြေးအလွှား စဉ်းစား၏။

ခုနက သူ့ကိုခေါ်လိုက်တာ မင်းထန်ဆိုပါလား။ ဟင့်အင်း ဒါဟာ လွဲမှားမှုတစ်ခုပဲ။ ပတ်ဝန်းကျင်ကို သူ မျက်စိကစားကာ တစ်ချက်အကဲခတ်ကြည့်လိုက်တော့ သူ့ရင်ထဲ ဟာခနဲ ဖြစ်သွားသည်။

သူရောက်နေတာ ဆေးရုံတစ်ခုပေါ်မှာပါလား။ တစ်ပြိုင်တည်းမှာပဲ သူဘာဖြစ်ခဲ့တယ်ဆိုတာကို သတိရသွားလျက် တစ်စုံတစ်ရာကို စိုးရိမ်စွာဖြင့် သူ့ကို အမှတ်မထင် ကြည့်လိုက်မိသော်

"အကြင်နာ"

"ဟင်…ဘာလဲ ထန်၊ ထန် ဘာပြောမလို့လဲဟင်"

"မဟုတ်ဘူး"

ရုတ်တရက် ခေါင်းခါယမ်းလျက်…

"အကြင်နာ တို့ကို ဘယ်လိုခေါ်လိုက်တယ်"

"ထန်လို့လေ၊ ဘာဖြစ်လို့လဲ ထန်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က ထန် မဟုတ်ဘူး အကြင်နာ"

"ရှင်"

"ထန် ဘာပြောလိုက်တယ်"

အကြင်နာက အသံတိုးသဲ့သဲ့ကို ရုတ်တရက် မကြားလိုက်ဟန်ဖြင့် သူ့ကိုထပ်မေး၏။ သူက အကြင်နာမျက်နှာကို စိုက်ကြည့်လျက် တိုးလျသော်လည်း တိကျသောအသံဖြင့်…

"ကိုယ် မင်းထန် မဟုတ်ဘူး အကြင်နာ၊ ကိုယ်က မင်းမာန်ပါ"

"အို"

သူ့စကားအဆုံးမှာ အကြင်နာမျက်နှာ သိသာစွာပျက်လျက် သူ့ကို သနားကရုဏာမျက်လုံးများဖြင့် ကြည့်လျက် ခေါင်းခါယမ်း၏။

"စိတ်ထိန်းပါ မင်းထန်ရယ်၊ မင်းမာန်အတွက် အကြင်နာလည်း စိတ်မကောင်းပါဘူးကွယ်"

"ဘယ်လို အကြင်နာ၊ ဘာပြောလိုက်တယ်"

"ဟုတ်ပါတယ် ထန်၊ မာန် ခုလို ရုတ်တရက် မမျှော်လင့်ဘဲ ဆုံးပါးသွားတဲ့အတွက် အကြင်နာတို့အားလုံး စိတ်မကောင်းဖြစ်ရပါတယ်"

"ဘာ…ဘယ်လို မာန် ဆုံးပြီဟုတ်လား"





အံ့ဩထိတ်လန့်သွားလျက် လဲလျောင်းနေရာက ဝုန်းခနဲ ခုန်ထဖို့ ကြိုးစား၏။ သို့သော် သူ့ ရည်ရွယ်ချက် မအောင်မြင်ပါ။ ရုန်းကန်ဖို့ကြိုးစားနေသော သူ့ကို အကြင်နာက အသာထိန်းပွေ့လျက်…

"စိတ်ကိုထိန်းပါ ထန်ရယ်၊ အခု ထန့်အခြေအနေက စိုးရိမ်ရတယ်၊ ကောင်းကောင်း ကျန်းမာသေးတာမဟုတ်ဘူး"

"ကိုယ် ထန်မဟုတ်ဘူး အကြင်နာ၊ ကိုယ့်နာမည် မာန်"

"ကိုယ်မသေဘူး၊ ခု ဆုံးသွားတာ"

"သား"

"ဟင်…ဖေဖေနဲ့မေမေ"

သူ့စကားမဆုံးခင်မှာပဲ အခန်းထဲသို့ ညှိုးနွမ်းသော မျက်နှာဖြင့် ဝင်လာသော မိဘနှစ်ပါးကို တွေ့လိုက်ရ၍ ဝမ်းသာစွာဖြင့် အကူအညီ တောင်းလိုက်သည်။

"ဖေဖေ…မေမေ ထန် ဆုံးသွားပြီဆို"

သူ့အမေးစကားကို မိဘနှစ်ပါးက မဖြေဘဲ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် ခေါင်းခါယမ်း၏။ ထို့နောက် သူ့ကိုကြည့်လျက်…

"စိတ်ကိုထိန်းပါ သားရယ်၊ မာန့်အတွက် ဖေဖေတို့ ဘယ်လောက်စိတ်ထိခိုက်မယ်ဆိုတာ သား သိမှာပါကွယ်"

www.burmeseclassic.com



"မဟုတ်ဘူး ဖေဖေ၊ မာန် မသေဘူး၊ သားက မာန်ပါ၊ ခု…ခုဆုံးသွားတာ ထန်ပဲ ဖေဖေ၊ မင်းထန်ပါ"

"ထန်…ထန် ဆုံးသွားတယ်ဆိုလို့ မာန် သိပ်ကို ဝမ်းနည်းထိခိုက်ရပါတယ် ဖေဖေနဲ့မေမေရယ်"

သူ ပြောရင်း မျက်ရည်များ ပါးပြင်ပေါ်သို့ တလိမ့်လိမ့် စီးကျလာ၏။

ထန် တကယ်သေပြီဆိုတာ တစ်အူတုံဆင်း အမွှာညီမို့ သူ့ရင်ထဲမချိ။ လှိုက်လှိုက် ဝမ်းနည်းကြေကွဲစွာ နှလုံးသားတွေ နာကျင်စို့နင့်သွားရပါ၏။ ဒါပေမဲ့ အားလုံးက သူ့ကို မင်းထန်လို့ ခေါ်နေကြသည်။ သူ့ကို ထန်လို့ပဲ ထင်နေ၍ ဝမ်းနည်းစိတ်ထိခိုက် သည့်ကြားက သူ 'မင်းထန်'မဟုတ်ကြောင်း အားတင်းရှင်းပြနေ ပေမယ့် ဘယ်သူမှ မယုံ။ လက်လည်း မခံကြပါ။ သူ အခုလို ပြောနေတာ စိတ်ထိခိုက်ပြီး လျှောက်ပြောနေသည်ဟုသာ ထင်နေကြ သည်။

သူ့ရှင်းလင်းမှုသည် အချည်းနှီးသာ။ အားကိုးဖွယ်ရာဖြစ် သော မိဘနှစ်ပါးကိုယ်တိုင်က 'မင်းထန်'လို့ ထင်မှတ်နေကြပြီ။ သူဘာလုပ်ရမည်နည်း။

"မာန့်အတွက် မေမေတို့ စိတ်ထိခိုက်နေတဲ့အချိန်မှာ သားက စိတ်ကိုထိန်းမှပေါ့ကွယ်၊ သားစိတ်ကို ဒီလောက်မလွှတ်





စေပါနဲ့ သားရယ်"

သူ မျက်ရည်များကျလျက်မှ ခေါင်းကို တွင်တွင်ခါယမ်း ရင်း…

"မဟုတ်ဘူး မေမေ၊ မဟုတ်ဘူး၊ မာန် မသေဘူး၊ မေမေတို့ မခွဲတတ်တော့ဘူးလား၊ အခု သေသွားတာ ထန်ပဲ၊ မာန် မဟုတ်ဘူး၊ မာန်က ကျွန်တော်ပါဗျာ"

"သားရယ်"

BURMESE CLASSIC

သားနားကပ်ထိုင်လာသော မေမေ့လက်ဖဝါးကို ဆုပ်ကိုင် လျက် ဝမ်းနည်းစွာ သူပြောလိုက်သောအခါ မေမေက သူ့ကို တရုဏာမျက်လုံးများဖြင့် သနားကြင်နာစွာ ငေးကြည့်ကာ သူ့နဖူးမှ ဆံစလေးများကို အသာသပ်တင်ပေးသည်။

"မေမေ သိပ်ခွဲတတ်တာပေါ့ သားရယ်၊ သားတို့ ညီအစ်ကိုကို မခွဲတတ်မှာစိုးလို့ ဟောဒီမှာ မေမေကိုယ်တိုင် လုပ်ပေး ထားတဲ့ မင်းထန်ဆိုတဲ့ စာတန်းပါတဲ့ ဆွဲကြိုးလေးကို သား ဆွဲထား တယ်လေ"

"ဗျာ"

သူ့ကိုယ်ကြီး ဆတ်ခနဲ တုန်လှုပ်သွားသလို အံ့အားလည်း သင့်သွား၏။ လည်ပင်းက ဆွဲကြိုးလေးကို ကမန်းကတန်း ငုံ့ကြည့် လိုက်တော့…

www.burmeseclassic.com



"ဟင်"

မင်းထန်ဆိုသည့် အမည်နှင့် ဆွဲကြိုးလေးက မင်းမာန် လည်ပင်းမှာ လှုပ်ခတ်စွာ တွဲခိုလျက် သူ့ကို လှောင်ပြောင်နေသလို။

"မဟုတ်ဘူး မေမေ၊ မဟုတ်ဘူး"

"မာန်က ထန် မဟုတ်ဘူး"

သူ သွေးရူးသွေးတန်း အော်ဟစ်လိုက်၏။

မေမေက မင်းမာန်ကိုကြည့်ပြီး မျက်ရည်ကျသည်။ ပြီးတော့ မင်းမာန်လက်ကို ဆုပ်ညှစ်ပြီး အားပေးသလို နှစ်သိမ့် အပြုံးလေး ပြုံးပြသည်။

"စိတ်ကိုထိန်းပါ သားရယ်၊ သားက မာန်ဆိုရင် ဘာဖြစ်လို့ သားဆွဲကြိုးလေးက ထန် ဖြစ်နေရတာလဲ၊ သားကိုယ်တိုင် ထန်ဖြစ်နေလို့သာ သားကိုယ်ပေါ်မှာ ဒီဆွဲကြိုးလေး ရှိနေတာပေါ့ ကွယ်"

သူ့လည်ပင်းက ဆွဲကြိုးလေးမှာ 'မင်းထန်'ဆိုတဲ့ အင်္ဂလိပ် အက္ခရာစာတမ်းလေးက အခိုင်အမာနေရာယူထားသဖြင့် သူဘာပြန် ပြောရမှန်းမသိ ဖြစ်သွားသည်။

ဒါဆို သူတကယ်ပဲ ထန်လား။ ဟင့်အင်း မဟုတ်ဘူး။ သူဟာ မာန်မှ မာန်အစစ်။ ဒါကို သူ့စိတ်ထဲ၊ သူ့အသည်းထဲ၊ သူ့နှလုံးသားထဲက အလိုလိုသိနေ၏။ ဒါဆို ဒါဆို ဒီဆွဲကြိုးလေး





သူ့လည်ပင်း ရောက်နေတာဟာ…။

ထန်ရယ်…မင်းဟာ သေဆုံးသွားတဲ့အထိ ငါ့ကို ဒုက္ခပေး သွားတာပါလား။ သူ ဘာလုပ်ရမှန်းမသိ။ လည်ပင်းက ထန့်အမည် ပါ ဆွဲပြားလေးကိုကိုင်ကာ နှုတ်ခမ်းနှစ်လွှာကို တင်းတင်းစေ့၍ ငြိမ်သက်သွားချိန်မှာ…

"စိတ်ငြိမ်ငြိမ်ထားနော် သား၊ မာန် ဆုံးသွားပေမယ့် သားထန် အသက်ရှင် ကျန်ရစ်ခဲ့တာကိုပဲ မေမေတို့မှာ စိတ်ကို အားတင်းကြိုးစားပြီး ဖြေနေရတာပါကွယ်"

"မေမေ ဆက်မပြောပါနဲ့၊ မာန် မသေဘူး၊ မာန် မသေ ဘူး"

"သား"

သူ့ရှေ့မှာ မာန် ဆုံးသွားပြီဆိုသော စကားသံကို ဆက်လက်မကြားနိုင်သလို နာကြည်းစွာ သူ အော်ဟစ်ပစ်လိုက်ချိန် မှာ ဆရာဝန် ရောက်လာကာ…

"လူနာ…သူ သိပ်စိတ်လှုပ်ရှားနေတယ်၊ အေးအေးဆေး ဆေး အနားယူပါစေဗျာ"

"ဒီမှာ ဒေါက်တာ၊ ကျွန်တော် ထန် မဟုတ်ဘူး၊ ကျွန်တော့်နာမည် မာန်ပါ"

"မင်းမာန်ပါ ဒေါက်တာ"

www.burmeseclassic.com



ဆရာဝန်က သူ့ကို ကြင်နာစွာ ပြုံးကြည့်လျက်…

“စိတ်ကို အေးအေးထားပါဗျာ၊ သေခြင်းတရားဆိုတာ ဘယ်သူမှ လွန်ဆန်နိုင်တာ မဟုတ်ပါဘူး၊ ခင်ဗျားရဲ့ အမွာအစ်ကို အတွက် ခင်ဗျား ဘယ်လောက် စိတ်ထိခိုက်သွားတယ်ဆိုတာ ကျွန်တော် ကိုယ်ချင်းစာပါတယ် ကိုမင်းထန်”

“ဟင်”

အားလုံးက သူ့ကို ‘မင်းထန်’ အဖြစ် အသိအမှတ်ပြုထားကြပြီပဲ။ သူကိုယ်တိုင် ‘မင်းမာန်’ လို့ ဘယ်လောက်ပြောပြော မေမေကအစ ယုံကြည်လက်ခံပေးမည့်သူ မရှိ။ ဘယ်လောက်ဆိုးရွားတဲ့ အဖြစ်အပျက်ပါလိမ့်။ သူ့အတွက် အားကိုးစရာတစ်ယောက်သာ ရှိတော့သည်။ ထိုလူက တခြားသူမဟုတ်။ မိဖုရားတစ်ယောက်ထဲ ရှိသည်။

အခု မိဖုရား ဘယ်မှာလဲ။

“ကျွန်တော် မိဖုရားကို တွေ့ချင်တယ်၊ မိဖုရားကို ခေါ်ပေးပါ”

သူ့တောင်းဆိုမှုကြောင့် အခန်းထဲမှ လူအားလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြတာ မြင်ရ၏။ မေမေက သူ့ကိုငုံ့ကြည့်လျက်…

“မိဖုရားက သားကြီးမာန် ဆုံးသွားလို့ သိပ်စိတ်ထိခိုက်နေတယ်ကွယ်၊ ဒီအချိန်မှာ သူ့ကို နောက်ထပ် စိတ်အနှောင့်အယှက် မဖြစ်စေချင်ဘူး သားရယ်”

“ဒါပေမဲ့ ကျွန်တော် သူ့ကိုတွေ့မှဖြစ်မယ် မေမေ၊ မိဖုရားကို ခေါ်ပေးပါ မေမေရယ်၊ ကျွန်တော် မိဖုရားနဲ့ တွေ့မှဖြစ်မယ်”

သူ ဆရာဝန်မျက်နှာကို အားကိုးသလို ကြည့်လိုက်၏။ ဆရာဝန်က ခေါင်းတစ်ချက် ဆတ်ခနဲညိတ်ကာ…

“လူနာစိတ်ချမ်းသာအောင် သူတွေ့ချင်တဲ့လူကို ခေါ်ပေးလိုက်ပါဗျာ”

မေမေ့ထံမှ သက်ပြင်းချသံကို ကြားလိုက်ရသလို ပါးပြင်ပေါ် လိမ့်ဆင်းကျလာသည့် မျက်ရည်တို့ကို ပဝါဖြူတစ်ထည်ဖြင့် တို့သုတ်လိုက်တာ မြင်ရသည်။

“သားကြီးကို ဆုံးရှုံးပြီးမှတော့ မေမေ့သားကို နောက်ထပ် မဆုံးရှုံးပါရစေနဲ့ သားလေးရယ်၊ မေမေ့ကိုသနားရင် သားစိတ်ကိုသာ ထိန်းပါဦးကွယ်”

မေမေက သူ့ကိုကြည့်ပြီး မျက်ရည်တွေကြားက တုန်ရီတိုးတိတ်စွာ တောင်းပန်စကားကို ဆိုနေပါသည်။ မေမေ့ကိုသနားပေမယ့် သူ အလျှော့ပေးလို့မဖြစ်တာ သူပဲသိသည်။

“ခဏနော် ထန်၊ အကြင်နာ မိဖုရားကို သွားခေါ်လိုက်မယ်”







www.burmeseclassic.com

www.burmeseclassic.com



သူ့မှာ ခေါင်းမညိတ်နိုင်ဘဲ ထန်ဆိုသော ခေါ်သံအောက်မှာ သူ့စိတ်တွေ ရှုပ်ထွေးနောက်ကျိသွား၏။ ဒါပေမဲ့ မိဖုရားရောက်လာရင် အဖြစ်မှန်တွေကို သိသွားမှာပါဆိုသည့် အတွေးနှင့် အခန်းထဲမှ ထွက်ခွာသွားသော အကြင်နာနောက်ကျောပြင်ကိုသာ ငေးစိုက်ကြည့်နေမိသည်။ မိဖုရားဆိုတဲ့ သူ့အတွက် နောက်ဆုံးမျှော်လင့်ချက်။

"သားလေး သတိရလာပြီဆိုတော့ ဖေဖေနဲ့မေမေ သားကြီးဆီ သွားလိုက်ဦးမယ်နော် သား၊ သားစိတ်ကို သားသိပ်မလွှတ်ပစ်ပါနဲ့ကွယ်"

ဆုံးပါးသွားသော သားကြီးအတွက် ပူပင်သောကရောက်နေသော မိဘနှစ်ပါးကို သူ့ကြောင့် ထပ်ပြီး အပူမဖြစ်စေလိုပါ။ သို့သော် သူကိုယ်တိုင် မိဖုရားဆိုတာကို သိနေတော့ ခက်သည်။ သူတို့ထင်သလို မင်းထန်မှ မဟုတ်ဘဲ။

"ကျွန်တော်က မေမေ့သား မင်းမာန်ဆိုတာ မေမေ့ မယုံဘူးပေါ့နော်"

မေမေက သူ့စကားကို မျက်ရည်များလိမ့်ကျလျက် ငြိမ်သက်စွာ နားထောင်နေရုံကလွဲပြီး သူ့ကို ဘာစကားမှ ပြန်မပြောဘဲ တွေတွေလေး ငေးစိုက်ကြည့်နေသည်။

ထို့နောက် မေမေက တစ်ချက်ရှိုက်ငင်ကာ သူ့နဖူးကို





[illegible]မ်းလျက် အခန်းထဲမှ ထွက်သွားချိန်မှာ သူ့အခန်းရှေ့မှာ အကြင်နာ ပေါ်လာသည်။

အကြင်နာနောက်မှာ မာန် များစွာမျှော်လင့်အားကိုးနေသည့် မိဖုရားကိုယ်တိုင် ပါလာ၏။ ဖြူဝင်းနုဖတ်သန့်စင်နေသော မိဖုရား၏ မျက်နှာလှလှလေးက နွမ်းဖျော့ညှိုးငယ်လျက်။ မျက်ရည်ဝေသော မျက်လုံးများဖြင့် သူ့ကို တစ်ချက်ကြည့်ပြီး ခေါင်းငိုက်စိုက်ချလိုက်၏။ ခေါင်းအငုံ့မှာ မိဖုရားပါးပြင်ပေါ် စီးကျလာသည့် မျက်ရည်တွေကို တွေ့လိုက်ရခိုက် သူ့ရင်ထဲ နင့်ခနဲဖြစ်သွား၏။

"မိဖုရား"

မိဖုရားအမည်ကို သူ အားကိုးတကြီး ခေါ်လိုက်၏။ အကြင်နာက သူ့နားရောက်လာကာ ဆွေးထွေးသောမျက်လုံးများဖြင့် ငဲ့ကြည့်ပြီး…

"မိဖုရား ပါလာပြီ ထန်"

အကြင်နာက သူ့လက်ကို ဆုပ်ညှစ်ရင်း တိုးကျိတ်စွာ သတိပေး၏။

သူ အကြင်နာကိုကျော်၍ မိဖုရားကို လှမ်းကြည့်မိလိုက်တော့ မိဖုရားက သူ့မျက်နှာကို အလွန်နာကျင်ကြေကွဲသော မျက်နှာဖြင့် သူ့ကိုကြည့်ကာ…

"ထန်…သတိရပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



ထန်ဟု မိဖုရားနှုတ်က သူ့အမည်ကို တိကျစွာခေါ်လိုက်သံက သူ့ခေါင်းကို မိုးကြိုးပစ်ခံရသလို ခေါင်းထဲမှာ မိုက်ခနဲပြာဝေသွားကာ မိဖုရားမျက်နှာကို ထိတ်လန့်ချောက်ချားသော မျက်လုံးများဖြင့် စိုက်ကြည့်လိုက်၏။ မိဖုရား သူ့ကို ဘယ်လိုခေါ်လိုက်တာလဲ။

"မိဖုရား"

"ထန်"

"မဟုတ်ဘူး၊ ကိုယ့်နာမည် ထန် မဟုတ်ဘူး"

ထိုအတွေးဖြင့် သူ ခေါင်းကို တွင်တွင်ခါယမ်းလိုက်ရင်း

"ကိုယ့်ကို မမှတ်မိဘူးလား မိဖုရားရယ်၊ ကိုယ်က မာန်ပါ၊ မင်းမာန်လေ"

မိဖုရားက သူ့ကို စိတ်ထိခိုက်သော၊ သနားသော မျက်လုံးများဖြင့် ကြည့်လျက် ပါးပြင်ပေါ် စီးကျလာသည့် မျက်ရည်တွေကို သုတ်လိုက်၏။

"မိဖုရား စိတ်မကောင်းပါဘူး ထန်ရယ်၊ မမျှော်လင့်ဘဲ မာန် ဆုံးပါးသွားတဲ့အတွက် ထန် ဘယ်လောက်ခံစားရမယ်ဆိုတာ မိဖုရား သိပါတယ်၊ မိဖုရားကိုယ်တိုင်လည်း အသည်းနှလုံးတွေ ကွဲကြေနေရသူပါ၊ ဒီကြားထဲမှာ ထန်က ခုလို စိတ်ကိုမထိန်းနိုင်တာ တွေ့ရတော့ မိဖုရားရင်တွေ ပွင့်ထွက်ရတော့မတတ် ခံစားရပါတယ်





ထန်ရယ်၊ မိဖုရားလေ"

မိဖုရားခမျာ စကားကိုပင် ဆုံးအောင်မပြောနိုင်။ မျက်နှာကို လက်ဖဝါးနှစ်ခုပေါ် မှောက်အပ်ကာ ကိုယ်လေး သိမ့်သိမ့်တုန်ခါသည်အထိ မထိန်းနိုင်မသိမ်းနိုင် ရှိုက်ကြီးတငင် ငိုချလိုက်ပုံက သူ့ရင်ကို ဓားနှင့်မွှန်းသလို နာကျင်ထိခိုက်သွားစေပါသည်။

"မဟုတ်ဘူး မိဖုရား၊ ခုဆုံးသွားတာ မင်းထန်ပါ၊ ကိုယ်က မင်းမာန်ပါ မိဖုရားရယ်၊ ကိုယ့်ကို မိဖုရား မမှတ်မိတော့ဘူးလားဟင်၊ ကိုယ် မင်းမာန်ဆိုတာ မိဖုရား မယုံတော့ဘူးလားဟင်"

သူ့စကားအဆုံး လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းလာလျက် မျက်ရည်များ ကျလာ၏။ မိဖုရားက သူ မင်းမာန်လို့ပြောတာကို လက်ခံပုံမရ။ တသိမ့်သိမ့်သာ ရှိုက်ငင်ငိုကြွေးလျက်ရှိ၍ သူ အံကိုတင်းတင်းကြိတ်လျက် မိဖုရားမျက်နှာလေးကိုသာ စိုက်ကြည့်နေမိ၏။ အဖြစ်က ဘယ်လောက်ဆိုးလဲ။ ကိုယ့်ချစ်သူတစ်ယောက်လုံးကတောင် သူ့ကို မမှတ်မိမသိရှိတော့တဲ့အပြင် သူ့ကို မင်းထန်လို့သာ ယုံကြည်နေခဲ့လေပြီ။

မိဖုရားက သူ့ကို ငေးစိုက်ကြည့်နေချိန်တွင် သူ အားတင်းလျက် မိဖုရားကို ချစ်မြတ်နိုးစွာ ပြုံးပြလိုက်၏။

"ဒီလိုပြုံးလိုက်ရင် မာန်က သိပ်ချစ်ဖို့ကောင်းတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မိဖုရားတော့ အိပ်မက်ထဲမှာတောင့် မှုန့်အပြုံးကို ဖွဲ့ပြီး မက်နေတယ်''

တစ်ချိန်က မိဖုရားပြောခဲ့တဲ့စကားတွေကို ပြန်အမှတ်ရလိုက်စမ်းပါ အချစ်ရယ်။ ဟောဒီလောကမှာ သူဟာ 'မင်းမာန်' ပါလို့ ပြောနိုင်တဲ့သူဟာ 'မိဖုရား'တစ်ယောက်သာရှိတာမို့ စိတ်ထဲမှာ အားကိုးတကြီး မျှော်လင့်လျက် သူ မိဖုရားမျက်နှာလှလှလေးကိုသာ စိုက်ကြည့်နေမိ၏။

''ဟင်''

မိဖုရားက သူမအချစ်ဆုံး၊ အမြတ်နိုးဆုံးပါဟု ဆိုခဲ့သော သူ့အပြုံးများကို ရှောင်လွှဲလျက် အကြင်နာထံ အကြည့်ရောက်သွားကာ အင့်ခနဲ တစ်ချက်ရှိုက်ငိုလိုက်၏။ ပြီးမှ ငိုသံရောစွက်နေသည့် ရှိုက်သံတိုးတိုးလေးနှင့် တိုးခိုက်သော လေသံလေးဖြင့်···

''မိဖုရား စိတ်မကောင်းပါဘူး ထန်၊ ထန့်အမွှာအစ်ကို မာန့်အတွက် ထန် ဒီလိုဖြစ်သွားလိမ့်မယ်လို့ မိဖုရား မထင်ခဲ့ဘူး''

''မာန့်အတွက် ထန် သိပ်ပြီး စိတ်ထိခိုက်နေတာပဲ၊ အကြင်နာ ထန့်ကို သေချာဂရုစိုက်ပြီး ဖျောင်းဖျနှစ်သိမ့်ပေးလိုက်ပါ အကြင်နာရယ်''

''မိဖုရား···မင်း ဘယ်လိုပြောလိုက်တာလဲ၊ ကိုယ်ဟာ မင်းချစ်သူ မာန်ကွ၊ မာန့်ကို မင်း မချစ်တော့ဘူးလား၊ မာန့်ကို





ခင်း မမှတ်မိဘူးလား မိဖုရားရယ်''

သူ့အသံက နာကျင်ကြေကွဲခြင်းတွေနှင့် သွေ့ခြောက်အက်ကွဲလျက်။ မျှော်လင့်ချက်မဲ့သူတစ်ယောက်လို ရူးသွပ်သွားလျက် မိဖုရားကို ရင်နာစွာ အော်ဟစ်ပစ်လိုက်သည်။ ထို့အတွက် သူ့ရင်မှာ နောင်တမရ။ အကြင်နာက သူ့လက်ကို ဖွဖွဆုပ်ကိုင်လျက်···

''စိတ်ကိုထိန်းပါ ထန်ရယ်''

''ဘာကို စိတ်ထိန်းရမှာလဲ၊ ဖယ် သွား၊ ကိုယ် မင်းထန် မဟုတ်ဘူးကွ၊ ကိုယ့်နာမည် မင်းမာန်၊ ဒါကို မင်းတို့နားလည်အောင် ဘယ်နှခါပြောရမှာလဲ''

ဒေါသနှင့် မခံချိမခံသာဖြစ်ကာ သူ့လက်ကို ဆုပ်ကိုင်ထားသော အကြင်နာလက်ကို ပုတ်ထုတ်လျက် ခံပြင်းစွာ အော်ဟစ်လိုက်မိသည်။

မိဖုရားက သူဖြစ်သွားသည့် အမူအရာကို စိတ်မကောင်းသည့်အသွင်ဖြင့် တစ်ချက်စိုက်ကြည့်ပြီး ခေါင်းကို ဖြည်းညှင်းစွာ ခါယမ်းလျက် မျက်ရည်ပေါက်ပေါက်ကျနေ၏။

''တစ်ချိန်မှာ ဒီလိုလွဲမှားမှုတွေ ဖြစ်လာမှာစိုးလို့ မာန့်အတွက် မိဖုရားကိုယ်တိုင် မင်းမာန်လို့ စာတမ်းဖော်ထားတဲ့ ဟန်းချိန်းလေးကို ပေးခဲ့တာပါ ထန်၊ ခုချိန်ထိလည်း မာန့်လက်မှာ မိဖုရားပေးခဲ့တဲ့ ဟန်းချိန်းလေး ဝတ်ဆင်ထားဆဲပါပဲ ထန်ရယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

သူက ကယောင်ကတမ်းဖြင့် သူ့လက်ကို ပြန်ငုံ့ကြည့်လိုက်တော့ မိဖုရား သူ့ကို အမြတ်တနိုး ဝတ်ဆင်ပေးထားသည့် မာန်အမည်နှင့် ဟန်းချိန်းလေး မရှိတော့။ သည်ဟန်းချိန်းလေးကြောင့်လည်း သူ နုပို ဆေးရုံရောက်ခဲ့ရသည်။ သူ နှုတ်ခမ်းကို တင်းတင်းစေ့ပြီး မိဖုရားမျက်နှာလေးကို ရင်နင့်စွာ စူးစိုက်ကြည့်ရင်း စိတ်ထိခိုက်စွာ တောင်းပန်သလို ကြည့်လိုက်သည်။

"ကိုယ့်လက်မှာ မိဖုရားကိုယ်တိုင် ဝတ်ပေးခဲ့တဲ့ ဟန်းချိန်းလေး မရှိတော့ဘူးဆိုရင်လည်း ကိုယ်ဟာ မိဖုရားရဲ့ ချစ်သူ မင်းမာန်ပါ အချစ်ရယ်၊ ကိုယ်က မိဖုရားရဲ့ချစ်သူ မင်းမာန်ပါ"

"မဟုတ်ဘူး…မဟုတ်ဘူး"

မိဖုရားက ခေါင်းခါယမ်းလျက် တသိမ့်သိမ့်ရှိုက်ငို၏။

"ဝမ်းနည်းပါတယ် ထန်၊ မိဖုရား မာန့်ဆီ သွားပါရစေတော့"

ငိုယိုပြေးထွက်သွားသော ချစ်သူကို သူ ဘာမှမပြောနိုင်။ ပြောခွင့်လည်းမရ။ အံကို တင်းတင်းကြိတ်ကာ မျက်ရည်ဝဲနေလျက် ဘာလုပ်ရမှန်းမသိ ဖြစ်နေချိန်မှာပဲ မိဖုရားက အခန်းပေါက်နား ရောက်သွား၏။

"ခဏနေပါဦး၊ ခဏလေးနေပါဦး မိဖုရားရယ်"



နှင့်သည်းနာကျင်စွာ သူခေါ်သံကြောင့် မိဖုရား၏ ခြေအစုံမှာ ရပ်တန့်သွားကာ ဆတ်ခနဲ သူ့ကို လှည့်ကြည့်လာသည်။ သူက နာကျင်ခံစားနေသော ကွဲအက်မွကြေနေသည့် နှလုံးသားဖြင့် ငိုချင်စိတ်ကို မျိုသိပ်ထားသော နီရဲသည့် မျက်ဝန်းများဖြင့် မိဖုရားမျက်နှာလေးကို စိုက်ကြည့်ကာ…

"မင်းဟာ အလကားမိန်းမပဲ မိဖုရား၊ ဘာမဟုတ်တဲ့ သက်မဲ့ပစ္စည်းလေးတစ်ခုနဲ့ ကိုယ့်ချစ်သူနှလုံးသားကို နင်းချေလိုက်တာပဲ"

"ချစ်သူတွေရဲ့ နှလုံးသားဆိုတာ ချစ်သူချင်းပဲသိတယ်၊ ချစ်သူချင်းပဲ နားလည်တယ်၊ ခုတော့ အချစ်ဆိုတဲ့အရာကို သက်မဲ့ပစ္စည်းလေးတစ်ခုနဲ့ ဆုံးဖြတ်တာ ကိုယ့်အပေါ်ထားတဲ့ မင်းအချစ်တွေလား မိဖုရား၊ ပြောစမ်းပါ"

သူ့အမေးကို မိဖုရား ဘာတစ်ခုမှ မဖြေနိုင်။ နာကျင်ကြေကွဲနေသော အကြည့်လေးများဖြင့် သူ့မျက်နှာကို တွေတွေဝေဝေလေး ကြည့်ရင်း အင့်ခနဲ တစ်ချက်ရှိုက်ကာ သူ့ရှေ့မှ တအားပြေးထွက်သွားသည်။ သူကိုယ်တိုင်လည်း သူ့ကိုယ်သူ သတိမထားမိခင်မှာပဲ မျက်ရည်များက သူ့ပါးပြင်ပေါ်သို့ အဆက်မပြတ် စီးကျလာ၏။

ဒီမျက်ရည်တွေဟာ အရှုံးညီ မင်းထန်ဆုံးလို့ စီးကျလာတဲ့




www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်တွေလား။ ဒါမှမဟုတ် မင်းထန်ဆိုတဲ့ အမွှာညီငယ်ကြောင့် မင်းမာန်ဆိုတဲ့ သူ့ဘဝကြီးတစ်ခုလုံး ပျောက်ဆုံးသွားရတဲ့ အတွက်ကြောင့် ကျရတဲ့မျက်ရည်တွေလားဆိုတာ သူကိုယ်တိုင် မခွဲခြားနိုင်ပေမယ့် သူ့နှလုံးသားတွေက နာကျင်စုတ်ပြတ်ကာ အစိတ်စိတ် အမွှာမွှာ ကွဲကြေသွားခဲ့လေပြီ။

□ □ □

"ဒီအရုပ်လေးကို ထန် ကြိုက်တယ် ကိုကို၊ ထန့်ကို အဲဒီအရုပ်လေး ပေးပါ"

မင်းသမီးရုပ်လေးနှင့် ဆော့ကစားနေသော မင်းမာန်မှာ အမွှာညီငယ် မင်းထန်စကားကြောင့် သူ့အရုပ်လေးကို ရင်ခွင်ထဲ ထွေးပွေ့မိလျက် မျက်လုံးဝိုင်းလေးဖြင့် ကြည့်ကာ ခေါင်းခါယမ်း၏။

"ညီ့မှာလည်း ဒီလိုအရုပ်မျိုးရှိနေတာပဲ ထန်၊ ဘာဖြစ်လို့ ကိုကို့အရုပ်ကိုမှ လိုချင်ရတာလဲ"

"ဟင့်အင်း…ဟင့်အင်း၊ ထန့်ဆီက အရုပ်ကို ထန် မကြိုက်တော့ဘူး၊ ကိုကို့လက်ထဲက အရုပ်ကိုပဲ လိုချင်တာ၊ ကိုကို့ အရုပ်ပေး၊ ထန့်ကိုပေးပါ"

"မပေးဘူး ထန်၊ မေမေက ကိုကိုတို့နှစ်ယောက်စလုံးကို




www.burmeseclassic.com

www.burmeseclassic.com



အရုပ်အတူတူ ဝယ်ပေးထားတာ၊ ကိုယ့်အရုပ် ကိုယ်ကစားပါ"

မာန်က သူလိုချင်သော အရုပ်ကို မပေးမှန်းသိသောအခါ ထန်က မာန့်မျက်နှာကို စူးလက်သော မျက်ဝန်းများဖြင့် ကြည့်လျက်...

"ထန် လိုချင်တဲ့အရုပ်ကို မင်း ပေးမှာလား၊ မပေးဘူးလား ကိုကို"

"မပေးဘူးကွာ...မပေးဘူး"

"အီး...အဟီး...ဟီး၊ မေမေရေ...မေမေ"

ထန်က ရုတ်တရက် ရှူးရှူးဝါးဝါး ထပြီး အော်ဟစ်ငိုယိုလျက် မိခင်ဖြစ်သူကို လှမ်းခေါ်သဖြင့် ထန့်ငိုသံကြောင့် မေမေ အိမ်ရှေ့ပြေးထွက်လာ၏။

"ဟဲ့...ဘာဖြစ်နေကြတာလဲ၊ သားထန်ကရော ဘာဖြစ်လို့ ဒီလောက်ငိုနေရတာလဲ"

"ကိုကိုက ထန် လိုချင်တဲ့ အရုပ်လေးကို မပေးဘူးတဲ့ မေမေ"

"အီး...ဟီး...ဟီး"

ထန်က သူဖြစ်ချင်တာကို အရင်ဦးအောင်တိုင်ရင်း အော်ငိုသည်။ မာန်က မေမေ့ကို ထိတ်လန့်သော မျက်လုံးဖြင့်ကြည့်ကာ

"ထန့်မှာလည်း ဒီလိုအရုပ်ရှိတာပဲ မေမေ"





မေမေက မာန်တို့နှစ်ယောက်ကိုကြည့်ပြီး သက်ပြင်းချလျက် ခေါင်းခါယမ်း၏။ ယို့နောက် အော်ဟစ်ငိုယိုနေသော ထန့်ကို ကြည့်ကာ...

"တိတ်စမ်း ထန်၊ ထန့်မှာလည်း ဒီလိုအရုပ်ရှိလျက်သားနဲ့ ဘာဖြစ်လို့ ကိုကို့အရုပ်ကိုမှ လိုချင်ရတာလဲ"

"ထန့်အရုပ်ကို ထန်မှမကြိုက်တာပဲ မေမေရဲ့၊ အီး...ဟီး ဟီး"

"သြော်...အရုပ်ချင်း အတူတူကိုကွယ်၊ ကဲပါ သားကြီးရယ် မင်းညီလေး အငိုတိတ်အောင် ခဏဖြစ်ဖြစ် ပေးလိုက်စမ်းပါ၊ မေမေ ဟင်းချက်နေတာ မပြီးသေးဘူးသားရဲ့၊ မေမေ့သားကြီးက လိမ္မာပါတယ်နော်"

"ခဏပဲပေးမှာနော် မေမေ၊ ထန့်ကို အပိုင်မပေးဘူး"

"အေးပါကွယ်၊ အေးပါ"

မေမေ ခေါင်းညိတ်ကာ မာန့်လက်ထဲက အရုပ်လေးကို လှမ်းယူကာ ငိုကျွေရှည်နေသည့် ထန့်ကို လှမ်းပေးလိုက်၏။

"ရော့...ရော့ သားငယ်လိုချင်တဲ့ အရုပ်ကိုယူပြီး မျက်ရည်တွေကို တိတ်တော့၊ သားကြီးမာန်က လိမ္မာသလောက် သားထန်ကတော့ ဆိုးချင်တယ်၊ ဒီတစ်ခါပဲနော်၊ နောက်ဆို မေမေက အလိုမလိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ငိုရင်ရိုက်မှာ သိလား"

"ဟုတ်"

"ရှော့…ဒါဆို ကိုကို့အရုပ်ကို ခဏယူ"

ထန်က မာန့်အရုပ်လေး သူ့လက်ထဲရောက်မှ အငိုရပ်သွားသည်။ မေမေက မာန့်ဆံပင်လေးများကို ဖွဖွသပ်လျက်…

"သားမာန်လေးက သိပ်လိမ္မာတယ်ကွယ်၊ မေမေ့သားကြီးကတော့ သားညီလေးကို အမြဲအလျှော့ပေးနေရတာပဲ"

မေမေ့ချီးကျူးစကားအောက်မှာ မာန် ငြိမ်သက်နေသော်လည်း သူ့အကြည့်တွေကတော့ ထန့်လက်ထဲမှ အရုပ်လေးကို နှမြောတမ်းတစွာ လှမ်းကြည့်နေမိသည်။ ဒါကို မေမေလည်း မသိ။ အရုပ်ဖြင့် ပျော်ရွှင်နေသော အမွှာညီငယ် ထန်လည်း မသိခဲ့ပါ။

"ကိုကို့သားငယ် ထန်ကတော့ တကယ်မလွယ်ဘူး၊ အရုပ်အတူတူ ဝယ်ပေးထားတာချင်းကို သူ့အစ်ကိုကြီး မာန်အရုပ်မှ လိုချင်သတဲ့လေ"

ညနေစာ ထမင်းစားပြီးနောက် သူတို့ခြံထဲမှာ ကစားနေစဉ် ဖေဖေနှင့်မေမေက သူတို့နှင့် ခပ်လှမ်းလှမ်းမှာ စကားပြောနေကြခြင်းဖြစ်သည်။

ဖေဖေက မေမေ့စကားကို ပြုံး၍ နားထောင်လျက်က





မြက်ခင်းပြင်မှာ ဆော့ကစားနေသော အမွှာသားနှစ်ယောက်ကို ချစ်မြတ်နိုးစွာ လှမ်းကြည့်သည်။

အမွှာသားနှစ်ယောက်ဖြစ်သော မာန်နှင့်ထန်ကလည်း အမွှာဆိုတဲ့အတိုင်း ရုပ်ချင်းခွဲမရအောင် တူလိုက်ကြသည်မှာ တကယ့်ကို ရုပ်တူပုံတူလေးတွေ ဖြစ်သည်။ သူတို့နှစ်ယောက်ကို တခြားလူတွေ မဆိုနှင့် မွေးထားသည့် မိဘနှစ်ပါးကိုယ်တိုင် မခွဲတတ်၍ ဉာဏ်မျှ ရုပ်ချင်းဆင်တူလွန်းသော အမွှာသားနှစ်ယောက်ကို လွယ်ကူစွာ သိရှိစေရန်အတွက် မာန်နှင့်ထန်ဆိုသည့် စာတမ်းလေးများပါသော ဆွဲကြိုးလေးများ လုပ်ပေးကာ ဝတ်ဆင်ပေးထားခဲ့ရသည်အထိ မာန်နှင့်ထန်ဆိုတာက တစ်ယောက်တည်း၊ တစ်ပုံစံတည်းဖြစ်သည်။ သူတို့ကို အလွယ်တကူ ခွဲခြားသိချင်ရင် သူတို့ ဆွဲကြိုးလေးများကို ကြည့်ကာ ဘယ်သူ မာန်၊ ဘယ်သူ ထန်ဆိုတာ ခွဲခြားရသည်။

"အင်း…သူတို့နှစ်ယောက်က ဆယ်မိနစ်ပဲခြားတာဆိုတော့ အကြီးက ညီထန်ကို အမြဲအလျှော့ပေးရတာပေါ့၊ သူတို့ ဆုတောင်းကလည်း ထူးခြားတယ်၊ အမွှာဆိုတဲ့အတိုင်း ရုပ်ချင်းကလည်း ခွဲမရအောင်ကို တူနေတာ၊ ဆွဲကြိုးလေးတွေသာ ဆွဲမပေးထားရင် ကိုယ်တော့ ဘယ်သူက မာန်၊ ဘယ်သူက ထန်မှန်း သိမှာမဟုတ်ဘူး မေကြီးရေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် ခင်က ဆွဲကြိုးလေးတွေ လုပ်ပေးထားတာ ပေါ့ ကိုရဲ့၊ မာန်က သူ့ညီကို အတော်သည်းခံရှာပါတယ်၊ ဒါပေမဲ့ သူ့ကို သိပ်မိုလ်ကျလို့တော့ မရဘူး"

"ဘာပဲဖြစ်ဖြစ် သူတို့ချင်း ချစ်တာကိုတော့ ကိုတို့ ဝမ်းသာရမှာပဲကွ၊ ကြည့်စမ်းပါဦး ကိုတို့သားလေးတွေက တကယ့် လှချောလေးတွေကွ၊ သားတို့ကြီးလာရင် သမီးရှင်တွေ ဝိုင်းဝိုင်း လည်နေမယ်ထင်တယ်"

"ဟင်း...ကိုကတော့ သားတွေကို အခုထဲက ချွေးမ ရှာပေးချင်နေတာပဲ"

"ခင်သာဆို သားတို့ကို ဘယ်တော့မှ အိမ်ထောင်ပြုခိုင်း မှာ မဟုတ်ဘူး"

"ဖြစ်မလားဗျာ၊ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်မှ ဖြစ်မှာ ပေါ့၊ အခုထဲက အသက်ကြီးရင် မြေးချီဖို့မြင်ထား"

"တော်ကြာ သူတို့လို မြေးအမွှာလေးတွေ မွေးလာမှဖြင့်"

"အဟား...ဟား...ဟား"

"သားအချစ် မြေးအနှစ်မဟုတ်လား မေကြီးရဲ့၊ ဒီတော့ လည်း မြေးအနှစ်လေးတွေ အမွှာဖြစ်တော့ ပိုပြီးချစ်ရတာပေါ့ကွာ မဟုတ်ဘူးလား"

"ကိုတို့သားလေးတွေက လိမ္မာမှာပါကွာ၊ ဘာရင်ပူစရာ





...သဲ၊ အမေကြီးကလည်း စိတ်လေးကို ပျော်အောင်ထားစမ်းပါကွာ၊ ...သော ဟိုမှာ သားလေးတွေ ကိုတို့ဆီ လာနေပြီ၊ ကြိုလိုက်ပါဦး ...ဗျာ"

"မေမေ...မေမေ"

ရုပ်ချင်းခွဲမရအောင်တူသော မာန်နှင့်ထန်က မိဘနှစ်ပါးဆီ အပြေးရောက်လာလျှင် လက်ကမ်းကြိုနေသော မိဘနှစ်ပါး ရင်ခွင် ထဲသို့ တစ်ယောက်စီ ဝင်ထိုင်လိုက်ကြ၍ မိဘနှစ်ပါးက သူတို့ ပါးဖောင်းဖောင်းလေးများကို မြတ်နိုးစွာ ရှိုက်နမ်းဂုဏ်ပြုလိုက်ကြ သည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

အချိန်တို့သည် လျင်မြန်စွာ ကုန်ဆုံးလွယ်သလို မာန်နှင့် ထန်တို့သည်လည်း မူလတန်းကျောင်းသားလေးများမှ အထက်တန်း ကျောင်းသားများဘဝသို့ ပြောင်းလဲရောက်ရှိလာသည်။

"မပြီးသေးဘူးလား ထန်ရား၊ ကျောင်းချိန်နီးနေပြီကွ"

"ပြီးပါပြီ ကိုကိုရ"

ပါးစပ်က ပြီးပါပြီ ပြောနေသော်လည်း အလှကြိုက်သော ထန်က မှန်တင်ခုံရှေ့မှာ သူ့ဆံပင်တိုတိုလေးကို ဖြီးနေသည်မှာ ပြီးကိုမပြီးတော့။ မာန်ကတော့ ထန့်လောက် အလှမကြိုက်ပေမယ့် စတိုင်ကျကျ နေတတ်ထိုင်တတ်သူဖြစ်သည်။ အရွယ်လေးတွေ ရောက်လာတော့ မာန်နှင့်ထန်က ရုပ်ချင်းခွဲမရအောင် တူတာကလွဲ ပြီး ပုံစံတစ်မျိုးစီ ဖြစ်လာ၏။

မာန်က ဆံပင်တိုတို၊ အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ မျက်နှာ





ချူချူ၊ နှာတံပေါ်ပေါ်၊ စူးရှသောမျက်ဝန်းပိုင်ရှင်အဖြစ် နှုတ်ခမ်း အစုံကို တင်းတင်းစေ့ပြီး ခပ်တည်တည်နေတတ်သလို အပေါင်း အသင်းလည်း သိပ်မထား။ ထန်ကတော့ မာန့်ထက် လှချင်သူဆို တော့ မာန့်လို မြန်မာဆန်ဆန် ပုဆိုးနှင့် လည်ကတုံးအင်္ကျီအဖြူကို ဝတ်။ နာမည်ကြီးတံဆိပ်တွေထဲက သူ့စိတ်ကြိုက်အင်္ကျီ၊ ဘောင်းဘီ၊ ဖိနပ်တွေပဲဝတ်သည်။ မေမေကတော့ သူတို့နှစ်ယောက် ကို ကြည့်ကာ...

"ဒါလည်းကောင်းတာပဲ၊ တစ်ယောက်တစ်မျိုးစီဆိုတော့ လူချင်းခွဲခြားရတာ လွယ်သွားတာပေါ့"

"ဒါဆို မေမေ ဒီဆွဲကြိုးတွေ မလိုတော့ဘူးပေါ့၊ ထန့် နာမည်ပါတဲ့ ဆွဲကြိုးကို ဆွဲထားရတာ အလကား ကိုယ့်နာမည် ကို လိုက်ကြော်ငြာပြနေသလိုပဲ၊ ချွတ်ထားလိုက်တော့မယ်နော် မေမေ"

"ဟဲ့...အဲဒီလိုတော့မလုပ်နဲ့၊ တော်ကြာ ဘယ်သူက မာန်၊ ဘယ်သူက ထန်မှန်းမသိ ဖြစ်နေမယ်"

"မေမေပဲ ခွဲတတ်တယ်ဆို"

"အို...အဲဒါက အပေါ်ယံ အဝတ်အစားကိုကြည့်ပြီး လွယ်လွယ်ပြောတာ သားရဲ့၊ တကယ်တော့ ဘယ်ခွဲခြားတတ်ပါ့ မလဲ"



www.burmeseclassic.com

www.burmeseclassic.com



မေမေ့စကားကြောင့် မာန်နှင့်ထန် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးရယ်မိကြသည်။ သူတို့အမွှာနှစ်ယောက် အခုချိန်ထိ မိဘနှစ်ပါးစလုံးက မခွဲခြားနိုင်ကြတာကို သဘောကျ၍ဖြစ်သည်။ သူငယ်ချင်းတွေကလည်း ထို့အတူပင်။ သူတို့လည်ပင်းက ဆွဲကြိုးလေးတွေကြည့်ပြီးမှ ဘယ်သူက မာန်၊ ဘယ်သူက ထန်ဆိုတာ သိကြသည်။ သူတို့မှာ ဆွဲကြိုးမပါလျှင် ဘယ်သူမှန်း မသိကြတော့။ ထန်က အလှအပကြိုက်သည်။ တစ်ခါတလေ သူ့သဘောနှင့်သူ ဆွဲကြိုးကို ချွတ်ထားတတ်သည်။ ပြီးလူတွေကို အရူးလုပ်နေတတ်သည်။ သူငယ်ချင်း အပေါင်းအသင်းတွေကလည်း ထန့်ကို မာန်ဟု ထင်ကြ၊ မာန့်ကို ထန်ဟုထင်ကြနှင့် သူတို့အမွှာကိုယ်တိုင် ဖွင့်မပြောမချင်း လူချင်းမခွဲခြားတတ်ကြ။

"ကဲ…အားလုံးပြီးပြီ၊ သွားကြစို့ ကိုကို"

"မေမေ သားတို့သွားပြီ"

ထန်က မိခင်ကို နှုတ်ဆက်လိုက်၏။

"ထန်နော်…မင်းကိုယ်မင်း တက္ကသိုလ်ကျောင်းသားများ မှတ်နေလားမသိဘူး၊ ကိုယ့်ကိုယ်ကို ဆယ်တန်းကျောင်းသား ရှိသေးတယ်ဆိုတာ သတိရဦး"

"အခု ဆယ်တန်းကျောင်းသားဆိုပေမယ့် နောင်နှစ် တက္ကသိုလ်ကျောင်းသားဖြစ်မှာပဲ ကိုကိုရ၊ ဘာဖြစ်လဲ"





"ထန်တော့ တက္ကသိုလ်ရောက်ရင် အပြတ်ကဲမှာပဲ၊ ကိုကိုသာ အခုထဲက အဘိုးကြီးအိုပုံစံ ဖမ်းနေ၊ ထန်တို့ကတော့ မရဘူး၊ ဒါပဲ"

"အေးပါ၊ အဲဒီအချိန်ကြ မင်းသဘောကျလုပ်၊ အခုခင်းလုပ်ရမှာ စာကြိုးစားဖို့ဆိုတာ ခေါင်းထဲထည့်ထား"

"ဒီလောက်တော့ ထန်တို့က အေးဆေးပါ ကိုကိုရ"

"ဒီဆယ်တန်းလေးများ ထန်တို့က မဖြေလည်းအောင်ပြီးသား"

"ဟား…တက္ကသိုလ်ကျောင်းသားဘဝဆိုတာ သိပ်ပျော်ရာကောင်းမှာပဲဗျာ၊ ထန် သူတို့လိုဖြစ်အောင်ကို ကြိုးစားမယ်"

"ကဲ…ကဲ ကြိုးစားမှာက နောက်ထား၊ ခု ကျောင်းသွားဖို့ ကားပေါ်တက်ကြ၊ သားတို့ကို ဖေဖေကိုယ်တိုင် လိုက်ပို့မယ်"

"ဒါမှ ထန့်ဖေဖေကွ"

ထန်က ကျောင်းဖယ်ရီ စီးချင်သူမဟုတ်။ ဖေဖေ့ကားနဲ့လိုက်ရတာကို ပျော်သူ။ မာန်ရှေ့မှ လွယ်အိတ်လေးလွယ်လျက် ဖေဖေ့ကားပေါ် ရှေ့ခန်းကသွား၍ မာန်လည်း ကားနောက်ခန်းက ဝင်ထိုင်လိုက်ရ၏။

ကံကြမ္မာဆိုသည်က ဆန်းကြယ်၏။ အမွှာညီအစ်ကို



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ဖြစ်သော သူတို့နှစ်ယောက်သည် တစ်ကျောင်းတည်း၊ တစ်ခန်းတည်း တက်ရပါလျက်နှင့် တက္ကသိုလ်ရောက်ချင်လှသော ထန်က ထိုနှစ်တွင် စာမေးပွဲကျသည်။

"ကျစ်"

"ဒါက ဘယ်လိုဖြစ်ရတာလဲကွ၊ ထန့်ရည်ရွယ်ချက်တွေ တော့ သွားပါပြီ၊ စာမေးပွဲကျတာ ထန် ရှက်တယ်၊ ထန် ကျောင်း မနေတော့ဘူး၊ ရှက်တယ်"

"ထန် ညီလေးရယ်"

ထန့်မျက်နှာချော့ချော့က ခံပြင်းရှက်ရွံ့စိတ်ဖြင့် ခက်ထန် မာကျောလျက် နီရဲနေ၏။ ယောက်ျားဖြစ်၍ မငိုသော်လည်း လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး အံကြိတ်ထားပုံက သနားစရာ။

မာန် စာမေးပွဲအောင်ပေမယ့် ထန် ကျ၍ ဝမ်းမသာနိုင်၊ ထန် ခံစားနေရတာကိုကြည့်ပြီး မာန့်ရင်တွေ နာကျင်နေသည်၊ ထန် ခံစားနေရတာကို မကြည့်ရက်။ မိဘနှစ်ပါးကိုယ်တိုင်လည်း မာန့်အတွက် ဝမ်းသာပေမယ့် ထန့်အတွက် စိတ်မကောင်း။

"ဒီနှစ်မအောင်လည်း ရှေ့နှစ်အောင်မှာပေါ့ သားရယ်"

"ဆယ်တန်းစာမေးပွဲဆိုတာ ကံတရားနဲ့လည်းဆိုင်ပါ တယ်၊ ဒီနှစ်မအောင်ပေမယ့် နောင်နှစ် သားလေးအောင်ကိုအောင်မှာ

ဝိုး : မိုး : ဓ ၁ ၆ ပ



ပါကွယ်"

"ဟုတ်တယ် ထန်၊ ဒီလောက်လည်း စိတ်ထိခိုက်မနေပါ နဲ့၊ မင်း ယောက်ျားမဟုတ်ဘူးလား"

မာန့်စကားကြောင့် ထန်က သူ့ကို ဆတ်ခနဲ လှည့်ကြည့် ၏။ ထန့်မျက်ဝန်းထဲမှာ မျက်ရည်စတွေကို မြင်လိုက်ရတော့ မာန် စိတ်ထိခိုက်သွားသည်။

"မင်းကတော့ ပြောနိုင်မှာပေါ့ မာန်၊ မင်းက စာမေးပွဲ အောင်တာကို"

"ဒီမှာ မာန်၊ ထန် ဘယ်လောက် တက္ကသိုလ်တက်ချင် တယ်ဆိုတာ မင်းသိတယ်မဟုတ်လား"

စိတ်ဆိုးရင် ထန်က သူ့ကို ကိုကိုလို့မခေါ်။ မာန်ဆိုသည့် နာမည်ကို ခေါ်တတ်တာ မာန် သိသည့်အတွက် သက်ပြင်းချလိုက် သည်။

ကံကြမ္မာက တက္ကသိုလ်တက်ချင်လွန်းသည့် ထန့်ကိုမှ ဘာမင်ရွေးပြီး စာမေးပွဲကျခိုင်းရသတဲ့လား။ အဲဒီကံကြမ္မာကို ထန် နာကြည်းသည်။

"ကဲကွာ...ကဲကွာ"

"ဝုန်း...ဒုန်း"

"ဟဲ့...သား"

ဝိုး : မိုး : ဓ ၁ ၆ ပ

www.burmeseclassic.com

www.burmeseclassic.com



"ထန်…မလုပ်နဲ့"

ထန်က သူ့ခေါသကို အနားရှိ ပစ္စည်းတွေကို ဆွဲယူလွှင့်ပစ်ခြင်းဖြင့် ပေါက်ကွဲပစ်သည်။ ဖြစ်နိုင်လျှင် မာန့်အနေဖြင့် ထန့်ကိုယ်စား စာမေးပွဲကျလိုက်ချင်သည်။ ဖွံ့ကြမ္မာဆိုတာက မာ ဖြစ်ချင်တိုင်းမဖြစ်။ တက္ကသိုလ်တက်ချင်လှသည့် ထန်ကို သူ့နေရာမှာ ဘယ်လိုမှ အစားထိုးလို့မရ။ ထန်က ဘယ်သူ့ကို လှည့်မကြည့်ဘဲ နေရာက ဝုန်းဒိုင်းကြဲ၍ ပြေးထွက်သွား ဘယ်သူမှ ထန့်ကို လိုက်မဆွဲရဲ။ ထန် ခံစားနေရတာကို စာနာ သနားစိတ်ဖြင့် မိသားစုအားလုံး စိတ်ထိခိုက်နေကြသည်။

"ထန်လေးကြမှပဲ ဖြစ်ရလား သားရယ်"

မေမေ့ထံမှ မချိတင်ကဲ ရေရွတ်သံနှင့်အတူ ငိုရှိုက်သံကို ကြားလိုက်ရသည်။

"ဘယ်တတ်နိုင်မလဲကွာ၊ သူ့ကံနဲ့သူပေါ့"

ဖေဖေက မေမေ့ကို နှစ်သိမ့်သည်။ မာန်ကတော့ ထ အတွက် စိတ်မကောင်းရုံကလွဲ၍ သူ ဘာမှမတတ်နိုင်ခဲ့။

"သေချာစဉ်းစားပါဦး ထန်ရာ၊ စာမေးပွဲဆိုတာ ဒီနှ မအောင်လည်း နောင်နှစ်အောင်နိုင်တာပဲကွ၊ နိုင်ငံခြားကို သွားမ ဆိုတာကတော့ ဝေးလွန်းပါတယ်"

မာန်ပြောပေမယ့် ထန်က ဂရုမစိုက်။ ခေါင်းကိုသ





ခါယမ်းလိုက်သည်။ တိုက်ဆိုင်ချင်တော့ နိုင်ငံခြားမှ အခေါ်ဖြစ်သူ အန်တီနုက မြန်မာပြည် ပြန်ရောက်ခိုက်နှင့် ကြုံသည်။ စာမေးပွဲကျ၍ စိတ်ဓာတ်ကျနေသော ထန်က ဘာအကြံရသည်မသိ အန်တီနု ပြန်လျှင် သူပါ နိုင်ငံခြားကို လိုက်သွားတော့မည်ဟု ဆိုလာသည်။

အန်တီနုမှာ သားသမီးမရှိ။ ထန်က လိုက်မည်ဆိုတော့ အန်တီနုလောက် ပျော်သူမရှိ။ အစထဲက အန်တီနုက သူတို့ နှစ်ယောက်ထဲက တစ်ယောက်ကိုပေးဖို့ မေမေ့ဆီက တောင်းခဲ့သည်။ မေမေက သူတို့အမွှာနှစ်ယောက်ကို ခွဲမထားလိုတာက တစ်ကြောင်း၊ ကိုယ်တိုင်ကလည်း မခွဲနိုင်တာကြောင့် အန်တီနုကို မပေးခဲ့။

ခုလို ထန်က လိုက်မည်ဆိုတော့ အတိုင်းထက်အလွန် ဝမ်းသာနေသူက အန်တီနုဖြစ်သည်။ မေမေတို့က ထန်ကို မထည့်ချင်တာကို ထည့်ချင်လာအောင် ဖွတ်ပြောသည်။

"ထန့်အတွက်တော့ စိတ်သာချပါကွယ်၊ သူလည်း စာမေးပွဲကျတော့ စိတ်ညစ်ရှာမှာပေါ့၊ ဟိုမှာ စိတ်ပြေလက်ပျောက် လိုက်နေတာ ကောင်းပါတယ်"

"ထန်လေးကို သနားရင်၊ ချစ်ရင် ထန့်သဘောကို ခွင့်ပြုလိုက်ပါကွယ်၊ ထန်ရှိနေတော့ မမခင်တို့၊ မာန်တို့လည်း လာလည်ဖြစ်သွားတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မေမေက စာမေးပွဲကျ၍ စိတ်ညစ်နေသော ထန့်ကို စိတ်
ကောင်းသလို ငေးကြည့်ရင်း သက်ပြင်းချ၏။

"သားငယ်က ဟိုမှာ ဘယ်လောက်ကြာမှာလဲ"

"ထန် ပျော်သလောက်နေမယ် မေမေ"

"ပျော်သလောက် ဟုတ်လား၊ သားရဲ့ ကျောင်းကိစ္စ
ရော ဘယ်လိုလုပ်မှာလဲ"

"ဟိုမှာပဲ ကျောင်းဆက်တက်တော့မယ် မေမေ
ဟုတ်တယ်နော် အန်တီနု"

"ထန်လေး သဘောပါကွယ်၊ ထန် စိတ်တိုင်းကျကျောင်
မှာ ရွေးတက်၊ အန်တီနု အားလုံးလုပ်ပေးမယ်၊ မမခင်လည်
စိတ်ချ၊ ထန်က မမသားဆိုပေမယ့် နုရဲ့သားပဲ"

"ကြားတယ်နော် မေမေ"

ထန်က တက်ကြွနေသလောက် မာန်နှင့်မေမေ့မျက်နှာ
သိသာစွာ ပျက်နေပါသည်။

ဘယ်တုန်းကမှ ထန်နှင့် ခွဲဖူးတာမဟုတ်။ ထန် စာမေး
ကျတာနှင့် မာန်တို့မိသားစုမှာ အပြောင်းအလဲတွေ အများကြီးဖြ
သွားသည်။

မာန်ကတော့ ထန့်ကို နိုင်ငံခြား မလိုက်သွားစေချင်
မိသားစု အတူတူပဲ နေချင်သည်။ ထန်ကတော့ မာန့်လိုမဟုတ်





ါကြောင့်လည်း မာန် တားနေသည့်ကြားက နိုင်ငံခြားကို လိုက်ဖြစ်
အောင် လိုက်သွားဖို့ ဆုံးဖြတ်ခဲ့သည်။ ထန်က မာန့်ကို အေးစက်
တဲ မျက်လုံးများဖြင့် ကြည့်ကာ...

"မင်းတကယ်လိုက်သွားမှာလား ထန်"

"တကယ်လိုက်သွားမှာပေါ့၊ ဒါ ကလေးကစားစရာမှ
မဟုတ်တာ"

"ခုဆို မင်းက တက္ကသိုလ်တက်ရတော့မယ်၊ အဲဒီအချိန်
မှာ ထန့်ဆိုတဲ့ကောင်က ဒီစာမေးပွဲကို ပြန်ဖြေနေရတုန်းဆိုရင် လူတွေ
က ဘာပြောကြမလဲ၊ စိတ်ချ ဒီကို ဘယ်တော့မှ ပြန်မလာဘူး၊
ပြီးတော့ မင်း တက္ကသိုလ်တက်မယ့်အချိန်ကိုလည်း ထန် စောင့်
မကြည့်နိုင်ဘူး"

"ဒီတော့ အကောင်းဆုံးက ထန် အန်တီနုနဲ့ နိုင်ငံခြား
လိုက်သွားဖို့ပဲ"

"မင်း မေမေ့ကို ခွဲနိုင်လို့လား ထန်"

"ခွဲနိုင်ရမှာပေါ့ကွ၊ ထန်ဆိုတာ ယောကျ်ားပဲ၊ တချို့ဆို
ဒီအသက်အရွယ်မှာ စီးပွားတောင်ရှာနေကြပြီ"

မာန်မှာ ဘာမှဆက်မပြောနိုင်ဘဲ ထန့်မျက်နှာကိုသာ
ငေးကြည့်နေမိသည်။ ထန့်ပုံစံက ပြောင်းလဲသွား၏။ အမှန်တော့
သူတို့နှစ်ယောက်က ငယ်စဉ်မှစ၍ အခုချိန်ထိ တစ်ကြိမ်တစ်ခါမှ



www.burmeseclassic.com

www.burmeseclassic.com



ခွဲမနေဖူးပါ။

ခုလို ရေခြားမြေခြားကို ထန် လိုက်သွားမယ်ဆိုတော့ သူတို့နှစ်ဦးရင်ထဲမှာ နင့်စို့စို့ကြီးဖြစ်ကာ တစ်မျိုးကြီးဖြစ်နေ၏။ ထန်က မျက်နှာကို တင်းပြီး အံတင်းတင်းကြိတ်လိုက်ရင်း…

"မင်း နောင်ဆို တက္ကသိုလ်ကျောင်းက သူငယ်ချင်းတွေကြားမှာ ထန့်ကို မေ့သွားမှာပါကွာ၊ ဟုတ်တယ်မဟုတ်လား"

"ဘာဆိုင်လဲကွ၊ သူတို့က ငါ့အမွှာညီ ထန်မှမဟုတ်ဘဲ ဘာကိစ္စ ငါက မင်းကိုမေ့ရမှာလဲ၊ ထန်ဆိုတာ ငါ့ညီ"

"ငါတို့မှာ ဘယ်လိုကိစ္စမျိုးပဲဖြစ်ဖြစ် ဘာအတွက်နဲ့မှ မေ့နိုင်စရာအကြောင်းမရှိဘူးဆိုတာ မင်း မြဲမြဲမှတ်ထား"

မာန့်စကားကြောင့် ထန့်မျက်နှာ တစ်မျိုးဖြစ်သွားကာ မာန်ကိုမကြည့်ဘဲ ကျောခိုင်းလိုက်၏။

"အေးလေ…ဘာပဲဖြစ်ဖြစ် မင်း တက္ကသိုလ်တက်နေတဲ့အချိန်မှာ ငါ့ရင်ထဲ ဘာတစ်ခုမှ ခံစားမနေချင်ဘူး မာန်၊ ဒါကြောင့် ငါ အန်တီနဲ့ လိုက်သွားမှာ"

ထန့်ရင်ထဲက ခံစားချက်ကို မာန် အခုမှ ပိုနားလည်သွားကာ ညီဖြစ်သူကို စိတ်မကောင်းစွာ စိုက်ကြည့်ရင်း ဝမ်းနည်းသွားသည်။

"မင်းခံစားချက်ကို ငါနားလည်ပါပြီ ထန်၊ မင်းစိတ်ချမ်းသာမယ်ဆို ဘာပဲလုပ်လုပ် ငါကျေနပ်တယ်၊ အဲဒါကို မင်း မှတ်ထားလိုက်"

"ဒါပေမဲ့ ဟိုရောက်ရင် ငါ့ဆီကို စာမှန်မှန်ရေးပါ"

"အတိအကျတော့ ကတိမပေးနိုင်ဘူး ကိုကို၊ ဒါပေမဲ့ ထန် အားရင် စာရေးပါ့မယ်"

"ဘာပဲဖြစ်ဖြစ် မင်းကို ငါလွမ်းနေမှာပါ ထန်"

ထန်က မာန့်ကို ဘာမှပြန်မပြော။ တစ်ချက် စိုက်ကြည့်ပြီး ကျောခိုင်းသွားသည်။ ပါးစပ်က ဖွင့်မပြောပေမဲ့ ထန့်ရင်ထဲမှာလည်း မာန့်လို ခံစားနေရမှာကို မာန့်စိတ်က အလိုလိုသိနေသည်။

တကယ်တမ်း ခွဲခွာရတော့မည်ဆိုတော့ ညီအစ်ကိုနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် တင်းကြပ်စွာ ဖက်ရင်း ချက်ရှည်ကျမိ၏။ ကံကြမ္မာက ဘာဖြစ်လို့များ မာန်နှင့်ထန် အမွှာညီအစ်ကိုကို ခွဲပစ်ရတာလဲ။

ထန် စီးနင်းလိုက်ပါသွားသည့် လေယာဉ်ကြီး မြင်ကွင်းမှ ပျောက်သွားသည်အထိ တွေတွေဝေဝေလေး ငေးနေရာမှ မေမေက မာန့်လက်ကို လာဆွဲခေါ်မှ မေမေ့နောက်ကို မာန် လိုက်ခဲ့သည်။ မာန့်အတွေးအာရုံမှာ အမွှာညီ ထန့်ပုံရိပ်တွေနှင့် ပြည့်လျက်။

ထန် ထွက်သွားပြီးနောက်ပိုင်း မာန်တို့ တစ်မိသားစုလုံး တော်တော်နှင့် စားမဝင် အိပ်မပျော် ဖြစ်ကျန်ခဲ့သည်။ အဆိုးဆုံးက







www.burmeseclassic.com

www.burmeseclassic.com



မာန် ဖြစ်သည်။ တစ်ခါမှ မခွဲဘူးတဲ့ အမွှာညီအစ်ကိုတွေမို့ ခုလ ရပ်ဝေးသို့ နှစ်ရှည်လများ လိုက်ပါသွားသည့် ညီအတွက် ဝမ်းနည်း စိတ်ထိခိုက်၍ မဆုံး။

မာန့်လိုပဲ မိဘနှစ်ပါးမှာ ထန် လိုက်သွားသည့်အတွက် စိတ်ထိခိုက်ပေမယ့် မာန့်ကို ငဲ့ညှာကာ သိပ်မခံစားရလေဟန်ဖြင့် နှစ်သိမ့်ဖျောင်းဖျကြ၏။

"ကိုယ့်ကျန်းမာရေးကို ထိခိုက်အောင် မလုပ်ပါနဲ့သား ရယ်၊ သားညီလေးလည်း မတတ်သာလို့ ခွဲသွားရတာပါ၊ ထန် ဘယ်လောက် စိတ်ထိခိုက်နေလဲဆိုတာသိလို့ သူ့အတွက် စိတ်ပြေ ရာပြေကြောင်းအဖြစ် လိုက်သွားတာကို မေမေ တမင်ခွင့်ပြုလိုက် တာပါ၊ သားညီလေး မကြာခင် ပြန်လာမှာပါကွယ်"

"မငိုပါနဲ့ မေမေရယ်"

မာန့်ကိုနှစ်သိမ့်ရင်း ကိုယ်တိုင် မျက်ရည်ကျနေသော မိခင် ကိုကြည့်ကာ မာန့်ရင်မှာ ပိုခံစားရပါသည်။

မေမေက မာန့်ကို ဖက်ကာငို၏။ မိခင်ကိုကြည့်ကာ မာန့် ရင်မှာ ပိုခံစားရပါသည်။ ကျန်ရစ်ခဲ့သူတွေရင်ထဲမှာ ဘယ်သို့ရှိနေ မယ်ဆိုတာ ထန်ကတော့ သိမှာမဟုတ်။ သူကတော့ ရေခြားမြေ ခြားမှာ အတွေ့အကြုံသစ်များဖြင့် မာန်တို့ကို မေ့နေမည်လား မပြော တတ်။





မေမေက သူ့ဆံပင်များကို ဖွဖွသပ်တင်ပေးကာ…

"သားလည်း တက္ကသိုလ်တက်ရတော့မယ်နော်၊ အဲဒီ အတွက် ကြိုတင်ပြင်ဆင်စရာရှိတာတွေ ပြင်ဆင်ထားပေါ့ သား ရယ်"

"ဟုတ်ကဲ့…မေမေ"

ထန် ခွဲသွားလို့ လွမ်းတဲ့စိတ်၊ အထီးကျန်စိတ်များကို တက္ကသိုလ်ဆိုသော အသိဖြင့် ဖယ်ရှားဖို့ ကြိုးစားပေမယ့် မအောင် မြင်။ တက္ကသိုလ်ကို ရောက်ချင်လွန်းသူက မာန်မဟုတ်။ ထန်ဖြစ် သည့်အတွက် မာန့်ရင်မှာ ပိုခံစားရသည်။ တက္ကသိုလ်တက်ဖို့ ကြိုတင်ပြင်ဆင်သင့်တာများကို ပြင်ဆင်ခဲ့ရပေမယ့် မာန် မပျော်။ ထန့်ကိုချည်း သတိရနေမိသည်။ ထန်သာ သူ့နဲ့အတူပါလာရင် ဘယ်လောက် ပျော်စရာကောင်းလိုက်မလဲ။ ထန် မရှိ၍ မာန့်ဘဝ ဘ ရုတ်တရက် ခြောက်သွေ့အထီးကျန်သွား၏။ ထိုအချိန်မှာ ထန့်ကိုယ်စား မာန့်ဘဝထဲကို နေရာယူ ဝင်ရောက်လာသူက မိဖုရား ဆိုသည့် အလွန်ချောမောလှပသော မိန်းမလှလေးတစ်ယောက် ဖြစ်သည်။

မိဖုရားကို စတင်တွေ့ရှိခဲ့သည့်အချိန်က မာန်တို့တက္ကသိုလ် ကျောင်းများ ဖွင့်စတွင်ဖြစ်၏။ ကျောင်းလခများ ပေးသွင်းရန် အတွက် အခက်အခဲဖြစ်နေသော သူမကို မာန်က ကူညီခြင်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မိဖုရားနှင့် အသိမိတ်ဆွေ ဖြစ်ခဲ့ရသည်။

ထိုနေ့က ကျောင်းသားရေးရာဌာနတွင် ကျောင်းလခများ ပေးသွင်းရန် ရောက်ရှိနေသော ကျောင်းသူကျောင်းသားတွေက မနည်းပေ။ ကျောင်းဖွင့်စမို့ တက်ကြွနေသော ကျောင်းသူကျောင်းသားများကြားမှာ မိဖုရားကို မာန် တွေ့ခဲ့ရခြင်းဖြစ်သည်။

"စိတ်ညစ်လိုက်တာဟယ်၊ ကျောင်းဖွင့်တာ ဒီနေ့ဆို သုံးရက်ရှိနေပြီ၊ ခုထက်ထိ ကျောင်းလခတွေ မပေးသွင်းရသေးဘူး ဒီက ဖြတ်ပိုင်းရမှ စာအုပ်တွေက ထုတ်လို့ရမှာ"

မိဖုရားသူငယ်ချင်း မာက နှုတ်ခမ်းစူစူ ခေါင်းကုတ်ကုတ် ဖြင့် ညည်းညူစွာပြောနေချိန်မှာ မိဖုရားကိုယ်တိုင်လည်း စိတ်ညစ် ပေမယ့် မာ့လို ညည်းညူမနေပါ။

"ဖြည်းဖြည်းပဲ သွင်းတာပေါ့ မာရယ်၊ မိဖုရားတို့မှ ဒီလူအုပ်ကို တိုးလို့မပေါက်တာ"

"ဖြည်းမနေနဲ့ မိဖုရားရေ၊ တော်ကြာ ပရယ်တီကယ်က စတော့မှာ၊ ကျောင်းလခ လာသွင်းနေရတာနဲ့ ပရယ်တီကယ်အချိန် တွေ လွတ်သွားမှဖြင့်"

အင်း…ဒါလည်း ဟုတ်သားပဲ။ မိဖုရားတို့ ရထားသည့် မေဂျာက ရုက္ခဗေဒသိပ္ပံမို့ ပရယ်တီကယ်အချိန်တွေ ပါနေ၏ ပြီးတော့ ပရယ်တီကယ်ရမှတ်တွေက စာမေးပွဲအတွက် အရေးကြီး





ပါသည်။

"ဒါဆို မိဖုရားတို့ ဘယ်လိုလုပ်ကြမလဲ မာ"

"ဘယ်လိုလုပ်ရမလဲ မိဖုရားရဲ့၊ ဒီနေ့တော့ တစ်ယောက် ယောက်ကို အကူအညီတောင်းပြီး ကျောင်းလခ အပြီးသွင်းမှ ဖြစ်မှာ ပေါ့"

"ဘယ်သူ့ကို အကူအညီတောင်းရမှာလဲ မာ၊ မာ့မှာ အသိလေးဘာလေး မရှိဘူးလား"

"နေဦး…မာ ရှာကြည့်လိုက်ဦးမယ်"

မိဖုရားအမေးကို မာက လူအုပ်ထဲ မျက်လုံးဝင့်၍ လှမ်းကြည့်၏။ တိုးနိုင်သော ကျောင်းသားများက ရှေ့သို့ရောက်ကာ ကျောင်းသူတွေက ထုံးစံအတိုင်း နောက်ရောက်နေ၏။

"မိဖုရား…ဟိုမှာကြည့်စမ်း"

"ဘာကိုကြည့်ရမှာလဲ မာ"

"ဟိုမှာပါဆိုဟယ်၊ ရှင်ကလည်း တွေ့လား"

"ဟင်…ဘာလဲ မာ၊ ဘာကိုတွေ့ရမှာလဲ"

"ကျစ်"

မာ့ထံမှ စိတ်မရှည်သံကြောင့် မိဖုရား ဟိုဟိုဒီဒီ လိုက်ကြည့်မိသည်။ ဘာကိုမှ မတွေ့။ မာက မိဖုရားကို နောက်ထပ် ဘာမှထပ်မပြောတော့ဘဲ သူမလက်ကိုဆွဲကာ…



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တွေလိုက်ကြည့်နေတာလဲ မိဖုရားရယ်၊ မာပြောတာ ဟိုလူကိုရှင့်၊ ဟိုမှာလေ တွေ့လား၊ အသားဖြူဖြူ အရပ်မြင့်မြင့်နဲ့ ကျောင်းသားကို"

"အင်း…အဲဒါ ဘာဖြစ်လဲ၊ မာ့အသိလား"

မာ လက်ညှိုးညွှန်ပြရာကို မိဖုရား လိုက်ကြည့်တော့ လူအုပ်ကြားထဲမှာ ထင်းလင်းစွာ ရှိနေပါသော မင်းမာန်ကို တွေ့လိုက်ရခြင်းဖြစ်သည်။ မာက ခေါင်းခါယမ်းရင်း…

"ဘယ်က မာ့အသိရမှာလဲ၊ သူ့ကို အကူအညီတောင်းရင် မကောင်းဘူးလားလို့ မိဖုရားကို ပြနေတာရှင့်"

"အင်း…ကောင်းသားပဲ၊ ဒါပေမဲ့ မိဖုရားတို့မှ သူနဲ့မသိတာ၊ ဘယ်လိုအကူအညီတောင်းမလဲ"

"မိဖုရားဟာလေ သိပ်ကိုအတာပဲ၊ အဲဒီကျောင်းသား ဟိုရက်တွေကတည်းက ရှင့်ကို ကြည့်ကြည့်နေတာ သိလား၊ ခုနေ မိဖုရားသာ အကူအညီသွားတောင်းရင် ပေးမှာသေချာတယ်"

"အို…မာကလဲ"

"မာကလဲ လုပ်မနေနဲ့"

"ဒီလိုအချိန်မှာ ဣန္ဒြေသိက္ခာတွေ ဘေးဖယ်ထား၊ ကိုယ့်အတွက် အဆင်ပြေဖို့သာ အရေးကြီးဆုံး မဟုတ်လား၊ လာစမ်းပါ မာ့နောက်က မိဖုရားလိုက်ခဲ့"





စိတ်မြန်သော မာက ပြောပြောဆိုဆို မိဖုရားလက်ကို ဆွဲကာ ထိုကျောင်းသားနား ကပ်သွား၏။ ကံကောင်းချင်တော့ သူကလည်း မိဖုရားတို့ဘက်ကို လှည့်အကြည့် မိဖုရားနှင့်သူ အကြည့်ချင်း ဆုံသွားသည်။ ထိုအခွင့်အရေးကို လက်လွှတ်မခံသော မာက သူ့ကို ရင်းနှီးစွာ ပြုံးပြလိုက်ရင်း…

"ဒီက တို့နှစ်ယောက်အတွက် ကျောင်းလခသွင်းပေးပါလားဟင်"

မာက ပြောလည်းပြော မိဖုရားကိုလည်း တံတောင်နှင့် တွက်၏။ သည်တော့မှ မိဖုရားလည်း သူ့ကို ခပ်မြန်မြန်လေး ပြုံးပြကာ…

"ဟုတ်ပါတယ်ရှင်၊ ကျွန်မတို့ ဒီနေ့ရောဆို ကျောင်းလခသွင်းတာ သုံးရက်ရှိနေပြီ၊ ဒီလူအုပ်ကို မတိုးနိုင်လို့ပါ၊ ဖြစ်နိုင်ရင် ကူညီပါနော်"

"ဟာ…ရပါတယ်၊ ကျွန်တော်လည်း ကျောင်းလခလာသွင်းတာပဲ၊ ကိုယ့်ကျောင်းသားအချင်းချင်းပဲ ကူညီရမှာပေါ့ဗျာ"

"ဒါဆို…ကျေးဇူးပဲနော်၊ နာမည်နဲ့ပိုက်ဆံ ပေးခဲ့မယ်"

"ဟုတ်ကဲ့ ပေးခဲ့ပါ၊ ဖြတ်ပိုင်းရတော့ ကျွန်တော် ခင်ဗျားတို့ဆီ လာပေးပါ့မယ်၊ ဩော်…ဒါနဲ့ ခင်ဗျားတို့က ဘာမေဂျာလဲ"

"ရူပဗေဒပါ"



www.burmeseclassic.com

www.burmeseclassic.com



"အား…တိုက်ဆိုင်လိုက်တာ၊ ကျွန်တော်လည်း ရက္ခ
ပဲ"

"အို…ဒါဆို ကျွန်မတို့က မေဂျာတူတွေပေါ့၊ ေ
မိတ်ဆက်ပေးရဦးမယ်၊ ကျွန်မက မာ၊ သူက မိဖုရားတဲ့"

"မိဖုရား"

"ဟုတ်ကဲ့"

သူက အံ့သြဟန်ဖြင့် မိဖုရားမျက်နှာလေးကို တစ်ချ
လှမ်းကြည့်သည်။

"ခုလိုတွေ့ရတာ ခင်ရတာ ဝမ်းသာပါတယ်ဗျာ
ကျွန်တော်က မင်းမာန်ပါ"

"မင်းမာန်"

မိဖုရားစိတ်ထဲက ထိုနာမည်ကို ခပ်တိုးတိုး လိုက်ခေါ်
သူ့ကို ခင်မင်နှစ်လိုစွာ ပြုံးပြဖြစ်၏။ ကြည်စင်နူးညံ့သော သူ့မျက်
က မိဖုရားအတွက် မြင်မြင်ချင်း ခင်မင်ဖွယ်ရာပင်။

"မိဖုရားတို့က ကန်တင်း(န်)က သွားစောင့်နေကြေ
ကျွန်တော် ဖြတ်ပိုင်းရရင် လာခဲ့ပါ့မယ်"

"ကန်တင်း(န်)သွားမနေပါဘူး ကိုမင်းမာန်၊ မိဖုရား
ဟိုနားက အအေးဆိုင်ကပဲ စောင့်နေပါ့မယ်"

"အိုကေ"





"ဒါဆို မိဖုရားတို့သွားမယ်နော် ကိုမင်းမာန်"

"ကောင်းပါပြီဗျာ"

သူခေါင်းညိတ်ပြတော့ မိဖုရားတို့နှစ်ယောက် ထိုအနားမှ
ထွက်လာခဲ့၏။

အအေးဆိုင်ရောက်တော့ မာက ကျေနပ်စွာပြုံးပြီး မိဖုရား
ကို ကြည့်သည်။

"အင်း…မိဖုရားတို့များ အစွမ်းထက်ပါ့၊ အပြုံးလေး
တစ်ချက်မှာ ကူညီချင်တဲ့လူက ပြာသွားတာပဲ"

"မာနော်…ရှင်လည်း အတူတူ အကူအညီတောင်းတာပဲ
မဟုတ်လား"

"အမလေးတော်…မာ အကူအညီတောင်းတုန်းက အဲဒီ
ခင်းမာန်ဆိုတဲ့ ကိုလူချောက အင်းမလုပ် အဲမလုပ်ပါဘူးနော်၊ မိဖုရား
ကိုယ်တိုင် ဝင်ပြောမှ ခေါင်းညိတ်တာပါ ဟွန်း"

မာပြောတာ မှန်တာမို့ မိဖုရား ကြိတ်ပြုံးလိုက်ရင်း…

"ဒါတော့ တိုက်ဆိုင်လို့နေမှာပေါ့ မာရဲ့"

"ဟွန်း…ဘာတိုက်ဆိုင်ရမှာလဲ၊ မိဖုရားမို့လို့ သူကူညီတာ
သေချာတယ်"

"ကိုမင်းမာန်ပုံစံက အဲဒီလိုမျိုး မဟုတ်ပါဘူးမာရယ်၊
လူတိုင်းအပေါ်မှာ ရိုင်းပင်းစာနာတတ်မယ့်ပုံပါ"



www.burmeseclassic.com

www.burmeseclassic.com



"အမလေး သူ့လူကို အမှတ်ပေးနေလိုက်တာ"

"မာနော်…ဘာကိစ္စ သူက မိဖုရားလှူ ဖြစ်ရမှာလဲ"

"လုပ်မနေနဲ့၊ အခုမဖြစ်လည်း နောက်ဖြစ်လာမှာ၊ မာတို့က သိပြီးသား"

မာ့စကားကြောင့် မိဖုရားမျက်နှာလေးတွေ နီရဲသွားလျက် မာ့ကို မျက်စောင်းထိုးမိ၏။ မာက မိဖုရား ရှက်သွားတာကို သဘောကျဟန်ဖြင့် ပြုံးကာ…

"တကယ်ပြောတာ မိဖုရားရဲ့၊ ကိုမင်းမာန်က တော်တော်ချောတာပဲ၊ အသားဖြူဖြူ၊ အရပ်မြင့်မြင့်နဲ့ မျက်နှာလေးကလည်း ကြည်စင်နေတာ ရှင်နဲ့တော့ အလိုက်ဆုံးစုံတွဲပဲ"

"မာနော်…မိဖုရားကို ဘာတွေလျှောက်ပြောနေမှန်း မသိဘူး၊ တစ်ယောက်နဲ့တစ်ယောက် သိကြတာမှ မကြာသေးဘူး ဒီလိုစကားတွေ ပြောစရာလား၊ တော်ကြာ သူကြားသွားရင် ဘယ်လောက်ရှက်စရာကောင်းလဲ"

"သူမကြားနိုင်လို့ ပြောတာပါ မိဖုရားရဲ့၊ ပြီးတော့ ကိုမင်းမာန်မျက်လုံးတွေက ရှင့်ကို စိတ်ဝင်စားနေတဲ့ပုံပဲ"

"မာနော်…တော်တော့လို့ဆိုနေ"

ရှက်စိတ်ဖြင့် မိဖုရား အော်တော့ မာ ပခုံးတွန့်ကာ…

"အင်း…တော်ဆို တော်ပါ့မယ်၊ ဒါပေမဲ့ ရှင်တို့





ခတ်လမ်းကတော့ တော်လို့ရမှာမဟုတ်ဘူး၊ ခုမှ အစပဲရှိသေးတယ် မဟုတ်လား"

"မာနော်…မိဖုရား တကယ်စိတ်ဆိုးလာပြီ၊ ကိုမင်းမာန်ကို မစောင့်ဘဲ ထွက်သွားလိုက်ရမလား"

"အိုး…ဒါတော့ မလုပ်လိုက်ပါနဲ့၊ တော်ကြာ ကိုမင်းမာန်က မိဖုရားကိုမတွေ့လို့ စိတ်ဆိုးနေပါဦးမယ်"

"ဟော…ဟိုမှာ ပြောရင်းဆိုရင်း ကိုမင်းမာန် လာနေပြီ"

မိဖုရား လှမ်းကြည့်တော့ တကယ်ပဲ ကိုမင်းမာန်က ချွေးစို့သောမျက်နှာဖြင့် သူမတို့ဆီ လျှောက်လာနေ၏။ ကြည့်ရတာ မင်းမာန်လည်း လူကြားထဲ တော်တော်ကို တိုးလိုက်ရ၍ ပင်ပန်းသွားပုံရသည်။

မိဖုရားက သူမအနား ရောက်လာသော ကိုမင်းမာန်ကို ပြုံးပြလိုက်ရင်း…

"အတော်ပင်ပန်းသွားလား မင်းမာန်"

"ပင်တော့ မပင်ပန်းပါဘူး၊ ဒီနေ့ လူနည်းနည်းများတော့ ဝိုတိုးလိုက်ရတာပေါ့၊ ဒီမှာ မိဖုရားတို့အတွက် ဖြတ်ပိုင်းတွေ"

မင်းမာန်က ဖြတ်ပိုင်းများကို ထုတ်၍ မိဖုရားတို့ကို ပေးသည်။ မိဖုရားက သူမဖြတ်ပိုင်းလေးကိုယူရင်း မင်းမာန်ကို ကျေးဇူးတင်စွာ ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းမာန် ကူညီလို့ မိဖုရားတို့ ခုလို လွယ်လွယ်ကူကူနဲ့ ရွေ့သွင်းပြီးသွားတာ၊ ကျေးဇူးအများကြီးတင်ပါတယ် မင်းမာန်"

"ရပါတယ်ဗျာ၊ ကျွန်တော်က မိဖုရားတို့ကို ခုလိုကူညီရတဲ့အတွက် ဝမ်းသာနေတာပါ"

"ဩော်…မေ့နေလိုက်တာ၊ တစ်ခုခုသောက်ပါဦးနော် ဘာသောက်မလဲဟင်"

မင်းမာန်က မိဖုရားသောက်နေသော အအေးခွက်ကို လှမ်းကြည့်ပြီး…

"သံပရာရည်"

ဟု ပြော၏။ ဒါကိုပဲ မာက မိဖုရားမြင်အောင် သူမကို ပခုံးတွန့်ပြသည်။ သဘောကတော့…

'ရှင်သောက်တာ သူလိုက်သောက်နေတယ်'ဟု ပြောချင်တာ မဟုတ်လား။ မိဖုရားက မာ့အပြုအမူကို မမြင်ချင်ယောင်ဆောင်၍ မင်းမာန်အတွက် သံပရာရည် မှာပေးလိုက်သည်။

မာက မင်းမာန်ကို သေချာအကဲခတ်ကာ…

"မင်းမာန်က ဒီမြို့က မဟုတ်ဘူးထင်တယ်"

မာ့အပြောကြောင့် မင်းမာန် လှစ်ခနဲပြုံးလိုက်တာ တွေ့ရ၏။

"မာ အကဲခတ်ကောင်းသားပဲ၊ ကျွန်တော် တောင်ကြီး





ပါ"

"ဩော်…ဒါကြောင့် အသားတွေ ဒီလောက်ဖြူပြီး စကားပြောရင် ဝဲချင်နေတာကိုး"

"အဟွန်း…မာတို့ကရော ဒီမြို့ကပဲလား"

"ဟုတ်ပါတယ်ရှင်၊ တို့ရော မိဖုရားပါ ဒီမြို့သူပါ"

"ကျွန်တော် ခုလို မြို့ခံလူတွေနဲ့ သိရတာ ဝမ်းသာပါတယ်ဗျာ"

"အဟင်း…မာတို့က မြို့ခံလူတွေဆိုပေမယ့် လောလောဆယ်မှာတော့ ဧည့်သည်ဖြစ်တဲ့ မင်းမာန်ကပဲ မာတို့ကို ကူညီလိုက်ရပြီနော်"

"ဒါတော့ ကူညီခွင့်ကြုံလို့ ကူညီရတာပဲဗျာ၊ ခုဆို ကျွန်တော်တို့ ခင်သွားပြီနော်၊ နောက်တွေ့ရင် မိဖုရားကို ခေါ်လို့ရလား"

မိဖုရား အမည်ကိုခေါ်ကာ သူမကိုကြည့်၍ မေးလာ၍ တာ မိဖုရားမျက်နှာကို ခပ်ပြုံးပြုံး လှမ်းကြည့်လိုက်ပြီး သူမ ဘာမှမဖြေနိုင်ခင်မှာပဲ…

"သိပ်ခေါ်မှာပေါ့ မင်းမာန်ရယ်၊ အခု မာတို့တစ်တွေက သူငယ်ချင်းတွေ ဖြစ်သွားပြီပဲ၊ ဟုတ်တယ်နော် မိဖုရား"

"အင်း"

မာ့စကားကို မိဖုရား ခေါင်းညိတ်လိုက်တော့ သူ့မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ပြုံးသွား၏။

"မင်းမာန်နဲ့ မေဂျာတူ၊ အတန်းတူ၊ ကဲ ဘယ်လော
ပျော်စရာကောင်းလဲ၊ နောက်ဆို သွားအတူ၊ စားအတူ"

"မာ"

"ဩော်…သူငယ်ချင်းဘဝ ပျော်စရာကောင်းတာ
ပြောတာပါ မိဖုရားရဲ့"

"ဟုတ်တယ်နော်၊ ကျွန်တော်လည်း မာတို့နဲ့ သူငယ်ချ
ဖြစ်ရတာ ဝမ်းသာပါတယ်ဗျာ"

"မာတို့ကလည်း မင်းမာန်နဲ့ သူငယ်ချင်းဖြစ်ရ
ဝမ်းသာပါတယ်တဲ့ရှင်"

"ကဲဟော့…ဒါဆို ဝမ်းသာတဲ့ အထိမ်းအမှတ်နဲ့ နေ့လ
စာကို တစ်နေရာရာ သွားစားကြစို့"

"မာပြောတာ မှန်တယ်၊ ကျွန်တော် မာတို့ကို နေ့လယ်
နဲ့ ညှေ့ခံပါရစေ"

"အိုး…မဟုတ်တာ၊ ခုပဲ မင်းမာန်က မိဖုရားတို့
ကူညီပြီးသွားပြီပဲ၊ မိဖုရားတို့ကပဲ ကျွေးပါရစေ"

သူမ အားနာစွာဝင်ပြောတော့ မင်းမာန် ပြုံး၍ မိဖုရာ
ကြည့်သည်။

"ဒါဆို နောက်တစ်ခေါက် ကျွန်တော်ကျွေးမယ်
မိဖုရား၊ ဒါကို သဘောတူပြီဆိုမှ သွားမယ်"





"အမလေး…ဒါမျိုးက နောက်တစ်ခေါက် မဟုတ်ဘူး၊ နောက်ဆယ်ခေါက်ဆိုလည်း မာတို့က သဘောတူပြီးသား၊ အစား စားရမှာကိုတော့ မာတို့က အကြိုက်ဆုံးပဲ"

"ဟယ်…မာကလဲ"

မာ့စကားကြောင့် မင်းမာန်ကို အားနာသွားကာ မိဖုရား ဝင်ဟန့်တော့ မင်းမာန်က အပြုံးမပျက်ဘဲ…

"ရပါတယ်ဗျာ၊ စားမယ့်သူရှိရင် ကျွန်တော်ကလည်း ကျွေးဖို့အဆင်သင့်ပါ"

ဟုပြောရင်း သူ့အကြည့်တွေက မိဖုရားမျက်နှာလှလှလေး ဆီ ရောက်လာ၍ မိဖုရားမှာ ပါးလေးတွေ ရဲနီသွားကာ ဘာဆက် ပြောရမှန်းမသိ ဖြစ်သွားသည်။

ထိုနေ့က မိဖုရားတို့သုံးယောက် နေ့လယ်စာကို မြို့ထဲမှ စားသောက်ဆိုင်တွင် စားဖြစ်ကြသည်။ ထူးခြားစွာပင် မင်းမာန်က မိဖုရားကိုချည်း ဂရုစိုက်နေ၍ မာ့ကို မလုံမလဲကြည့်လိုက်ပေမယ့် မာက ခပ်တည်တည်ပင်။ မင်းမာန်လုပ်သမျှကို မာက တမင်မသိ ချင်ယောင်ဆောင်နေ၏။ ဒါမှမဟုတ် တကယ်ပဲ ဗိုက်ဆာ၍ ထမင်း ကိုသာ အာရုံစိုက်ကာ စားနေသလားမသိ။ မိဖုရားကတော့ မာ့ကို ကြည့်ကာ ကိုယ့်လိပ်ပြာ ကိုယ်မလုံဘဲ အမှားမှားအယွင်းယွင်းဖြစ် လျက် အနေခက်နေ၏။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းဖွင့်စအချိန်မို့ မိဖုရားတို့အတွက် အတန်းတက်ချိန် နည်းပါးနေပါ၏။ ထို့အတွက် မိဖုရားတို့နှင့် မင်းမာန် ပို၍ပေါင်းစည်းဖို့ ဖြစ်စေသည်။

စာသင်ချိန် နည်းပါးချိန်မှာ မိဖုရားတို့က မင်းမာန်နှင့်အတူ မြို့အနှံ့ လျှောက်လည်ဖြစ်၏။ ဒီနေ့တော့ မိဖုရားတို့ ရောက်လာတာက ကန်တော်ကြီးဖြစ်သည်။

မိုးရနံ့ကဲသော လေက ကန်ရေပြင်ကို ဖြတ်လျက် အေးမြစွာ တိုက်ခတ်လာ၏။ ပတ်ဝန်းကျင်က တိတ်ဆိတ်ကာ နေရတာ တစ်မျိုးအရသာဖြစ်သည်။ အထူးသဖြင့် စိမ်းစိုသော ပတ်ဝန်းကျင်ကြောင့် နေရထိုင်ရသည်မှာ စိတ်လက်ပေါ့ပါးကာ စိတ်ထဲမှာ ကြည်လင်လန်းဆန်းနေ၏။ ညှို့သည် အနည်းနှင့်အများဆိုသလို ရှိသော်လည်း ကိုယ့်အုပ်စုနှင့်ကိုယ် ဖြစ်သည်။





ကျောင်းဖွင့်စဖြစ်၍ ကျောင်းသူ၊ ကျောင်းသားတွေက ပြည့်ပြည့် ကျောင်းမတက်ကြ။ ထိုအထဲမှာ မိဖုရားတို့လည်း သည်။ မင်းမာန်ကတော့ ကန်ရေပြင်ရှုခင်းကို ငေးနေ၏။

"ဒီနေရာလေးက တစ်မျိုးပဲနော်၊ စိတ်ထဲမှာ လွမ်းစရာ ောင်းသလိုလို ဘာလိုလိုနဲ့"

မင်းမာန်က မိဖုရားနှင့်အတူ ထိုင်ရင်း ထိုစကားကို ခပ်တိုး ပြောခြင်းဖြစ်သည်။ မာက မင်းမာန်ကို ဖျတ်ခနဲကြည့်ကာ…

"အဟာယ်…မင်းမာန်က လွမ်းစရာကောင်းတယ်ဆိုတော့ ောင်ကြီးမှာ လွမ်းစရာ ကျန်ခဲ့ပြီလား"

"မဟုတ်ပါဘူး၊ ကျွန်တော့်မှာက လွမ်းစရာမရှိပါဘူး"

မင်းမာန်က မိဖုရားမျက်နှာကို တစ်ချက်လှမ်းကြည့်ပြီး ုံ့ခလဲဟန်ဖြင့် ကမန်းကတန်း ဖြေတာကို မာက သဘောကျစွာ ခနဲရယ်သည်။

"ဒီလောက်လည်း ရှင်းပြမနေပါနဲ့ မင်းမာန်ရယ်၊ မာက ာပါ၊ မင်းမာန် သန့်သန့်လေးဆိုတာ မာ သိပါတယ်၊ နော် ရား"

"ဘာဆိုင်လဲ မာနော်"

မိဖုရားမှာ မာထံက မဆီမဆိုင်စကားကြောင့် မျက်နှာ နီလျက် မာ့ကို မျက်စောင်းထိုးကာ တစ်ဖက်လှည့်သွားတော့



www.burmeseclassic.com

www.burmeseclassic.com



မင်းမာန်က မိဖုရားကိုကြည့်ပြီး သက်ပြင်းချသည်။

"မာက သိပ်အစသန်တာပဲဗျာ၊ ကျွန်တော့်မှာလည်း အ
သန်တဲ့ သူငယ်ချင်းတစ်ယောက်ရှိတယ်၊ နောက်တစ်ပတ်
သူရောက်လာလိမ့်မယ်၊ အဲဒီကြမှ မာ အဖော်ရအောင် ကျွန်တော်
ခေါ်ခဲ့မယ်"

"အမလေး…မာတို့က အဖော်မလိုပါဘူးနော်"

သူ့အလှည့်ကြတော့ မာက ဆတ်ဆတ်ခါ ငြင်း၏။ ဒါ
မိဖုရားက သဘောကျသလို ကြိတ်ပြုံးလိုက်တာကို မာန်က မြင်
အောင် မြင်သည်။ မိဖုရားက ဘယ်လိုနေနေ သိပ်လှသူလေးဖြ
သည်။ မိဖုရားအလှကို တစ်ခါမြင်လိုက်ရုံနှင့် တစ်သက် မမေ့
စရာ အလှပိုင်ရှင်ဖြစ်သည်။

"ကောင်းတယ် မာန်၊ ကောင်းတယ်၊ မာန့်သူငယ်ချင်း
ဆိုတော့ မာ့အတွက် ဘက်ညီတာပေါ့"

"မိဖုရားနော်…ကိုယ့်သူငယ်ချင်းဖြစ်တဲ့ မာ့ဘက်
မပါဘဲ အခုထဲက မာန့်ဘက်ပါနေလိုက်တာ၊ နောက်ဆို ဒီထက်
ဆိုးမှာ သေချာတယ်"

"မာနော်…ပြောရင်းက ပိုဆိုးလာပြီ"

"မာ ဘာပြောလို့လဲ၊ မာန့်ကို တွေ့ပြီးကတည်း
မာ့ထက် ပိုခင်မှန်း မာက သိပါတယ်နော်"

"ကြည့်စမ်း…မာ ဘာတွေလျှောက်ပြောနေတာလဲ"

မိဖုရားမှ မာန့်ရှေ့မှာ ပေါ်တင်ကြီး စနေတာဆိုတော့
ကို ပိုပြီး စိတ်ဆိုးဒေါသဖြစ်လျက် ပါးလေးတွေ ရဲနီစွာ အနေခက်
ပုံက မာန်က ချစ်မြတ်နိုးစွာ ငေးခနဲကြည့်ပြီးမှ သူကိုယ်တိုင်
သည်း သူမကို အားနာသွားဟန်ဖြင့်…

"မိဖုရားကို မစပါနဲ့ မာရယ်၊ သူ အနေခက်နေပါ့မယ်"

"အံမယ်…မာက ဘာပြောရသေးလို့လဲ"

ဒါတောင် မာက အလျှော့ပေးချင်သေးတာမဟုတ်။
မာန်က မိဖုရားဘက်ကို တစ်ချက်လှမ်းကြည့်ပြီး…

"ကျွန်တော် ရေခဲမုန့် သွားဝယ်လိုက်ဦးမယ်"

ဟုဆိုကာ သူမတို့နားက အလိုက်တသိ ခွဲထွက်သွား၏။

"မာ မကောင်းဘူးကွာ၊ မိဖုရားတို့ ရိုးရိုးသားသားခင်တာ
ကို တစ်ယောက်မျက်နှာ တစ်ယောက်မကြည့်ရဲအောင် လုပ်တယ်"

"အဲဒီလိုဖြစ်နေတာကိုက ရှင်တို့နှစ်ယောက် မရိုးသားလို့
ပေါ့လား၊ ရိုးသားတဲ့လူတွေဆိုရင် တစ်ယောက်နဲ့တစ်ယောက် ဒီလို
ရှက်နေစရာ မလိုပါဘူး"

"မာနော်…ပြောလေကဲလေပါလား၊ မာန်နဲ့မိဖုရားတို့
ခင်တယ်ဆိုပေမယ့် မနေ့တစ်နေ့ကမှ သိကြတာ၊ ဒီလောက်စတော့
သူလည်း ဘယ်နေတတ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အိုး...မာကတော့ ကိုယ်မှမဟုတ်တာပဲ၊ ကိုယ့်
ဘယ်လောက်စ,စ နေတတ်တယ်၊ စိတ်မဆိုးပါဘူး"

"တော်ပြီကွာ၊ နောက်ဆို မိဖုရားတို့ကို မစနဲ့၊ ဟို
မာန် လာနေပြီ၊ ဘာမှထပ်မပြောနဲ့"

မိဖုရားစကားအဆုံးမှာ မာန်က သူမတို့နား ရောက်လာ
ဝယ်လာသည့် ရေခဲမုန့်ကို မိဖုရားနှင့်မာ့ကို လှမ်းပေးသည်။

"ကျေးဇူးပဲ မာန်"

"မာတို့ကတော့ ကျေးဇူးမတင်ဘူးနော်"

"ရပါတယ်ဗျာ၊ မာ စိတ်ချမ်းသာသလိုနေပါ"

"တကယ် မာ စိတ်ချမ်းသာသလိုနေရမှာလား၊ ဒါ

"မာနော်...မာ၊ ပါးစပ်ပိတ်ပြီး ရေခဲမုန့်စားနေ သိလား

"အေးပါ၊ မာက ဘာပြောလို့လဲ"

မိဖုရားတို့ ရေခဲမုန့်စားနေတုန်း တစ်ဖက်မှလာ
ကျောင်းသူတစ်သိုက်က မာန့်နား ရောက်လာကာ ထိုအထဲမှ အ
ဖြူဖြူ ပါးရဲရဲလေးနှင့် ကောင်မလေးတစ်ယောက် မာန့်ကိုမြင်သွား
မာန့်နားကို ဝမ်းသာအားရ ပြေးလာ၏။

"ဟော့...မာန်၊ နင် ဘယ်သူနဲ့လာတာလဲ"

"တွယ်တာပါလား"

မာန်က တွယ်တာကိုမြင်တော့ [illegible]





၏။ မာန်နှင့်တွယ်တာက တောင်ကြီးဇာတိတွေဖြစ်သည်။
နှစ်ယောက်စလုံး ဆယ်တန်းအောင်တော့ ရန်ကုန်တက္ကသိုလ်
ရောက်လာခြင်း ဖြစ်၏။

တွယ်တာကို မာန်က သာမန်လောက် ခင်ပေမယ့်
တွယ်တာက မာန့်ကို လိုတာထက်ပိုပြီး ရင်းရင်းနှီးနှီးနေတတ်ရုံမက
မာန့်ကို တစ်ဖက်သတ် စိတ်ဝင်စားနေသူဖြစ်သည်။

မနေ့ကတော့ တွယ်တာက သူတို့နှင့် လျှောက်လည်ရန်
မာန့်ကို ခေါ်သည်။ သူ မလိုက်ချင်၍ မအားဘူးဟု ပြောခဲ့သမျှ
ဒီမှာ တည့်တည့်လာတွေ့နေခြင်းဖြစ်သည်။

တွယ်တာကလည်း အကင်းပါးသူဖြစ်၍ မာန့်ကို
နှုတ်ဆက်စကားဆိုရင်း သူမအကြည့်တွေက မာနှင့်မိဖုရားထံမှာသာ
ရောက်နေ၏။

"သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးဦးလေ မာန်"

"သူက မာ၊ သူက မိဖုရားတဲ့"

"တို့က တွယ်တာ၊ နောက်တွေ့ရင် ခေါ်မယ်နော်"

တွယ်တာက လှပစွာရယ်မောရင်း သူမကိုယ်သူမ
မိတ်ဆက်သဖြင့် မိဖုရားတို့က ပြုံးရုံပဲ ပြုံးနေလိုက်ရသည်။

"တွယ်တာနဲ့အတူ လျှောက်လည်ဖို့ခေါ်တော့ မာန်က
မအားဘူးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တွယ်တာ"

တွယ်တာ့ကို ဟန့်တားရင်း မာန့်အကြည့်တွေက မိဖုရားထံ ရောက်လာသည်။ မိဖုရားက မာန့်အကြည့်တွေကို မမြင်ဟန်ဆောင်ကာ မျက်နှာလေးကို အလှဆုံး ပြုံးထားလိုက်၏။ ရင်ထဲမှာတော့ တွယ်တာ့သဘောထားကို မိန်းမသားချင်းမို့ လှမ်းမြင်နေသည်။

"ရပါတယ်နော် မာန်က တွယ်တာထက် တခြားသူငယ်ချင်းတွေကို ပိုခင်နေပါ၊ ကဲ သွားမယ်"

မာန် ဘာမှမပြောနိုင်ခင် တွယ်တာက နေရာက ချာခနဲလှည့်ထွက်သွားသည်။

တွယ်တာ ထွက်သွားတော့မှ မာန်က မိဖုရားတို့ဆီလျှောက်လာကာ...

"ဆောရီးနော် မိဖုရား၊ တွယ်တာ့အပြုအမူတွေအတွက် ကျွန်တော်တောင်းပန်ပါတယ်"

"မိဖုရားစိတ်ထဲမှာ ဘာမှမရှိပါဘူး မာန်"

"တွယ်တာက ကျွန်တော်တို့ တောင်ကြီးကပါ"

"သြော်"

ဘယ်သူမှ ဘာမှမပြောဘဲ မာန်က သူ့ဘာသာသူ ရှင်းပြနေ၏။ မာက မာန့်ကို အကဲခတ်သလိုကြည့်ရင်း...





"မာန့်သူငယ်ချင်းမလေးက ချောသားပဲ"

"တွယ်တာ ချောတယ်ဆိုတာ မာတို့ကိုတော့ မမီပါဘူးမာ"

"မာတို့ဆိုတော့ မာတော့ မဖြစ်နိုင်ဘူး၊ မိဖုရားကိုပြောတာ ဖြစ်ရမယ်"

မိဖုရားမျက်နှာကို ရွှန်းရွှန်းစားစားကြည့်လျက် သူပြောလိုက်တော့ မာ ပခုံးတွန့်ပြီး မိဖုရားမျက်နှာကို လှမ်းကြည့်သည်။

မိဖုရားက မာန့်အကြည့်များကို မသိဟန်ဆောင်ကာ...

"ဒီကပြီးရင် ဘယ်သွားကြမလဲ မာ"

"ပြန်မယ်လေ၊ ကျောင်းဘက် ခဏလှည့်ဝင်ပြီး ဘာလပ်စ်မရှိဘူးဆိုရင် အိမ်ပြန်ကြတာပေါ့"

"အင်း...အဲဒီအစီအစဉ် ကောင်းတယ်"

မိဖုရားကပါ ထောက်ခံလိုက်တာကြောင့် မာန် သက်ပြင်းကြိတ်ချလိုက်၏။ ဖြစ်နိုင်လျှင် မိဖုရားနှင့်သူ မခွဲချင်သေးပါ။ နေရာအနှံ့ မိဖုရားနှင့်အတူ လျှောက်လည်ချင်၏။ ဒါပေမဲ့ ရင်ထဲက ဆန္ဒကို သူ မျိုသိပ်ရဦးမည်မဟုတ်လား။

ကျောင်းတက်ချိန်များမှာတော့ မာန်က မိဖုရားတို့အတွက် အဖော်ကောင်းဖြစ်ခဲ့သည်။ မိဖုရားတို့ ရက္ခဗေဒမေဂျာက ပရက်တီကယ်အချိန်များတွင် ပုံဆွဲရတာက များ၏။ ပြီးတော့ မိုင်ကာ



www.burmeseclassic.com

www.burmeseclassic.com



မေဂျာဖြစ်သည့် ရှုးကလည်း ပုံများသာရေးဆွဲရတာမို့ ပုံမဆွဲတတ်သော မိဖုရားအတွက် အခက်အခဲဖြစ်ရ၏။

မိဖုရားထက်စာလျှင် မာက တော်သေး၏။ ဘယ်သူမှ အားမကိုးဘဲ ပုံတစ်ပုံကို သေသပ်လှပစွာ ဆွဲနိုင်သည်။ မိဖုရားကတော့ ပုံကိုလှအောင် ဆွဲနိုင်သည့် အင်အားမရှိ။ ထိုအခက်အခဲကို ဖြေရှင်းပေးသူက မာန်ဖြစ်သည်။

ပရယ်တီကယ် အချိန်များတွင် မိဖုရားတို့ထိုင်သော ခုံနောက်နားမှာ ထိုင်ကာ မိဖုရား အခက်အခဲကို ဖြေရှင်းပေးတတ်သည်။

"မိဖုရားစာအုပ် ကျွန်တော့်ပေးလေ၊ ကျွန်တော် ဆွဲပေးမယ်"

"မာန့်အတွက် ပြီးလို့လား"

"အင်း...ပြီးပြီ"

သူပြုံးလျက် ခေါင်းညိတ်ပြီး မိဖုရားကို သူ့စာအုပ်လှမ်းပေး၏။ မိဖုရား ယူကြည့်လိုက်တော့ တကယ်ပဲ မာန့်စာအုပ်မှာ သေသပ်လှပသော ပုံလေးတွေ ဆွဲပြီးနေသည်။

"မာန်က သိပ်တော်တာပဲနော်၊ အချိန်တိုတိုလေးနဲ့ ဒီလောက်သေသပ်လှပတဲ့ပုံ ဆွဲနိုင်တယ်၊ မိဖုရားဆို အချိန်သာကုန်သွားတယ်၊ ပုံတော့ ပြီးရဲ့၊ ဒါပေမဲ့ မလှမပကြီးဖြစ်နေတာ"





"ဒီလိုပဲပေါ့၊ အကျင့်မရှိသေးရင် ဖြစ်တတ်ပါတယ်၊ နောက်ဆို ကလပ်စ်မရှိတဲ့အချိန်တွေမှာ ကျွန်တော်က မိဖုရားကို ပုံဆွဲသင်ပေးမယ်"

"ကျေးဇူးပဲ မာန်"

မာန့်ကောင်းမှုဖြင့် မိဖုရား ပရယ်တီကယ်စာအုပ်ထဲတွင် လှပသော ပုံလေးတွေ ရောက်ရှိခဲ့၏။ အမှတ်လည်း ကောင်းကောင်းရရှိခဲ့တာမို့ မိဖုရား ပျော်လို့မဆုံး။

"မာန့်ကို မုန့်ကောင်းကောင်း ဝယ်ကျွေးရမယ်သိလား"

"ဘာလဲ ပုံဆွဲခလား"

"အို...မဟုတ်ပါဘူး၊ ကျေးဇူးတင်လို့ပါ"

"ဘာထူးသေးလဲ မိဖုရားရယ်၊ အတူတူပဲပေါ့"

မာန့်အပြောကြောင့် မိဖုရား ပြုံးမိသွား၏။ ဟုတ်သားပဲ အရာကြီးနဲ့ ကုလားကြီး အတူတူပဲပေါ့နော်။

"စေတနာတွေ...စေတနာတွေ၊ မုန့်ဝယ်ကျွေးမယ့်လူနဲ့ ပုံဆွဲပေးတဲ့လူနဲ့၊ မာတို့များကြတော့ သူတို့လိုမဟုတ်ပါလားနော်"

မာ ဝင်ပြောတော့ မာန်က မိဖုရားကို လှမ်းအကြည့်မှာ အကြည့်ချင်း ဆုံသွား၏။

"မာ့ကိုလည်း မုန့်ဝယ်ကျွေးမှာပါနော်"

"ကျွေးမဲ့သူရှိတော့လည်း စားရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ…ဘာစားမှာလဲပြော"

"မာကတော့ ရှမ်းခေါက်ဆွဲစားပြီး အအေးသောက်မယ်"

"မာနော်…သူလည်း မေးတာမဟုတ်ဘဲနော်"

"အေးလေ…မာကလည်း မာန့်ကိုယ်စား ဝင်ဖြေတာပဲ"

"သွား"

မာန်က တောင်ကြီးသားမို့လားမသိ။ ရှမ်းခေါက်ဆွဲကြိုက်၏။ မိဖုရားနှင့် အကြိုက်ချင်းတူနေတာကိုတော့ မိဖုရားဖွင့်မပြောပါ။ ဆိုင်မှာ အတူထိုင်ဖြစ်တော့ မာန်က မိဖုရားအတွက် ရေနွေးထည့်ပေး၊ ကော်ဖီမှာပေး၊ တူယူပေးနှင့် တစ်ယောက်တည်း အလုပ်ရှုပ်နေသော မာန်ကို 'အဟမ်း'ဟု အသံပြုပြီး မျက်နှာကို တစ်ဖက်လွှဲထား၏။ မိဖုရားကတော့ မာန်ဘာလုပ်လဲဆိုတာ သိနှင့်နေတာမို့ မာ မမြင်အောင် နှုတ်ခမ်းလေးကို ဆူလိုက်မိသည်။ အဲဒီမာဟာလေ လူတစ်ဖက်သား အနေခက်အောင် သူမဲရှာကြံလုပ်တတ်လွန်းသည်ဟု စိတ်ထဲက ကျိတ်အပြစ်တင်နေမိ၏။

စားသောက်ဆိုင်ရောက်တော့ ကိုယ်ကြိုက်တာ အသီးသီးမှာပြီးချိန်လေးတွင် မာက…

"မာန်က မိဖုရားအတွက် ပုံဆွဲပေးနေတာ အကြောင်း





မဟုတ်ဘူးနော်၊ စာမေးပွဲကြရင် မိဖုရားအတွက် အခက်အခဲဖြစ်မယ်"

"ကျွန်တော်လည်း စဉ်းစားမိပါတယ် မာ၊ ဒါကြောင့် မိဖုရားကို ပုံဆွဲသင်ပေးဖို့ ကျွန်တော် စဉ်းစားထားပါတယ်"

"ဒါလည်း ကောင်းပါတယ်၊ မာန်နဲ့သာ ဆွဲသင်ရင် မိဖုရားလည်း ပုံဆွဲမြန်မြန်တတ်မှာ၊ ဟုတ်တယ်မဟုတ်လား မိဖုရား"

မာ့စကားက ဘာလိုလိုနဲ့ ကော်ဖီသောက်နေသော မိဖုရားမှာ သီးချင်ချင်ဖြစ်သွား၏။ မာန်ကတော့ ခပ်တည်တည်ပင်။

"ကျွန်တော်က ကြိုးစားသင်ပေးလို့ မိဖုရားကလည်း ကြိုးစားသင်ရင် မာပြောသလို မြန်မြန်တတ်လွယ်မှာပါပဲ"

"ဟုတ်တာပေါ့၊ ဒီပြီးမြန်ချင်ရင် နောက်ဆို ကျောင်းစောစောလာပြီး ပုံဆွဲသင်ကြပေါ့"

"မိဖုရား အချိန်ရရင် ကျွန်တော်သင်ပေးနိုင်ပါတယ်"

မိဖုရားမျက်နှာကို တစ်ချက်ကြည့်ပြီး မာန်က ပြော၏။ မာ မိဖုရားကို မေးဆတ်ပြရင်း…

"ဘယ်လိုလဲ မိဖုရား၊ အချိန်ရတယ် မဟုတ်လား"

"အင်း…ရပါတယ်၊ ဟို မာန့်ကို အားနာစရာများဖြစ်နေမလားလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟောဗျာ...ဘာလို့ အားနာရမှာလဲ၊ မိဖုရားက ကျွန်တော့်သူငယ်ချင်းပဲ"

"မိဖုရားကလည်း မာန့်သူငယ်ချင်းပါပဲ၊ ဟုတ်တယ်နော် မိဖုရား"

"အင်း"

"ဟုတ်တယ်...အဲဒါဘာဖြစ်လဲ"

"အမလေး...ဘာမှမဖြစ်ပါဘူးနော်၊ မာက သဘော ပြောတာပါ၊ ခစ်...ခစ်"

မာ့မျက်နှာက တစ်စက်မှ အပိုးမကျိုး၍ မိဖုရား မျက်စောင်းထိုးပစ်လိုက်သည်။

"မိဖုရားအတွက် မာန့်ကိုယ်ပိုင် အချိန်တွေ ဖဲ့ပေးနေ သလိုများ ဖြစ်နေမလား မာန်"

"ဖြစ်လည်း မိဖုရားအတွက်ပဲဗျာ၊ ရပါတယ်"

"ကဲ...ကြားတဲ့အတိုင်းပဲ မိဖုရား၊ ရှင့်ဘက်က အသင့်ပြင်ထားတော့"

မိဖုရားက သူမအတွက်ဟုဆိုလာသော မာန့် လှမ်းကြည့်မိ၏။ တိုက်ဆိုင်တော့ မာန်ကလည်း မိဖုရား လှမ်းကြည့်ချိန်မို့ သူမတို့ အကြည့်ချင်းဆုံသွားသည်။ ဘာကြော မှန်းမသိ မာန်နှင့် အကြည့်ချင်းအဆုံမှာ မိဖုရားပါးလေးတွေ နွေး





ဖြစ်သွား၏။ သူမတို့နှစ်ဦးသား ရင်မှာလှုပ်ရှားသွားတာ ဘယ်သူမှ သိလိုက်ကြမည်မထင်။

"မဟုတ်ဘူး မိဖုရားရဲ့၊ ဒီပုံဆွဲရင် ထိပ်ဘက်က စဆွဲရ တယ်၊ လက်ကို ဒီလိုထား"

"အို"

မာန်က ပြောပြောဆိုဆို စိတ်မြန်လက်မြန်ဖြင့် မိဖုရား လက်ကလေးကို ဖျတ်ခနဲဆွဲကိုင်ကာ ပုံဆွဲဖို့ အနေအထား ပြင်ပေး ၏။

မိဖုရားမှာ ဒီအသက်အရွယ်အထိ သူစိမ်းယောကျ်ားတစ်ဦး နှင့် အခုလို ရင်းရင်းနှီးနှီး မနေခဲ့ဖူး၍ မာန့်အပြုအမူကြောင့် မျက်နှာ လေးနီမြန်းလျက် အနေရခက်ကာ ရှက်အမ်းအမ်းလေးဖြစ်သွားသည်။

ဒီတော့မှ မာန်က သူ၏အပြုအမူကို သူ့ဘာသာသတိထား မိသွားကာ မိဖုရားကို အားနာဟန်ဖြင့်...

"ဆောရီး...ကျွန်တော်က မိဖုရား ပုံဆွဲတတ်စေချင်တဲ့ စောနဲ့ ဖြစ်သွားတာ"

မိဖုရားကို မာန်က တောင်းပန်သည်။ မိဖုရားမှာသာ မာန့်မျက်နှာကို မကြည့်မိအောင် ကြိုးစားရင်း ခေါင်းညိတ်လျက်

"ရ...ရပါတယ် မာန်"

အရေးထဲကြမှ မိဖုရားက အသံတုန်ချင်နေ၍ ကိုယ့်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကို အတော်လေး မကျေမနပ်ဖြစ်သွားသည်။ မာန်နှင့် ပတ်သက်တိုင်း ဘာကြောင့် မိဖုရား စိတ်လှုပ်ရှားနေမှန်းမသိ။ မိဖုရားခေါင်းလေးငုံ့ပြီး ပုံဆွဲဆက်ကျင့်နေစဉ်အတွင်း အနားတွင်ထိုင်နေသော မာန်က သူမကို စူးစူးစိုက်စိုက်ကြည့်နေသလို စိတ်မှာခံစားရကာ ဖောချွေးလေးများပင် ပျံချင်ချင်ဖြစ်လာ၏။

ထို့ကြောင့် မျက်နှာကို အသာပင့်ကာ မာန်ကိုကြည့်မိတော့

"အို"

မိဖုရား စိတ်ထင်သည့်အတိုင်း မာန်က သူမကို မျက်တောင်မခတ် ကြည့်နေတာနှင့် သွားဆုံ၍ မိဖုရားရင်တွေတဒိုင်းဒိုင်း ခောင့်ခုန်သွားကာ ခေါင်းလေးပါ သူ့အလိုလိုငုံ့သွား၏။ မာန့်ထံမှ စူးရှရှန်းလဲ့သည့် မျက်ဝန်းအကြည့်တွေထဲမှာ ထူးခြားစွာနူးညံ့သိမ်မွေ့လျက် မိဖုရားရင်ကို ပြင်းစွာ တုန်လှုပ်စေသော ဆွဲငင်အားတစ်မျိုး ပါဝင်နေတာကို မိဖုရားကိုယ်တိုင် မသိသလို ဟန်ဆောင်နေ၍ မရဘဲဖြစ်သွား၏။

"မိဖုရား"

"ရှင်"

မာန့်ခေါ်သံ တိုးတိုးလေးကြောင့် မိဖုရားကိုယ်လေးဆတ်ခနဲ တုန်ခါသွားသည်။ မာန်က မိဖုရားလက်ကို ခပ်ဖွဖွဆုပ်ကိုင်လာလျက်...





"ကိုယ် မိဖုရားကိုချစ်တယ်"

"အို"

"ကိုယ့်ကို မုန်းသွားပြီလားဟင်"

'ဟင့်အင်း' လို့ မိဖုရား သူ့ကို ခေါင်းခါလိုက်ရမှာလား။ အတိုင်းပဲ ငြိမ်နေရမှာလားဆိုတာ မိဖုရားကိုယ်မိဖုရားလည်း မသိ။ မိဖုရားသိတာက မာန့်နားက အခိုးအငွေ့ဖြစ်ကာ အမြန်ဆုံး ပျောက်ကွယ်သွားလိုခြင်းဖြစ်သည်။

"မိဖုရား"

"မိဖုရားလက်ကို လွှတ်ပါ"

"ကိုယ့်ကို မုန်းသွားပြီလား မိဖုရားရယ်၊ ကိုယ်လေ မိဖုရားကို စတွေ့ထဲက သိပ်ချစ်သွားခဲ့မိတဲ့သူပါ၊ ကိုယ့်အချစ်ကို လက်ခံပေးပါလား မိဖုရားရယ်"

"လက်ခံမယ် မဟုတ်လားဟင်"

"အို...မိဖုရား မသိဘူး"

မိဖုရားမှာ မျက်နှာနီနီလေးဖြင့် ပြောရင်း မာန့်လက်ထဲက သူမလက်လေးကို ရုန်းဖယ်ဖို့ ကြိုးစားပေမယ့် မာန်ကမလွှတ်။

"လွှတ်ပါ"

"ကိုယ့်ကို မိဖုရား မုန်းလား"

မိဖုရား မဖြေတော့ သူက ထိတ်သွားလျက် သက်ပြင်း



www.burmeseclassic.com

www.burmeseclassic.com



ကြိတ်ချပြီး မိဖုရားလက်လေးကို အသာလွှတ်ပေးသည်။ ဒီနေ့ မာကလည်း ပေါ်မလာ။ ထို့ကြောင့် သူ့ကို မရဲတရဲကြည့်ကာ…

"ဒီမှာပဲ ပြောလို့ရရင် ပြောပါလား မာန်ရယ်"

သည်တော့ သူက သူမကို အတန်ကြာ စူးစိုက်ကြည့်ပြီ

"ကိုယ် ဟန်မဆောင်နိုင်တော့ဘူး မိဖုရား၊ မိဖုရားနား နေရင် ကိုယ့်ရင်ထဲက အချစ်တွေကို ဘယ်လိုမှ ထိန်းမထားနိုင်ဘူး ကိုယ် မိဖုရားကို သိပ်ချစ်နေမိပြီ၊ ကိုယ့်ကိုခွင့်လွှတ်ပါ မိဖုရားရယ်"

"အို"

မျှော်လင့်ထားသော စကားဖြစ်ပေမယ့် တကယ်တမ်းကြ ရတော့ မိဖုရား တုန်လှုပ်နေမိ၏။ မာန့်မျက်နှာကိုလည်း မကြ ရဲတာနှင့် မျက်နှာလွှဲလို့သာနေမိ၏။ သူက အထင်လွဲကာ…

"မိဖုရား"

"ရှင်"

"ကိုယ့်ကို စကားမပြောနိုင်တော့လောက်အောင် စိတ် သွားတာလားဟင်"

"အို…မဟုတ်ပါဘူး"

"ဒါဖြင့်"

"မိဖုရား…ဟို စဉ်းစားပါရစေဦး မာန်ရယ်"

"ကျေးဇူးတင်ပါတယ် မိဖုရားရယ်၊ ကိုယ့်ကို မမုန်း





အတွက်ပါ၊ ကိုယ့်အချစ်ကို လက်ခံဖို့ မိဖုရား စဉ်းစားပါ၊ ဒါပေမဲ့ မိဖုရားအတွက် ကိုယ် နောက်ကျတဲ့လူ မဖြစ်ပါရစေနဲ့ဗျာ"

မာန့်စကားက မိဖုရားနားမှာ ဝိုင်းဝိုင်းလည်နေသည့်လူများ ကို ဆိုလိုမှန်း မိဖုရား သိပါသည်။ ထို့ကြောင့် မိဖုရားကို စိတ်မချ နိုင်ဖြစ်နေသော မာန့်မျက်နှာကို မော့ကြည့်လိုက်ပြီး…

"မာန့်အတွက် မိဖုရားဘဝမှာ နောက်မကျသေးပါဘူး မာန်"

"ဟာ…ဝမ်းသာလိုက်တာ မိဖုရားရယ်၊ အဖြေကို မြန်မြန် ပေးဖို့တော့ စဉ်းစားပေးပါဗျာ၊ ကိုယ် မိဖုရားကို တကယ့်မေတ္တာ စစ် မေတ္တာမှန်နဲ့ ချစ်တာပါ"

"မိဖုရား ယုံပါတယ် မာန်၊ ဟော ဟိုမှာ မာ လာနေပြီ"

ဒီတော့မှ မာန်က မိဖုရားလက်ကလေးကို လွှတ်၍ ခပ်လှမ်းလှမ်းတွင် သွားထိုင်၏။ မာက ပေါ့ပါးသွက်လက်စွာဖြင့် အခန်းထဲ ဝင်လာကာ…

"ဘယ့်နှယ်လဲ မိဖုရား၊ ပုံတွေ တော်တော်ဆွဲတတ်ပြီ လား"

"သွားပါ၊ ခုမှ လာမမေးပါနဲ့"

"ဟင်…ခုမှလာမမေးလို့ ဘယ်အချိန် မေးရမှာလဲ မိဖုရား ရဲ့၊ ဘာလဲ မာ မလာလို့ မိဖုရားက စိတ်ကောက်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ တကယ်ဆို မိဖုရား အဖော်ရအောင် ရှင် လာသင့်တာပေါ့"

"ခစ်…ခစ်"

"ဖြစ်မှဖြစ်ရလေ မိဖုရားရယ်၊ မိဖုရားဘေးမှာ မာန် တစ်ယောက်လုံး အဖော်ရှိနေပြီပဲ၊ မာန်က ရှင့်ကို ကိုက်မစားပါဘူး ကွယ်"

"မာ…နော်"

နဝိုက စိတ်မလုံသော မိဖုရားတို့နှစ်ဦးမှာ တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်မိကြသည်။ မာက သူတို့နှစ်ယောက် ကို အကဲခတ်ကာ…

"မာန့်မျက်နှာကြီးက နီလို့ပါလား၊ ဘာဖြစ်နေကြတာလဲ"

"ဘာမှမဖြစ်ပါဘူး မာ၊ မိဖုရား မာ ရောက်လာပြီဆို တော့ ကျွန်တော့်သူငယ်ချင်းတွေဆီ ခဏသွားလိုက်ဦးမယ်"

မိဖုရား ခေါင်းညိတ်လိုက်တော့ မာန်က လှစ်ခနဲ သူမတို့ နားက ထွက်သွား၏။ မာန် ထွက်သွားမှ မာက…

"မာ့ကို မှန်မှန်ပြောနော် မိဖုရား၊ ရှင်တို့နှစ်ယောက်ကြည့်ရ တာ မရိုးဘူး"

"ရှင်က ဘယ်လိုထင်လို့လဲ မာ"

မိဖုရားရဲ့ အခင်ဆုံး သူငယ်ချင်းဆို၍ မာပဲရှိတာမို့ သူမ





ဆတ်လက်ဟန်မဆောင်ချင်တော့ဘဲ ပြန်မေးလိုက်၏။ မာက မိဖုရား မျက်နှာလေးကို စေ့စေ့ကြည့်ကာ…

"ရှင်တို့နှစ်ယောက် ချစ်သူတွေဖြစ်သွားပြီ မဟုတ်လား မိဖုရား"

"မာထင်တာ လွဲသွားပြီ၊ မာန်က ခုမှ မိဖုရားကို ချစ်ရေး ဆိုရုံပဲရှိသေးတယ်၊ ကဲ"

"ဩော်…ဒါကြောင့် နှစ်ယောက်စလုံး မျက်နှာမှာ မလုံ မလဲတွေ ဖြစ်နေတာကိုး"

"ခစ်…ခစ်"

မာက ခုမှသဘောပေါက်ဟန်ဖြင့် ရယ်၏။ မိဖုရားလည်း မာနှင့်အတူ ရောရောင်ရယ်လိုက်မိ၏။

"ကဲ…ပြော မိဖုရားလည်း မာန့်ကိုချစ်နေပြီမဟုတ် လား"

"မာန့်ကို စဉ်းစားပါရစေဦးလို့ပဲ ပြောလိုက်တယ်မာ"

"မာမေးတာ အရင်ဖြေဦးလေ"

"မာ့သဘောကရော"

မာက လေးလေးနက်နက် တွေးဟန်ဖြင့် မျက်မှောင်ကြုတ် ကာ စဉ်းစား၏။ နောက်မှ တည်ငြိမ်သောလေသံဖြင့်…

"အင်း…မာန်က မာတို့နဲ့ပေါင်းလာတာ အတော်ကြာပြီ၊



www.burmeseclassic.com

www.burmeseclassic.com



သူက ရိုးတယ်၊ အေးတယ်၊ တခြား ဘာသတင်းမှလည်း မကြား
ရဘူး၊ မိဘမျိုးရိုးကလည်း ကောင်းတယ်ဆိုတော့ ရှင်လက်ခံမယ်ဆို
ရင်လည်း လက်ခံသင့်ပါတယ်''

မာ့ ပြောစကားကို မိဖုရား ငြိမ်သက်စွာ နားထောင်နေ၏

မိဖုရားကိုယ်တိုင်လည်း မာန့်ကို ချစ်နေမိပြီမို့ မာ့စကား
ခေါင်းညိတ်လက်ခံလိုက်၏။

''ရှင်လည်း မာန့်ကို ချစ်တယ်ပေါ့''

''အင်း''

မာ့အမေးကို မိဖုရား ဝန်ခံလိုက်တော့ မာက ရယ်သည်

''ဒီလိုပဲ ဖြစ်ရမယ်လေ၊ ဒါက အမှန်တရားပဲ''

မာန့်ကို မိဖုရား အဖြေပေးလိုက်သောနေ့က သူ
ကျောင်းဖွင့်ချိန် နှစ်ဝက်တွင်ဖြစ်၏။ အချိန်တိုတိုအတွင်း မာန့်အ
ထားမိသည့် သံယောဇဉ်က ခိုင်မာတွယ်တာသွားပြီမို့ မာန် လို
သည့် အဖြေကို အမြန်ဆုံး ပေးဖြစ်သွား၏။

မိဖုရားက 'ချစ်ပါတယ်'ဟု အဖြေပေးလိုက်သောအ
မာန်က အသံကျယ်ကြီး ထအော်၍ မိဖုရားမှာ ရှက်ရှက်နှင့် သူ့ကို
ကြီးကို ထုရိုက်မိသည်။

''မရှက်ဘူးလားလို့၊ ဘာလို့အော်ရတာလဲ''

''ပျော်လို့''





''မိဖုရားပြောတာ တကယ် တကယ်ပါနော်၊ ကိုယ်
ကြားလွဲတာ မဟုတ်လား၊ ကိုယ့်ကိုချစ်တယ်နော် မိဖုရား''

''အင်း''

''ပါးစပ်ကပြောကွာ''

''ချစ်တယ်''

မာန်က မယုံကြည်နိုင်ဟန်ဖြင့် ထပ်ကာမေးနေ၍ မိဖုရား
မျက်နှာနီနီနှင့် သူကျေနပ်အောင် ထပ်ဖြေရသည်။ သူက
ရားမျက်နှာလေးကို နူးညံ့စွာပြုံးလျက် စိုက်ကြည့်ရင်း...

''ကိုယ် သိမ်ပျော်တာပဲ မိဖုရားရယ်''

''မိဖုရားလည်း အတူတူပဲပေါ့ မာန်ရယ်၊ မိဖုရားဘဝမှာ
န်ဟာ ပထမဆုံးနဲ့ နောက်ဆုံးချစ်သူပါ၊ မာန်ကလွဲပြီး မိဖုရား
ယ်သူ့ကိုမှ မချစ်နိုင်တော့ဘူး''

''မိဖုရားရယ်''

မာန်က မိဖုရားလက်ကို ဖွဖွဆုပ်ကိုင်ကာ လှပသော
ရားမျက်နှာလေးကို မျက်တောင်မခတ် စူးစိုက်ကြည့်သည်။
န်က သူမလက်ဖျားလေးကို ဆုပ်ကိုင်ရုံမှလွဲ၍ ဘာအခွင့်အရေးမှ
ယူပါ။

''မိဖုရားကို တစ်သက်လုံး သစ္စာရှိရှိ ချစ်သွားပါ့မယ်လို့
တိပေးပါတယ်ဗျာ၊ ကိုယ့်ဘဝမှာ မိဖုရားတစ်ယောက်သာ ပထမ



www.burmeseclassic.com

www.burmeseclassic.com



ဆုံးနဲ့ နောက်ဆုံးချစ်သူ ဖြစ်ပါရစေမယ်၊ တကယ်လို့များ ကံကြ
အကြောင်းကြောင့် ဒီဘဝမှာ မိဖုရားနဲ့လွဲခဲ့ရင် ဘယ်မိန်းကလေးကို
ကိုယ် လက်မထပ်တော့ဘူး''

''မာန်ရယ်''

တည်ငြိမ်သောအသွင်၊ လေးနက်စွာပြောနေသော မာန့်
ကြည့်ပြီး မိဖုရားရင်ထဲ လှိုက်ခနဲ ဖြစ်သွား၏။

''မာန်ရယ် မာန့်သစ္စာစကားကို မိဖုရား ယုံပါတယ်
ပြီးတော့ မိဖုရားတို့နှစ်ယောက် ဘာအကြောင်းနဲ့မှ ခွဲရမှာမဟုတ်
ဘူး၊ မိဖုရားရဲ့ မှန်ကန်တဲ့ အချစ်သစ္စာကြောင့် ပေါင်းဆုံရမှာပါ''

''ကိုယ့်အချစ်ကို မိဖုရား ယုံစေချင်လို့ သစ္စာစကားပြော
တာ၊ ကိုယ့်စကားကြောင့် မိဖုရား စိတ်ညစ်သွားလားဟင်၊ ကို
မိဖုရားကို သိပ်ချစ်တယ်၊ မြတ်နိုးတယ်၊ ဒါကြောင့် မိဖုရား စိ
အနှောင့်အယှက်ဖြစ်မယ့် အရာမှန်သမျှ တတ်နိုင်သမျှ ရှောင်မယ်''

''ကိုယ့်ကြောင့် မိဖုရား ဘယ်တော့မှ စိတ်အနှော
အယှက် မဖြစ်စေရဘူး''

''ကျေးဇူးတင်ပါတယ် ကို''

နူးညံ့ညင်သာစွာ ပြောနေသော မာန့်ကိုကြည့်ပြီး မိဖု
မှာ ကြည်နူးချမ်းမြေ့သွား၏။ ကိုယ့်ချစ်သူက ကိုယ့်အပေါ် တ
ထားခံရတာ ဘယ်လောက် ဝမ်းသာကြည်နူးစရာ ကောင်းသ





ဘ်။

''မိဖုရားကို ယုံပါ မာန်ရယ်၊ မာန့်အချစ်ကြောင့် မိဖုရား
ဘဝ ချမ်းမြေ့ရမယ်ဆိုတာ''

''ချစ်သူရဲ့ အားကိုးယုံကြည်တဲ့စကား ကြားရတဲ့အတွက်
ဝမ်းသာပါတယ် မိဖုရား''

မိဖုရားတို့နှစ်ယောက် အပြုံးကိုယ်စီဖြင့် တစ်ယောက်
ကိုတစ်ယောက် ရွှန်းရွှန်းစားစား ကြည့်မိကြချိန်မှာ နှစ်ဦးသား
ရင်တွင်းကိုယ်စီ အေးမြလျက်။

''ကဲ…ရှင်တို့နှစ်ယောက်က ဘယ်သူမှန့်ကျွေးမှာလဲ''

သူမတို့နှစ်ယောက် ချစ်သူဖြစ်သွားပြီကို သိသွားသော
တ မုန့်ကျွေးခိုင်းတော့၏။ မိဖုရားနှင့်မာန် တစ်ယောက်ကို
တစ်ယောက် ပြုံးကြည့်လျက်…

''နှစ်ယောက်စလုံး ကျွေးမှာပေါ့ မာ၊ ဒီအချိန်ကစပြီး
ကျွန်တော်တို့နှစ်ယောက်က နှစ်ယောက်ပေါင်း တစ်ဘဝ ဖြစ်သွား
ပြီ''

မာန့်အပြောကို မိဖုရား ပြုံးလျက် ခေါင်းညိတ်ထောက်ခံ
လိုက်တော့ မာ ပခုံးတွန့်၏။

''အမလေး…နှစ်ယောက်သား ညီနေလိုက်တာ၊ မာတို့
တော့ ဘယ်သူကျွေးတာဖြစ်ဖြစ် စားမှာပဲ၊ နှစ်ယောက်ဖြစ်ဖြ



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်ဖြစ်ဖြစ် ရတယ်''

''မာနော်...ဘာသုံးယောက်လဲ''

''အခုမဖြစ်လည်း နောက်ဖြစ်မှာကို ပြောတာ၊ ဟုတ်တယ် မဟုတ်လား မာန်''

''ဟုတ်တယ်''

''မာန်နော်''

မာ့အပြောကို ထောက်ခံလိုက်သော မာန့်ကို စိတ်ဆိုးေ မာန်က ရယ်သည်။

''မာန်တို့ လက်ထပ်ပြီးရင်''

''အံမယ်...ဘယ်သူက ဘယ်သူ့ကို ယူမယ်ပြောလို့လဲ''

''မိဖုရားဆိုတဲ့ ကောင်မလေးက''

''သွား''

''သွားမယ်...လာခဲ့''

မာန်က မိဖုရားလက်ကိုဆွဲပြီး ရှေ့က ဦးဆောင်သွားတ မာန်နှင့်အတူ မိဖုရားလည်း ရယ်မိသည်။ ချစ်ခြင်းမေတ္တာ ပြည့်လျှမ်းနေသည့် ချစ်သူနှစ်ယောက်အတွက် လောကကြီး သိပ်ပြီး သာယာလှပနေ၏။ အကျည်းတန်အရုပ်ဆိုးခြင်းဆိုသ အရာ ဘယ်နေရာမှ ရှာမတွေ့။

ဒါကလည်း အချစ်ကြောင့် ရင်ထဲက အလိုလိုပေါ်





ားချက်ကြောင့် ဖြစ်သည်။

''ချစ်သူထားကြည့်ပါလား မာ''

''ရှင်က ပြောအားရှိသွားပြီပေါ့လေ၊ ရှင့်နားမှာ မာန်က အားကိုးရှိနေပြီကိုး''

''သြော်...မာလည်း မိဖုရားလို အားကိုးရအောင် ပြောတာပါနော် မာန်''

''သိပ်ဟုတ်တာပေါ့''

''တော်ပြီ...တော်ပြီ၊ နောက်တစ်ခါ ရှင်တို့နှစ်ယောက် နဲ့ ဘယ်မှမသွားတော့ဘူး''

မာ့အပြောကြောင့် မိဖုရားတို့နှစ်ယောက် တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ကာ ရယ်မိကြ၏။ အချစ်ရှိနေသူတို့ ဘဝဟာ တကယ်ပျော်ရွှင်စရာအပြည့် ဖြစ်ခဲ့သည်။

ချစ်သူဘဝမှာ မိဖုရားအပေါ် မာန်က အရိပ်လိုကြည့်နေ တတ်သည်။ မိဖုရားမျက်နှာလေး တစ်ချက်ညှိုးတာနှင့် မာန် တစ်ယောက် ပျာနေအောင် စိတ်ပူတတ်၏။

''မျက်နှာမကောင်းပါလား မာန်၊ ဘာဖြစ်လို့လဲဟင်၊ နေမကောင်းလို့လား''

ပါးစပ်မှလည်းမေး၊ မိဖုရားလက်တစ်ဖက်က မာန့်နဖူးပေါ် ရောက်လာတာမျိုး ဖြစ်သလို မိဖုရားကိုယ်တိုင်လည်း မာန့်မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ညှိုးရင် မနေတတ်အောင် သည်းသည်းလှုပ် ချစ်ခဲ့သူ
သည်။

"ကိုယ်လည်းမပူဘူး၊ ဘာဖြစ်လာတာလဲ မာန်ရင်
မိဖုရား စိတ်ပူလိုက်တာ၊ မိဖုရားကို ပြောပါဦး"

"ထန့်ကို သတိရလို့ပါ မိဖုရားရယ်"

"ထန်…ဟုတ်လား၊ ထန်ဆိုတာ"

"ကိုယ့်အမွှာညီလေ"

"ဟင်"

"မိဖုရားကို ကိုယ့်အကြောင်းတွေ မပြောပြရသေးဘူးနော်
ထန်ဆိုတာ ကိုယ့်ရဲ့ အမွှာညီ၊ သူက အခု နိုင်ငံခြားမှာလေ"

"ဩော်"

ဒီတော့မှ မာန်မှာ ထန်ဆိုသည့် အမွှာညီတစ်ယောက်ရှိ
မိဖုရား သိရ၏။ သို့သော် မိဖုရားက မာန်ပြောတာထက် ပိုမပေ
ခဲ့။ အမွှာညီကြောင့် စိတ်မကောင်းဖြစ်နေသော မာန်ကိုသာ နှစ်သိ
ဖျောင်းဖျခဲ့၏။

"မာန့်ညီက ဒီကိုပြန်လာမှာပဲမဟုတ်လား မာန်ရဲ့"

"ပြန်တော့လာမှာပါ"

"မာန် စိတ်ညစ်တာမြင်ရရင် မိဖုရား ငိုချင်တ
သိလား"





"မာန့်မျက်နှာညှိုးရင် မိဖုရား မနေတတ်ဘူး"

"ကိုယ့်အပေါ် ဒီလောက်တောင်ချစ်လား မိဖုရားရယ်"

"အဲဒီထက် ပိုတယ် မာန်"

"မိဖုရားဘဝမှာ မိဖုရားချစ်တဲ့ မိသားစုကလွဲရင် မာန့်ကို
အချစ်ဆုံး"

"မိဖုရားရယ်"

သူ့မနဖူးပေါ် အနမ်းတစ်ပွင့် ညင်သာစွာကျလာ၏။

"နောက် ဘယ်တော့မှ မိဖုရား စိတ်ညစ်အောင် မလုပ်
တော့ဘူးနော်၊ အမှန်ပြောရရင် ထန်ထွက်သွားတုန်းက ကိုယ်
ဆော်တော်ခံစားလိုက်ရတာ၊ ထန်ကိုယ်တိုင်လည်း ကိုယ့်လိုပဲ နေမှာ
ပါ၊ ကိုယ်တို့မှာ ဒီအမွှာညီနှစ်ယောက်တည်း ရှိတာလေ"

"မိဖုရား ကိုယ်ချင်းစာပါတယ် မာန်၊ တခြားမောင်နှမ
တွေထက် အမွှာဆိုတော့ ပိုပြီးခံစားရမယ် ထင်တယ်နော်"

"အဲဒီလိုပြောရမယ်ထင်တယ်၊ ကိုယ်တို့နှစ်ယောက်က
ခုလို အဝေးကြီး တစ်ခါမှ မခွဲဖူးဘူး၊ မေမေတို့ကလည်း ဘယ်တော့
မှ ကိုယ်တို့နှစ်ယောက်ကို မခွဲဘူး"

ပြောရင်း မာန့်ရင်ထဲ ဆို့နင့်ချင်လာကာ ထန့်ကို ပိုသတိ
ရသွားသည်။ ထန်လည်း သူ့ကို သတိရနေမှာ သေချာသည်။
အမွှာဆိုသည့် စိတ်ခံစားချက်တွေကအစ အားလုံးတူသည်။



www.burmeseclassic.com

www.burmeseclassic.com



မိဖုရားက ငြိမ်သက်စွာ သူ့မျက်နှာကို စိတ်မကောင်းသလို ကြည့်နေသည်။ တကယ်တော့ မာန်ကလည်း သူ့ရင်ထဲမှဝေဒနာရို တခြားတစ်ယောက်ကို ဖွင့်ပြောခြင်းဖြင့် ထွက်ပေါက်ပေးခြင်းပါ။ သူ့ရင်ထဲက စကားကို ရီဝေသော မျက်လုံးများဖြင့် အဝေးသို့ ငေးကြည့်ရင်း ဆက်ပြောဏ်။

"ဘယ်သူ့မှမခွဲနိုင်တဲ့ ကိုယ်တို့နှစ်ယောက်ကို ကံကြမ္မာက ခွဲပစ်တာ မဆန်းဘူးလား မိဖုရား၊ ထန် တကယ်သိလို့ သိပ်တက်ချင်တယ်၊ ဒါပေမဲ့ သူ ကံမကောင်းခဲ့ဘူး"

"သူ စာမေးပွဲကျခဲ့တယ်"

"စိတ်မကောင်းပါဘူး မာန်ရယ်"

"ကိုယ်ခံစားရတာ အဲဒါပေါ့၊ ထန် စိတ်ထိခိုက်ပြီး နိုင်ငံခြားထွက်သွားတာ အဲဒါကြောင့်ပဲ"

"ထန့်အတွက် မိဖုရား စိတ်မကောင်းပါဘူး မာန်ရယ် ဒါပေမဲ့ စိတ်ကိုဖြေပါ၊ ခုချိန်လောက်ဆို ထန်လည်း ဟိုမှာပျော်နေလောက်ပါပြီ"

"ပတ်ဝန်းကျင် အပြောင်းအလဲကြောင့် ထန် စိတ်ပြောင်းနိုင်ပေမယ့် အရွယ်ညီနှစ်ယောက် ခွဲနေရတာဆိုတော့ ထားလိုက်ပါလေ မိဖုရား မာန့်ကြောင့် စိတ်ညစ်နေရပြီ"

"မာန့်ကြောင့် စိတ်မညစ်ပါဘူး မာန်၊ ကိုယ့်ချစ်သူ့ရင်ထဲ





…နေတာကို မျှဝေခံစားခွင့်ရတာကိုပဲ ကျေနပ်ပါတယ်"

"မာန့်ကိုယ်စား မာန်ပျော်အောင် မိဖုရား ဘာလုပ်ပေးရမလဲဟင်"

"သိပ်ချစ်စရာကောင်းတာပဲ မိဖုရားရယ်၊ ထန့်ကိုယ်စား မာန့်ကို တကယ်ပျော်စေချင်ရင် ဟောဒီလို"

"အို"

မိဖုရားတစ်ကိုယ်လုံး မာန့်ရင်ခွင်ထဲ နွေးထွေးစွာရောက်ရှိသလို မျက်နှာလှလှလေးပေါ် ကြွေကျလာသည့် ချစ်အနမ်းတွေ ရည်း၊ သိပ်သည်းခြင်းတွေနှင့်။

"သိပ်ချစ်တယ် မိဖုရားရယ်"

"မိဖုရားကြောင့် ထန့်အတွက် ခံစားခဲ့ရတဲ့ ဝေဒနာကို …ဝက်သက်သာသွားပြီ"

"သွားပါ၊ မာန် သိပ်လည်တယ်သိလား"

"ချစ်လို့ပါ မိဖုရားရယ်"

"မချစ်နဲ့"

"ဒါဆို မာန်က ဘယ်သူ့ကို ချစ်ရမှာလဲ"

"သိဘူး"

"မိဖုရား မာန့်အချစ်ဆုံးရယ်"

"မာန်…အိုကွယ်"

www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင်ထဲမှာ မိဖုရားစကားသံလေးတွေ အချိန်အတော်ကြာ ပျောက်ဆုံးသွားသည်။ ဒီတစ်ခါတော့ ချစ်သူအလိုကို မိဖုရားမငြင်းဆန်တော့ပါ။ မာန့်ရင်ခွင်ထဲ တိုးဝင်ကာ မာန့်ကိုယ်ကြီးကိုချစ်ခြင်းများစွာဖြင့် သူမလက်လေးများနှင့် မမိုမကမ်း ပြန်ဖက်ထားမိ၏။

"မိဖုရား"

"ဟင်"

"ကိုယ့်ကိုချစ်လား"

"မုန်းတယ်"

မိဖုရားထံမှ အဖြေစကားကို မာန်က သဘောကျစွာ ခပ်ဆဲ့သဲ့ရယ်တော့ မိဖုရား ရှက်ရှက်နှင့် မာန့်ရင်ဘတ်ကို လက်သီးဆုပ်လေးများဖြင့် ထုရိုက်မိ၏။

"လူကိုဘာရယ်တာလဲ၊ ကဲ ...ကဲ"

"ဟော့...ဘာလို့ နှိပ်စက်နေရတာလဲ၊ တကယ်နာတယ်ကွ"

တကယ်မနာဘဲ နာတယ်ပြော၍ မိဖုရားက ထပ်ထုတော့မာန်က ရယ်သည်။

"ကဲ...ကဲ၊ အဲဒါ နာဦး"

နောက်တော့ မိဖုရားပါ သူနှင့်အတူ လိုက်ရယ်ဖြစ်သွား





ဘဲ၊ ချစ်တယ် မာန်ရယ်။

မမျှော်လင့်သည့် အချိန်မှာ ထန့်စာ ရောက်လာ၏။ မာန်ထင်သလို နိုင်ငံခြားမှာ ထန် မပျော်ပါ။ ဒါပေမဲ့ ကိုယ့်ဘာသာနေဖြစ်အောင် ကြိုးစားနေသည်ဟု ဆိုသည်။

*ခုတော့လည်း နယ်မြေသစ်မှာ အပြောင်းအလဲတွေနဲ့နေသားကျလာပြီ မာန်၊ မင်းလည်း တက္ကသိုလ်မှာ ပျော်နေပြီမဟုတ်လား၊*

*မင်းအတွက် လိုအပ်မယ်ထင်တဲ့ အသုံးအဆောင်တွေ ပို့လိုက်တယ်၊ တခြားလိုချင်တာရှိရင်လည်း မှာပါ။*

*ကိုကို့ကို တက္ကသိုလ်မှာ သူများထက်ပိုပြီး စတိုင်လ်ကျစေချင်တယ်၊ ထန် တက္ကသိုလ်မတက်ရပေမယ့် တက္ကသိုလ်တက်နေတဲ့ ကိုကို့အတွက် ဝမ်းသာပါတယ်၊*

*မေမေနဲ့ မေမေ့ဆီလည်း စာတစ်စောင်သပ်သပ် ရေးထားတယ်။*

*မင်းရဲ့ထန်*

ထန်...ညီလေးရယ်။

ထန့်စာကိုဖတ်ပြီး ညီဖြစ်သူအတွက် မာန့်ရင်မှာ ပိုခံစားလိုက်ရသည်။ ထန်က နိုင်ငံခြားထွက်သွားပေမယ့် သူ့အမွှာအစ်ကိုကို မမေ့။ အထူးသတိရနေသည်ဟုဆိုကာ မာန့်အတွက် အသုံး



www.burmeseclassic.com

www.burmeseclassic.com



အစား အသုံးအဆောင် ပစ္စည်းအမျိုးမျိုး ပို့ပေးပေမယ့် မာန် ဘာကိုမှမသုံးဖြစ်။ လည်ကတုံး ရှပ်အင်္ကျီအဖြူ၊ ချည်ထည်ပုဆိုးကိုသာ အမြဲလို ဝတ်ဆင်တတ်သော မာန့်အတွက် ထန် ပို့ပေးသည့် ခေတ်မီ အသုံးအဆောင်တွေက အဆင်မပြေ။ ဒါပေမဲ့ အားလုံးကို စနစ်တကျ သိမ်းထားသည်။ ထန် ပို့ပေးသည့် ရေမွှေးတချို့ကို မိဖုရားကို မာန်က ပြန်ခွဲပေးလိုက်သည်။ မာန့်နေရာမှာ ထန်ဆိုရင်တော့ သူ့အခု ဝယ်ပို့လိုက်သည့် ပစ္စည်းတွေက အသုံးဝင်မှာသေချာသည်။ မာန့်အတွက်တော့ ထန် ကျေနပ်အောင် လက်ခံသိမ်းဆည်းရုံမှ တစ်ပါး သူဝတ်နေကြအတိုင်းပဲ ဝတ်စားပါသည်။

ပစ္စည်းတိုင်း ဆန်းဆန်းပြားပြားတွေကို မာန် စိတ်မဝင်စားတတ်။ ကြားထဲက သူငယ်ချင်းတွေက ထန် ပို့လိုက်သည့် ပစ္စည်းတွေကိုကြည့်ပြီး မာန့်ကိုယ်စား အားမလိုအားမရ ဖြစ်ကြသည်။

"မင်းကွာ…ထန် ပို့ပေးတဲ့ပစ္စည်းအားလုံး နာမည်ကြီးတွေကွ၊ ဈေးလည်းကြီးတယ်၊ ထန် ကျေနပ်အောင် သုံးစမ်း ဝတ်စမ်းပါကွ"

"ငါမှ ဒါတွေ ဝါသနာမပါတာကွာ"

"မင်းတို့အမွှာက ဒါကြတော့ မတူပါလား"

သူငယ်ချင်းတွေ ဝေဖန်စကားကို မာန် ဘာမှမပြောဘဲ ပြုံးနေပေမယ့် ထန့်ဆီ အီးမေးလ်ပြန်တော့ ထန် ကျေနပ်အောင်





သည်။

*မင်းမပါဘဲ တစ္ဆသိုလ်တက်ရလို့ ငါ မပျော်ဘူး ထန်၊ သော အတူပါလာရင်ဆိုတာမျိုး အမြဲတွေးနေမိတယ်၊ မင်းနဲ့သာ ရင် သိပ်ပျော်မှာပဲကွ၊ မင်းထင်သလို ငါ့မှာ အပေါင်းအသင်း အားကြီးမရှိဘူး ထန်၊*

*မိန်းကလေးထဲမှာက အခင်ဆုံး မာနဲ့ မိဖုရား နှစ်ယောက် တယ်၊ မင်းလာရင် မိဖုရားနဲ့ မိတ်ဆက်ပေးမယ်၊ မင်းပြန်လာမယ့် ကို မျှော်နေမယ်*

*မင်းရဲ့အစ်ကို*

*မာန်*

ထန့်ထံ အီးမေးလ် ပြန်ပို့လိုက်၏။ မာန့်စိတ်ထဲ ပေါ့သွား၏။

"သြော်…သားကြီးက ဒီရောက်နေတာကို၊ သားငယ် ဖုန်းဆက်မယ်တဲ့"

"ဟုတ်ကဲ့"

"သားညီနဲ့ သား စကားမပြောဖြစ်ဘူးဆို"

မေမေက အခန်းထဲဝင်လာရင်း မာန့်ကိုပြုံးပြီးမေး၍ သူ ခေါင်းအသာညိတ်ပြရင်း…

"ဟုတ်တယ် မေမေ၊ သား အန်တီစိမ်းတို့အိမ် သွားအိပ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ညကပါ''

''သြော်…သြော်''

''သားငယ်ကိုကြည့်ရတာ မျက်နှာလေး ပိုပြည့်လာတယ်နော် သားကြီး''

''မေမေ့သား ဟိုမှာပျော်နေလို့ နေမှာပေါ့ဗျာ''

''မပြောတတ်ပါဘူး သားရယ်''

မေမေက သဘောကျစွာရယ်သည်။ ပြီးမှ…

''ဘာပဲပြောပြောကွယ်၊ မေမေတော့ သားငယ်ကို သိပ်သတိရတာပဲ''

''မေမေရယ်''

မာန် မေမေ့အတွက် စိတ်မကောင်းဖြစ်သွားသည်။

''ဒါပေမဲ့ သားကြီး မေမေ့နား ရှိနေလို့ ဖြေသာပါသေးတယ်ကွယ်''

''ကဲ…ကဲ သား လုပ်စရာရှိတာ ဆက်လုပ်တော့၊ မေမေ ဘုရားခန်း ဝင်လိုက်ဦးမယ်''

သည်နေ့ ကျောင်းပိတ်သည်။ မိဖုရားကို စိတ်ထဲ သတိရပြီး လွမ်းပေမယ့် တစ်ပတ်မှာ နှစ်ရက်လောက်တော့ ခွဲ မှာပေါ့ဟု စိတ်ကို ဖြေသိမ့်မိ၏။ ဒါပေမဲ့ အပြောလွယ်သလောက် လက်တွေ့မှာ ချစ်သူမျက်နှာကို မြင်ချင်တွေ့ချင်နေတာနှင့် လှ





ဘယ်လိုမှ နေလို့မရ။ နောက်ဆုံး မာ့ကိုပဲ အကူအညီတောင်းရသည်။

''သမီးရေ…မာ လာတယ်''

''လာပြီ မေမေ''

ကျောင်းပိတ်ရက် မာ ရောက်လာ၍ မိဖုရား ပျော်သွားသည်။

''ဘယ်လိုလုပ် မျက်စိလည်လာတာလဲ မာ''

''ဒီလိုပေါ့''

သူငယ်ချင်းနှစ်ယောက် ပြိုင်တူ ရယ်မိကြ၏။ မာ့ကိုမြင်တော့ မာန့်ကို ပိုသတိရသွား၏။

''အဝတ်အစားလဲလေ မိဖုရား၊ ညနေခင်း ကန်ဘောင်မှာ လမ်းလျှောက်ကြရအောင်''

''ခဏနေဦးနော် မာ၊ မေမေတို့ကို မိဖုရား ပြောလိုက်ဦးမယ်''

''အသိန်းရေ…မာ့အတွက် အအေးယူခဲ့ပါဦးကွယ်''

''လာပါပြီ မမလေး''

အသိန်းက မာ့ရှေ့မှာ သံပရာရည် ချပေးနေချိန်မှာ မိဖုရားက သူမအခန်းထဲ ပြေးဝင်ကာ အဝတ်လဲလိုက်သည်။

မာနဲ့မိဖုရား ကန်ဘောင်ပေါ် လမ်းလျှောက်နေချိန်မှာ မာန်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာရင် ဘယ်လောက်များ ပျော်စရာကောင်းမလဲဟု စိတ်ကူး ယဉ်လိုက်မိသေးသည်။ ရုပ်ရှင်တွေထဲမှာသာ ဒီလိုရှိနိုင်တာပါ မိဖုရားတို့ လက်တွေ့ဘဝက ထိုမျှလောက် စိတ်ကူးယဉ်စရာမ

မေမေ့ကိုပြောပြီး မာနှင့်မိဖုရား အိမ်နားက ကန်ဘောင် မှာ လမ်းလျှောက်ကြသည်။ ညနေခင်းဖြစ်၍ ပတ်ဝန်းကျင် သာယာသလို မိဖုရားတို့လို လမ်းလျှောက်တဲ့လူတွေကလည်း များပါသည်။

"ဟား…အခုမှ စိတ်ကိုလန်းသွားတာပဲ မိဖုရားရယ်"

"ဒါဆို ဒီကိုလာပြီး အမြဲလမ်းလျှောက်ပါလား မာရဲ့"

"အမလေး…ဒါတော့မလုပ်လိုက်ပါနဲ့ မိဖုရားရယ်၊ အ တောင် မာ့ကို လာပြီး နားပူနေလို့ ဒီကိုထွက်လာရတာ"

"ဘယ်သူက မာ့ကို နားပူလို့လဲ မာရယ်"

"ဘယ်သူရှိရမလဲ၊ ရှင့်လူ မာန်ပေါ့"

"ဟယ်…တကယ်"

"ဟိုမှာ…မာန် လာပြီ"

"မာန်ရယ်"

အခုမှပဲ မာန့်ကို မိဖုရား မြင်ပါသည်။ မာန်က အရပ်အ ကြီးနှင့် မိဖုရားမျက်နှာလှလှလေးကို ချစ်မြတ်နိုးစွာ စိုက်ကြည့်

"လွမ်းလိုက်ရတာ မိဖုရားရယ်"





"မိဖုရားရောပဲ"

"ကဲ…ကဲ အလွမ်းသယ်တော်မူကြ၊ မာတော့ စားသောက်ဆိုင်ကပဲ စောင့်တော့မယ်"

"ကျေးဇူးနော် မာ"

"တကယ်ကျေးဇူးတင်ရင် စားသမျှ လာရှင်းပေးကြ"

ပြောပြောဆိုဆို မိဖုရားတို့နားက ထွက်သွား၍ ချစ်သူ နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးလိုက် ကြသည်။

"သိပ်ချစ်တာပဲ မိဖုရား"

"မိဖုရားလည်း အတူတူပဲပေါ့"

မာန်က မျက်နှာကို ရူးရူးစိုက်စိုက်လေး ငေးမောကြည့်ကာ ကြီးဖျော့သောလေသံဖြင့်…

"မခွဲချင်တော့ဘူး မိဖုရားရယ်"

"ဘယ်သူကရော ခွဲနေမယ်ပြောလို့လဲ"

"ဒါဆို လက်ထပ်ကြမယ်"

"ကျောင်းကဖြင့် မပြီးသေးဘဲနဲ့"

"အချိန်အကြာကြီး မစောင့်နိုင်တော့ဘူးကွ၊ အတူနေချင် ပြီ"

"မာန်နော်"



www.burmeseclassic.com

www.burmeseclassic.com



မိဖုရားမျက်နှာလေး ရဲခနဲဖြစ်သွားတာကို ကြည့်ပြီး က ချစ်မြတ်နိုးစွာ ရယ်သည်။

"သွား...မာန်နဲ့ မခေါ်တော့ဘူး"

"ဘာဖြစ်လို့"

"မုန်းလို့"

"တကယ်"

"တကယ်ပေါ့"

"ဒါဆို မာန့်ကိုမုန်းတဲ့ ကောင်မလေးနားမှာ မနေ ဘူး၊ မာန့်ကိုချစ်တဲ့ တခြားကောင်မလေး"

"သွား...သွား၊ အခုထဲက မိဖုရားအပေါ် သစ္စာဖော ချင်တာမဟုတ်လား"

"မိဖုရားနားကို ဘယ်တော့မှ မလာနဲ့"

"ဟိတ်...မပြေးနဲ့လေ၊ ချော့လဲမယ်ဆို"

"အိုး...အမေ့"

"ဟာ"

ခြေခေါက်လဲမလိုဖြစ်သွားသော မိဖုရားကိုယ်လေး မာန်က အချိန်မှီ ပြေးပွေ့လိုက်၍ ဘာမှဖြစ်မသွားသော်လည်း မိဖုရားတစ်ကိုယ်လုံး မာန့်ရင်ခွင်ထဲမှာ နစ်နေအောင် ထွေးခနဲ သွား၍ မိဖုရားပါးလေးတွေ ရဲခနဲဖြစ်သွားသည်။

"ဖယ်ပါ...မိဖုရားအသားကို မထိနဲ့"

မာန့်ကို စိတ်ဆိုးနေသည့် မိဖုရားက သူမကိုယ်လေးကို ရင်ခွင်ထဲက ရုန်းဖယ်လိုက်၏။

"အသားကို မထိနဲ့ဆိုလည်း မထိပါဘူးဗျာ၊ ပါးလေးကို"

"အို...မာန်"

မာန်က ပြောပြောဆိုဆို လူအလစ်မှာ မိဖုရားပါးလေးကို နဲ့ ငုံ့နမ်းလိုက်တာမို့ မိဖုရားမှာ အနားမှလူတွေ မြင်သွားမှာ လျက် သူမပါးလေးကို လက်ကလေးဖြင့် အုပ်ကာ ဟိုဟိုဒီဒီ ကြည့်လိုက်သည်။

"ဘယ်သူမှမမြင်ပါဘူး မိဖုရားရဲ့"

"မာန်သိပ်ဆိုးတယ် သိလား"

မိဖုရား စကားအဆုံးမှာ မာန်က ချစ်သူမျက်နှာလှလှလေး ချစ်မြတ်နိုးစွာ ကြည့်ပြီး ခပ်တိုးတိုးရယ်သည်။ မိဖုရားမှာသာ တ်ဝန်းကျင်နှင့် မာန့်မျက်နှာကို မကြည့်ရဲတော့ဘဲ နေရာက သွက်သွက်လေး လျှောက်ကာ ကိုယ့်လိပ်ပြာ ကိုယ်မလုံဘဲ နေ၏။

"ပြန်ရမယ်ဆိုလည်း ရုတ်တရက်ကြီးပါလား မာန်ရယ်"

"မာမီ နေမကောင်းဖြစ်နေလို့ ပြန်ရမှာလေ"

www.burmeseclassic.com



သားနှစ်ယောက်ကို မာမီက ခုလို အချိန်အကြာကြီး တစ်ခါမှ ဖူးတော့ လွမ်းဖျားဖျားတာလည်း ပါမှာပေါ့မျာ"

"မိဖုရားလည်း မာန့်ကို လွမ်းနေမှာ"

"ဒါဖြင့် မာန်နဲ့ တစ်ခါတည်းလိုက်ခဲ့"

"လိုက်ခဲ့မယ်"

"တကယ်ပြောတာလား မိဖုရား"

မိဖုရားက ဆတ်ခနဲ ခေါင်းညိတ်လိုက်တော့ မာန် မိဖုရားမျက်နှာလှလှလေးကို စိုက်ကြည့်သည်။

ထိုအကြည့်ထဲမှာ မိဖုရားကို ဘယ်လောက်ချစ်ကြော မြတ်နိုးကြောင်းတွေ ပေါ်လွင်နေ၏။

"မိဖုရားလည်း မာန်နဲ့ ချစ်သူတွေဖြစ်ပြီးမှ တစ်ခါ မခွဲဖူးဘူး"

"မိဖုရားရယ်"

မိဖုရားအသံက တိုးတိုးဖြစ်ကာ အဖျားခပ်မှာ ငိုသံ သွား၍ မာန် စိတ်မကောင်းဖြစ်သွားသည်။

"ကိုယ့်မာမီ နေကောင်းတာနဲ့ ချက်ချင်းပြန်လာ မိဖုရားရယ်၊ မာန်ကိုယ်တိုင်လည်း မိဖုရားကို မခွဲနိုင်ပါဘူး

မျက်ရည်ဝေ့သော မျက်ဝန်းများဖြင့် မိဖုရားက မာန့်ရင် ထဲ တိုးဝင်လိုက်သည်။





"မိဖုရားတို့နှစ်ယောက်က ဒီလို ခဏလေးခွဲရမှာကိုတောင် ကြောက်နေရင် တကယ်လို့များ တစ်သက်လုံး ခွဲရရင် ရူးများသွား သားပဲ"

ပြောရင်း မိဖုရားပါးပြင်ပေါ် မျက်ရည်တွေ ကျလာ၏။

"မငိုနဲ့လေ မိဖုရား"

"မာန်တို့က ဘာလို့ခွဲရမှာလဲကွာ၊ တစ်ယောက်နဲ့ တစ်ယောက် ဒီလောက်ချစ်ကြပြီးမှ ဘာအကြောင်းနဲ့မှ ခွဲစရာ အကြောင်းမရှိပါဘူး၊ မာန့်ကို မိဖုရား ယုံတယ်မဟုတ်လား"

"အင်း"

"ဒါဆို ပြီးပြီပေါ့"

"စာမေးပွဲကလည်း နီးနေပြီဆိုတော့ မိဖုရားခေါင်းထဲမှာ ခြားစိတ်ဆင်းရဲစရာတွေ ဘာမှမတွေးနဲ့တော့၊ မာန်ပြောတာ ရား နားလည်လား"

"ဒါပေမဲ့"

"ဟင့်အင်း...မိဖုရား ဘာမှထပ်မပြောနဲ့"

"အို...မာန်"

"မာန်ရယ်"

မာန့်ထံမှ လှိုက်လှဲသိပ်သည်းစွာ ကျရောက်လာသည့် အနမ်းတွေအောက်မှာ မိဖုရားအသံလေး ပျောက်သွားပြီး မာန့်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကိုသာ တင်းကြပ်စွာ ပြန်ဖက်ထားမိသည်။

မာန် တောင်ကြီးပြန်သွားချိန်၌ မာန့်ကို လွမ်းစိတ်နှ

မိဖုရား မနေတတ်အောင် ဖြစ်ခဲ့ရသည်။ မာန်က နေ့တိုင်းဖုန်းဆ

သည်။ မာန့်မာမီ ကျန်းမာရေးကြောင့် မာန် ချက်ချင်းပြန်မလာနိ

ဝေးမှ မာန့်ကို ဘယ်လောက်ချစ်ကြောင်း မိဖုရား သိခဲ့

သလို မာန်ကိုယ်တိုင်ကလည်း မိဖုရားကို သူဘယ်လော

ချစ်ကြောင်း၊ မြတ်နိုးကြောင်း သိရပါသည်ဟု ဆိုသည်။ ချစ်သူ

တော့ မိဖုရား တစ်ရက်မှမပျော်။

မာကတော့ မိဖုရားကို အဖြစ်သည်းလွန်းရန်ကောဆိုသ

အကြည့်နှင့် ကြည့်ပြီး အပြစ်တင်သည်။

"မိဖုရားတို့ကတော့ ခဏခွဲနေရလို့ပဲနော်၊ တစ်ရက်

ဝေးတာကို တစ်သက်တာခွေးတတ်တဲ့ ကိန္နရီ ကိန္နရာအမျိုးဆို

ဒါထင်တယ်"

"မာက ပြောအားရှိမှာပေါ့၊ ချစ်ရတဲ့သူမှ မရှိတာကိ

"ရှိလည်း ရှင့်လို နေ့စဉ်ရက်ဆက် မျက်ရည်ချောင်း

ပြီး လွမ်းမနေပေါင်"

"မာ တကယ်ချစ်တဲ့လူနဲ့တွေ့မှ မိဖုရားထက် ပိုဆိုး

သိလား"

"ဒါဆို ရှင်တို့ လက်ထပ်လိုက်ကြပါလား၊ နှစ်ဖက်





တလည်း ချမ်းသာပြည့်စုံနေတာပဲ၊ ဘာပူစရာလိုလဲ"

မာပြောတာ မှန်ပေမယ့် ဒီလိုကြတော့လည်း မိဖုရား

တ်မခံချင်။

"လက်ထပ်တာကတော့ ကျောင်းပြီးမှပဲ ကောင်းပါတယ်

ရယ်၊ ပညာရေးတစ်ပိုင်းတစ်စနဲ့ အိမ်ထောင်မပြုချင်ပါဘူး"

"မာန့်ကို လွမ်းတယ်ဆိုတာကလည်း သူနဲ့ တစ်ခါမှ

ခွဲဘူးလို့ပါ"

"မာန်ကလည်း မိဖုရားကို လွမ်းနေမှာပါဟယ်၊ မာန်ကိုယ်

တိုင်လည်း မိဖုရားကိုသိပ်ချစ်တာ မဟုတ်လား"

"ဟုတ်တယ် မာ၊ မိဖုရားတို့နှစ်ယောက် ခွဲနေရတဲ့အချိန်

လေးကို တစ်ကမ္ဘာလောက် ကြာတယ်ထင်နေမိတယ်"

"ဩ်...အချစ်...အချစ်၊ အချစ်ဆိုတာ ဒီလိုပါလား"

မာက သူ့ဘာသာပြောပြီး ခစ်ခနဲ ရယ်သည်။ မာကတော့

အချစ်ကို မခံစားတတ်။ သူက အစားကလွဲ၍ ဘာမှစိတ်မဝင်စား။

ပုံစံကလည်း ယောကျ်ားလေးတစ်ယောက်လိုနေသည်။

"တကယ်တော့ အချစ်ဆိုတာ မီးပဲနော်၊ ဒါကြောင့်

လူကြီးမိဘတွေက အချစ်နဲ့မီးကို မကစားနဲ့လို့ ပြောတာထင်တယ်"

"မာ တကယ်ချစ်တဲ့လူ တွေ့ရင် ဘယ်သူတားတား

ရပါဘူး မာ၊ နှလုံးသားရဲ့ နှိုင်းစေရာကို မာကိုယ်တိုင်လည်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်လုပ်မိမှာပါဟယ်''
''အေးလေ…ဒါကြောင့်လည်း အဲဒီနှလုံးသားဆိုတာကြ
ကို မာကျောအောင် လေ့ကျင့်ထားရတာပေါ့၊ မိဖုရားလည်း အခုဒ
က လေ့ကျင့်ထား''
''စာမေးပွဲက နီးနေပြီနော်၊ တော်ကြာ အလွမ်းလွန်လို့
စာမေးပွဲကျနေဦးမယ်''
''အချစ်က အချစ်၊ စာက စာပါ မာ၊ ဒါကို မိဖုရာ
ဘယ်တော့မှ မမေ့ပါဘူး''
''ဒါဆိုလည်း ပြီးတာပါပဲ၊ ကဲ တို့သွားမယ်၊ မိဖုရာ
တစ်ယောက်တည်း အေးအေးဆေးဆေးလွမ်းတော့ ဟုတ်လား''
မာက ခပ်ရွှဲရွှဲပြောပြီး ထွက်သွား၏။ မာ ထွက်သွားတော
မာန့်ကို ပို၍ သတိရ ပိုလွမ်းမိသည်။
မာန်မရှိတာ မိဖုရားဘဝတစ်ခုလုံး ချောက်သွေ့သွားသင
ပါပဲလား။ ကျောင်းတက်ရတာ ပျော်တယ်လို့ တစ်ချိန်လုံးထင
တာ မာန့်ကြောင့်ဆိုတာ အခုမှ မိဖုရား နားလည်လာ၏။ မျက်ဝ
ထဲမှ မာန့်အပြုံး၊ မာန့်စကားတွေ၊ မာန့်ပုံရိပ်တွေချည်း မြင်ယော
ကာ နေမိတာကိုတော့ မိဖုရားလည်း မတတ်နိုင်။
မိဖုရားလိုပါပဲ။ မာန်လည်း သူမကို သတိရနေမှာ သေ
ပါသည်။ မာန့်မာမီ နေမကောင်းလို့ ဒီလောက်ကြာနေတာဟု တွေ





ယ့် ချစ်သူကို လွမ်းစိတ်က မတားဆီးနိုင်။ မာန့်မာမီ မြန်မြန်
ကောင်းပါစေဟု စိတ်ထဲက ကြိတ်၍ဆုတောင်းမိ၏။ ဒါမှ
ပြန်လာနိုင်မည်။
မာသာသိရင် မိဖုရားကို မတော်ရသေးတဲ့ ယောက္ခမကို
စိုးရိမ်နေလိုက်တာဟု ပြောမှာသေချာသည်။ မာန့်ကိုချစ်မိမှတော့
မိသားစုကိုလည်း ချစ်ရမည်။ မာန်က မျှော်နေသည့်အချိန်မှာ
တက်မလာ။ ဒါပေမဲ့ မမျှော်လင့်သောသတင်းက မိဖုရားထံ
ရောက်လာ၏။
''ရှင် သိပြီးပြီလား မိဖုရား၊ မာန် တောင်ကြီးကိုပြန်သွား
တော့ တွယ်တာလည်း အတူတူပါသွားတယ်တဲ့''
''ဟင်''
မှာစကားကြောင့် မိဖုရားမျက်လုံးတွေ ပြာခနဲ ဖြစ်သွား
သည်။ တွယ်တာဆိုတာ မာန့်ကို တစ်ဖက်သတ် ချစ်နေသူအဖြစ်
သူမ သိထားသည်။ မာန်ကလည်း တွယ်တာကို စိတ်မဝင်စား။
ဒါကိုတော့ မိဖုရား ယုံသည်။
''တိုက်ဆိုင်တာလည်း ဖြစ်နိုင်တာပဲ မာရယ်၊ တစ်မြို့ထဲ
ဆိုတော့ ကားအတူတူစီးမိတာ နေမှာပေါ့''
''ဒါတော့ မာလည်း မပြောတတ်ဘူး၊ မာ ကြားမိတာ
တော့ သူတို့က မိဘချင်း သဘောတူထားကြပြီးသားတဲ့''



www.burmeseclassic.com

www.burmeseclassic.com



"အို"

မိဖုရားမှာ စကားကို ဆက်နားမထောင်နိုင်တော့ဘဲ ငိုး
သွားသည်။

မာန် ပြန်မလာတာ ရှိုးရှိုးဟုထင်ခဲ့တာ ခုတော့ တွယ်
နဲ့ ပတ်သက်နေသည်ဆိုတော့ မိဖုရား ရင်တွေပူလာသည်။

"အခုရော တွယ်တာ ပြန်ရောက်ပြီလား မာ"

"ပြန်မရောက်သေးဘူး မိဖုရား၊ တွယ်တာ့သူငယ်ချင်း
ပြောတာ ကြားရတာကတော့ တွယ်တာ အခုပြန်သွားတာ နေ
ကြောင်းလမ်းဖို့တဲ့"

"ဟင်…ဒါဆို သူ…သူနဲ့မာန်က"

"အေး…သူတို့နှစ်ယောက် အတူတူပြန်လာမယ့်သ
ပဲ"

မာ တည်ငြိမ်စွာ ပြောနေသလောက် မိဖုရားရင်မှာ
နင့်ခနဲ ဖြစ်သွားသည်။

"မိဖုရား ဘာလုပ်ရမလဲ မာ"

"မာန့်ကိုတွေ့ပြီးမှ ဆုံးဖြတ်ရမှာပေါ့"

"ဟင့်အင်း…ဟင့်အင်း၊ မိဖုရား မာန့်ကို မတွေ့ချင်
ဒီလိုကိစ္စတွေ သူ့မှာရှိနေတာ အစထဲက မိဖုရားကို တိုင်ပင်အ
ပေးသင့်ရမှာကို သိရက်နဲ့"





"ဒီသတင်းတွေက ဟုတ်ချင်မှလည်း ဟုတ်မှာပါဟယ်၊
တိုက်ဆိုင်တာလည်း ဖြစ်နိုင်ပါတယ်"

"တိုက်ဆိုင်တာ"

"အင်းလေ"

"ဟင့်အင်း…ဒီတိုက်ဆိုင်မှုကို မိဖုရားတော့ မယုံဘူး"

အချစ်ကြီးတော့ အမျက်ကြီးသည်လို့ပဲဆိုဆို ပြောရင်း
မိဖုရား မျက်ရည်ဝဲလာ၏။ ရင်ထဲနာလာ၏။ မိဖုရားအတွက်တော့
ဒီတိုက်ဆိုင်မှုကို လုံးဝလက်မခံနိုင်။ အသည်းမှာ ဆတ်ဆတ်ခါ
နာနေ၏။

"မငိုနဲ့လေ မိဖုရား၊ ဒီစကားတွေက အတည်ပြုလို့မရ
သေးဘူးလေ"

"မာန် ပြန်လာမှ"

"ခုထက်ထိ နှစ်ယောက်စလုံး ပြန်မလာကြသေးဘူး မာ၊
ဒါက တိုက်ဆိုင်တာပဲလား"

မိဖုရားအသံက တုန်နေသည်။

"သြော်ဟယ်…မာန့်မာမီ နေမကောင်းသေးဘူးလို့ မိဖုရား
ပဲ ဟိုတစ်နေ့က ပြောတာမဟုတ်လား"

"သူညာနေတာ မိဖုရားမှမသိဘဲ မာ"

"ဟင်း…ခက်လိုက်တာဟာ၊ မာတော့ ရှင့်ကို သင်္ချင်း



www.burmeseclassic.com

www.burmeseclassic.com



လာပေးမိတာ မှားပြီထင်တယ်"

"အို…မမှားပါဘူး၊ မာ လာပြောတာ မှန်တယ်၊ မာန့်ကို မိဖုရား ဘယ်လောက်ယုံကြည်သလဲဆိုတာ မာ အသိပါ"

"အခု မာန်က မိဖုရားယုံကြည်မှုကို အလွဲသုံးစားလုပ်တယ်"

ဝမ်းနည်းကြေကွဲခြင်းများစွာဖြင့် နာနာကျင်ကျင်လေး ပြော နေသော မိဖုရားကိုကြည့်ပြီး မာ သက်ပြင်းချ၏။ နောင်ဆို ချစ်သူ တွေကြားထဲ ဝင်မပါဖို့ မာ တိတ်တဆိတ် ဆုံးဖြတ်လိုက်သည်။

"အို…မိဖုရားကို ဘာမှမရှင်းပြနဲ့၊ နားမထောင်ချင်ဘူး"

မာန်က သူ့ကို မျက်နှာချင်းဆိုင်ပဲ ခါးခါးသီးသီး ငြင်းဆန် လိုက်သော မိဖုရားကိုကြည့်ပြီး မာန် သက်ပြင်းချလိုက်၏။ တောင်ကြီးမှာ သူကြာသွား၍ မိဖုရား စိတ်ဆိုးနေသည်ဟု ထင်နေ သည်။ အဖြစ်က ထိုသို့မဟုတ်။ မာ မာန့်နားကို ရောက်လာ၏။

"ရှင့်ကို မိဖုရား စိတ်ဆိုးနေတာလား မာန်"

"ဟုတ်တယ်ဗျာ၊ ကျွန်တော်လည်း မာမီ နေမကောင်းလို့ တောင်ကြီးမှာ ရက်အတော်ကြာသွားတယ်၊ ဒါကို မိဖုရားက စိတ်ကောက်နေတာ ထင်ပါရဲ့"

"မဟုတ်ဘူး မာန်၊ မိဖုရား ရှင့်ကို စိတ်ကောက်နေတာ က တခြား"





"ဗျာ"

"မာ ဘာကိုပြောတာလဲ၊ ကျွန်တော် နားမလည်ဘူး"

မာက သူ့ကို အကဲခတ်သော မျက်ဝန်းများဖြင့် ကြည့် သည်။

"ရှင်တကယ်မသိဘူးလား မာန်၊ ရှင် တောင်ကြီးပြန်သွား တာ တွယ်တာနဲ့ အတူဆို"

"ဟာ…အဲဒါက တိုက်ဆိုင်တာပါဗျာ၊ တွယ်တာနဲ့ ကျွန်တော် ဘာမှမဆိုင်ပါဘူး"

"ဒါပေမဲ့ အခုပြန်လာတော့လည်း ရှင်တို့က အတူတူပဲ ..."

မာန် သက်ပြင်းချလျက် ခေါင်းခါလိုက်သည်။

"ကျွန်တော် ဘယ်လိုရှင်းပြရမလဲ မာ၊ တွယ်တာက ကျွန်တော်နဲ့ အဖော်ရတယ်ဆိုပြီး တမင်စောင့်ပြန်တာပါ"

"ဒီကိစ္စတွေက မိဖုရားနဲ့ရှင်းပါ၊ မာ သိတာကတော့ မိဖုရား စိတ်ဆိုးနေတာ အဲဒီကိစ္စပဲ"

"ကျွန်တော်ချစ်တာ မိဖုရားတစ်ယောက်တည်းပါ၊ ဒါကို မိဖုရား မယုံတာ ဝမ်းနည်းစရာပဲ"

"တွယ်တာနဲ့က လူကြီးချင်း သဘောတူထားတာဆို"

"အဲဒါက ထန်နဲ့ပါ၊ ကျွန်တော်နဲ့ မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သြော်…ဒီလိုကိုး၊ ကဲ…မာ သွားမယ်"

"မာ"

"ဘာလဲ မာန်"

"မိဖုရား အမြန်ဆုံး စိတ်ပြေအောင် ကူညီပေးပါဦးဗျာ"

"စိတ်ချပါ၊ ကဲ…သွားမယ်"

မာ ထွက်သွားတော့ သူတစ်ယောက်တည်း ကျန်ခဲ့သည်။ ချစ်သူကို တွေ့ချင်မြင်ချင်ဇောဖြင့် အပြေးပြန်လာသမျှ ဒီရောက်တော့ ရင်မောသွား၏။ မိဖုရားက တစ်ခါမှ ဒီလို စိတ်မကောက်ဖူး၍ စိတ်ထိခိုက်ရ၏။ ဒါကလည်း သူ့ကိုချစ်လို့ စိတ်ကောက်တာဆိုတော့ ဘာပြောရမှန်းမသိ။

"ရှင်ကလည်း မာန့် ရှင်းပြတာကို နားထောင်ဦးမှပေါ့ မိဖုရားရဲ့၊ ခုတော့ ခါးခါးသီးသီး"

မိဖုရားကို မာက အပြစ်တင်၏။ မိဖုရား မျက်ဝန်းမှာ မျက်ရည်တွေ ချက်ချင်းပြည့်လာ၏။

"သူ့မှာ အကြောင်းပြချက် အသင့်ရှိနေမှာကို မိဖုရား ကြိုတွေးပြီးသားပါ မာရယ်၊ ခု သူတို့ပြန်လာတာလည်း အတူတူ မဟုတ်လား၊ ဒီကြားထဲ သူက ဘာတွေရှင်းပြချင်သေးလို့လဲ"

မိဖုရားက ပြောရင်း မျက်ရည်ကျတော့ မာက သက်ပြင်းချသည်။





"မဟုတ်သေးဘူး၊ အဲဒါ တိုက်ဆိုင်သွားတာလို့ သူပြောပြီးသား"

"ဒါကို ရှင်ယုံသလား မာ"

မိဖုရားအမေးကြောင့် မာ ရင်မောသွား၏။

"သြော်…အစကတော့ မာလည်း ရှင့်လိုပဲ မာန့်အပေါ် သံသယရှိခဲ့တာပေါ့၊ ဒါပေမဲ့ ခုလို မာန် ရှင်းပြတော့လည်း သူ့မှာ ဘာအပြစ်မှ မရှိသလိုပဲ"

"တော်ပါတော့ မာရယ်၊ ဒီအကြောင်းတွေ မိဖုရား မကြားချင်ဘူး"

"မကြားချင်လို့ မဖြစ်ဘူး မိဖုရား၊ တော်ကြာ သိပ်ချစ်ကြတဲ့ ချစ်သူနှစ်ယောက် ဘာမဟုတ်တဲ့ကိစ္စလေးနဲ့ လမ်းခွဲကြရမှာ စိုးရိမ်လို့"

လမ်းခွဲရမှာ။

ထိုစကားကို မိဖုရားကိုယ်တိုင် မကြားချင်။ ကြားလည်း မကြားရဲပါ။ မာန့်ကို ထိုမျှလောက် ချစ်ပါသည်။

"မာန်က ရှင့်ကို သိပ်တွေ့ချင်နေတာ"

မိဖုရား ဘာမှမပြောဘဲ ငြိမ်နေ၏။ တကယ်တမ်း မိဖုရားကိုယ်တိုင် ချစ်သူကို တမ်းတလွမ်းဆွတ်ခဲ့ရသူ ဖြစ်သည်။ တွယ်တာကြောင့် မာန့်ကို အချစ်ကြီး၍ စိတ်နာနေမိတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မာန်ကပြောတယ်၊ သူ့သစ္စာတရားကို မယုံတာ ဝမ်းအနည်းဆုံးပဲတဲ့"

"အို"

မာ့စကားကြောင့် မိဖုရားရင်ထဲ ဆစ်ခနဲ နာကျင်သွားသည်။

မိဖုရားကို မာန်ချစ်တာ ယုံပေမယ့် ကံတရားကို မိဖုရား မယုံရဲပါ။

"တို့ မာန့်ကို လွှတ်လိုက်မယ်နော် မိဖုရား"

ပြောပြောဆိုဆို မာ ထွက်သွားသည်။ မာန့်ကို တွေ့ရမည် ဆိုတာနှင့် မိဖုရား ရင်ခုန်သံတို့ ဆူညံသွား၏။ မာန်နဲ့မတွေ့ရတာ ဘယ်လောက်ကြာပြီလဲ။

မိဖုရားမျက်ဝန်းထဲ အဖြူရောင် အရိပ်လေးတစ်ခု ဖျတ်ခနဲ ဝင်လာ၏။ အနားရောက်လာသည့် အချိန်အထိ မာန့်မျက်နှာ မိဖုရား တစ်ချက်လေးမှ မော့မကြည့်။

မျက်လွှာချကာ ငြိမ်သက်နေသော မိဖုရားမှာ မာန့် ရှေ့မှာ ဒူးထောက်ထိုင်လိုက်ကာ မိဖုရားမျက်နှာလှလှလေး မော့ကြည့်သည်။

"မာန့်ကို စကားမပြောချင်တော့ဘူးလား မိဖုရား"

တိုးတိတ်ညင်သာစွာ မေးလာသော မာန့်ကို မျက်လွှာ





ချက် ဖျတ်ခနဲ ကြည့်လိုက်သည်။

နူးညံ့ရှန်းလဲ့သော မာန့်အကြည့်တွေက အရင်ကလို ရှန်းလဲ့ တောက်ပနေပြီ။ မိဖုရားအပေါ် ချစ်ခြင်း၊ မြတ်နိုးခြင်းတွေ နွေးထွေးစွာ ပျော်ဝင်နေသည့်အကြည့်။

"မာန့်ကို တစ်ခုခုပြောပါဦး အချစ်ရယ်၊ မာန့်ကို မလွမ်းဘူးလားဟင်"

"မလွမ်းဘူး"

မိဖုရားထံမှ အဖြေစကားကြောင့် သူ့နှုတ်ခမ်းများ လှစ်ခနဲ ပြုံးသွား၏။ သည်လို စကားပြောလာတာကိုပဲ မာန် ဝမ်းသာ၏။ သို့ကြောင့် မတွေ့ရတာ ကြာသော ချစ်သူမျက်နှာလေးကို ခပ်စိုက်စိုက် ကြည့်မိရင်း...

"မာန်ကတော့ မိဖုရားကို နေ့တိုင်း ညတိုင်း အချိန်တိုင်း စက္ကန့်တိုင်း လွမ်းနေတာ"

"အပိုတွေ"

"ဩော်...တကယ်ပြောတာ၊ မိဖုရား မယုံရင် မာန့်မာမီ ကို မေးကြည့်၊ မိဖုရား အထင်လွဲနေတာတွေ ပျောက်သွားမယ်"

မိဖုရားက ဘာမှမပြောတော့ မာန်ကပဲ ဆက်ပြောသည်။

"မာန့်ဘဝမှာ မိဖုရားကလွဲပြီး တခြားဘယ်မိန်းကလေးမှ မဝင်စားဘူး၊ မချစ်ဘူးဆိုတာ ကျမ်းကျိန်ပြောရဲတယ်၊ မာန့်အချစ်



www.burmeseclassic.com

www.burmeseclassic.com



ကို မိဖုရား ယုံရဲ့လားဟင်"

"လူကိုယုံပေမယ့် ကံကိုတော့ မယုံဘူး"

"ကံဆိုတာ လူကလုပ်တာပါ မိဖုရားရဲ့"

"မာန်က အဲဒီလိုထင်တာပေါ့ ဟုတ်လား"

"ဟုတ်တယ်"

"ဒါဆို တချို့ ကံတရားတွေကိုကြတော့ လူတွေ ဘာလို့ မပြုပြင်နိုင်ကြတာလဲ"

"ဒါကတော့ မိဖုရားရယ် ကံယုံပြီး ဆူးပုံမနင်းနဲ့ဆိုတာလည်း ရှိသားပဲ"

"လောကမှာ ချစ်သူ အထင်လွဲခံရတာလောက် စိတ်ထိနိုက်စရာ၊ စိတ်ဆင်းရဲစရာ မရှိဘူး၊ အထူးသဖြင့် မိဖုရားရဲ့ စိမ်းကားတဲ့ အပြုအမူဟာ မာန့်ရင်ကို ထိနိုက်နာကျင်စေတာ မိဖုရား သိလား"

"မိဖုရားလည်း မာန့်လို ခံစားခဲ့ရတာပဲလေ"

"မာန့်ကို ခွင့်လွှတ်ပါကွယ်၊ နောက်ဆို မိဖုရား မကြိုက်တာ မလုပ်တော့ဘူး ဟုတ်လား"

"တကယ်နော်"

"တကယ်ပါ မိဖုရားရယ်"

"မာန်ရယ်"

"မိဖုရားရယ်"

ချစ်သူနှစ်ယောက် အခုမှ တစ်ယောက်ကိုတစ်ယောက် တင်းကြပ်စွာ ပွေ့ဖက်မိကြသည်။

"လွမ်းလိုက်တာ လရယ်"

"မိဖုရားလည်း အတူတူပါပဲကွယ်"

"နောက်ဆို မိဖုရားကို အကြာကြီး ခွဲမသွားပါနဲ့ ရယ်"

"စိတ်ချပါ အချစ်ရယ်၊ နောက်ဆို မာန် အချစ်ကို အကြာကြီး ခွဲမသွားတော့ဘူး၊ တစ်ခါတည်း အမြဲခေါ်သွားမယ် ဟုတ်လား"

"သွား"

"သွားမှာပါဗျာ"

"မာန်နော် …အို"

မိဖုရားက မာန့်ရင်ဘတ်ကြီးကို လက်သီးဆုပ်လေးများဖြင့် ထုကာ မပြတ် ထုတော့ မာန်က မိဖုရားကို ပြုံးပြီးစိုက်ကြည့်သည်။

"လွမ်းလို့ပါ မိဖုရားရယ်"

"ဘာဆိုင်လို့လဲ"

"အကြာကြီး ခွဲနေရတာဆိုတော့"

"တော်ပါ…မာန် သိပ်ဆိုးတယ်သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုးတာမဟုတ်ဘူးကွ၊ ချစ်တာ"

"ပြောပါဦး မိဖုရားရော ကိုယ့်ကို မချစ်ဘူးလား"

"မာန် မသိဘူးလား"

"သိလို့မေးတာပေါ့၊ ပြောပါဦး၊ ကိုယ့်ကိုချစ်တယ်[illegible]"

"ချစ်တယ်"

"မိဖုရားရယ်"

ဒီတစ်ခါတော့ ကြွေကျလာသည့် ချစ်သူထံမှ ချစ်[illegible] များကို ကျေနပ်ကြည်ဖြူစွာ လက်ခံလိုက်မိသူက မိဖုရား။

"နောက် ဘယ်တော့မှ မာန်တို့ချစ်သူနှစ်ယောက် [illegible] တော့ဘူးနော် အချစ်"

"မာန့်ရယ်"

ချစ်သူချင်း ပြေလည်သွားပြီဆိုတော့ လောကကြီး[illegible] လုံး စိုပြေသာယာ လှပသွား၏။ ခွဲခွာရတဲ့ရက်တွေကို အ[illegible] လျက် တစ်ဦးမျက်နှာ တစ်ဦး ငေးမောကြည့်နေခြင်းဖြင့် ပတ်[illegible] ကျင်ကို မေ့ထားလိုက်ကြသည်။

□ □ □



"ဒါတော့ လုံးဝမတာရားဘူးနော် မိဖုရား"

"ဘာကိုလဲဟင်"

"ရှင်တို့နှစ်ယောက် ပြေလည်သွားပြီဆိုတာနဲ့ မှာကို မေ့ထားတာကို ပြောတာ"

မာက တမင်နှုတ်ခမ်းစူကာ ပြဿနာရှာလာ၍ မာန်တို့ချစ်သူနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးမိကြသည်။

သည်နေ့ ကျောင်းသို့ သူတို့စောစောရောက်လာခြင်းဖြစ်သည်။ သစ်ပင်အောက်တွင် ထိုင်နေစဉ် မာ ရောက်လာခြင်းဖြစ်၏၊

"မှာကို မမေ့ပါဘူး မာရယ်၊ မာက ကျွန်တော်တို့နှစ်ယောက်အတွက် ဖူးစာရေးနတ်မင်းပါဗျာ၊ ဟုတ်တယ်ဟုတ်



www.burmeseclassic.com

www.burmeseclassic.com



မိဖုရား"

"ဒါပေါ့၊ မာ့ကြောင့် မိဖုရားတို့ ဆုံရတာ၊ မိဖုရားတို့ဘဝမှာ မာက မရှိမဖြစ်ပါနော်"

"ဒါကြောင့် မာ့အတွက် ကျွန်တော်ယူလာတဲ့ လက်ဆောင်"

"ဘာလဲ…ဒါ လာဘ်ထိုးတာလား"

မာန်ပေးသော အထုပ်ကို လှမ်းယူရင်း မာ့မျက်နှာက ကျေနပ်စွာ ပြုံးနေသည်။

"ထင်ချင်သလို ထင်တော့ဗျာ၊ မာ့ကို ကျွန်တော်တကယ် ကျေးဇူးတင်တာ"

"ကဲ…ဒါဆို လက်ဆောင်လည်း ရပြီဆိုတော့ မနှောင့်ယှက်တော့ပါဘူး၊ သွားတော့မယ်နော်"

"ကောင်းပါပြီဗျာ"

မာ ထွက်သွားရာကို ကြည့်ပြီး နှစ်ယောက်သား ပြုံးမိကြ၏။

"မာက ကိုယ်တို့အတွက် သူငယ်ချင်းကောင်းပဲနော် မိဖုရား"

"ဘာလဲ မာန့်ဘက်က ရှေ့နေလိုက်ပေးလို့ မဟုတ်လား"





မိဖုရားက မျက်စောင်းထိုးရင်း မေးတော့ မာန်က မိဖုရားမျက်နှာကို မျက်လုံးလက်လက်များဖြင့် ကြည့်ပြီး ရယ်သည်။

"ကိုယ် မိဖုရားကို ဘယ်လောက်ချစ်တယ်၊ မြတ်နိုးတယ်ဆိုတာ မာက သိလို့ပါဗျာ"

"ဩော်…မာက သိတယ်ဆိုတော့ မိဖုရားကတော့ မသိဘူးပေါ့လေ"

"ဟော့…စိတ်မကောက်ကြေးနော်၊ မာန်က သဘောပြောတာ၊ မိဖုရား အခုလိုဖြစ်ရတာ ကိုယ့်ကို သိပ်ချစ်လို့၊ အချစ်ကြီးလို့ အမျက်ကြီးတာ ဟုတ်တယ်မဟုတ်လား"

"သိရင်ပြီးတာပဲ"

"မပြီးသေးဘူးဗျ၊ နောက်ကို ရမ်းသမ်းပြီး ကိုယ့်ချစ်သူဆို အထင်မလွဲရဘူး"

"အထင်မလွဲစေချင်ရင် အထင်မလွဲအောင်နေပေါ့"

"ကောင်းပါပြီဗျာ၊ နောက် မမိုက်တော့ပါဘူး၊ ကျေနပ်ပြီလား"

"အင်း"

"အဟင်း…ဟင်း…ဟင်း"

ချစ်သူနှစ်ဦး ချမ်းမြေ့ကြည်နူးစွာ ရယ်မိကြသည်။

"ဟောဒီမှာ မိဖုရားလက်ရေးဝိုင်းဝိုင်းလေးတွေနဲ့ မာန့်



www.burmeseclassic.com

www.burmeseclassic.com



အတွက် ကူးပေးထားတဲ့ စာပေတွေလေ"

"ဩော်...ဒါများ မာန်ရယ်"

"ဒါများမလုပ်နဲ့ မိဖုရား၊ မာန့်အတွက်တော့ မိဖုရားရဲ့ လက်ရေးလေးတွေကအစ သိပ်တန်ဖိုးရှိတာဗျ"

"မာန်ရယ်...မိဖုရား ရူးသွပ်သွားအောင် မပြောပါနဲ့"

မာန့်ပခုံးကို ခပ်လျှော့လျှော့ ခေါင်းမှီရင်း မိဖုရား တိုးတိတ်စွာ ပြောမိ၏။ မာန်က မိဖုရားလက်ချောင်းလေးများကို ဖွဖွဆုပ်ကိုင်ကာ...

"မာန်လည်း မိဖုရားနဲ့ပတ်သက်ပြီး ရူးသွပ်နေတာလား မသိဘူး၊ မိဖုရားကိုခွဲပြီး တောင်ကြီးမှာ နေတုန်းကလေ မာန် ညဘက်တွေ အိပ်မပျော်ဘဲ မိဖုရားကို တမ်းတသတိရနေမိတယ် ဖြစ်နိုင်ရင် မိဖုရားဆီလာပြီး ပြေးတွေ့ချင်လိုက်တာ၊ မာန် နေမကောင်းလို့သာ မနည်းသည်းခံနေရတယ် သိလား"

"မိဖုရားလည်း ဒီလိုပါပဲ မာန်ရာ၊ မာန့်ကို တစ်ခဏခွဲရတာတောင် မိဖုရားဘဝ ခြောက်သွေ့သလို ခံစားရတာ တစ်သက်လုံးအတွက်ဆိုရင် မတွေးရဲအောင်ပါပဲ မာန်ရယ်"

ပြောရင်း မိဖုရားမျက်ဝန်းမှာ မျက်ရည်လေးတွေ ရစ်ဝဲလာတော့ သူ စိုးထိတ်သွားသည်။ ထို့ကြောင့် မိဖုရားကို ကမန်းကတန်း နှစ်သိမ့်လေ၏။





"ဘာလို့ မဟုတ်တာတွေ တွေးနေရတာလဲ မိဖုရား၊ တစ်သက်မပြောနဲ့ နောက်တစ်ခါခွဲဖို့တောင် မာန် မစဉ်းစားတော့ဘူး"

"မာမီတို့ကို ပြောလိုက်တယ်၊ နောက်တစ်ခါ လွှမ်းရင် မာမီတို့ ရန်ကုန်ကို ပြောင်းနေပါလို့၊ အဲဒါ မာမီတို့ကလည်း သဘောတူတယ် မိဖုရား၊ မာမီကိုယ်တိုင်ကလည်း မာန့်ကို မခွဲနိုင်ဘူး ဟုတ်လား"

"ဟင်...ဒီလိုဆိုရင် မိဖုရားတို့ ဘယ်တော့မှ မခွဲရတော့ဘူးပေါ့ မာန်"

မျက်လုံးလက်လက်လေးတွေဖြင့် မိဖုရားအမေးကို မာန် ပြုံး၍ ခေါင်းညိတ်ပြရင်း...

"ဒါပေါ့ မိဖုရားရယ်၊ ဒါပေါ့၊ ကျွန်တော်တို့ ဘယ်တော့မှ မခွဲဘူး မိဖုရား"

"မိဖုရား ဝမ်းသာလိုက်တာ မာန်ရယ်"

ဝမ်းသာစိတ်ဖြင့် ချစ်သူရင်ခွင် တိုးဝင်မိ၏။ မာန်က မိဖုရားကိုယ်လေးကို ညင်သာစွာ ပွေ့ဖက်လာရင်း နူးညံ့သော မိဖုရား၏ ဆံနွယ်လေးများကို အသာငုံ့နမ်းလိုက်သည်။ ထိုအချိန် ...ခွင် လေပြည်လေညင်းလေးတွေက သူ့ပတ်ဝန်းကျင်မှာ တိုက်ခိုက်လျက်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

"ဟော…သား ကျောင်းက ပြန်လာပြီလား၊ ဒီမှာ
သားငယ်ဆီက ပို့လိုက်တဲ့ပစ္စည်းနဲ့စာတွေ လူကြုံနဲ့ရောက်နေပြီ

"အများကြီးပါလား မေမေရယ်"

မေမေက ဘာမှမပြောဘဲ ပြုံးနေသည်။

မာန်ကတော့ ထန့်ဆီက လူကြုံနှင့်ပါလာသည့် စာကို
စိတ်ဝင်စားနေမိသည်။ ပစ္စည်းတွေက ထုံးစံအတိုင်း အများကြီး

"ဟိုတစ်ခါက ထန် ပို့လိုက်တဲ့ပစ္စည်းတွေကလည်း
မနည်းဘူး၊ သူပို့လိုက်တာတွေ သုံးမကုန်လို့ သူငယ်ချင်းတွေ
ပေးသုံးရတယ်"

မေမေက မာန့်စကားကို ပြုံး၍ ခေါင်းညိတ်သည်။

"ထန်လေးက လိမ္မာပါတယ် သားရယ်"

ပြောရင်း မေမေ့အသံ တိုးသွားသည်။ သူ့သားအကြော





တွေးပြီး စိတ်မကောင်းဖြစ်နေဟန် တူပါသည်။ အခုဆို မေမေက မာန့်ကို မခွဲနိုင်တာနှင့် ရန်ကုန်မှာ အိမ်ဝယ်ပြီး မိသားစုအတူနေကြသည်။

တောင်ကြီးကအိမ်ကို ပိတ်ထား၍ ကျောင်းပိတ်မှ ပြန်ဖြစ်ကြမည်ထင်သည်။

"ထန့်အတွက် စိတ်မကောင်းဖြစ်နေလား မေမေ"

"ဒီလိုပေါ့ သားရယ်၊ ထန် မြန်မြန်ပြန်လာပါစေလို့ပဲ မေမေ ဆုတောင်းတယ်၊ ထန့်ကို မေမေ သနားတယ်၊ ဖြစ်နိုင်ရင် ထန်ဖြစ်ချင်တာ၊ လိုချင်တာလေးတွေ ဖြည့်ဆည်းပေးချင်တယ်၊ အဲဒါ မေမေ့ဆန္ဒပဲ"

"မာန်လည်း မေမေ့လိုပါပဲဗျာ၊ ထန့်ကို စိတ်ချမ်းသာစေချင်ပါတယ်"

"သားကြီးလိမ္မာတာကို မေမေ သိပြီးသားပါ၊ သားလည်း အနားယူရင်း ထန့်စာကိုဖတ်လိုက်ဦး"

"ဟုတ်ကဲ့ မေမေ"

ထန့်ဆီက စာကိုယူ၍ သူ့ အခန်းထဲ ဝင်ခဲ့၏။ အခန်းထဲ ရောက်တာနှင့် အဝတ်အစားလဲပြီး ခုတင်ပေါ်လှဲကာ ထန့်စာကို ဖောက်ဖတ်လိုက်သည်။ မာန် တွေ့လိုက်ရတာက ထန့်လက်ရေး ချွန်ချွန်လေးတွေ။



www.burmeseclassic.com

www.burmeseclassic.com



မာန်

ခုဆို မာန့်မှာလည်း အဖော်ရနေပြီပေါ့။ ဒါလည်း ကောင်းပါတယ်၊ တစ်ယောက်တည်းဆို ပျင်းစရာ၊ ထန်လည်း ကိုကို့ကို သတိရတဲ့စိတ်နဲ့ ကိုကိုဝတ်သလို ဝတ်စားပြီး အေးအေးချမ်းချမ်း နေကြည့်မိတယ်၊ ဆံပင်ပုံစံကအစ ကိုကို့ပုံစံမျိုးပဲထားလိုက်တော့ ကိုယ့်ကိုယ်ကို မှန်ထဲကြည့်ပြီး ထန်ဖြစ်လိုက်၊ မာန်ဖြစ်လိုက်နဲ့ ကျေနပ်စရာပဲ၊ ထန်တော့ ကိုကို့ကို လွမ်းတဲ့စိတ်ကို ဒီလိုပဲ ဖြေသိမ့်နေတယ်၊ ဒါနဲ့ ကိုကို့အဖော်သူငယ်ချင်းလေးက မိဖုရားတဲ့လား နာမည်လေးက စိတ်ဝင်စားစရာ ကောင်းသလို ရုပ်ကလည်း လှမယ် ထင်တယ်နော်၊ ထန့်မှာ အဖော်တွေ တွေ့ပေမယ့် အားလုံးထဲမှာ အကြင်နာမြတ်နိုးတစ်ယောက်ပဲ တွဲမိတယ်၊ ထန့်ကို အစစအရာရာ အကူအညီပေးနေတာပဲ၊ သူ မြန်မာပြည် ပြန်ရောက်ရင် မာန့်နဲ့ မိတ်ဆက်ပေးမယ်၊ အဲဒီကျမှ မိဖုရားနဲ့ အကြင်နာမြတ်နိုး ဘယ်သူက ပိုလှလဲ ကြည့်ကြတာပေါ့၊

ခုတော့ ထန့်မှာ အမွှာအစ်ကိုတစ်ယောက်ရှိကြောင်းပဲ ပြောထားတာကလွဲရင် တခြားဘာမှမပြောထားဘူး၊ လူချင်းဆုံမှပဲ သူ့ကို အံ့သြစေချင်လို့ပါ၊ လူကြီးနဲ့ ပစ္စည်းတွေပို့ပေးလိုက်တယ်၊

မာန်ရဲ့ထန်

သြော်...ထန့်မှာလည်း အကြင်နာမြတ်နိုးဆိုတဲ့ အဖော်





ား ရနေပြီကိုး။ ထန့်အတွက် ကျေနပ်စွာ တစ်ယောက်တည်း ပြောလိုက်သည်။ ထန့်ဆီကို စာရေးတုန်းက မိဖုရားကို သူချစ်သူ ဟု ထည့်မရေးခဲ့ပါ။ ဒါကလည်း မာန့်ကြောင့် အားငယ်မှာစိုး၍ ပါ၊ ခုတော့ ထန်ကိုယ်တိုင် အကြင်နာမြတ်နိုးဆိုတဲ့ အဖော်ရနေပြီ ဆိုတော့ ဒါ ရိုးရိုးလား၊ ဆန်းဆန်းလားဟု သူတွေးနေမိသည်။

နာမည်လေးကတော့ ချစ်စရာ။ ရုပ်လေးကလည်း ချောချောလှလှလေး ဖြစ်မှာပါဟု မာန် တွေးလိုက်သည်။ ထန်ကိုယ် တိုင် အချောအလှလေးတွေကို စိတ်ဝင်စားတတ်တာကို သိနေ၍ ဖြစ်သည်။

ထန့်ဆီ စိတ်ရောက်နေခိုက် တံခါးခေါက်သံဖွဖွ ကြားရ သည်၊

"သားရေ...ရေချိုးပြီးရင် ထမင်းစားရအောင်"

"ဟုတ်ကဲ့ မေမေ"

ညနေစာ ထမင်းဝိုင်းမှာ မိသားစုဆုံတယ်ဆိုပေမယ့် ထန် တစ်ယောက် လစ်ဟာနေ၍ အရင်လို မစိုပြေတာကို အားလုံးသိပေ မယ့် ဘယ်သူမှ ဖွင့်မပြော။ အားလုံးရင်ထဲမှာတော့ ထန့်ကို သတိရ နေကြသည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

ပထမနှစ် ကျောင်းပိတ်ရက်တွေမှာ မာန်တို့တောင်ကြီး မပြန်ဖြစ်၍ မိဖုရားနှင့်လည်း ခွဲစရာမလိုခဲ့ပါ။ ဖေဖေပဲ တောင်ကြီးက အိမ်ကိုကြည့်ဖို့ ပြန်သွားသည်။

မာန်နှင့်မိဖုရားကတော့ တစ်မြို့ထဲ အတူနေကာ မခွဲကြတော့ဘဲ အချိန်မရွေး တွေ့နိုင်၍ ပျော်နေကြသည်။

"မာန့်မိဘတွေက မာန့်ကို သိပ်ချစ်ကြတာပဲနော်၊ မာန့်ကို မခွဲနိုင်လို့ ဒီမှာအိမ်ဝယ်လိုက်ကြတာ မဟုတ်လား"

"ဟုတ်တယ်လေ၊ မေမေတို့က ကိုယ့်ကို မခွဲနိုင်လို့ ကိုယ်ကြတော့ မိဖုရားဆိုတဲ့ ယောဒီက ချစ်သူလှလှလေးကို မခွဲနိုင်အောင် ချစ်လို့၊ မြတ်နိုးလို့"

"မိဖုရားပြောတဲ့အထဲ အဲဒါ မပါဘူးနော်"

"မရဘူး၊ မိဖုရားကို သိပ်ချစ်တဲ့အကြောင်း ကိုယ်က





ပြောချင်နေတာ"

"မိဖုရားကိုချစ်တယ်"

"မာန်ရယ်"

"မာန့်မာမီက ဒီမှာပဲ နေမှာပေါ့နော်"

"ဟိုမှာက ခြံလုပ်ငန်းတွေ ရှိသေးတော့ သွားလိုက်ပြန်လိုက်ပဲ လုပ်မယ်ထင်တယ်"

"ဒါဆို မာန်ကျောင်းပြီးရင် အဲဒီခြံလုပ်ငန်းတွေပဲ လုပ်မှာလား"

"ဒါပေါ့"

"ခြံလုပ်ငန်းကို ကိုယ်က ဝါသနာပါတယ်"

"မိဖုရားလည်း မာန့်ကို လက်ထပ်ပြီး မာန်နဲ့အတူလိုက်နေမယ်ဆိုရင် ခြံလုပ်ငန်းတွေပဲ လုပ်ရမှာနော်"

"မိဖုရားက လိုက်မနေနိုင်ဘူးဆိုရင် မာန် ဘာလုပ်မှာလဲ"

ပြုံးနေသည့် မိဖုရားမျက်နှာလေးကို တစ်ချက်စိုက်ကြည့်ပြီး စဉ်းစားသလို ငြိမ်နေပြီးမှ . .

"ကိုယ်မှ မိဖုရားကို မခွဲနိုင်ဘဲ၊ တခြားအလုပ်တစ်ခုခုပြောင်းလုပ်ရမှာပေါ့"

"မာန်က မိဖုရားကို သိပ်ချစ်တာပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ…မာန့်အချစ်ကို မယုံလို့လား"

"ယုံပါတယ်၊ မာန်ကလည်း မိဖုရားကို ချစ်သလို မိဖု

ကလည်း မာန့်ကိုချစ်တယ်၊ မိဖုရားလည်း မာန်နဲ့အတူ ခြံလုပ်င

တွေကို ဝိုင်းလုပ်ပေးမယ်"

"ဝမ်းသာလိုက်တာ မိဖုရားရယ်"

"မာန်နော်…အိုး"

မာန်က ရိုးရိုးဝမ်းသာခြင်းမဟုတ်။ မိဖုရားကိုယ်လေး

ရင်ခွင်ထဲ နစ်နေအောင် ဆွဲပွေ့ပြီး မိဖုရားမျက်နှာလှလှလေးထ

ချစ်အနမ်းတွေ လိုက်လှဲသိပ်သည်းစွာ ခြွေချလိုက်၍ မိဖုရား

ချစ်သူကို ဘာစကားမှ ဆိုခွင့်မရဘဲ ဖြစ်သွား၏။

"သိပ်ချစ်တာပဲ မိဖုရားရယ်"

"မာန် သိပ်ဆိုးတယ် သိလား"

"ချစ်တာကွ"

"ဖြစ်နိုင်ရင် မိဖုရားမျက်နှာလေးကို တစ်နေကုန် ထိ

ကြည့်ချင်တာ၊ မိဖုရားကို မာန်က ဒီလောက်ချစ်နေတာ၊ မိဖု

မျက်နှာလေးကို တစ်နေ့မတွေ့ရရင် မနေနိုင်တဲ့အထိပဲ၊ ကိုယ်ထင်

တယ်လေ မိဖုရားကိုချစ်မိတဲ့ အချစ်တွေဟာ နောင်သံသရာအ

တောင် ကုန်မယ်မထင်ပါဘူးဗျာ"

"မာန်ရယ်"





မိဖုရားတို့နှစ်ယောက်ရဲ့ အချစ်ဟာ ဒီလောက်နက်ရှိုင်း

နိုင်မြဲလိမ့်မည်ဟု မထင်။ ခုတော့ စစ်မှန်သော မေတ္တာကြောင့်ပဲ

မိဖုရားတို့ချစ်သူနှစ်ဦး ပျော်ကြရသည်။

"ကျောင်းမြန်မြန်ပြီးချင်ပြီ မိဖုရားရယ်"

"ဘာဖြစ်လို့"

ခေါင်းလေးငုံ့ကာ မိဖုရားမေးတော့ မာန်က မိဖုရားမျက်နှာ

လေးကို ရွှန်းရွှန်းစားစား စူးစိုက်ကြည့်လျက် တိုးတိတ်စွာ ပြော၏။

"မိဖုရားနဲ့ အတူနေချင်လို့"

"အို…သွား၊ မာန် မကောင်းဘူး သိလား"

"ကိုယ်တကယ်ပြောတာ မိဖုရား၊ ကိုယ့်စိတ်ကူးထဲမှာ

မိဖုရားရယ်၊ ကိုယ်ရယ်၊ ခြံအလုပ်သမားကြီးနဲ့ နောက် သားသမီး

တွေနဲ့ ဘယ်လောက်ပျော်စရာကောင်းလဲ"

"မာန်နော် မိဖုရား အနေခက်အောင် ဘာတွေလျှောက်

ပြောနေမှန်း မသိဘူး"

"နောက်ဖြစ်မှာတွေကို ပြောတာလေ"

သူမမျက်နှာလေးနီကာ ရယ်တော့ မာန်က သဘောကျ

စွာရယ်၏။ ထို့နောက် သူမမျက်နှာလေးကို ချစ်မြတ်နိုးစွာငေးလျက်

"မိဖုရားပဲ ကိုယ့်ကိုချစ်တယ်ဆို"

"အင်း"

www.burmeseclassic.com



"ဒါဆို ချစ်သူချင်း အတူတူနေချင်ကြတာ သဘာဝပဲ မိဖုရားရယ်၊ ကိုယ်က မိဖုရားနဲ့ ခွဲမနေချင်တော့ဘူး"

"မိဖုရားလည်း မာန့်လိုပဲပေါ့၊ ဒါပေမဲ့ ကျောင်းက မပြီး သေးဘူးလေ"

"ဒါကို ကိုယ်သိပါတယ်၊ ကျောင်းကိစ္စကို ရှေ့တန်းသိပ် တင်ချင်တဲ့ ကောင်မလေး၊ ကျောင်းကိစ္စတွေ မေ့သွားအောင် ဟောဒီ လို ဟောဒီလို"

"အို…မာန်"

ချစ်သူနှစ်ဦး၏ အချစ်သည်းမှုကို လေပြည်ညင်းက တီးတိုးရယ်မောသွားသည်။ အချစ်လူဆိုး မာန်က မိဖုရားစိတ်ဆိုးမှာ ကို မကြောက်။ စိတ်ရှိသလောက် ကဲနေသည်းနေသဖြင့် ချစ်သူ ကိုယ်ကြီးကို ရှက်စနိုး ထုရိုက်အပြစ်တင်ရင်း မာန့်အချစ်များကြောင့် မိဖုရားရင်မှာ တိတ်တခိုး ကြည်နူးနေမိသည်။

"အဲဒီမျက်စောင်း မာန့်ပဲထိုးနော်၊ တခြားလူတွေကို သွားမထိုးမိစေနဲ့"

"ဘာဖြစ်လို့လဲ"

"မာန့်လို အသည်းနှလုံးတွေ ထိန်းမရ သိမ်းမရ ချစ်မိကုန် မှာစိုးလို့"

"မိဖုရား မျက်စောင်းထိုးရင် သိပ်ချစ်ဖို့ကောင်းတယ်ကွ"





"အဲဒါပေါ့၊ ကိုယ့်ငါးချဉ်ကိုယ်ချဉ်နေတယ်ဆိုတာ"

"ကိုယ်တကယ်ပြောတာကွ၊ မိဖုရားက သိပ်လှတော့ ဘယ်လိုနေနေ အရမ်းချစ်စရာကောင်းတာ"

"မိဖုရားအချစ်ကိုရတာ ကိုယ် သိပ်ကံကောင်းတာ မိဖုရားမှ မသိဘဲ"

"တော်ပါ၊ အခုမှ လူကို လာမြှောက်မနေပါနဲ့"

"နောက်တစ်ခါ မာန် အခုလိုဆိုးနေရင် မာန့်ကို မိဖုရား လာမတွေ့တော့ဘူး သိလား"

"တကယ်မတွေ့ဘဲ နေနိုင်တယ်ပေါ့"

"မယုံရင် စမ်းကြည့်လေ"

"ဘယ်နေရာကိုလဲ၊ ဒီနေရာကိုလား"

"မာန်နော်…ဒီတစ်ခါ မိဖုရား တကယ်စိတ်ဆိုးတော့မှာ သိလား"

"မိဖုရား စိတ်ဆိုးရင် ကိုယ်က ချော့နေကြပဲ၊ ဆိုးလေ ထူးပါဘူး၊ စိတ်ဆိုးပြီး ချော့ရမယ့်အတူတူ အခုထဲကပဲ"

"မာန်"

"ချစ်တယ် မိဖုရားရယ်၊ သိပ်ချစ်တယ်"

မာန့်ပုံစံကြောင့် သူမအသံလေး တုန်တုန်ဖြင့် အော်လိုက် မိ၏။ ချက်ချင်းပင် ဝမ်းနည်းစိတ်ဖြင့် မျက်ရည်ကြည်တို့က ဝဲတက်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။ သူမ မျက်ရည်စတွေကို မြင်မှ မာန် အစလွန်သွားတာကိုသိကာ ပျာပျာသလဲ တောင်းပန်၏။

"ဟာ…မိဖုရား မိဖုရား၊ ကိုယ် အလကားစတာပါ"

"အို…မဟုတ်ဘူး၊ မဟုတ်ဘူး၊ ရှင်ညာတာ၊ ရှင့်ကိုမုန်းတယ် မာန်"

"မိဖုရား…ကိုယ့်ကိုမုန်းတယ်လို့ မပြောနဲ့၊ ကိုယ် မိဖုရားဆီက မုန်းတယ်ဆိုတဲ့စကားကို မကြားရဲဘူး"

အံတင်းတင်းကြိတ်ကာ သူပြောတော့ စောစောက ဝမ်းနည်းချင်နေသော သူမ ပင်ကိုယ်စိတ်လေး ပျောက်ပြယ်ကာ သူ့ကို အံ့ဩစွာကြည့်မိသည်။ အသားဖြူသူမို့ သူ စိတ်ထိခိုက်သွားပုံက သိသာလျက် မျက်နှာမှာ သိသိသာသာ နီနေ၏။ သူ့သူ့အနား အသာအယာတိုးကပ်သွားလျက်…

"မာန် စိတ်ထိခိုက်သွားလားဟင်၊ မိဖုရား အလကားစတာပါ"

သူ တော်တော်နှင့် စကားမပြောဘဲ သူမကို စူးစိုက်ကြည့်နေသည်။ နောက်တော့ သူမကိုယ်လေးကို ဖြန်းခနဲ တင်းတင်းကြပ်ကြပ် ပွေ့ဖက်ကာ…

"မုန်းတယ်ဆိုတဲ့စကားနဲ့တော့ ကိုယ့်ကို မစလိုက်ပါနဲ့ မိဖုရားရယ်၊ ကိုယ် မိဖုရားဆီက အမုန်းစကားကို ဘယ်လိုနည်းနဲ့မကြားရဲလို့ပါ"

"နောက်ဆို ကိုယ့်ကို စချင်ရင်လေ တခြားနည်းနဲ့ စနော်"

သူမမျက်နှာကို ငုံ့စိုက်ကြည့်လျက် တိုးတိတ်တောင်းပန်မှာ ပြောလာသော မာန့်အသွင်ကြောင့် ရင်မှာ နင့်ခနဲဖြစ်လျက် မျက်ရည်စများ လွင့်ခနဲ ကြွေကျသွားရသည်။

"မာန်ရယ်…နောက်ဆို မိဖုရား ဘယ်တော့မှ မပြောတော့ပါဘူး၊ မိဖုရားကြောင့်လေ မာန် ဘယ်တော့မှ စိတ်မထိခိုက်ရပါဘူးလို့ ကတိပေးပါတယ်ကွယ်"

"မိဖုရား…မိဖုရားရယ်"

တိုးဖျော့သော မာန့်အသံက လှိုက်မောမှုတွေ ပျော်ဝင်နေသည်။

သည်လောက်ထိ ချစ်ခဲ့တဲ့ ချစ်သူနှစ်ဦးဟာ ကံကြမ္မာရဲ့ အကွက်ကျကျ စီစဉ်လိုက်တဲ့အောက်မှာ တစ်သက်တာ ဝေးကွာရမယ်ဆိုတာ ဘယ်လောက် ရင်နင့်စရာ ကောင်းလိုက်ပါသလဲ။

မိဖုရားတို့ ချစ်ခဲ့ကြတာကို ရှင် သေချာပြန်စဉ်းစားကြည့်လိုက်ပါဦး မာန်ရယ်။

"ယောက္ခမကြီးတွေကို မာန်ကိုယ်တိုင် ဖိတ်ချင်တာကွ"

"မာန်နော်…ဘာယောက္ခမလဲ"

အိမ်တက်ဆွမ်းကျွေးဖိတ်စာကို ကိုင်လျက် ရွှတ်နောက်







www.burmeseclassic.com

www.burmeseclassic.com



နောက် မာန့်အပြောကြောင့် မိဖုရားက ချစ်သူကို မျက်စောင်းထိုး...တော့ မာန်က ရယ်သည်။

"တစ်နေ့ကြရင် ယောက္ခမတော်ရမှာပဲ မဟုတ်လား မိဖုရားရဲ့"

"အဲဒီစကားကို အဲဒီနေ့ကြမှ ပြော၊ အခုမပြောနဲ့ ဒါပဲ"

"ဟုတ်ကဲ့...မိဖုရား အမိန့်အတိုင်းပါပဲဗျာ၊ ကဲ ကျေနပ်ပြီလား"

"ကျေနပ်ပြီ"

"အဲဒီနေ့ကြရင် မိဖုရားကို ကိုယ်လာကြိုရမလား"

"မကြိုပါနဲ့ မာန်ရယ်၊ မာန့်အတွက် လာခဲ့ပါမယ်၊ စိတ်ချပါ"

"ကိုယ်နဲ့မိဖုရား ချစ်သူတွေဆိုတာ မေမေတို့ကို အသိမပေးရသေးဘူးကွ၊ အဲဒါ အခုထဲက ကြိုပြောထားတာ"

"ဘာဖြစ်လို့လဲဆိုတော့ ထန်ကလည်း နိုင်ငံခြားထွက်သွား၊ ကိုယ်ကလည်း ချစ်သူရသွားတယ်ဆိုရင် မေမေ အားငယ်မှာစိုးလို့"

မေမေတို့ကို ကိုယ်ချင်းစာ၍ ထိုကိစ္စကို မာန့်ဘက်က တမင်ချွတ်ပိတ်ထားခြင်းဖြစ်၏။

"မိဖုရား နားလည်ပါတယ် မာန်၊ မိဖုရားကိုယ်တိုင်လည်း အခုထိ မေမေတို့ကို မာန်နဲ့ပတ်သက်ပြီး ဘာမှပြောမထားသေးပါဘူး၊ အချိန်ဆွဲအများကြီး ရှိပါသေးတယ်"

"ထန် ပြန်ရောက်လာရင်တော့ မရဘူးနော်၊ ကိုယ့်မှာ ချစ်သူရှိနေပြီဆိုတဲ့အကြောင်း ပြောရမှာပဲ"

"မာန့်သဘောပါ"

"ဒါဆို ထန် မြန်မြန်ပြန်လာပါစေလို့ ဆုတောင်းရမယ် ထင်တယ်"

မာန့်အပြောကြောင့် မိဖုရား ပြုံးလိုက်၏။ သူမကိုယ်တိုင်လည်း ထန့်ကို ပြန်ရောက်စေချင်ပေမယ့် မာန့်လိုတော့ ဆုမတောင်းပါ။

တကယ်လို့များ ထန် ပြန်ရောက်လာတဲ့အချိန်မှာ မိဖုရားတို့ သိပ်ချစ်တဲ့ ချစ်သူနှစ်ဦး ကွေကွင်းဖို့ဆိုတာများ ကြိုတင်သိခဲ့လျှင် ဒီဆုကို မာန်ကိုယ်တိုင်လည်း တောင်းဖြစ်မည်မထင်ပါ။

အခုတော့ ကံကြမ္မာဆိုတာ ကြိုမမြင်နိုင်သည့်အရာဖြစ်သည့်အတိုင်း မာန်တို့ချစ်သူနှစ်ဦး ဘာကိုမှ ကြိုမသိခဲ့။

"သမီးရေ...ဖေဖေ့မိတ်ဆွေတစ်ယောက်ရဲ့ ဆွမ်းကျွေးပွဲကို သမီးပါလိုက်ခဲ့နော်"

မိဖုရားရင်ထဲ 'ဟင်'ခနဲ ဖြစ်သွား၏။ ဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင် မာန်တို့အိမ်တက်ပွဲရှိနေ၍ မိဖုရား ဘာလုပ်ရမှန်းမသိ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားသည်။

"သမီး မလိုက်လို့မရဘူးလား မေမေ"

"ခြည်...မေမေနဲ့ မေမေ့မိတ်ဆွေက ကွဲနေကြတာ အတော်ကြာပြီ၊ ခုမှ မမျှော်လင့်ဘဲ ပြန်တွေ့တာဆိုတော့ သူ့ မိသားစုလိုက်လာဖို့ သေချာဖိတ်တာ သမီးရဲ့၊ လိုက်ခဲ့ပါကွယ် နောက်မှ တခြားသွားစရာရှိတာ သပ်သပ်သွား"

"ကဲ...ကဲ မမေ့သမီးကို လူတိုင်းက ငေးကြည့်ရအောင် အလှဆုံးပြင်လာခဲ့၊ ဒါမှ မေမေလည်း သမီးအချောအလှ မွေးထားတာ ဂုဏ်ယူရမှာ"

"ဟုတ်ကဲ့ပါ မေမေ၊ ဒါဆို သမီးပြင်လိုက်ဦးမယ်"

"အေး...အေး"

မေမေက လှမ်းသော မိဖုရားကို ပြုံးလျက်သာ ကြည့်နေ၏။ မိဖုရားမှာသာ ရေချိုးအလှပြင် အဝတ်အစားလဲရင်း မေမေ့ မိတ်ဆွေ အိမ်တက်ပွဲကပြန်မှ မာန့်ဆီသွားတော့မည်ဟု စိတ်ကူး လိုက်သည်။

မာန်ကတော့ မျှော်နေမှာပဲ။ ဒါပေမဲ့ ဘာမှမတတ်နိုင်၊ မေမေ့ကိစ္စကို ဦးစားပေးရမည်။

သူမ ပြင်ဆင်ပြီးတော့ မိသားစုသုံးဦး ကားဖြင့်ထွက်ခဲ့၏။ မိဖုရားက မာန့်ထံမှာသာ အာရုံရောက်နေ၍ ပတ်ဝန်းကျင်ကိုပင်





သတိမထားမိ။

မိဖုရားဖေဖေနှင့် မေမေကတော့ စကားတပြောပြောနှင့် ကားကို ဂရုစိုက်မောင်းနေချိန်မှာ မာန်တို့မိသားစုက အမွှာသားငယ် ထန့်ကို အထူးသတိရနေကြသည်။

"ဒီလို မိသားစုပွဲသွားမှ သားငယ် ထန့်ကို သတိရလိုက်တာ"

မေမေ့နှုတ်ဖျားမှ ပြောလာသော စကားကြောင့် သူတို့ပါ စိတ်မကောင်းဖြစ်သွားသည်။ တကယ်ဆို မေမေက တော်ရုံခံစားမှုမျိုးကို မျိုသိပ်နိုင်သူပါ။ ခုလို ဖွင့်ပြောတာ ထန့်ကို သတိရလွန်းသို့ဆိုတာ မာန်နဲ့ဖေဖေတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိ၏။

"သားငယ် ထန်ကလည်း ခင်တို့ကို သတိရနေမှာပါဗျာ၊ သူ့စာထဲမှာပါသားပဲ သူများမိသားစုတွေ မြင်ရင် မေမေတို့ကို သတိရတယ်တဲ့၊ ဒါကြောင့် မကြာခင် ပြန်လာမယ်လို့ ပြောထားတယ်မဟုတ်လား မေကြီးရ"

"ဟုတ်ပါတယ်လေ၊ ရုတ်တရက်ဆိုတော့ သားငယ်ကို သတိရသွားမိလို့ပါ"

"ကဲ...သားကို နောက်မှသတိရ၊ ဟိုမှာ ညွှန်သည်တွေ သာနေပြီ၊ ညွှန့်ခံလိုက်ဦး"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ထန်းအကြောင်း ပြောသော မေမေ့ကို ညည်းသည် [illegible] တွေ့ရှိရာ ဦးဆောင်ခေါ်သွားမှ မာန်လည်း သက်ပြင်းချလိုက်သည်။ မကြာခင် ထန်း ပြန်လာတော့မည်။ အချိန်အတိအကျ မသိပေမဲ့ အားလုံးစိတ်ထဲမှာ ထန်းပြန်အလာကို တိတ်တဆိတ် စောင့်မျှော်နေ မိကြသည်။ ထန်း အိမ်ကိုပြန်ရောက်လျှင် မိသားစုအတူ ဟိုအရင်က အတိုင်း ပျော်ရွှင်စရာ ဖြစ်လာမှာ သေချာသည်။ တဖွဲဖွဲရောက်လာ သည့် ညည်းသည်တွေကြားထဲမှာ မာန်က သူချစ်သော၊ မြတ်နိုးသော မိဖုရားမျက်နှာလှလှလေးကို ရှာပေမယ့် မတွေ့။

တခြားညည်းသည်တွေကို နှုတ်ဆက်နေရာချပေးရင်း မာန် အကြည့်တွေက အပြင်ကို မကြာခဏ မျှော်ကြည့်မိသည်။

ဟော…သူကြည့်နေတုန်း ခြံထဲကို ကားတစ်စီး ဝင်လာ သည်။

ဖေဖေက ထိုကားကိုမြင်သည်နှင့် အပြေးသွားကြိုသည်။ ကားပေါ်မှ မိသားစုတစ်စု ဆင်းလာ၏။

"မာန်ရေ…ဒီကိုလာပါဦးကွယ်"

"ဟုတ်ကဲ့ အန်ကယ်"

မာန် ကားပေါ်က ဆင်းလာသည့် မိသားစုကို ဆက်ကြည့် မနေနိုင်တော့ဘဲ အန်ကယ်ထားဆီ ရောက်သွား၏။

"လာ…ကိုကျော်၊ ခင်ဗျားတို့ကို မျှော်နေတာ၊ ဒါ ခင်ဗျား





[illegible]သားစုလား"

မာန့်ဖေဖေ ဦးမင်းဇော်က ဦးကျော်မြင့်ဆိုသူ၏ ပခုံးကို [illegible]နီးစွာ ဆုပ်ကိုင်လျက် မေးလိုက်ခြင်းဖြစ်သည်။

"ဟုတ်တယ်ဗျို့…ကိုမင်းဇော်၊ ဒါ ကျွန်တော့်မိန်းမ မကေသီ၊ ဒါက သမီးလေး မိဖုရား၊ သူတစ်ယောက်ပဲ ရှိတာဗျ"

"တစ်ဦးတည်းသောသမီးလေးပေါ့"

"မကေသီတို့ကို တွေ့ရတာ ဝမ်းသာပါတယ်၊ လာကြဗျာ ကျွန်တော့်မိသားစုနဲ့လည်း မိတ်ဆက်ပေးမယ်"

ထိုအချိန်ထိ မိဖုရားမှာ မာန်နှင့်မတွေ့သေး။ အောက်ထပ် [illegible]မှာ ညည်းသည်တွေနှင့် ပြည့်နေ၍ မိဖုရားတို့ကို အပေါ်ထပ်သို့ ခေါ်ခဲ့သည်။ မာန်ကလည်း မိဖုရား ရောက်နေတာကို မသိ။

"ခဏထိုင်ကြဗျာ၊ ကျွန်တော့်အမျိုးသမီးနဲ့ သားကို သွား ခေါ်လိုက်ဦးမယ်၊ အေးအေးဆေးဆေး စားသောက်ပြီးမှ ပြန်ဗျာ"

သဘောကောင်းပုံရသော ထိုအန်ကယ် ထွက်သွားတော့ [illegible]စားစရာများ ရောက်လာ၏။ မိဖုရားက မာန့်ကိုသာ အမှတ်ရနေ၍ [illegible]ဘာကိုမှ ဟုတ်တိပတ်တိ မစားနိုင်။

"လာ…ခင်ခင်၊ ဒါ ကိုပြောပြထားတဲ့ ကိုယ့်ရဲ့မိတ်ဆွေ ကိုကျော်မြင့်၊ ဒါက သူ့ဇနီး မကေသီ၊ ဒီသမီးလေးက ကိုကျော် မြင့်တို့ရဲ့ သမီးလေး မိဖုရားတဲ့"



www.burmeseclassic.com

www.burmeseclassic.com



မေမေတို့အရွယ် ချောမောလှပသော အမျိုးသမီးကြီးက အားလုံးကို အပြုံးနှင့် ခင်မင်ရင်းနှီးစွာ နှုတ်ဆက်သည်။

"သမီးလေးက ချောလိုက်တာကွယ်"

"ကျေးဇူးတင်ပါတယ် အန်တီ"

"သားရော ခင်ခင်"

"ဟိုမှာ လာပါပြီ ကိုရဲ့"

အမျိုးသမီးကြီး ပြရာသို့ မိဖုရား လှမ်းကြည့်လိုက်တော့

"ဟင်"

မာန်···မာန်ပါလား။

မာန်ကိုယ်တိုင်လည်း မိဖုရားကို မြင်ကာ အံ့သြဝမ်းသာသွားဟန်ဖြင့် ခပ်သွက်သွက်လျှောက်၏။

"မိဖုရား"

"မာန်"

မိဘတွေရှေ့မှာမို့ ရင်ထဲကခံစားချက်ကို ထိန်းပြီး တစ်ယောက်ကိုတစ်ယောက် နှုတ်ဆက်မိကြသည်။

"ဒါ···ကျွန်တော့်ဖေဖေနဲ့ မေမေလေ"

"ဟုတ်ကဲ့"

"မာန့်ကိုလည်း မိတ်ဆက်ပေးရမယ်၊ ဒါ မိဖုရားမာမီနဲ့ ဒက်ဒီပါ"





"ဟုတ်ကဲ့···တွေ့ရတာ ဝမ်းသာပါတယ်"

"အေး···အန်ကယ်တို့လည်း ဝမ်းသာပါတယ်ကွာ"

"သြော်···သားနဲ့သမီးက သိနေကြတာကိုး၊ ဒါလည်း တစ်မျိုးကောင်းတာပဲ၊ ထူးပြီး မိတ်ဆက်ပေးစရာ မလိုတာ ဝမ်းသာစရာပေါ့ဗျာ"

နှစ်ဖက်မိဘတွေ ခင်မင်မှုကြောင့် မာန်နှင့်မိဖုရား ပို၍ပျော်သွားသည်။

"ကဲ···သား ရောက်တုန်းရောက်ခိုက် သမီးလေးကို ခြံထဲလိုက်ပြပေးပါကွယ်၊ မေမေတို့ လူကြီးချင်း စကားကောင်းနေတာနဲ့ သမီးလေး ပျင်းနေရှာတော့မယ်"

"ဟုတ်ကဲ့ မေမေ၊ လာ မိဖုရား"

ရေငတ်တုန်း ရေတွင်းထဲကျဆိုတဲ့ စကားပုံလို အခွင့်အရေးတစ်ခုနှယ် ဖြစ်သွားကာ နှစ်ယောက်သား ပေါ့ပါးစွာ ခြံထဲဆင်းခဲ့ကြသည်။ ခြံထဲရောက်တာနှင့် မာန်က···

"ပျော်စရာမကောင်းဘူးလား မိဖုရား"

"ဘာကိုလဲဟင်"

"မိဖုရားမိဘတွေနဲ့ ကိုယ့်မိဘတွေ မိတ်ဆွေတွေဖြစ်နေကြတာ၊ ကိုယ်တို့ ဘယ်လောက်ကံကောင်းလဲ၊ ကိုယ်တို့နှစ်ယောက်ရဲ့ ချစ်ခရီးက နတ်ရေးတဲ့ဖူးစာလို့ ခေါ်ရမယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



မာန့်စကားအဆုံးမှာ မိဖုရားက သူမအဖြစ်ကို သဘော ကျစွာ ခစ်ခနဲ ရယ်သည်။

“မိဖုရားက ဘာရယ်တာလဲ”

“မာန့်လိုပဲ ပျော်လို့ပေါ့”

“ပြီးတော့ အံ့လည်းသြ၊ ဝမ်းလည်းသာတယ်၊ ဘာဖြစ်လို့ လဲ မာန် သိလား၊ အဖြစ်က ဒီလိုမာန်ရေ”

မိဖုရားက သူမအဖြစ်အပျက်ကို ပြောပြ၏။

“ဒါဆို မိဖုရားက ကိုယ့်အိမ်ဆိုတာ မသိဘူးပေါ့”

“ဘယ်သိမလဲ မာန်ရဲ့၊ ဒီရောက်မှ မာန့်ကိုတွေ့တော့ အရမ်းအံ့သြသွားတာ”

“မေမေကတော့ မိဖုရားကို ချစ်သွားပြီကွ”

“မိဖုရားမာမီကပဲ အဲဒီလိုထင်တာလား၊ မိဖုရားကရော”

“ဟင့်အင်း…မာန်က အရုပ်ဆိုးဆုံးပဲ”

“ညာပြောတဲ့ကောင်မလေး လာခဲ့”

“မာန်”

ချစ်သူနှစ်ယောက် ဝမ်းသာကြည်နူးလျက် အနာဂတ် အတွက် ပျော်ရွှင်မှုများစွာဖြင့် ပြည့်စုံလိမ့်မည်ဟု ထင်ခဲ့သော် တကယ်တမ်း လက်တွေ့ဘဝမှာ သူတို့ထင်သလို ဖြစ်မလာခဲ့ပါ။

□ □ □



“ကျွန်မကတော့ သားလေးကို မမခင်လက်ထဲ အပ်ခဲ့ရ မှာပဲ၊ လောလောဆယ် ခင်တို့က တောင်ကြီးနဲ့ဒီကို သွားလိုက် လာလိုက်လုပ်နေရဦးမှာဆိုတော့ သားကို ကေသီတို့လက် အပ်ခဲ့ရ မှာပဲ”

မာန့်မေမေက သူမမိခင်ကို အပြုံးလက်လက်ဖြင့် ဆိုလေ သည်။ အေးဆေး၍ သဘောကောင်းသော မေမေက ပြုံးလျက် ခေါင်းညိတ်၏။

“အဲဒီအတွက်တော့ စိတ်ချပါ ခင်ခင်ရယ်၊ ခင်ခင့်သား က ကေသီသားပဲပေါ့၊ သားမေမေ တောင်ကြီးပြန်ရင် သားက အန်တီတို့အိမ်မှာပဲ လာစားနော် သား၊ ဘာမှအားနာစရာမလိုဘူး”

“ဟုတ်ကဲ့ အန်တီ”

မာန် ခေါင်းညိတ်ပြီး မိဖုရားကို လှမ်းကြည့်၍ မိဖုရား



www.burmeseclassic.com

www.burmeseclassic.com



မျက်စောင်းထိုးလိုက်၏။

သည်နေ့ မာန်တို့မိသားစုကို မိဖုရားတို့မိသားစု ထမင်းစား ဖိတ်ထားခြင်းဖြစ်သည်။ ဖေဖေတို့နှစ်ယောက်က ရှေးဟောင်းနှောင်း ဖြစ်များ ပြောမကုန်နိုင်အောင် ဖြစ်နေသလို မိဖုရားတို့သားအမိက လည်း မာန်တို့သားအမိနှင့် စကားပြောနေကြခြင်းဖြစ်သည်။

"သမီးလေးဆီလည်း သားကို အပ်ထားရမှာပဲ၊ ကျောင်း မှာ သားဆိုးတာတွေ့ရင် အန်တီ့ကိုပြောနော် သမီး"

"ဟုတ်ကဲ့…အန်တီ၊ မာန်က မဆိုးပါဘူး၊ လိမ္မာပါ တယ်"

သူမအပြောကြောင့် မာန့်မျက်နှာမှာ ပြုံးသွားသလို မာန့် မေမေကလည်း သဘောကျဟန်ဖြင့် ပြုံးသည်။

"ကိုယ့်သား လိမ္မာမှန်းသိပေမယ့် မိခင်ဆိုတော့ စိတ်ပူမိ တာပါပဲကွယ်၊ နိုင်ငံခြားရောက်နေတဲ့ သားငယ်ဆိုလည်း ဒီလိုပဲ အမျိုးမျိုးကို တွေးပူနေရတာ၊ အိပ်မပျော်နိုင်ဘူး"

"ဒီလိုပေါ့ ခင်ရယ်၊ ကိုယ်တို့မိဘတွေအတွက်တော့ သားတွေ သမီးတွေ ဘယ်လောက်ပဲ အရွယ်ရောက်ရောက် ကိုယ့် မျက်စိမှာ ကလေးပဲ"

"ဟုတ်တယ် ကေသီ၊ ကိုယ်ကိုယ်တိုင် မိဘဖြစ်လာမှ ကိုယ့်မိဘတွေကို သိပ်သနားတာပဲကွယ်"





"မေမေ…သမီး မာန့်ကို ခြံထဲလိုက်ပြလိုက်ဦးမယ်"

"အေး…အေး ခဏနေ ထမင်းစားမယ်နော် သမီး"

"ဟုတ်ကဲ့ မေမေ"

"လာ…မာန်"

မာန်က မိဖုရားနောက်က လိုက်လာရင်း သူမတို့ခြံအနှံ့ လိုက်ကြည့်သည်။

"မိဖုရားတို့ ခြံလေးက ချစ်စရာလေးပဲ၊ ပန်းတွေလည်း ပွင့်နေတာပဲ"

"အဲဒါ မေမေနဲ့ မိဖုရား လက်ရာပေါ့၊ မေမေက အားရင် ခြံထဲဆင်းပြီး သစ်ပင်တွေ ပြုစုပေးနေတာ"

"မိဖုရားကရော"

"မိဖုရားလည်း အတူတူပဲပေါ့၊ ဒါကြောင့် မာန်လုပ်မယ့် ခြံလုပ်ငန်းမှာ ဝင်လုပ်ဖို့ သဘောတူတာ ကြည့်ပါလား"

"ကြည့်ပါတယ်ဗျာ၊ ပန်းရောင်ဂါဝန်လေးနဲ့ သိပ်လှ တယ်"

"မာန်နော်…စကားအကောင်းပြောနေတာကို ဖောက် လာနဲ့"

မာန်က မိဖုရားမျက်နှာလေးကို ရွှန်းရွှန်းစားစားစိုက်ကြည့် နေတော့ မိဖုရားပါးလေး နီမြန်းလျက် ခေါင်းငုံ့သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ချစ်တယ် မိဖုရားရယ်"

"မိဖုရားလည်း အတူတူပေါ့"

စံပယ်ပင်တွေက တစ်ခြံလုံး မွှေးနေသည်။

"ဒါဆို"

"အို"

ချစ်သူ့ပါးပြင်လေးလည်း မွှေးပျံ့သော ပန်းစံပယ်နှင့်အပြိုင် သင်းကြိုင်လျက်။

"သွား…မာန် သိပ်ဆိုးတယ်သိလား၊ တော်ကြာ လူကြီးတွေ မြင်သွားမှဖြင့်"

"ဘာဖြစ်လဲ၊ တစ်ခါတည်း နားဖောက်ပြီးသား ဖြစ်သွားတာပေါ့"

"မာန်နော် တော်တော်ပျော်"

"အချစ်ရှိနေရင် မာန့်အတွက် အမြဲပျော်နေမှာပါ မိဖုရားရယ်၊ ဒီကပြန်ရင် မာန့်ခြံထဲမှာ စံပယ်တွေ အများကြီးစိုက်မယ်"

"မာန်က စံပယ်ကြိုက်လို့လား"

"နိုး…မာန့်ကောင်မလေးက စံပယ်ကြိုက်တယ်ဆိုလို့"

"ကျေးဇူးတင်ပါတယ် မာန်"

"ဒီလို ကျေးဇူးတင်လို့ မရဘူးလေ၊ ဒီမှာ"

မာန်က ပြောပြောဆိုဆို သူ့ပါးတစ်ဖက် မိဖုရားနား





ကပ်ပေးလာ၍ မိဖုရားမှာ ချစ်သူ့အကဲပိုနေတာကို အသည်းယားမှာ တခစ်ခစ် ရယ်လိုက်မိသည်။

"လူကို ဘာရယ်တာလဲ"

"ချစ်လို့"

"ကြည့်စမ်း…ကိုယ့်ကို အသည်းယားအောင် ပြောနေပြန်ပြီ၊ တော်ကြာ စိတ်မထိန်းနိုင်မှ"

"ရှူး…ဟိုမှာ လူကြီးတွေရှိတယ်"

မိဖုရားက မျက်လုံးလေးဝိုင်းပြီး နှုတ်ခမ်းရှေ့မှာ လက်ညှိုးလေးကာပြန်တော့ ဒီတစ်ခါ ချစ်စနိုးရယ်မိသူက မာန်။

"နောက်တစ်ခါဆို ဒါမျိုးမရဘူး"

"ဟုတ်ကဲ့ပါရှင်၊ နောက် မပြောင်တော့ပါဘူး"

"ဒါနဲ့ မာန်တို့ခြံထဲမှာ နှင်းဆီတွေ အများကြီးပဲနော်"

"အဲဒါက ထန့်အကြိုက်လေ၊ ထန်က နှင်းဆီကိုကြိုက်တယ်၊ ဒါကြောင့် ထန့်ကိုသတိရတိုင်း နှင်းဆီတွေ အများကြီး စိုက်ဖြစ်တယ်"

"မာန်က မာန့်ညီကို သိပ်ချစ်တာပဲနော်"

"ချစ်တာပေါ့ မိဖုရားရယ်၊ ကိုယ်တို့က ဆယ်မိနစ်ပဲခြားတဲ့ အမွှာတွေလေ"

"မိဖုရားမှာလည်း အမွှာရှိရင် ကောင်းမှာပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"ရှိလာမှာပေါ့"

"ဘယ်တော့လဲဟင်"

"ကိုယ်နဲ့လက်ထပ်ပြီးရင်"

"အာ…သွား…သွား၊ မာန် လူဆိုး၊ သိလား"

"ဟော့…ဘယ့်နှယ် လူကို ထုရိုက်နေရတာလဲကွ၊ မိဖုရား ပဲ အမွှာရှိရင် ကောင်းမှာပဲဆို"

"အို…အဲဒါက မာန် ပြောသလိုမျိုး မဟုတ်ဘူးသိလား"

ရှက်စိတ်ဖြင့် မျက်နှာလှလှလေး ပန်းရင့်ရောင်ပြောင်းသွား သည့် ချစ်သူကိုကြည့်ပြီး မာန်က ချစ်မြတ်နိုးစွာရယ်ရင်း မိဖုရား လက်သီးဆုပ်လေးများကို ဖမ်းယူရှိုက်နမ်းမိသည်။

"မေမေက မေးနေပြီ၊ ကိုယ်နဲ့မိဖုရား ချစ်နေကြပြီလား တဲ့"

"မဟုတ်ဘူးလို့ မာန် မပြောလိုက်ဘူးလား"

"ဟင့်အင်း…ချစ်နေတာကြာပြီလို့"

"ဟယ်"

မိဖုရားမျက်နှာ ရဲရဲနီလျက် မာန့်မေမေကို ဘယ်လိုရင်ဆိုင် ရမှန်းမသိ ဖြစ်သွား၏။ ဒါကြောင့် မာန့်မေမေက မာန့်ကို မိဖုရား တို့သားအမိထံ အပ်နေခြင်းကိုး။

"မာန် မကောင်းဘူးကွာ၊ ဘာလို့ဖွင့်ပြောရတာလဲ"





"မာမီက မေးနေတော့ ကိုယ်လည်း အမှန်အတိုင်း ပြော လိုက်တာပေါ့၊ ကိုယ် လက်ထပ်မဲ့လူက မိဖုရားပဲ၊ လူကြီးတွေကို အသိပေးလိုက်တာလည်း ကောင်းပါတယ်"

"ဒါပေမဲ့ မာမီ့ကို မိဖုရားမှ ဖွင့်မပြောရသေးတာပဲ"

"အခု ကိုယ်တို့ပြန်ရင် ဖွင့်ပြောလိုက်ပေါ့"

"အန်တီလည်း ကိုယ်တို့ကို သဘောတူမှာပါ"

မိဖုရား သက်ပြင်းချလျက် ဒီကိစ္စ မေမေတို့ကို အနေးနဲ့ အမြန် ဖွင့်ပြောဖို့ စဉ်းစားလိုက်ရ၏။

"ကဲ…မာန် ထမင်းစားချိန်နီးပြီ၊ အိမ်ပေါ်တက်ရအောင်"

"နေဦး"

"ဘာလဲဟင်"

"နှုတ်ဆက်ချင်လို့"

"မာန်နော်…အို"

အချိန်ကြာမြင့်စွာ စကားသံလေးတွေ ပျောက်သွား၏။

"ဒါတွေအားလုံး သမီးလက်ရာတွေချည်းပဲလေ၊ ဘယ်လို လဲ စားရတာ အဆင်ပြေရဲ့လား ခင်"

"သိပ်ကောင်းတဲ့ လက်ရာတွေပဲကွယ်၊ ခင် ထမင်းစား မြိန်တာကိုပဲ ကြည့်တော့၊ မိဖုရားလို သမီးလေး ရထားတာ ကေသီ တော့ ကံကောင်းပါတယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်လည်း သားအမွှာရထားတာ ကံကောင်းပါတယ် ကွယ်"

မေမေက ဘာမှပြန်မပြောဘဲ ပြုံးနေပေမယ့် မိဖုရားရဲ့ ဟင်းချက်လက်ရာတွေကို ချီးကျူး၍ မဆုံးပါ။

"သမီးချက်ထားတဲ့ နို့ခဲချက်လေးက စားလို့ကောင်းလိုက် တာကွယ်"

"ရတယ်"

"ဒါဆိုရင်လည်း မင်းကြိုက်တဲ့ ဟင်းလက်ရာ အမြဲစား ရအောင် မကေသီဆီက သမီးတောင်းပြီး အပိုင်သာ မွေးစားလိုက် တော့ ခင်ရေ"

မာန့်ဖေဖေက အားရပါးရစားရင်း ဝင်ပြောလိုက်၍ မိဖုရား ပါးလေးတွေ ရဲခနဲဖြစ်သွားကာ မျက်လွှာချသွား၏။

"ကဲ…ဘယ်လိုလဲ၊ မာန့်ဖေဖေကတော့ သမီးတောင်း နိုင်းနေပြီ၊ သမီးရှင်တွေက ပေးမှာလား၊ မပေးဘူးလား၊ ဒါပဲပြော တော့"

"သမီးလေးသဘောပါပဲရှင်၊ သမီးလေး စိတ်ချမ်းသာ တယ်၊ ပျော်တယ်ဆိုရင် ကေသီတို့လည်း အတူတူပါပဲ"

"ကဲ…သမီး အန်တီပြန်ရင် တစ်ခါတည်းသာ သားနဲ့ လိုက်ခဲ့တော့"





"အို"

"အဟွန်း…ဟွန်း…ဟွန်း"

"အဟင်း…ဟင်း…ဟင်း"

မိဖုရားက ရှက်ပြီး နေရာက ထပြေးသဖြင့် ထမင်းစားခန်း ထဲမှာ ရယ်သံတွေ ဆူညံစွာ ကျန်ခဲ့သည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

ပထမနှစ်စာမေးပွဲကို ချောမောစွာပဲ အောင်မြင်ခဲ့ကြသည်

ဂုဏ်ထူးကိုယ်စီ ပါကြ၍ ပိုပျော်ကြသည်။ မိဖုရားနှင့်မာန်က

ဂုဏ်ထူးပါ၍ မာက ရူပဗေဒတွင် ဂုဏ်ထူးပါ၏။ ထိုအခါ အစ

က ရက္ခဗေဒမယူချင်သော မာက ရူပဗေဒသို့ပြောင်းသွားသည်

"မာကလည်းဟာ ငါတို့နဲ့ပဲ အတူနေတာမဟုတ်ဘူး"

မာက ရူပဗေဒပြောင်းတာကို မိဖုရားက သဘောမကျ

မာ ခေါင်းကုတ်လျက်…

"မာလည်း ရှင်တို့နဲ့ နေချင်ပါတယ်"

"မေဂျာပြောင်းလည်း တစ်ကျောင်းတည်း အမြဲတွေ့နိုင်

တာပဲ မိဖုရားရယ်၊ အခုထိ ကလေးကျနေတာပဲ"

"တစ်ကျောင်းတည်း ဟုတ်ပေမယ့် မေဂျာမှ မတူတော့

တာ၊ အရင်လို ဘယ်တွဲနိုင်ပါ့မလဲ၊ အေးလေ မိဖုရားကသာ မာ့ကို





…ခွဲနိုင်တာပါ၊ မာက ခွဲထွက်သွားပြီပဲ"

"ရှင်ပြောမှပဲ မိဖုရား ငိုချင်လာပြီ သိလား"

"မာ့ကိုတောင် ဒီလောက်ချွဲနေတာ၊ သူ့ချစ်သူဆို

…ယ်လောက်ချွဲနေမယ် မသိဘူး"

"မာနော်…မိဖုရားကို စိတ်ဆိုးအောင် လာမပြောနဲ့"

"မာ့ကို စိတ်ကောက်ရင် မာက မချော့တတ်ဘူးနော်၊

…ဖုရား စိတ်ကောက်ရင် ချော့နေကြ မာန့်ကိုပဲ ချော့ခိုင်းရမှာပဲ"

"မာ"

ဝမ်းနည်းသံဖြင့် မိဖုရား အော်တော့ မာက ပြုံးသည်။

"မာက မိဖုရား စိတ်ဆိုးနေမှန်းသိလို့ စတာပါဟယ်၊

…တ်မဆိုးပါနဲ့"

"မိဖုရားက ဝမ်းနည်းတာပါ၊ မိဖုရားကြောင့် စိတ်အနှောင့်

…ယှက်မဖြစ်ပါနဲ့ မာ"

"မာ နားလည်ပါတယ်၊ မာကလည်း မတတ်သာလို့

…ရပေမယ့် မိဖုရားလိုပဲ ခံစားရပါတယ်"

"ကဲ…ခံစားမနေကြနဲ့၊ ဒီနေ့ နေလည်စာ ကျွန်တော်

…ိုက်ကျွေးမယ်၊ လာ သွားကြစို့"

"ဒါမျိုးဆို မာတို့က ဘယ်တုန်းက ငြင်းဖူးလို့လဲ၊ လာ

…ဖုရား သွားကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



မာက မိဖုရားလက်ကိုဆွဲကိုင်၍ ခေါ်သည်။ မာ... စိတ်ညစ်လည်း ခဏပင်။ မာ့ကို ဘာမှမပြောတော့ဘဲ မိဖု... မာနှင့်အတူ လိုက်ခဲ့သည်။

မာ မရှိတော့သည့်နောက် မိဖုရား ပိုမိုအားကိုးတွယ်တာ... ရသူက မာန်ဖြစ်သည်။ အစကတည်းက အနေအေးသူဖြစ်... သူငယ်ချင်းအသစ်လည်း မထားဖြစ်။

ကျောင်းရောက်လို့ မာန့်ကိုမတွေ့လျှင် မိဖုရားမှာ အားငယ်... စိတ်နှင့် ဝမ်းနည်းငိုချင်နေတတ်သည်။

“ဘာလို့ ကျောင်းနောက်ကျရတာလဲ မာန်ရယ်၊ မိဖု... တစ်ယောက်တည်း ဖြစ်နေမယ်ဆိုတာ မသိဘူးလား”

အားငယ်စိတ်ဖြင့် နောက်ကျမှ ကျောင်းရောက်လာသ... မာန့်ကို နှုတ်ခမ်းစူကာ ရန်လုပ်မိ၏။

“ဆောရီးပဲ မိဖုရားရယ်၊ ကျောင်းလာကာနီးမှ ကိစ္စတ... ပေါ်လာတာနဲ့ နောက်ကျသွားတယ်”

“အဲဒီကိစ္စက အရေးကြီးလား၊ မိဖုရားက အရေးကြီ... လား”

“ကိုယ့်ဘဝမှာ မိဖုရားက အရေးကြီးဆုံးပါဗျာ၊ မျက်ရည... က ဘာလို့ကျရတာလဲ”

“နောက် ဘယ်တော့မှ မိဖုရားတစ်ယောက်တည်း မဖြ...



...စေရဘူး ဟုတ်လား”

“တိတ်နော်...ဘာလို့ငိုရတာလဲ၊ ကလေးလေးကျနေတာဲကွာ”

“မိဖုရားက ကလေးပဲ”

“ဟုတ်ပါပြီဗျာ”

တမင်ဆိုးချင်ကာ ငိုကျနေသော မိဖုရားကို ချစ်စနိုးပြုံးရင်း သူမပါးပေါ်က မျက်ရည်တွေကို သူကိုယ်တိုင် ဖယ်ရှားပေးလိုက်သည်။

“မိဖုရား...မိန်းကလေးသူငယ်ချင်းအသစ် ထားကြည့်ပါလားဟင်၊ မာန်ရှိပေမယ့် အရေးဆို တိုးတိုးဖော်ရတာပေါ့”

မာန့်စကားကို သူမ ခေါင်းခါယမ်းလိုက်၏။

“ဟင့်အင်း...မထားချင်ပါဘူး၊ တစ်ယောက်အကြောင်းတစ်ယောက် မသိဘဲနဲ့ မပေါင်းချင်ဘူး”

“သူငယ်ချင်းထားတာပဲ မိဖုရားရယ်၊ နောက်တော့သိသွားမှာပေါ့”

“မာန်နော်...ဘာလဲ ရှင်က မိဖုရားနားမှာ မရှိချင်တော့ဘူးလား”

“ဟာ...မဟုတ်ပါဘူး၊ မာန်ပြောတာ မိဖုရားအတွက်ပါ”

www.burmeseclassic.com

www.burmeseclassic.com



"မပြောနဲ့၊ မိဖုရားမှာ အဖော်မလိုတာ၊ အင်း တကယ်လို့ အဖော်လိုခဲ့ရင်လည်း"

သူမ ပြုံးစစဖြင့် စကားမဆက်တော့ မာန် မျက်မှောင်ကုတ်ကာ...

"ပြောလေ...မိဖုရား၊ ဘာလုပ်မလဲ"

"သြော်...မိဖုရားကို ခင်ချင်တဲ့ ယောကျ်ားလေးသူငယ်ချင်းတွေတော့ ရှိသားလို့"

"မိဖုရားနော်...ဒါ ဘာစကားလဲ၊ အဲဒီယောကျ်ားလေးသူငယ်ချင်းတွေထားကြည့်၊ မာန်နဲ့တွေ့သွားမယ်"

မာန် မျက်နှာနီနီကြီးနှင့် ပြောတော့ သူမ တစ်ဖက်လှည့်ကာ ကြိတ်ပြုံးလိုက်၏။

"မာန်ပဲ အဖော်သစ်ထားရမယ်ဆို"

"အဲဒါ မိန်းကလေးအဖော်ကို ပြောတာဗျ၊ ယောကျ်ားလေး မပါဘူး"

အလကားနေ ဝန်တိုနေသော မာန့်ကိုကြည့်ပြီး သူမ ရယ်ချင်ပေမယ့် မျက်နှာကို တည်ထားရပါ၏။

"မာန်ကြတော့ မိန်းကလေးသူငယ်ချင်းတွေ ရှိတယ် မဟုတ်လား"

"ဘယ်မှာရှိလို့လဲ"





"ဟွန်း...မေ့နေပြီလား၊ တွယ်တာလေ"

"မေ့သွားပြီ၊ မာန့်ဘဝမှာ မိဖုရားကလွဲပြီး ဘယ်သူမှ မရှိတော့ဘူး"

"ဟွန်း...အပြောကောင်း"

မာန့်နဖူးကို လက်ညှိုးဖြင့် ထောက်လျက် ပြုံး၍ပြောမိတော့သည်။ မာန်က သူမလက်ညှိုးကို ဖမ်းဆုပ်ကိုင်ကာ...

"သိပ်ချစ်တာပဲ မိဖုရားရယ်၊ ဘာလိုလို့နဲ့ မာန်တို့ ဒုတိယနှစ်ရောက်ပြီ၊ နောက်နှစ်နှစ်ဆို ကျောင်းပြီးတော့မယ်"

"ဒီတော့ ဘာဖြစ်လဲ"

"အဟွန်း...ကျောင်းပြီးရင် မာန်တို့ လက်ထပ်ကြမယ်လေ"

"အံမယ်...လက်မထပ်သေးပါဘူး၊ မိဖုရားက မဟာသိပ္ပံ ဆက်တက်ဦးမှာ"

"တက်လေ...တက်ပေါ့၊ လက်ထပ်ပြီး ကျောင်းတက်နေတဲ့သူတွေ တစ်ပုံကြီး"

"အို...အအိုဘဝကြီးနဲ့ ကျောင်းမတက်ချင်ပါဘူး၊ လွတ်လွတ်လပ်လပ် အပျိုဘဝနဲ့ပဲ ကျောင်းတက်မယ်"

"ဒါတော့ မိဖုရား မာန့်ကိုမချစ်လို့ ပြောတာပဲ၊ မာန်က အလုပ်လုပ်ပြီး မိဖုရားက အပျိုဘဝနဲ့ ဆက်ကျောင်းတက်နေရင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုစိတ်ချရမလဲ''

''ဒီတော့ လွယ်ပါတယ်၊ မာန်လည်း ဆက်တက်ပေါ့''

''ဟာ…ဒီလောက် နှစ်တွေအများကြီး မစောင့်နိုင်ပါ ဘူး''

မျက်နှာရှုံ့ရှုံ့ဖြင့်ပြောသော မာန့်ကို သူမ မျက်စောင်းထိုး မိ၏။

''မာန်နော်…စကားကို အကောင်းမပြောဘူး''

''မာန်မှ မိဖုရားကို မခွဲနိုင်ဘဲ''

မျက်နှာလေး ညှိုးသွားသော သူ့အသွင်ကြောင့် သူမ ကရုဏာသက်သွားရပါ၏။ တကယ်တော့ သူမကိုယ်တိုင်လည်း သူ့ကို မခွဲနိုင်ပါ။

ထို့ကြောင့် သူ့ကို ပြန်ချော့မိသည်။

''အလကားစတာပါ မာန်ရယ်၊ မိဖုရားလည်း မာန့်ကို မခွဲနိုင်ပါဘူး၊ ကျောင်းပြီးတာနဲ့ လက်ထပ်ဖို့ မေမေတို့ကို ပြောလိုက် မယ်နော်''

''မိဖုရား…မိဖုရားရယ်၊ မာန် ဝမ်းသာလိုက်တာဗျာ''

ဝမ်းသာစိတ်ကို မထိန်းနိုင်ဟန်ဖြင့် သူက သူမကိုယ်လေး ကို တင်းခနဲ ဖက်လာပါ၏။ ထို့နောက် သူက သူမပါးမို့မို့ကို နမ်းဖို့ပြင်တာမို့ သူမက ရှောင်လိုက်သည်။





''မာန်…မဆိုးနဲ့ကွာ''

''တစ်ခါတလေပဲ မိဖုရားရယ်၊ မာန်တို့က ချစ်သူတွေပဲ''

''ဟင့်အင်း…မရဘူး၊ ချစ်သူတွေပေမယ့် မိဖုရားထားတဲ့ စည်းကမ်းအတိုင်း နေရမယ်''

''ကဲ…သဘောအတိုင်းပါပဲဗျာ''

မာန်က သူမကိုယ်လေးကို လွှတ်ကာ လက်မြှောက်ဟန် ဖြင့် ပြောလေ၏။ သူမ ပြုံးလျက်…

''မိဖုရားနော်…မာန် ဒေါသဖြစ်ရင် ဖက်နမ်းပစ်လိုက် မှာ''

''ဟော့…ကြောက်ပါတယ်ကွယ်၊ ကဲ မိဖုရား သွားပြီ''

သူ့ကို ကြောက်ရွံ့ဟန်ဖြင့် သူမ ပြေးထွက်ခဲ့၏။ မာန်က နောက်မှ အံကြိတ်ရပ်ကြည့်လျက် ကျန်ရစ်ခဲ့သည်။ ထိုပုံစံလေးကို သူမရင်ထဲ အသည်းထဲမှာ ခုထက်တိုင် စွဲနေဆဲပါ မာန်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

ဒုတိယနှစ်ကိုလည်း သူမတို့နှစ်ယောက် ပျော်ရွှင်စွာ
တက်ခဲ့ကြ၏။ သို့သော် ကံကြမ္မာ၏ အပြောင်းအလဲက ရုတ်တရက်
သူမတို့ဘဝနှစ်ခုကို တစ်ဆစ်ချိုးပြောင်းလဲစေဖို့ ဖန်လာပါသည်။
ကျောင်းတွေ ပိတ်လိုက်ခြင်းပါ။

ကျောင်းတွေပိတ်လိုက်တော့ သူမတို့တစ်တွေ ဘာလုပ်ရ
မှန်းမသိဘဲ ယောင်ချာချာဖြစ်သွား၏။ မာန်ကတော့ သူ့ဖေဖေ
လုပ်ငန်းထဲ ကူညီလုပ်ကိုင်မည်ပြောလာသည်။ သူမလည်း ကျောင်း
ပြန်ဖွင့်မည့်အချိန်ကို စောင့်ရင်း မေမေ့ကို အိမ်အလုပ်တွေ ကူလုပ်
ဖို့ စဉ်းစားထား၏။

"လောလောဆယ်တော့ တောင်ကြီးနဲ့ရန်ကုန် ကူးနေရ
ပဲ မိဖုရား၊ ကျောင်းကလည်း မြန်မြန်ပြီးချင်တယ်ဆိုမှ ပိတ်လိုက်
တယ်လို့"



"ဘယ်တတ်နိုင်မလဲ မာန်ရယ်၊ ကံအတိုင်းပေါ့၊ ကျောင်း
တွေပိတ်တော့လည်း မိဖုရားတို့ အနားရတာပေါ့"

"ဒီလိုပဲ တွေးရမှာပေါ့ မိဖုရား၊ မာန့်အတွက်တော့ ဒီလို
အလုပ်ဝင်ဖို့ဖြစ်လာတာ မိဖုရားနဲ့မာန်တို့ ရှေ့ရေးအတွက် ကြိုတင်
ပြင်ဆင်မှုပဲလို့ ထင်တယ်"

"စိတ်ကူးယဉ်လိုက်တာ မာန်ရယ်၊ ကျောင်းတွေက
ဘယ်တော့ ဖွင့်မယ်မှန်းမသိဘဲနဲ့"

"အဲဒီလိုဆိုရင်လည်း မာန်တို့ အစီအစဉ်ကို ပြောင်းသင့်
ရင် ပြောင်းရမှာပေါ့ မိဖုရား၊ ကျောင်းတွေ တော်တော်နဲ့ပြန်မဖွင့်
ရင် မာန့်လုပ်ငန်း တော်တော်ကျွမ်းကျင်တာနဲ့ မိဖုရားကို လက်ထပ်
မှာပဲ"

မာန်က ခိုင်မာစွာ ဆုံးဖြတ်ချက်ချပြီးဟန်ဖြင့် ပြောလာ
၏။ သူမက အသာပြုံးလိုက်ရင်း…

"အလုပ်လုပ်ရင် အစစအရာရာ သတိရှိနော် မာန်၊ မာန်
အလုပ်လုပ်မယ်ဆိုတာကို မတားချင်ပေမယ့် မိဖုရားရင်ထဲမှာ စိုးရိမ်
တယ်"

"စိတ်ချပါ မိဖုရား၊ မာန် အလုပ်လုပ်တယ်ဆိုတာက
သည်း ဒက်ဒီနဲ့အတူ တွဲလုပ်ရမှာပါ၊ မာန့်အတွက် ဘာမှမစိုးရိမ်
ပါနဲ့၊ မာန် စိုးရိမ်တာက မိဖုရားကိုပါ"

www.burmeseclassic.com



“ဟင်…မာန်က ဘာကိုစိုးရိမ်တာလဲ”

သူမ နားမလည်သလို မေးတော့ မာန်က သူမကို ညှိုးငယ်စွာ ကြည့်သည်။

“မာန် မရှိတုန်း မိဖုရားတစ်ယောက်တည်း အပြင်မထွက်နဲ့နော်၊ တော်ကြာ တစ်ယောက်ယောက်ကများ မာန်မရှိတုန်း မိဖုရားကို မျက်စေ့ကျသွားရင် မာန် အသည်းကွဲရမှာ”

“ဒီလိုမပြောပါနဲ့ မာန်ရယ်၊ ဘယ်သူဘယ်လောက်ပဲ သဘောကျကျ မိဖုရားနှလုံးသားမှာ မာန်တစ်ယောက်တည်း ရှိနေ တာပဲ၊ ဘာအတွက်နဲ့မှ မာန် စိုးရိမ်စရာမလိုပါဘူးကွယ်”

“မိဖုရားရယ်…မတတ်သာလို့သာ မိဖုရားကို ခွဲရမှာ ဖြစ်နိုင်ရင် မာန်က မိဖုရားကို ခွဲချင်တာမဟုတ်ဘူး”

“မိဖုရား နားလည်ပါတယ်ကွယ်၊ ဒါနဲ့ မာန် ခရီးထွက် တာ ဘယ်လောက်ကြာမှာလဲဟင်”

မာန်က သူမလက်ကလေးကို ဖွဖွဆုပ်ကိုင်ထားရင်း စဉ်းစားသလို ငြိမ်သွားသည်။ အတော်ကြာမှ…

“ဒါ ပထမဦးဆုံးအခေါက်ဆိုတော့ ကြာမယ်ထင်တယ် ဘာဖြစ်လို့လဲဆိုတော့ ဟိုက အလုပ်တွေကို နားလည်အောင် မာ ကြိုးစားရဦးမှာလေ”

“ဟင်…မိဖုရားဆီကို မကြာခဏ ဖုန်းဆက်နော် မာန်”

“စိတ်ချ၊ အချိန်ရတိုင်း မိဖုရားဆီ မာန် ဖုန်းဆက်ပါ့ ယ်”

သူမတို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လျက် ခွဲရဖို့အတွက် ဝန်လေးနေကြ၏။ သည်လို တစ်ခါမှ ခွဲဖူးတာကြောင့် ရင်ထဲမှာ ဝမ်းနည်းသလိုပါပဲ။

တကယ်တော့ သူမတို့အတွက် တစ်ခဏထင်ရတဲ့ ခွဲခွာ ဘာ တစ်ဘဝစာ ဖြစ်ခဲ့မယ်ဆိုရင် ဒီခရီးကို သူမ ကြိုတင်တားမိ ယ် ထင်ပါရဲ့ကွယ်။

□ □ □





www.burmeseclassic.com

www.burmeseclassic.com

မမျှော်လင့်ဘဲ ထန် ပြန်ရောက်လာခြင်းက မာန်တို့ချင်း
နှစ်ဦးဘဝကို အပြောင်းအလဲ ဖြစ်လာလိမ့်မည်ဟု မထင်ခဲ့မိ
သူ့အများဖြစ်သည်။

ထန်နှင့် ခွဲခဲ့ရသည့် အချိန်ကာလသည် မာန်တို့မိသား
အတွက် အချိန်တိုင်း ထန့်ကို တမ်းတဖို့ဖြစ်နေခဲ့ရာက ရုတ်တရ
တော့ မိသားစုအားလုံး ပျော်ခဲ့ကြ၏။ အထူးသဖြင့် မာန်။ ထန့်အ
ပိုညှာသည်။ ပိုဂရုစိုက်သည်။

"ရုတ်တရက်ကြီး ပြန်လာတော့ ပိုပြီးမပျော်ဘူးလ
မာန်"

"ပျော်တာပေါ့ကွ၊ ကိုယ့်ကိုယ်ကို အိပ်မက် မက်နေ
လားတောင် ထင်လိုက်မိသေးတယ်"

"အဟတ်...ဟား...ဟား"



ကြိုတင် အကြောင်းကြားခြင်းမရှိဘဲ ရောက်ရှိလာသော
ထန့်က မာန့်ကိုယ်ကြီးကို ဖက်တွယ်ကာ ဝမ်းသာအားရ ရယ်သည်။
မာန်ကိုယ်တိုင်လည်း ပြုံးပျော်ကာ ထန့်ကို ပြန်ဖက်ထားလိုက်၏။

"အစကတော့ အကြာကြီး နေဦးမလို့ပဲ၊ ဒါပေမဲ့ မိသားစု
ကို သိပ်လွမ်းတာနဲ့ ပြန်လာတာ"

"ဒါဆို ဟိုကိုပြန်မသွားတော့ဘူးပေါ့"

"အတိအကျတော့ မသိသေးဘူးကွာ၊ အခုလောလော
ဆယ်တော့ ဘာအစီအစဉ်မှ မရှိသေးတာ သေချာတယ်"

"ဟိုကို မပြန်ပါနဲ့တော့ သားရယ်၊ ဒီမှာပဲ မေမေတို့နဲ့
အတူနေပါ၊ သား သွားတဲ့နေ့ထဲက မေမေ နေ့တိုင်းမျက်ရည်ကျရ
တာ သားသိလား"

မေမေက သူ့သားငယ် ထန် မိသားစုထဲက ထပ်ခွဲမှာ
စိုးရိမ်လျက် ငိုသံနှင့်ပြောတော့ ထန်က မိခင်ရင်ခွင်မှာ ကလေးငယ်
သို့ ခေါင်းမှေ့ပြီး မိခင်ကို ချော့သည်။

"မေမေ စိတ်မချမ်းသာအောင် ထန် နောက်ထပ်မလုပ်
ပါဘူးဗျာ၊ မေမေ မငိုနဲ့နော်"

"မေမေ့နားမှာ သားရှိရင် မေမေ ကျေနပ်ပါပြီ"

"စိတ်ချပါဗျာ၊ မေမေ့နားက ထန် ဘယ်မှမသွားတော့ပါ
ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာလိုက်တာ သားလေးရယ်၊ ကဲ…ကဲ မာန်နဲ့ စကားပြောကြဦး၊ မေမေ မီးဖိုချောင်ဝင်လိုက်ဦးမယ်"

"မင်းလည်း ခရီးပန်းလာတာ အနားယူလိုက်ဦး ထန်"

"ဒီလောက် ခရီးလောက်တော့ ထန့်အတွက် မိုင်နာပါ မတွေ့ရတာ ကြာပြီဖြစ်တဲ့ အမွှာအစ်ကိုကသာ ဒီအချိန်မှာ အရေး ကြီးဆုံး၊ လာစမ်းပါ၊ ထန်တို့ညီအစ်ကို အေးအေးဆေးဆေး စကား ပြောရအောင်"

ထန်က အရမ်းတက်ကြွနေသည်။ ပြီးတော့ မာန့်တစ်ကိုယ် လုံးကို စေ့စေ့ကြည့်တော့ မာန် မနေတတ်။ ထန့်ကို ပြန်ကြည့်ပြီး တော့ ထန့်ပုံစံကို ကြည့်ရတာ မာန့်ကိုယ်မာန် မှန်ထဲပြန်ကြည့်ရ သလို ဆံပင်ပုံစံထားတာကအစ အနေအထိုင်အပြုအမူအားလုံး မာန်နဲ့ မာန်။

"ဘယ်လိုလဲ မာန်၊ မင်းနဲ့ တစ်ထပ်တည်း ပိုဖြစ်မသွား ဘူးလား"

ထန်က မာန့်ကိုကြည့်ပြီး ကျေကျေနပ်နပ်ပြုံးတော့ မာန် ခေါင်းညိတ်လိုက်သည်။

"ဆံပင်ပုံစံပါ ပြောင်းလိုက်တော့ မင်းကိုကြည့်ရတာ ငါ့ကိုယ်ငါ မှန်ထဲပြန်ကြည့်နေရသလိုပဲကွ"

မာန့်စကားကို ထန်က အားပါးတရ ရယ်သည်။



"ခုတော့ နှစ်ကိုယ်ခွဲပေါ့၊ ဘယ်သူမှ ငါတို့နှစ်ယောက် ကို ခွဲလို့မရတော့ဘူး"

လွတ်လပ်ပေါ့ပါးစွာ ရယ်နေသော ထန့်ကိုကြည့်ပြီး မာန့် ရင်မှာ တစ်စုံတစ်ခု စိုးရိမ်သွား၏။

"မင်း ပြန်မသွားတော့ဘူး မဟုတ်လား"

"အန်တီကတော့ ပြန်လာစေချင်တယ်၊ ဒါပေမဲ့ မပြန် သေးပါဘူး၊ ဒီမှာနေဦးမှာ"

"နေဦးမှာဆိုတော့ တစ်ချိန် ပြန်ဦးမယ့်သဘောလား"

"ပျော်ရင် ဟိုကို တစ်သက်လုံး မပြန်တော့ဘူး"

"ဒီမှာပျော်ရင် ဟုတ်လား"

"ငါ့ကို ဒီမှာ တစ်သက်လုံးပျော်အောင် ထားနိုင်တဲ့လူကို တွေ့ရင် ပြောတာကွ၊ အဟား…ဟား…ဟား"

"မင်းရဲ့ အကြင်နာမြတ်နိုးကရော"

"သူ့ကို မိတ်ဆွေသူငယ်ချင်းတစ်ယောက်လိုပဲ ခင်တာကွ၊ ရင်မခုန်ဘူး၊ စိတ်လည်းမဝင်စားဘူး၊ မင်း စိတ်ဝင်စားရင် ငါ မိတ်ဆက်ပေးမယ်"

"မလုပ်စမ်းပါနဲ့ကွာ၊ ကိုယ့်ဘာသာ အေးအေးဆေးဆေး နေပါရစေ၊ မင်းတို့ပြဿနာ မင်းတို့ဘာသာ ရှင်းပါ"

မာန့်စကားအဆုံးမှာ ထန်က ရယ်သည်။

စိုးမိုး၈၁၆ပ
www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဖြစ်ဆွေဖြစ်ပါကွ၊ မင်းကလည်း အကြင်နာအ
တကယ်လှတာ"

"ဪ…နေပါဦး၊ ဟိုတစ်ခါ မင်းရေးလိုက်တဲ့စာထဲက
မိဖုရားဆိုတာလေ၊ သူနဲ့အကြင်နာ ဘယ်သူပိုလှလဲ ယှဉ်ကြည့်
အောင်"

မိဖုရားအကြောင်း မေးလာတာမို့ မာန့်ရင်ထဲ ထိတ်ခနဲ
ဖြစ်လျက် ထန့်မျက်နှာကို ကြည့်မိ၏။

"မင်းအကြင်နာနဲ့ မိဖုရားက ဘာဆိုင်လို့လဲ"

"မဆိုင်လို့ ဆိုင်ကြည့်မှာလေ၊ ငါ့ကို မိဖုရားနဲ့ မိတ်ဆက်
ပေးကွ၊ ငါကလည်း မင်းကို အကြင်နာနဲ့ မိတ်ဆက်ပေးမယ်"

"မိဖုရားက ဒီမှာမဟုတ်ဘူးကွ၊ သူ့မိသားစုနဲ့
ကော့သောင်းသွားတယ်"

"ဒါဆိုလည်း ပြန်လာမှတွေ့ကြတာပေါ့"

"ဒီမှာ မင်းအတွက် ငါဝယ်လာတာတွေ ကြည့်ဦး"

"အများကြီးပဲကွာ၊ ဘာလို့ ဒီလောက်ဝယ်လာရတာလဲ"

"မင်းကို ဝတ်စေချင်လို့ပေါ့ကွ"

"အဲဒါမျိုးတွေ ငါမှမကြိုက်တာ"

"ဘာပဲဖြစ်ဖြစ်ကွာ၊ ငါဝယ်လာတာ မင်းအတွက်
ကြိုက်ကြိုက် မကြိုက်ကြိုက် မင်းယူ"





ထန့်က ထုံးစံအတိုင်း သူဖြစ်ချင်တာကို ဖြစ်ကိုဖြစ်လိုက်
မှ ကျေနပ်တာမျိုး။ မာန် ဘာမှပြောမနေတော့ဘဲ ထန့်ကျေနပ်
အောင် ဝယ်လာသည့် အဝတ်သေတ္တာကို သိမ်းလိုက်သည်။

"ဒီလိုမှပေါ့ကွ၊ အမှာညီအစ်ကိုဆိုတာ စိတ်ချင်းနှလုံး
သားချင်း ဆက်နေတာပဲ၊ တစ်ယောက်အကြိုက်ကို တခြား
တစ်ယောက်ကလည်း ကြိုက်ရမှာပေါ့၊ ဟုတ်တယ်မဟုတ်လား"

"မင်းပဲပြောတော့"

"အဟား…ဟား…ဟား"

ထန့်က မာန့်စကားကို သဘောကျစွာရယ်ပြီး မာန့်လက်
မောင်းကို လက်သီးဖြင့် ဖွဖွလှမ်းထိုးသည်။ ထန့်ကို ကြည့်ရတာကို
ပဲ မာန့်ကိုယ်မာန် ပြန်မြင်နေရသလို ဖြစ်နေရတာကလည်း ဘဝမှာ
အံ့ဩစရာပါ။

"မင်းကချည်း ငါ့ကိုပေးနေတာပဲ ထန်"

"ငါလိုချင်တာရှိရင်လည်း မင်း ပေးကိုပေးရမှာပါ မာန်
ရာ၊ မင်းမပေးလည်း ငါကြိုက်ရင် ဖွတ်ယူမှာပဲ၊ အဲဒါတော့ လုံးဝ
မပူနဲ့"

"သားတို့ရေ ထမင်းစားရအောင်"

"လာပြီ မေမေ"

ညီအစ်ကိုနှစ်ယောက် မတိုင်ပင်ဘဲ ပြိုင်တူထူးမိကြသ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မျက်နှာကို တစ်ယောက် သဘောကျစွာ ပြုံးမိကြသည်
အမှာဆိုတာ ဒါပဲလေ။

"ဟော့…မာန်၊ ဒါ ဘယ်သူ့ပုံလဲကွ၊ ဆံပင်အရှည်ကြီး
မဟာဆန်ဆန် ချောလှချည်လား"

ရုတ်တရက် မိဖုရားဓာတ်ပုံကို ကိုင်ကာ မေးလာသော
ထန်ကြောင့် မာန့်ရင်ထဲ ထိတ်ခနဲဖြစ်သွား၏။ ထိုဓာတ်ပုံလေးထဲ
မိဖုရားက ချစ်စရာကောင်းအောင် ပြုံးနေတာ မာန် သိသည်။

မိဖုရားရဲ့ ပုံတွေထဲက ထိုဓာတ်ပုံလေးကို မြင်မြင်ချင်း
မျက်စိမခွာနိုင်အောင်ဖြစ်ကာ အမြတ်တနိုး သိမ်းထားသည့်ပုံဖြ
သည်။ ထန် မမြင်အောင် သိမ်းထားကာမှ ဘယ်လိုမြင်သွားသည
မသိ။

"သူ့နာမည်က ဘယ်သူလဲ မာန်"

"မိဖုရား"

"ဟား…နာမည်နဲ့လူနဲ့ တကယ်လိုက်တာပဲကွ၊ ဒီဓာတ်
လေး ငါယူလိုက်ပြီနော်"

"ထန်…ဟော့ နေဦး"

မာန် လှမ်းအော်ပေမယ့် ထန်က လှည့်မကြည့်။ မိဖုရား
ဓာတ်ပုံလေးကို ယူကာ ရယ်ရယ်မောမောနှင့် သူ့အခန်းထဲက ထွက်
သွား၏။





"ဓာတ်ပုံပါကွ၊ မင်းကလည်း ဒီလောက်အဖြစ်သည်း
မနေစမ်းပါနဲ့"

ထန့်စကားကြောင့် မာန့်မျက်နှာ ရဲခနဲဖြစ်သွားသည်။
ကိုယ့်ဘက်က ကိုယ့်ချစ်သူဓာတ်ပုံမို့ သည်းသည်းလှုပ်သွားတာက
လည်း အမှန်ဖြစ်နေသည့်အတွက် စိတ်ကိုလျှော့လိုက်သည်။

ဓာတ်ပုံယူသွားသည့် ထန်က မာန့်အခန်းကို ပြန်မလာ
တော့ဘဲ သူ့အခန်းထဲ တောက်လျှောက်ဝင်သွားကာ အခန်းတံခါး
ပိတ်လိုက်သံကိုပါ ကြားလိုက်ရသည့်အတွက် မာန် ပြုံးလိုက်သည်။
သူ အစိုးရိမ်လွန်တာ ထင်ပါရဲ့။ ထန်က သူ့ကို ဒီလိုပဲ မခံချင်
အောင် စနောက်တတ်သူအဖြစ် ပြန်တွေးကာ သူ့ကိုယ်သူ သဘော
ကျစွာ ပြုံးလိုက်သည်။

အဲဒါ…မိဖုရားကို သိပ်ချစ်လို့"

သိပ်မြတ်နိုး၊ သိပ်တန်ဖိုးထားရလို့။ ကိုယ့်ညီက စတာ
နောက်တာကိုတောင် မခံနိုင်အောင် သည်းသည်းလှုပ်ရတာ မဟုတ်
လား။ နောက်မှ ထန့်ကို မိဖုရားဆိုတာ သူ့ချစ်သူဖြစ်ကြောင်း
အေးအေးဆေးဆေး ရှင်းပြတော့မည်ဟု ဆုံးဖြတ်ကာ ချစ်သူ
အကြောင်းတွေးရင်း နှစ်ခြိုက်စွာ အိပ်ပျော်သွားသည်။

"ရော့…မင်းဓာတ်ပုံ"

ထန်က သူယူသွားသည့် မိဖုရားဓာတ်ပုံလေးကို သူ့ရှေ့ပွဲ



www.burmeseclassic.com

www.burmeseclassic.com



ပေါ် လာချပေးတာမို့ မာန် ပြုံးလိုက်သည်။ အစထဲက ဒီလိုဖြစ်မှာပဲဆိုတာ ထင်ထား၍ ထန့်မျက်နှာကို ခပ်ပြုံးပြုံး မော့ကြည့်လိုက်သည်။

"သူ့နာမည်က မိဖုရားနော်"

"အေး"

"အဲဒီနာမည်လေးကို စကြားထဲက ငါသဘောကျခဲ့တာကွ၊ ဓာတ်ပုံလေးလည်း မြင်ရော၊ နာမည်နဲ့လူနဲ့ တစ်ခါတည်းတွဲမိသွားတာပဲ၊ မင်းတို့က ချစ်သူတွေလား"

"ဟုတ်တယ် ထန်၊ ကျောင်းပြီးရင် လက်ထပ်ဖို့ တိုင်ပင်ထားကြတာ"

မာန့်စကားအဆုံးမှာ ထန်က ခပ်သဲ့သဲ့ရယ်သည်။

"ကျောင်းမပြီးလည်း လက်ထပ်လို့ ရပါတယ်ကွ၊ ဘာဖြစ်လို့ အချိန်ဆွဲနေမှာလဲ၊ ငါသာ မင်းနေရာမှာဆို မိဖုရားကို လက်ထပ်ပြီးတာ ကြာလှပြီ၊ သဘောပြောတာနော်"

ပြောပြီး ထန်က ရယ်တော့ မာန်ပါ သူ့နဲ့အတူ လိုက်ရယ်မိသည်။ ထန်ပြောသလို ဖြစ်ခဲ့မည်ဆိုလျှင်တော့ ကောင်းပါသည်။ ထန် ပြောသလို မိဖုရားကိုယ်တိုင် မာန့်ကို ကျောင်းပြီးမှ လက်ထပ်မည်ဟု အခိုင်အမာပြောထား၍ မာန်ကပဲ လက်လျှော့အရှုံးပေးခဲ့ရသည်။





"မိဖုရားက လက်မခံဘူးကွ၊ ကျောင်းပြီးအောင် စောင့်ရမယ်လို့ သူကပြောလို့"

"မင်းက သူပြောတာကို လက်ခံလိုက်တာပဲလား"

"ချစ်တာကိုးကွ၊ သူစိတ်ညစ်အောင် မလုပ်ချင်ဘူး၊ သူ အမြဲပျော်နေတာကိုပဲ မြင်ချင်တာ"

"မင်းက တော်တော်စိတ်ကူးယဉ်တာပဲ မာန်၊ ဒီနေရာမှာ ငါနဲ့တော့ ကွာသွားပြီ၊ အမှာဆိုပေမယ့် ထန်တို့က အချစ်ရေးမှာ လက်တွေ့ကျကျပဲ ဆုံးဖြတ်တယ်၊ မင်းလို စိတ်ကူးမယဉ်ဘူး"

ထန့်အပြောက တင်းမာပြတ်သားသလို မျက်နှာမှာလည်း အသိရခက်သော အပြုံးတစ်စ လှစ်ခနဲ ရောက်လာတာ တွေ့လိုက်ရသည်။

"မင်းကို ငါ တစ်ခုပြောစရာရှိတယ် မာန်၊ ငါ ဒီကို ပြန်ရောက်တာ ဘယ်သူ့ကိုမှ အသိမပေးနဲ့"

"မင်းစကားက ထူးဆန်းလှချည်လား၊ ဘာဖြစ်လို့လဲ ထန်"

မာန်က နားမလည်သလို မေးတော့ ထန်က လှို့ဝှက်သိပ်သည်းစွာ ပြုံး၏။

"မင်းရဲ့မိဖုရားကို တို့ စချင်လို့ကွ၊ ငါတို့အမှာက နယ်ယောက်ပေါင်းမှ တစ်ယောက်တစ်ပုံစံထဲဆိုတာ မိဖုရား မသိသေး



www.burmeseclassic.com

www.burmeseclassic.com



ဘူး မဟုတ်လား"

"မသိသေးဘူးကွ၊ ငါ ပြောပြမထားဘူး၊ သူ အံ့ဩသွား စေချင်လို့"

မာန်က သူ့အကြံကို ခပ်ပြုံးပြုံးပြောတော့ ထန်က ရယ် သည်။

"မင်းအကြံ မဆိုးဘူး မာန်၊ ဒီတစ်ခါ မင်းရဲ့မိဖုရားလာ ရင် ငါ့ကိုယ်ငါ မာန်ဆိုပြီး ထွက်တွေ့လိုက်ရင် မကောင်းဘူးလား ငါတို့လည်း ပျော်ရ၊ သူလည်း အံ့ဩသွားမှာကွ"

"မင်းသဘောပဲ ထန်၊ မိဖုရားကတော့ မင်းနဲ့ငါ့ ဘယ်လိုမှ ခွဲတတ်မှာမဟုတ်ဘူး"

မာန်ကိုယ်တိုင် စိတ်ပါလက်ပါပြောရင်း ထန့် အကြံ အစည်ကို သဘောတူလိုက်သည်။

"ဒါဆို အိုကေနော်"

"အိုကေ"

"အဟား...ဟား...ဟား"

နှစ်ယောက်အတူ သဘောကျစွာ ရယ်မိကြသည်။ ထို က ရယ်စရာဟု ထင်ခဲ့ခြင်းသည် မာန့်အတွက် ဘဝတစ်သက် နောင်တရ ကြေကွဲစရာဖြစ်လာလိမ့်မည်ဟု မထင်ခဲ့။ နောက်ရ မှာ ထန်က သူ့အစီအစဉ် စတင်အကောင်အထည်ဖော်သည်။





"ဖေဖေနဲ့မေမေကို ထန် ပြောစရာရှိတယ်၊ သား ဒီကို ပြန်ရောက်နေတာ လောလောဆယ် ဘယ်သူ့ကိုမှ မပြောနဲ့ဦး"

"ဟော"

"ဘာဖြစ်လို့လဲ သားရဲ့၊ သားစကားက ဆန်းလှချည် သား"

ညနေစာ ထမင်းဝိုင်းမှာ ထန်၏စကားကြောင့် ဖေဖေနှင့် မေမေက တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ပြီး အံ့ဩနေ ကြပေမယ့် ထန်နှင့်မာန်ကတော့ ကိုယ့်အကြံနှင့်ကိုယ် ခပ်ပြုံးပြုံး ဖြစ်နေကြသည်။

"မင်းတို့အမွှာ ဘယ်သူ့ကို အရူးလုပ်ကြဦးမလို့လဲ မာန်၊ ဘာတွေ စိတ်ကူးနေကြတာလဲဆိုတာ ဖေဖေတို့ကို ပြောပါဦး"

"ဒါကတော့ လျှို့ဝှက်ကိစ္စ ဖေဖေရဲ့၊ အပြင်ကို သတင်း ပေါက်ကြားလို့ မဖြစ်ဘူး၊ စိတ်ချပါ၊ အဲဒီအတွက် ဖေဖေတို့ကို ဘာမှ မထိခိုက်စေရပါဘူး၊ ဟုတ်တယ်မဟုတ်လား မာန်"

"ဟုတ်ပါတယ် ဖေဖေ"

"မာန်လည်း ဒီအကြံအစည်ကို သိတယ်ပေါ့၊ ဟုတ်လား သား"

မေမေက မာန့်ကို မေးတော့ မာန် ခေါင်းညိတ်လိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



"သားလည်းသိပါတယ် မေမေ"

"ကဲ…အဖေကြီး၊ ရှင့်သားအမွှာတော့ ဘာတွေလုပ်ဖြ ဦးမလဲ မသိဘူး၊ စောင့်သာကြည့်တော့"

"ဖြစ်ပါ့မလား အမေကြီးရဲ့"

"ဖြစ်ပါတယ် အဖေကြီးရဲ့၊ သားတို့ကိုယ်တိုင်က ဘာမှ မဖြစ်စေရဘူးလို့ ပြောနေပြီပဲ"

"ကလေးတွေ စိတ်ချမ်းသာသလို နေပါစေ၊ ဒါပဲနော် မေမေတို့ မိတ်ဆွေတွေလာလို့ နှစ်ယောက်အတူ တွေ့ရင်တော့ သားငယ် ပြန်ရောက်နေပြီဆိုတာ ပြောရမှာပဲ"

"ဟုတ်ကဲ့ပါ မေမေရဲ့၊ အဲဒီအခါကြတော့ ပြောပါ"

"အေး…အေး ဒါဆို ပြီးတာပဲ"

မေမေ လွှယ်ကူစွာ လိုက်လျောတာမို့ သူတို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးမိလိုက်ကြသည်။

ထမင်းစားပြီးတော့ ဖေဖေနှင့်မေမေက ခြံထဲဆင်းနေစဉ် ထန်က မာန့်ကို ဂုဏ်ယူစွာဖြင့်…

"ဘယ့်နှယ်လဲ မာန်၊ ငါလုပ်တာ ပိုင်တယ်မဟုတ်လား"

"ပိုင်ပါတယ်ကွာ၊ တို့အကြောင်းသိရင် မိဖုရားကိုယ်တိုင် သိပ်အံ့သြသွားမှာကွ"

"ဒါပဲလေ…ဒီလိုပဲဖြစ်ရမှာပေါ့"





ပြောပြီး ထန်က ရယ်သည်။ ပြီးတော့ မာန့်မျက်နှာကို တစ်ချက်စိုက်ကြည့်ပြီး…

"တကယ်လို့များ ထန်ကိုယ်တိုင် မိဖုရားကို တကယ်ချစ်မိသွားရင် မင်းဘာလုပ်မလဲ ထန်"

"ဘာ…ဘယ်လို"

"အလကားစတာပါကွာ၊ မင်းကလည်း ဒါပေမဲ့ တစ်ခု တော့ ဝန်ခံတယ်၊ အဲဒါက ဘာလဲဆိုတော့ မိဖုရားဆိုတဲ့ နာမည် လေးကို တွေ့ထဲက သူ့ကို စပြီးစိတ်ဝင်စားခဲ့တာကွ၊ ခုလို ဓာတ်ပုံ လေးမြင်တော့ ရင်ထဲ ဘယ်လိုခံစားရဦးမယ်မသိဘူး၊ မိဖုရားမှာ ညို့ဓာတ်ရှိတာတော့ အမှန်ပဲကွ"

"မိဖုရားကိုယ်တိုင် ငါ့ကို ထန်လား၊ မာန်လား ခွဲခြား နိုင်ပါစေလို့ ဆုတောင်းပါတယ်၊ ကဲ ငါအပြင်သွားလိုက်ဦးမယ်"

ကျောခိုင်းထွက်သွားသည့် ထန့်ကျောပြင်ကိုကြည့်ရင်း မာန့်ရင်ထဲမှာ တစ်မျိုးကြီးဖြစ်သွားသည်။ ဒါလည်း ထန်က မာန့်ကို မိဖုရားနဲ့ပတ်သက်ပြီး တမင်မခံချင်အောင် စနောက်သွားတာပဲလား။

"ဟော့…မာန်၊ သိပ်လည်း ခံစားမနေနဲ့ဦးနော်၊ သွားပြီ"

ထန်က မာန့်အတွေးကို သိသလိုလို ကားနားရောက်မှ ပြန်လှည့်ပြီး အော်ပြောရယ်မောကာ ကားပေါ်တက်၍ ခပ်ကြမ်း ကြမ်း မောင်းထွက်သွား၏။ ရင်မှာ တစ်စုံတစ်ခု စိုးရိမ်သွားလျှင်



www.burmeseclassic.com

www.burmeseclassic.com



နေရာမှ ဆတ်ခနဲ ရပ်လိုက်၏။

အို…ငါ ဘာတွေစိုးရိမ်နေတာလဲ။

ထန် ဟန်ဆောင်လည်း ခဏပေါ့။ နောက်တော့ ဘယ်သူက မာန်၊ ဘယ်သူက ထန်ဆိုတာ မိဖုရား သိသွားမှာပဲ။ ဒါဆို အားလုံးရှင်းသွားပြီး အားလုံး သူ့နေရာမှန် ပြန်ရောက်ရမှာပဲ။ ဘာတွေ မင်းက စိတ်ပူနေတာလဲ မာန်ရယ်။ ထိုသို့ တွေးလိုက်မှ သူ စိတ်သက်သာရာ ရသွားလျက် သက်ပြင်းကြိတ်ချရင်း ကိုယ့်အဖြစ်ကိုယ် သဘောကျစွာ ကျိတ်ပြုံးဖြစ်သွားသည်။

□ □ □



မိဖုရား ပြန်ရောက်လာပြီဆို၍ မာန် ပျော်ရွှင်နေတာကို ကြည့်ပြီး ထန်က ပြုံးနေသည်။ အိမ်မှာ ဖေဖေနှင့် မေမေ မရှိ။ တောင်ကြီးကို သွားနေ၍ မာန်တို့အတွက် အခွင့်အရေး ပိုရသလို ဖြစ်နေ၏။ မိဖုရားက မာန့်အတွက် လက်ဆောင်ဝယ်လာသည်။ လာယူဟုဆိုသဖြင့် မာန်က ထန် အကြံပေးသည့်အတိုင်း…

"ကိုယ် နေသိပ်မကောင်းလို့ လူမမာ လာမေးရင်း မိဖုရားပဲ ကိုယ့်ဆီ လာခဲ့ပါလားကွာ"

"တကယ်ဖျားတာရော ဟုတ်ရဲ့လား၊ မိဖုရားကို မညာနဲ့နော်"

သူ့စကားကို မိဖုရားက မယုံသလိုပြောတော့ ချစ်မြတ်နိုးစွာ သူပြုံးလိုက်၏။

"တကယ်ဖျားနေတာကွ၊ မယုံရင် အိမ်ကိုလာကြည့်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလဲ ပြီးရော"

မိဖုရားက မာန့်ကိုလာတွေ့ဖို့ သဘောတူလိုက်၍ မာ[ိ]
ပျော်သွားသည်။ ထန်က မာန့်အနားမှာ တပြုံးပြုံး။ သိပ်မကြာလိုက်
မိဖုရားကိုယ်တိုင် မောင်းလာသည့် ကားဖြူလေးက မာန်တို့အိမ်ကို
ရောက်လာ၏။

"ဟိုမှာ မိဖုရား လာနေပြီကွ"

မာန်က ထန့်ဘက်ကို လှည့်ပြောချိန်မှာ ထန်က ကားပေါ်
က ဆင်းလာသည့် မိဖုရားကို မျက်တောင်မခတ် စူးစိုက်ကြည့်နေ
၏။

"ထန်"

"ငါ ကြားပါတယ်ကွ မင်းကလဲ၊ ဓာတ်ပုံထဲမှာထက်
အပြင်မှာ မိဖုရားက ပိုလှတယ် မာန်၊ ကဲ…ကဲ မင်း အခန်းထဲမှာ
ဝင်နေတော့၊ မင်းကိုယ်စား မိဖုရားကို ငါပဲသွားတွေ့လိုက်မယ်"

"ဟာ…ဟို…အဲဒါ"

"လုပ်လေကွာ၊ ဟိုမှာ လာနေပြီကွ"

"မာန်ရေ…မာန်၊ အိမ်မှာ ဘယ်သူမှမရှိဘူးလား"

အိမ်ထဲဝင်လာနေပြီဖြစ်သော မိဖုရားကြောင့် ညီအစ်ကို
နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြ
သည်။





"ထန်"

"ရှူး…မင်းပြောမှာ ငါသိတယ်၊ စိတ်ချပါ မင်းရဲ့
[မိ]ဖုရားကို လက်ဖျားနဲ့တောင် မထိဘူး၊ အိုကေ"

ထန်က မာန့်ကို အခန်းထဲတွန်းထည့်ပြီး အပြင်က အခန်း
[တံ]ခါးကို ဆွဲပိတ်လိုက်ပုံက မိဖုရားနဲ့သူ ကမ္ဘာခြားသွားရသလိုပါပဲ
[သွ]ား။ သူတို့အမွှာညီအစ်ကို မိဘရင်းတွေတောင် ခွဲခြားတတ်ကြ
[သ]ာ မဟုတ်။

"မာန်ရေ"

"ဟီတ်ကောင်မလေး"

"သွား…မိဖုရား လာမှာကို သိနေရက်နဲ့ တမင်ပုန်းနေ
[တ]ယ်"

"အဲဒါ မိဖုရားကို ချစ်လို့"

"အပိုတွေပါ၊ တခြားကောင်မလေးတွေကိုလည်း သူဒီလို
[ပ]ဲ ပြောနေမှာ"

"ကိုယ့်မှာ မိဖုရားကလွဲပြီး တခြားဘယ်ကောင်မလေး
[မှ] မရှိဘူးကွ၊ ကိုယ်ချစ်တာ မိဖုရားဆိုတဲ့ ဟောဒီကောင်မလေး
[တစ်]ယောက်ထဲ၊ မိဖုရားနာမည်လေးကို စတွေ့ထဲက ကိုယ့်ချစ်သူ
[ဟ]ာ ဟောဒီကောင်မလေးဖြစ်ရမယ်ဆိုတာ အတပ်သိပြီးသား"

"ကိုပို"



www.burmeseclassic.com

www.burmeseclassic.com



"လိုတောင် လိုပါသေးတယ်ဗျာ၊ မိဖုရားကို ချစ်တယ်"

ထန့်စကားတွေကို နားထောင်ပြီး မာန့်ရင်ခုန်သံတွေ မြန်လ
သည်။ မိဖုရားကတော့ ထန်ကို မာန်ဟုထင်ကာ ကြည်ကြည်လ
လွှင်လေး ရယ်နေသည်။ မာန့်မှာသာ ထန် ပြောနေသည့် စကာ
တွေကို နားထောင်ပြီး စိတ်တွေလှုပ်ရှားနေသည်။ ထန် အခုပြော
တာ သူ့ကိုယ်သူ မာန်အဖြစ် ဟန်ဆောင်ပြီး ပြောနေတာလာ
ဒါမှမဟုတ် ထန့်ရင်ထဲက စကားတွေလားဆိုသည့် အတွေးအ
မှာ မာန့်ရင်ထဲ ထိတ်ခနဲ ဖြစ်သွား၏။

"မိဖုရား"

"ဟင်"

"ကိုယ်ပြောတာ ယုံရဲ့လား"

"ယုံတယ်"

"ကိုယ့်ကိုချစ်လား"

"ချစ်တယ်"

"မိဖုရားကို ကိုယ်လည်းချစ်တယ်"

ထန်နှင့်မိဖုရားထံမှ ရယ်မောသံကို နားထောင်ပြီး 
တစ်ကိုယ်လုံး အေးစက်သွား၏။ မိဖုရားကတော့ ထန့်ကို မာ
ထင်နေသည်။ ထန်ကိုယ်တိုင်ကလည်း သူ့ကိုယ်သူ မာန်အ
သရုပ်ဆောင်နေပုံက တကယ့်ချစ်သူတွေလို အပီအပြင်။ အ





စ်ကိုရှိကြောင်း မိဖုရားကို မာန်ပြောပြဖူးပေမယ့် ထိုအမွှာညီက
န်နှင့် ရုပ်ချင်းခွဲမရအောင် တူကြောင်းကိုတော့ မိဖုရားကို တစ်ခါ
ဖွင့်မပြောခဲ့ဖူးတာ အခုမှ နောင်တရ,ရမလို ဖြစ်နေ၏။

"ဒီမှာ...မာန့်အတွက် မိဖုရားရဲ့ လက်ဆောင်"

"ကိုယ် အခု ဖွင့်ကြည့်ရမလား"

"အင်း"

မိဖုရားက ထန့်မျက်နှာကို ခပ်ပြုံးပြုံးစိုက်ကြည့်ပြီး ချစ်စရာ
ကောင်းအောင် ခေါင်းညိတ်ပြတော့ ထိုပုံစံလေးကို ထန့်နှလုံးသား
ထဲမှာ စွဲနေအောင် ချစ်မြတ်နိုးစွာ မှတ်ထားလိုက်၏။ မိဖုရားဆိုတဲ့
မာန့်ချစ်သူဟာ ဘာဖြစ်လို့ ထန့်ရင်ကို လှုပ်ရှားစေရတာလဲ။ မိဖုရားရဲ့
ခာတ်ပုံလေးကို တွေ့ထဲက မိဖုရားကို ထန့်နှလုံးသားထဲက
ဆုတ်ဖယ်လို့မရအောင် မြတ်မြတ်နိုးနိုး ချစ်ခင်စွဲလန်းသွားခဲ့သည့်
အဖြစ်ကို ထန်ကိုယ်တိုင်လည်း နားမလည်။ ထူးဆန်းတာက မာန်ရဲ့
ချစ်သူကိုမှ ထန့်နှလုံးသားက မြတ်နိုးစွာ ချစ်မိသွားခြင်းဖြစ်သည်။

"ရုပ်အကျီအဖြူလေးပါလား၊ ဒါ ကိုယ့်အကြိုက်ပဲ၊
သင့်ခ်ယူ၊ ဒါလေးကရော"

"အဲဒါလည်း မာန့်အတွက်ပဲလေ၊ မကြိုက်ဘူးလား"

"သိပ်ကြိုက်၊ လှကိုရော၊ လက်ဆောင်ရတဲ့ ပစ္စည်းကို
ရော"



www.burmeseclassic.com

www.burmeseclassic.com



"ကွယ်ရင်မေ့၊ တွေ့ရင်ချွဲဆိုတာ ဒါနေမှာ"

မိဖုရားအသံလေးကို ကြားရသည်။ မသည်းမကွဲ ပြော ကြားရသည်။ ဘာဟု မာန်လည်း သေချာမသိ။ မိဖုရားထံ ရယ်သံကြားရသည်။ မာန်မှာ ချစ်သူနှင့်ညီကြားမှာ ဘာကိုမှန်းမ စိုးရိမ်လျက် ဇောချွေးပျံ့စပြုလာ၏။ သူဘာကို စိုးရိမ်နေတာလဲ မိဖုရားက သူ့အတွက် ရုပ်အင်္ကျီအဖြူလေး ဝယ်လာတာ သူကြာ သည်။ နောက်တစ်ခုလည်း ဝယ်လာသည်။ ထိုအရာက ဘာ ဆိုတာ မာန်မသိ။ ကြားလည်း မကြားရ။ မြင်လည်း မရ။ ထို့အ ထန်နှင့်မိဖုရား ဘယ်နေရာ ဘယ်လိုပုံစံနှင့် ရှိနေမှန်းလည်းမသ သေချာသည်က ထန့်ကို မာန်ဟု မိဖုရားကိုယ်တိုင် စိတ်ချယုံကြ နေခြင်းဖြစ်သည်။ မာန့်စိတ်ထဲမှာ အချိန်တွေ ဤမျှ ကြာရှည်နေလိ မည် မထင်ခဲ့။ နောက်ဆုံး မိဖုရား ပြန်သွားမှ မာန် သက်ပြင်း လိုက်သည်။

"ဘယ်လိုလဲ မာန်၊ ငါ သရုပ်ဆောင်တာ ပီပြင်ရဲ့လား"

မာန့်ကိုမြင်တော့ ထန်က ခပ်ပြုံးပြုံး မေးလိုက်ပုံ သက်တောင့်သက်သာ ပေါ့ပေါ့ပါးပါး။ ထန်လို ပေါ့ပါးသော ပုံစံဖြစ်အောင် ထန့်ရှေ့မှာ မာန် ကြိုးစားပြီး ပြုံးလိုက်သည်။

"မိဖုရားက မင်းကို ငါလိုပဲ ထင်သွားပြီ ထန်"

"ဒီလိုပဲဖြစ်ရမယ်လေ"





ပြောပြီး ထန်က ရယ်သည်။

"ရော့…ဒီမှာ မင်းအတွက်တဲ့၊ ကဲ ငါအပြင်သွားစရာရှိ လို့ သွားလိုက်ဦးမယ်"

ထန်က မာန့်ကို စက္ကူပါကင်ပိတ်လှလှလေးတစ်လုံး လှမ်းပစ်ပေး၍ သူဖမ်းယူထားလိုက်ချိန်မှာ ထန်က ရပ်ထားသော ကားပေါ်တက်ကာ ခပ်ကြမ်းကြမ်းလေး မောင်းထွက်သွားသည်။ မိဖုရားနဲ့ပတ်သက်ပြီး ထန့်ပုံစံကို ကြည့်ရတာ ဘာမှမထူးခြားတာ မြင်လိုက်ရမှ မာန့်စိတ်ထဲ သက်သာရာရသွားသည်။

ထန် ပေးခဲ့သည့် အိတ်ကို ဖွင့်ကြည့်လိုက်တော့ ဖြူဆွတ် ဆွတ် ရုပ်အင်္ကျီတစ်ထည်ကလွဲပြီး တခြားဘာကိုမှ မတွေ့၍ မာန် မျက်ခုံးတွေ တွန့်သွားသည်။ ဘယ်လိုဖြစ်တာလဲ။ သူထင်ထားတာ က ရုပ်အင်္ကျီအဖြူနှင့်အတူ တခြားပစ္စည်းတစ်ခုခု ရှိနေလိမ့်မည်ဟု။

အခုတော့ ရုပ်အင်္ကျီကလွဲ၍ တခြားဘာဆိုဘာမှ မတွေ့။ မာန့်မျက်ခုံးတွန့်သွားပြီး ဧည့်ခန်းထဲ ဟိုဟိုဒီဒီကြည့်သည်။ စားပွဲ ပေါ်မှာ ရှာသည်။ အိမ်ရှိပစ္စည်းကလွဲပြီး တခြားဘာမှမရှိ။ ဒါဆို ထန့်ဆီမှာများ ပါသွားလား။ ထန်ကိုယ်တိုင်လည်း သူ့မှာ တခြား ကိစ္စနှင့် ချက်ချင်းထသွား၍ မိဖုရားပေးလိုက်သည့် ပစ္စည်းကို မေ့သွားခြင်းလား။ မိဖုရား ဘာပေးမှန်းမသိပေမယ့် သူကြားသည့် စကားအရ ဤသို့ပဲ တွေးမိသွားသည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

ထန်ပြန်လာတော့ မိုးချုပ်နေပြီဖြစ်၍ ဘယ်သူ့ကိုမှ စကား မပြောနိုင်။ မာန့်ကိုနှုတ်ဆက်ပြီး သူ့အခန်းထဲ ဝင်သွားကာ တံခါးကို ပိတ်ပစ်လိုက်၍ မာန်လည်း ဘာမှမပြောဘဲ အိပ်ရာဝင်ခဲ့သည်။ နောက်ရက် မိဖုရားနှင့် မာန်တွေ့တော့ ဟိုတစ်နေ့က လူစားဝင်ခဲ့ သည့် ထန့်အပေါ် ဘာသံသယမှမရှိ။ ထန့်ကို မာန်ဟု ထင်နေ၏။ မာန်ကလည်း ဖွင့်မပြော။

"မာန်"

"ဗျာ"

"မိဖုရားကို မာန့်ခါတ်ပုံ မပေးရသေးဘူးနော်"

မိဖုရားကပြောရင်း စိတ်ကောက်သလို နှုတ်ခမ်းစူတော့ ချစ်သူ့မျက်နှာလှလှကို ကြည့်ကာ ချစ်စနိုး ပြုံးလိုက်သည်။ မာန့်က ခါတ်ပုံရိုက်ရတာ ဝါသနာမပါ။ မဖြစ်မနေရိုက်သည့် ခါတ်ပုံတွေ





ာလည်း တစ်ယောက်ပုံက မရှိသလောက် ရှားသည်။ သူငယ်ချင်း တွေနှင့် အုပ်စုလိုက်ပုံ၊ မိသားစုနဲ့လည်း အားလုံး တစ်စုတစ်ဝေး ဘဲ။ မိဖုရားက မာန့်ခါတ်ပုံလိုချင်သည်ဆိုတော့ ချစ်သူကိုပေးဖို့ ခါတ်ပုံ မာန်မှာ မရှိ။

ရှိသည့်ခါတ်ပုံကလည်း မလှမပ။

အချိုးမကျ။ ဖြစ်သလို ရိုက်ထားတာမျိုးဆိုတော့ မပေး ချင်။ မိဖုရားကို ခါတ်ပုံပေးမည်ဟု ကတိပေးပြီး ခါတ်ပုံက ခုထိ မရိုက်ဖြစ်သေး။ ဒါကို မိဖုရားက စိတ်ဆိုးနေခြင်းဖြစ်သည်။

"ဆောရီး…မိဖုရားရယ်၊ မာန်လည်း ခါတ်ပုံရိုက်မယ်၊ ရိုက်မယ်နဲ့ အခုထိ မရိုက်ဖြစ်ဘူး"

"ဘယ်သူက မာန့်ကို ခါတ်ပုံရိုက်ခိုင်းနေလို့လဲ၊ မာန့်မှာ ရှိနေတဲ့ ခါတ်ပုံထဲကပဲ တောင်းတာ"

"မာန့်မှာရှိတဲ့ ခါတ်ပုံတွေက ချစ်သူကို ပေးရလောက် အောင် မလှဘူးကွ၊ အဲဒါကြောင့်…

"တော်ပါ၊ မာန့်အကြောင်းပြချက်တွေကို မိဖုရား မကြား ချင်ပါဘူး၊ မာန့်ဆီမှာရှိတဲ့ ခါတ်ပုံတွေက ဘယ်လောက်ရုပ်ဆိုးနေ နေ မိဖုရားချစ်သူဟာ ချစ်သူပဲ"

"မိဖုရား မာန့်ကိုချစ်တာ ချောလို့ချစ်တာမဟုတ်ဘူး သိလား၊ ချစ်လို့ချစ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"မိဖုရားရယ်"

ချစ်သူထံမှ ချစ်စကားတစ်ခွန်းက မာန့်နှလုံးသား[illegible] အနက်ရှိုင်းဆုံး ထိုးဖောက်သွားတာကို သူမက မသိပါ။

ချစ်လို့ ချစ်တာတဲ့လား မိဖုရားရယ်။

"ခတ်ပုံ ဘယ်တော့ပေးမှာလဲ ပြော"

"မနက်ဖြန်"

"တကယ်နော်၊ ပြောပြီး ကတိမတည်ရင် အိမ်အထိလာ[illegible] ယူမှာ သိလား"

"သိပါတယ်ဗျာ၊ ဒီတစ်ခါ တကယ်ကတိတည်မှာပါ"

သူကတိပေးလိုက်မှ မိဖုရားမျက်နှာလေး ကျေနပ်[illegible] ပြုံးသွားသည်။

"မိဖုရားခတ်ပုံ ဘယ်မှာထားလဲ"

"ဗျာ"

"မိဖုရားပေးခဲ့တဲ့ ခတ်ပုံလေ"

"ခတ်ပုံ"

မိဖုရားပြောတာကို မာန် နားမလည်။

မာန့်ဆီမှာ မိဖုရားခတ်ပုံမရှိ။ မာန့်မျက်ဝန်းထဲ ထန့်[illegible] ဖျတ်ခနဲ ပြေးမြင်ယောင်လိုက်၏။ သူသိချင်သည့်အဖြေကို အ[illegible] မာန် သဘောပေါက်သွားသည်။ မိဖုရား သူ့အိမ်ကို လာတုန်း[illegible]



ထန်က မာန့်အဖြစ် လက်ခံတွေ့ဆုံခဲ့သည်။ အဲဒီအချိန်တုန်းက အကျီနှင့်အတူ မိဖုရားပေးခဲ့တာ မိဖုရားခတ်ပုံပေါ့။

"ဟိုတစ်နေ့က မာန့်ကို မိဖုရားပေးခဲ့တဲ့ ခတ်ပုံလေ၊ မာန်နော် မိဖုရားခတ်ပုံကို ဘယ်မှာထားပစ်လိုက်လဲ"

"ကိုယ့်အိပ်ရာခေါင်းမှာ"

"ဟွန်း…ဒါလေးဖြေရမှာကိုပဲ အူကြောင်ကြောင်နဲ့"

"အဲဒါ မိဖုရားကိုချစ်လို့"

"ရှင်ပဲ အပြောကောင်း"

အခုမှ မာန်မှာ ရယ်နိုင်သည်။ ထန်ကို မမေးဖြစ်လိုက်သည့် စကားတစ်ခွန်းကြောင့် အူကြောင်ကြောင်လို့ မိဖုရားက ပြောတာ ခံလိုက်ရ၍ ကိုယ့်အဖြစ်ကိုယ် သဘောကျတာလည်း ပါသည်။ ညီအစ်ကိုနှစ်ယောက် မိဖုရားကို လှည့်စားသလို အရူး လုပ်သလို ဖြစ်နေတာကိုလည်း ရယ်ချင်သည်။ မိဖုရားက အခုချိန် ဘာမှမသိ။ နောက်ထပ် မိဖုရားကို ထပ်မလှည့်စားတော့ဟု ဆုံးဖြတ်လိုက်သည်။ အိမ်ပြန်ရောက်တော့ ထန့်ကို သူ့အကြံအစည်ကို ပြောပြတော့ ထန်က လက်မခံ။

"ဘာလဲ…မင်းရည်းစားကို ငါက လုယူသွားမှာစိုးလို့ လား မာန်"

"မဟုတ်ဘူး ထန့်၊ မိဖုရားကို နောက်ထပ်မလိမ်ညာသင့်





www.burmeseclassic.com

www.burmeseclassic.com



ဘူးထင်လို့"

"ငါတို့မှာ တခြားရည်ရွယ်ချက် မရှိဘူး မာန်၊ ပျော်ချင် ရုံသက်သက်ပဲ၊ မင်းကိုယ်တိုင် ငါနဲ့မင်းချစ်သူကို စိတ်မချဘူးဆို မတားဘူး"

"ရော့…ဒီမှာ ဟိုတစ်နေ့က မိဖုရားပေးသွားတဲ့ ဓာတ်ပုံ"

ထန်က မျက်နှာထားတင်းတင်းနှင့် မိဖုရားဓာတ်ပုံကို သူ့စားပွဲပေါ် ပစ်ချပြီး ချာခနဲ လှည့်ထွက်သွားတော့ မာန့်ရင်ထဲ ညီဖြစ်သူအတွက် စိတ်မကောင်းဖြစ်သွား၏။

မာန်ပြောသလို သူက အတ္တကြီးသူလား။ ညီငယ်ရဲ့ စိတ်ချမ်းသာလိုမှု၊ ပျော်ရွှင်မှုကို ပိတ်ပင်တားဆီးလိုသူလား။

"ခဏနေဦး ထန်"

"ဘာလဲ"

"မင်း ဘယ်အချိန်ထိ မာန်အဖြစ် မိဖုရားကို စချင်တာ လဲ"

ဒီတစ်ခါတော့ ထန့်ဘက်က ခဏငြိမ်သွားသည်။ ပြီးမှ မာန့်မျက်နှာကို စေ့စေ့ကြည့်ပြီး မထိတရိ ပြုံးသည်။

"မင်း ခွင့်ပြုနိုင်မယ့် အချိန်အထိ"

အတိုင်းအတာကာလကို ထန်က မသတ်မှတ်ဘဲ မာန့် ဘက်ကို ပြန်လွှဲလိုက်၍ မာန် ဘာမှမပြောနိုင်ဘဲ ပါးစပ်ပိတ်သွား





သည်။

"မင်းစိတ်ကို မင်းနိုင်မှလုပ်ပါ မာန်၊ ထန်ဆိုတာ ဘဝမှာ ဖြစ်ချင်တာတွေ ဖြစ်ခွင့်မရဘဲ အမြဲရှုံးနိမ့်နေရတဲ့ ကံဆိုးသူမောင်ရှင် ဆိုတာ ငါ့ကိုယ်ငါ သိပြီးသားပါ"

"မင်း ဘာလို့ အဲဒီလိုပြောတာလဲ ထန်"

ထန့်အတွက် မာန် စိတ်ထိခိုက်စွာ ပြောလိုက်သည်။

မာန့်စကားအဆုံးမှာ ထန်က နာကြည်းအေးစက်သော မျက်နှာထားနှင့် ခြောက်ကပ်အက်ကွဲစွာ ခပ်သဲ့သဲ့ရယ်ပြီး မာန့်မျက်နှာကို စိုက်ကြည့်သည်။

"အဖြစ်မှန်ကိုပြောတာ မာန်၊ အမွှာညီအစ်ကိုအဖြစ် ရုပ်ချင်းခွဲမရအောင် တူတာမှန်ပေမယ့် ကံကြမ္မာချင်းက တူမှမတူ ဘဲ"

"ငါဖြစ်ချင်တဲ့ဘဝ၊ ငါလိုချင်တဲ့ အနေအထားတွေ အားလုံး မင်းမှာ အပြည့်အစုံရှိတယ် မာန်၊ အေးလေ မင်းချစ်သူ အချောအလှလေး ငါ့ဘဝနဲ့လည်း မတန်ပါဘူး၊ မင်းဆုံးဖြတ်တာ မှန်ပါတယ်"

"မဟုတ်ဘူး ထန်၊ မင်းကို ငါက မိဖုရားနဲ့ အဲဒီသဘော မျိုးပြောတာ မဟုတ်ဘူး"

"စကားအလှ သုံးမနေစမ်းပါနဲ့ မာန်ရာ၊ မင်းဖြစ်စေချင်



www.burmeseclassic.com

www.burmeseclassic.com



တာက မိဖုရားနားက ငါ့ကို အမြန်ဆုံး ခွာထုတ်ချင်တာမဟုတ်လား မင်းဖြစ်ချင်တာ အဲဒါပဲ၊ တခြားဘာမှမရှိဘူး"

"တန်…တော်တော့၊ မင်းစိတ်ကျေနပ်တဲ့အထိ မိဖုရားရဲ့ ကြိုက်သလို စနိုင်၊ နောက်နိုင်တယ်၊ ငါ ခွင့်ပြုတယ်၊ အဲဒါ ငါ့ကတိစကားပဲ"

ထန်က မာန့်မျက်နှာကို အေးစက်စက်မျက်လုံးများဖြင့် တစ်ချက်စိုက်ကြည့်ပြီး….

"မင်းကတိ မင်းဘာသာ တည်နိုင်ဖို့ပဲ အရေးကြီးတယ်"

မာန့်အခန်းထဲက ထန် အထွက်မှာ အခန်းတံခါးကို ဝုန်းခနဲ ဆောင့်ပိတ်သွားသံက မာန့်ရင်ကို ပြင်းစွာလာထိသည်။ ထန့်ကို သနားစိတ်နှင့် သူ ဒီလိုပြောလိုက်မိတာ မှားသွားပြီလား။ မာန်ကိုယ်တိုင်လည်း မသိတော့။

ထန့်ကို မိဖုရားနှင့် မပတ်သက်ဖို့ ပြောလိုက်မိတာ သူ့အမှားလား။ ဘာပဲပြောပြော မာန့်ကြောင့် ထန် စိတ်ထိခိုက်သွားတာကိုတော့ သူကိုယ်တိုင် လက်တွေ့သိမြင်ခံစားလိုက်ရပုံက ရင်ကို နင့်ခနဲဖြစ်သွားသည်အထိ။

မင်း စိတ်ချမ်းသာသလို ပျော်သလို လုပ်တော့ထန်။

မင်းဖြစ်ချင်တဲ့၊ မင်းလိုချင်တဲ့ အိပ်မက်တစ်ခုကို လက်တွေ့ အကောင်အထည်ဖော်ဖို့ ငါက အမွှာအစ်ကိုတစ်ယောက်အနေနဲ့





ညီဖြစ်တဲ့ မင်းဆန္ဒကို အချိန်အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းပေးဖို့ ဆုံးဖြတ်လိုက်ပြီ။

ကိုယ့်ကို ခွင့်လွှတ်ပါ မိဖုရားရယ်။

မိဖုရားကို ချစ်သလို ကိုယ့်ရဲ့ကိုယ်ပွားအမွှာ ထန့်ကိုလည်း ချစ်တယ်။

ဖြစ်ချင်တော့ မာန်က အလုပ်ကိစ္စနှင့် ဖေဖေ့ကိုယ်စား တောင်ကြီးကို သွားရသည်။ မိဖုရား တောင်းထားသည့် ဓာတ်ပုံကို ပင် မပေးနိုင်ခဲ့။

တောင်ကြီးကို မာန် ရောက်သည့်နေ့မှာပဲ ထန်က မာန့်ဆီကို ဖုန်းလှမ်းဆက်သည်။

"မိဖုရားကို မင်းဓာတ်ပုံပေးဖို့ ပြောထားတာလား မာန်"

"အေး…ငါ့မှာ ရိုက်ပြီးသားဓာတ်ပုံ အသင့်မရှိလို့ မပေးရသေးဘူးကွ"

"ဒါဆို မပူနဲ့တော့၊ ဒီနေ့ပဲ မိဖုရားလိုချင်တဲ့ ဓာတ်ပုံ မင်းကိုယ်စား ငါပေးလိုက်ပြီ"

"ဟင်"

ထန့်စကားကြောင့် မာန့်ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။

"မင်း ဘယ်သူ့ပုံကို ပေးတာလဲ ထန်"

"ငါ့ပုံပေါ့၊ မင်းပုံတွေ အကုန်ကြည့်ပြီးပြီ၊ ချစ်သူ့ပုံ



www.burmeseclassic.com

www.burmeseclassic.com



ပေးစရာ လှလှပပ တစ်ပုံမှမရှိဘူးကွ၊ ဒီတော့ ငါ အလှုရိုက်ထား
ပုံထဲကပဲ မိဖုရား စိတ်ကြိုက်ဓာတ်ပုံ ရွေးယူခိုင်းလိုက်တယ်၊ အဲ
ငါလှမ်းပြောတာ၊ ဒါပဲနော်''

''ဟာ''

မာန့်ရင်ထဲ ဟာခနဲ ဖြစ်သွားရုံကလွဲပြီး ဘာမှမတတ်
ခဲ့။ သေချာတာကတော့ ထန့်ဆီက ဓာတ်ပုံ စိတ်ကြိုက်ရွေးယူခွ
လို့ မိဖုရား သိပ်ပျော်သွားမှာကို အတွေးဖြင့် မြင်ယောင်ရင်း မာ
စိတ်ထဲ မချိမဆန့်ဖြစ်သွားသည်။

မိဖုရား ချစ်မြတ်နိုးစွာ တသသကြည့်နေမယ့် ဓာတ်ပုံ
က သူမချစ်သူ မာန် မဟုတ်ဘူးဆိုတာ သူမသိရဲ့လား။ ဓာတ်ပုံ
က ထန့်ကို မာန်အဖြစ်နဲ့ တစိမ့်စိမ့် ချစ်မြတ်နိုးနေမယ့် မိဖုရားပုံ
မြင်ယောင်ကြည့်ရင်း မာန့်ရင်ထဲ နင့်ခနဲ ဖြစ်သွားသည်။

ကိုယ် မှားသွားပြီလား မိဖုရားရယ်။

အခုချိန်ကြမှ ပြန်ပြင်ချင်လို့လည်း မရတော့။ မာန်ကိုယ
တိုင် ထန့်ကို သူတို့အချစ်ဇာတ်လမ်းမှာ ပါဝင်ခွင့်ပြုထားခဲ့ပြီ
ဘွာခတ်ချင်လျှင် ထန်က မာန့်ကို ဘယ်လိုနှာကြည်းခံခက်အော
ပြောမည်မသိ။

မိဖုရား…အချစ်ရယ်။ မင်းရဲ့မာန်က ဒီမှာပါဟု မာန့်စိ
ထဲက အော်ဟစ်လိုက်မိ၏။ ဖေဖေခိုင်းသည့် အလုပ်ကိစ္စကို လုပ်





သမယ့် မာန် စိတ်မပါတော့။ မိဖုရားထံမှာ အမြန်ဆုံး ပြေးသွား
င်မိသည်။ ထိုအချိန်မှာ မိဖုရားနှင့် မာန်အဖြစ် ဟန်ဆောင်ထား
သော ထန်က ကန်တော်ကြီးကို သွားနေပါသည်။

''ဒါက ဘယ်သွားမလဲ မာန်''

''ကိုယ့်ချစ်သူနဲ့ အေးအေးဆေးဆေး စကားပြောလို့ရမယ့်
နေရာပေါ့''

ထန့်စကားအဆုံးမှာ မိဖုရားက သူမနာရီလေးကို တစ်ချက်
ငုံ့ကြည့်သည်။

''အချိန်အကြာကြီး မရဘူးနော် မာန်၊ မာမီကို ခဏလို့
ပြောလာတာ''

''စိတ်ချပါဗျာ၊ ချစ်သူမျက်နှာလှလှလေးကို ကြည့်ရုံပါ၊
အချိန် မကြာစေရပါဘူး ဟုတ်လား''

ကန်တော်ကြီးထဲကို ထန့်ကားကို ချိုးကွေ့လိုက်၏။

ကန်တော်ကြီးက အေးချမ်းငြိမ်သက်နေ၏။ ထန်က
ကားကို ရပ်လိုက်ပြီး လှပသော မိဖုရားမျက်နှာလေးကို မြတ်နိုးစွာ
ငေးစိုက်ကြည့်လိုက်သည်။

''မိဖုရား''

''ဟင်''

''ကိုယ်တို့ လက်ထပ်ရအောင်''



www.burmeseclassic.com

www.burmeseclassic.com



ထန့်စကားကြောင့် မိဖုရားက သူ့မျက်နှာကို အံ့သြသ
ကြည့်သည်။

"မာန့်ကို ကျောင်းပြီးမှလို့ ပြောထားတယ်လေ"

"အဲဒါ အရင်တုန်းက မဟုတ်လား၊ အခု ကိုယ့်ရင်ထဲ
မိဖုရားနဲ့ခွဲပြီး မနေနိုင်တော့ဘူးကွာ၊ မိဖုရားကို အမြန်ဆုံး ပိုင်ဆိုင်
ချင်နေပြီ"

"လက်ထပ်ကြပါစို့ မိဖုရားရယ်နော်"

"ဘာဖြစ်လို့ စိတ်ပြောင်းသွားရတာလဲ မာန်ရယ်"

ထန်က သူ့အကြံနှင့်သူ မိဖုရားကို အမြန်ဆုံးလက်ထ
ပြီး ရယူပိုင်ဆိုင်ချင်နေတာကို မိဖုရားက မသိ။ စိတ်ရှုပ်ထွေးသ
အမူအရာနှင့် ချစ်သူ့မျက်နှာကို နားမလည်သလို ပြန်ကြည့်တေ
ထန့်မျက်နှာက မှုန်နေ၏။

မိဖုရားစိတ်ထဲမှာတော့ ထန့်ကို ထန်မှန်း မသိ။ သူမချစ်
မာန်ဟု ထင်နေ၍ စိတ်ကောက်နေသည့် ချစ်သူကို အပြုံးဖြ
ချော့မော့နှစ်သိမ့်ရန် ဆုံးဖြတ်လိုက်၏။

"မာန်"

ထန်က မထူး။

နှုတ်ဆိတ်ပြီး ငြိမ်နေတော့ မိဖုရားက ပြုံးသည်။

"ဒါက မိဖုရားကို စိတ်ကောက်တာပေါ့ ဟုတ်လား





မိဖုရားအမေးကို ထန်က မဖြေတော့ မိဖုရားက ကလေး
ဆိုးကြီးတစ်ယောက်လို သူမကို စိတ်ကောက်နေသည့် ချစ်သူကို
ချစ်မြတ်နိုးစွာ ခပ်ဖွဖွရယ်သည်။

ချစ်သူတွေ ဖြစ်လာပေမယ့် မာန်က သူမအပေါ် အခုလို
ကလေးဆန်ဆန် စိတ်ဆိုးစိတ်ကောက်တာမျိုး မရှိ။ ဒါ ပထမဆုံးဖြစ်
၍ ချစ်သူအပြုအမူကို အသည်းတယားယားနှင့် စချင်နေ၏။

"မာန်က အခုလိုကြတော့ တကယ့်ကလေးလေးလိုပဲ
နော်၊ ယောကျ်ားဆိုတာ စိတ်မကောက်ရဘူး မာန်ရဲ့"

"ဒါဆို ကိုယ့်ကို လက်ထပ်ပါ့မယ်လို့ ပြော"

"လက်ထပ်မယ်၊ အခုမဟုတ်ဘူးနော်၊ ကျောင်းပြီးမှ"

"မရဘူး၊ မာန်က အခုဆိုအခုပဲ"

"ဟိတ်…မာန်"

"အို"

"ချစ်တယ် မိဖုရားရယ်၊ မင်းနဲ့ဝေးရမှာကို အကြောက်
ဆုံးပဲ သိလား"

မာန့်ရင်ခွင်ထဲမှာ မိဖုရား စကားသံလေးတွေ ပျောက်သွား
၏။

ထန့်အနားမှာ မိန်းမချော မိန်းမလှလေးပေါင်း များစွာရှိခဲ့
မယ့် ထန့်နှလုံးသားက မလှုပ်ရှားခဲ့။ ငြိမ်သက်အေးစက်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မာန့်ချစ်သူ မိဖုရားနဲ့ကြမ္မ ထန်မေ့ထားသည့် အချစ်ဆိုသည့်အရာက နက်ရှိုင်းစွာ နေရာယူလာသည်။ မာန့်ကို တမင်ဖြတ်ဆင်ပြီး မိဖုရားနားမှာ ချစ်သူတစ်ယောက်လို နေခွင့်ရဖို့ သူကြိုးစားခဲ့သည်။ ဒါကို မာန်ကိုယ်တိုင်ပင် မသိ။ ထန်ပြောသမျှ စကားတိုင်းကို ရိုးသားစွာ ယုံကြည်နေသည်။ ထန့်ရင်ထဲမှာတော့ မိဖုရားကို ချစ်သည့်အချစ်တွေနှင့် ရင်ဖွင့်ပေါက်ကွဲမတတ် ခံစားနေရသလို ချစ်သူကို ရယူပိုင်ဆိုင်ချင်စိတ်တွေကလည်း တစ်နေ့တခြား ပြင်းထန်လာ၏။

ဒါကြောင့်လည်း မိဖုရားကို မရ ရသည့်နည်းနှင့် လက်ထပ်ရယူဖို့ ကျိတ်ဆုံးဖြတ်ထားသည်။ မိဖုရားကတော့ ထန့်ကို မာန်ဟု ထင်နေ၍ ချစ်သူတစ်ယောက်လိုပဲ ပြောဆိုပြုမူဆက်ဆံသည်။ ထန့်အပေါ်မှာလည်း ဘာသံသယမှမရှိ။

"သိပ်ချစ်တယ် မိဖုရားရယ်"

"ချစ်တယ်"

"မာန့်"

"အိုကွယ်"

ထန်က အချစ်လှုဆိုးဖြစ်သည်။ မာန်ပြန်လာရင် မိဖုရားနှင့် သူ အခုလိုမျိုး တွေ့ခွင့်ရမှာမဟုတ်။ ဒါကိုကြိုသိထား၍ မိဖုရားတားမြစ်နေသည့်ကြားက အတိုးချ ချစ်အနမ်းတွေ မဆုံးနိုင်အောင်





ချစ်တေးအထပ်ထပ် သီကုံးပါသည်။

မိဖုရားမှာလည်း ထန့်ကို မာန်အဖြစ် ဤမျှ အချစ်သည်း ထန်ရပ်မလားဟု ချစ်သူ့ရင်ဘတ်ကို လက်သီးဆုပ်လေးများဖြင့် ရှက်စနိုး ထုသည်။ ရိုက်သည်။ အပြစ်ပေးသည်။

မာန်နှင့် အကြိမ်ကြိမ် တွေ့ဖူးသည်။ ဒီတစ်ခါလောက် တစ်ခါမှမဆိုး။ အခုတော့ မာန်က မိဖုရား လုံးဝထင်မှတ်မထားသည့် တဖွတ်ထိုးအပြုအမူတွေနှင့် မိဖုရားကို ရှက်လန့်တုန်လှုပ်စေသူအဖြစ် မာန့်မျက်နှာကိုပင် ကောင်းစွာမကြည့်ရဲအောင် ဖြစ်သွားသည်။

"မိဖုရား"

"သွား…သူများနာမည်ကို မခေါ်နဲ့၊ နောက် ဘယ်တော့မှ မာန်နဲ့ ထပ်မတွေ့တော့ဘူး သိလား"

"သိပ်ချစ်နေမိပြီကွ"

"မချစ်နဲ့"

"မရတော့ဘူး"

"မာန်နော်…တော်ပြီဆို…အို"

□ □ □



www.burmeseclassic.com

www.burmeseclassic.com

မမျှော်လင့်ဘဲ အကြင်နာမြတ်နိုး ရောက်လာခြင်းက ထန်အတွက် အပြောင်းအလဲတစ်ခု၏ အစဟု ပြောရမည်။ အကြင်နာ ရောက်လာသည့်အချိန်တွင် အိမ်မှာ မာန်မရှိ။ မေမေနှင့်မေမေသာ အိမ်မှာရှိ၏။

"သားရေ...ဧည့်သည်"

"ဟင်"

"အကြင်နာမြတ်နိုး"

"ဟုတ်တယ် ထန်၊ ထန့်ကို တွေ့မှတွေ့ပါ့မလားလို့ စိုးရိမ်လိုက်ရတာ၊ ခုမှပဲ စိတ်အေးရတော့တယ်"

"အကြင်နာ လာမယ်ဆို ကြိုဖုန်းဆက်လိုက်တာ မဟုတ်ဘူး၊ ကိုယ်လာကြိုမှာပေါ့၊ ဒါနဲ့ ဘယ်တုန်းကရောက်လဲ"

"မနေ့ညကပဲ ထန့်ဆီ ညကတည်းက အကြင်နာလာချင်





တာ"

"အကြင်နာ...ဒါ တို့မေမေ"

အကြင်နာကို မေမေနှင့် မိတ်ဆက်ပေးလိုက်၏။

"မေမေ...သူက သားနဲ့ နိုင်ငံခြားက အတူပြန်လာတဲ့သူ လေ အကြင်နာမြတ်နိုးတဲ့"

"သြော်...ဟုတ်လား၊ တွေ့ရတာဝမ်းသာပါတယ် သမီး ရယ်၊ နောက်လည်း အိမ်ကို အချိန်မရွေး လာလည်ပါကွယ်"

"ဟုတ်ကဲ့ပါ အန်တီ၊ အန်တီခွင့်ပြုရင် ထန့်ကို အကြင်နာ အပြင်ခဏ ခေါ်သွားပါရစေ"

"ခေါ်သွားပါကွယ်၊ အန်တီ ခွင့်ပြုပါတယ်"

"ဒါဆို အကြင်နာကို ခွင့်ပြုပါဦး"

"ကောင်းပါပြီကွယ်"

"သား ခဏလိုက်သွားဦးမယ်နော် မေမေ"

ထန်နှင့် အကြင်နာမြတ်နိုးတို့ စားသောက်ဆိုင်တစ်ဆိုင်မှာ အတူထိုင်ဖြစ်ကြသည်။

"ဘယ်လိုလဲ ထန်၊ ယူ့ကိုကြည့်ရတာ ဒီရောက်မှ ပိုချော နေသလိုပဲ၊ ဘာလဲ ဟိုကိုမပြန်ဘဲ ဒီမှာ အပြီးပြန်နေတော့မလို့ လား"

"အဲဒီလို ဖြစ်နေပြီထင်တယ်၊ အကြင်နာရော ဒီမှာဘယ်



www.burmeseclassic.com

www.burmeseclassic.com



လောက်ကြာမှာလဲ”

“အစ်ကိုတစ်ယောက် မင်္ဂလာပွဲရှိတော့ ချက်ချင်းမပြန်နိုင် သေးပါဘူး၊ ယူရော”

“အကြင်နာနဲ့မှ အတူတူပြန်မယ်လေ”

“အံမယ်…အကြင်နာနဲ့ ဘာဆိုင်လို့လဲ”

ပန်းနုရောင် မျက်နှာလှလှလေးနှင့် အကြင်နာ မျက်စောင်း ထိုးတော့ ထန်က ရယ်သည်။

“မသိဘူးလေ၊ တို့ ဆိုင်များဆိုင်သလားလို့”

“ဘယ်လိုလဲ အကြင်နာ၊ အကြင်နာမှာရော ချစ်ရမယ့်သူ တွေ့ပြီလား”

ထန်မေးတော့ အကြင်နာက သူ့မျက်နှာကို တစ်ချက်စိုက် ကြည့်ပြီး ခပ်ပြုံးပြုံးအမူအရာနှင့် ခေါင်းခါသည်။

“အစထဲက အကြင်နာမှာ ချစ်သူရှိပြီးသားပါ ထန်”

အကြင်နာပြောသည့် စကားအဓိပ္ပာယ်ကို နားလည်သဖြင့် မာန်က ဘာမှမမေးဘဲ ပြုံးနေသည်။

ထန့်ဘဝထဲကို မမျှော်လင့်ဘဲ မိဖုရား ဝင်လာတော့ ထန့် နှလုံးသား၏အလိုကို ထန် အရှုံးပေးခဲ့ရသည်။

အကယ်၍ မိဖုရားကိုသာ မချစ်ခဲ့လျှင် အကြင်နာမြတ်နိုး ကို သူချစ်သူအဖြစ် ရွေးချယ်မိမည်လား မပြောတတ်။ အကြင်နာ





ကတော့ ထန့်ကို တစ်ဖက်သတ် ချစ်နေ၊ စိတ်ဝင်စားနေသူဖြစ် သည်။ ထန်ကသာ ဖွင့်ပြောလျှင် အချိန်မရွေး ချစ်သူများဖြစ်နိုင်ပေ မယ့် ထန့်နှလုံးသားမှာ အရင်ဦးသူက ရှိနေခဲ့သည်။ ထန့်ဘဝမှာ မိဖုရားကလွဲပြီး တခြားဘယ်မိန်းကလေးကိုမှ သူမလို ချစ်နိုင်တော့ မည်မဟုတ်။ ဒါကို ထန်ပဲသိသည်။

“အကြင်နာ သူ့ကိုပဲချစ်တယ်”

“သူကရော အကြင်နာကို ချစ်လား”

“ချစ်တယ်”

ထန်နှင့်အကြင်နာ အကြည့်ချင်း ဆုံသွားသည်။ အကြင်နာ အကြည့်တွေကို ထန် နားလည်သည်။ အကြင်နာ ခေါင်းငုံ့မျက်လွှာ ချလိုက်တော့ သူမနေရာမှာ မိဖုရား ရုပ်သွင်က နေရာယူလာသည်။

မိဖုရားရယ်။ မင်းနေရာမှာ တခြားဘယ်သူ့ကိုမှ အစားထိုး လို့ မရနိုင်တာ ကိုယ်အသိဆုံးပါဗျာ။

“ထန်”

“ဟင်”

“အကြင်နာ ဒီမှာရောက်နေတုန်း အကြင်နာ သွားချင်တဲ့ နေရာတွေကို ထန် လိုက်ပို့ပေးပါလားဟင်”

“လိုက်ပို့မှာပေါ့ အကြင်နာ”

“ဟိုမှာတုန်းက တို့ကို အကြင်နာပဲ အစစအရာရာ ကူညီ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာ မဟုတ်လား၊ ဒီတစ်ခါ ကိုယ့်အလှည့်ပေါ့''

''သင့်ခ်ယူ''

''မနက်ဖြန် ထန့်ကို အကြင်နာ လာခေါ်မယ်နော်''

''အိုကေ''

''ဒါဆို အကြင်နာ ပြန်မယ်''

''နောက်လည်း ကိုယ့်ဆီ မကြာခဏ လာလည်ပေါ့''

''စိတ်ချ…ထန်ရှိတဲ့နေရာကို အကြင်နာ အမြဲရောက်နေမှာပါ၊ ယူ့ကို အကြင်နာ လိုက်ပို့မယ်''

''မပို့နဲ့ အကြင်နာ၊ ကိုယ်သွားစရာရှိသေးတယ်''

''ကဲ…ကိုယ်သွားမယ်''

အကြင်နာကို ကားနားအထိ လိုက်ပို့ပြီး မိဖုရားရှိရာကို ထန် ထွက်ခဲ့သည်။ ဒီမှာ မာန်အဖြစ် ထန် ဟန်ဆောင်နေမည့် အကြောင်း မာန့်ဆီကို ဖုန်းဆက်ထား၍ မာန်က ထန့်ကို လွှတ်ထားပေးသည်။

အကြင်နာမြတ်နိုးလာတဲ့အချိန် မာန် မရှိ၍ တော်သေးသည်။ သူတို့အမွှာနှစ်ယောက်ကို အကြင်နာမြတ်နိုးတွေ့ရင် ဘယ်လောက်အံ့ဩမည်မသိ။ မာန့်ကို ထန်လို့ပဲထင်မှာ သေချာသည်။

ထိုစဉ် ဈေးသွားနေသော မိဖုရားမှာလည်း မမျှော်လင့်ဘဲ





ထန့်ကို တွေ့ရတာကြောင့် အံ့ဩဝမ်းသာသွား၏။

''မာန်''

''ဟင်…မိဖုရား၊ ဒါက ဘယ်ကိုသွားမလို့လဲဟင်၊ ကိုယ်အခုပဲ မိဖုရားဆီ လာမလို့''

''အံမယ်…ဘယ်သူက မာန့်ကိုခေါ်လို့လဲ''

ဟိုတစ်နေ့က အဖြစ်ကို စိတ်ဆိုးစိတ်ကောက်နေဆဲဟု ကြေညာလိုက်သော မိဖုရားမျက်နှာလေးကို ကြည့်ပြီး ထန် ရယ်လိုက်သည်။

''အချစ်နဲ့ ချောင်းဆိုးခြင်းကို လိမ်ညာလို့မရတဲ့''

''ကိုယ့်ကို မိဖုရား ဘယ်လောက်ချစ်တယ်ဆိုတာ ကိုယ်သိတာပေါ့''

''သွားပါ''

''သွားမှာပါဗျာ…လာ''

ထန်က မိဖုရားလက်လေးကို ဆွဲပြီး အတူတူသွားဖြစ်တော့ ချစ်သူကို မိဖုရား စိတ်မဆိုးနိုင်တော့ပါ။

''နောက်တစ်ခါဆို လုံးဝခွင့်မလွှတ်ဘူးသိလား''

''ဟုတ်ကဲ့''

''ဟွန်း…ပြောလိုက်ရင်တော့ လိမ္မာနေတာပဲ၊ ပြီးမှ''

''အဲဒါက သိပ်ချစ်သွားလို့ပါဗျာ''



www.burmeseclassic.com

"ဟိုရှေ့က ဆိုင်လေးမှာ ခဏထိုင်ရအောင်နော် မိဖုရား"

"သွားလေ"

ထန်က သန့်ရှင်းသပ်ရပ်သော ဆိုင်ထဲဝင်ရင်း မိဖုရား ဘက် လှည့်ပြော၏။ သည်ဆိုင်ကိုတော့ သူမဈေးလာရင်း မကြ ခဏ မြီးရှည်ဝင်စားဖူး၏။ စားပွဲထိုးကောင်လေး သူတို့နားရောင လာတော့ ထန်က…

"ဟော့…ချာတိတ်၊ ရှမ်းခေါက်ဆွဲ နှစ်ပွဲ"

"ဟင်…ရှမ်းတစ်ပွဲက ဘယ်သူ့ဖို့လဲ၊ မိဖုရားက မြီးရှည် စားမှာလေ"

"ဟင်"

ထန်က မိဖုရားမျက်နှာကို ဆတ်ခနဲ နားမလည်သ ကြည့်၏။

"ဒါနဲ့ ဟိုတစ်နေ့က မိဖုရားကြိုက်တာ ရှမ်းခေါက် ဆို"

"အဲဒါက မာန့်ကို တမင်စတာ၊ ကိုယ့်ချစ်သူအကြိုက် ကိုတောင် မာန်က မေ့ပစ်ပြီလား"

"ဆောရီး"

"ရှမ်းသုပ်တစ်ပွဲ၊ မြီးရှည်တစ်ပွဲပေး ချာတိတ်"

မိဖုရားအကြိုက်ကို ထန် မှတ်ထားလိုက်သည်။





"မာန်က ဘာဖြစ်နေတာလဲဟင်"

"ကိုယ် ဘာဖြစ်နေလို့လဲ"

"ခါတိုင်းလို မဟုတ်တာတော့ သေချာတယ်"

မိဖုရားစကားကြောင့် ထန့်ရင်ထဲ ထိတ်ခနဲဖြစ်သွားပြီး သိပ်ပြာမလုံ ဖြစ်သွားသည်။ မာန်အဖြစ် ဟန်ဆောင်နေတာ မိဖုရား သိမိသွားပြီလား။

ကွက်ခနဲ ပျက်သွားသော မျက်နှာကို ပြန်ထိန်းရင်း ဘာမှ မဖြစ်သလို ရယ်လိုက်သည်။

"ကိုယ့်အချစ်ကို မိဖုရား မယုံဘူးလား"

"နောက်တစ်ယောက် မရှိရင်ပေါ့"

"နောက်တစ်ယောက်"

"ဟုတ်တယ်၊ မာန့်ကို မိဖုရားကိုယ်တိုင် တခြားကောင်မ လေးတစ်ယောက်နဲ့ တွေ့လိုက်တာ သိလား"

"ဟာ…မဟုတ်ဘူး"

ထန် တကယ်လန့်သွားပြီး မိဖုရားမျက်နှာကို ကြည့်လိုက် သည်။ အကြင်နာမြတ်နိုးနဲ့ သူ့ကို မိဖုရား တွေ့သွားပြီလား။

"ကိုယ် ရှင်းပြပါရစေဦး မိဖုရားရယ်"

"ခစ်…ခစ် မိဖုရားက မာန့်ကို စတာပါရှင်၊ အဲဒီလောက် လည်း လန့်မနေပါနဲ့၊ ဒါပဲနော် မိဖုရားကို လိမ်ညာလို့ကတော့

www.burmeseclassic.com



မာန့်ကို တစ်သက်လုံး အမုန်းပဲ၊ ဘယ်တော့မှ ပြန်မခေါ်တော့ဘူး မှတ်ထား''

မိဖုရားရယ်။,

□ □ □



''တီ…တီ''

''ဟော…အကြင်နာ လာပြီ''

ကားဟွန်းသံကြောင့် ထန်က သူ့ကိုယ်သူ မှန်ထဲတစ်ချက်ကြည့်ပြီး အိမ်ရှေ့ထွက်ခဲ့၏။ သို့သော် အိမ်ရှေ့အရောက်မှာတော့

''မာန်''

''မိဖုရား''

မမျှော်လင့်ဘဲ မိဖုရားကို တွေ့လိုက်ရ၍ ထန် အံ့သြဝမ်းသာစွာ ပြုံးလိုက်၏။ မိဖုရားက အပြင်သွားရန် အသင့်ပြင်ဆင်ထားသော ထန့်ကို မျက်မှောင်ကုတ်ကြည့်ရင်း…

''ဒါက ဘယ်သွားမလို့လဲ မာန်''

''သူငယ်ချင်းတစ်ယောက်နဲ့ ချိန်းထားလို့ မိဖုရား''

''သူငယ်ချင်းက ဘယ်သူလဲ၊ ယောကျ်ားလား မိန်းမ

www.burmeseclassic.com

www.burmeseclassic.com



လား''

မိဖုရားက ထန့်နားကို ကပ်ပြီး တိုးတိုးလေးမေးတော့ သူပြုံးလိုက်သည်။

''ယောက်ျား''

''ဒါဆို မသွားနဲ့တော့၊ ဒီနေ့ မာန့်ကိုလာခေါ်တာ မာန်နဲ့ သွားစရာရှိလို့''

''အိုကေ''

ထန်တစ်ယောက် မိဖုရားကားပေါ် ပါသွားချိန်မှာ အိမ်ပေါ် ထပ်က မာန်ဆင်းလာ၍ မိဖုရား၏ကားလေးကိုသာ တွေ့လိုက်ရ သည်။

''မိဖုရား''

မာန့်နှုတ်ဖျားက ချစ်သူအမည်ကို တမ်းတမ်းတတ ခေါ်လိုက်သံကို မိဖုရားက ကြားမည်မဟုတ်ပါ။ မိဖုရားကားနဲ့ပါ သွားတာ ထန်လား။ ထန့်ဖုန်းကို ခေါ်လိုက်တော့ ဖုန်းက မာန့်ရှေ့ က စားပွဲပေါ်မှာ။

''မင်းဘယ်လိုလုပ်လိုက်တာလဲ ထန်ရယ်''

မာန် ပြန်ရောက်ပြီးမှ ထန် ဒီလိုမလုပ်သင့်တော့ပါ။

အခုတော့ ထန်က မာန့်ကိုထားပြီး မိဖုရားနောက် မာန် အဖြစ် ဟန်ဆောင်ပြီး လိုက်သွားသည်။





''ထန်ရာ…မင်း မင်း သိပ်လွန်နေပြီကွ သိလား''

မာန့်စိတ်ထဲ ဒေါသနှင့် ထန့်ကို မကျေမနပ်ဖြစ်နေချိန်မှာ ထန့်အိမ်ရှေ့တည့်တည့်ကို သူ တစ်ခါမှ မမြင်ဖူးသည့် ကားတစ်စီး ရပ်လာပြီး ကားပေါ်က မိန်းမလှလေးတစ်ယောက် ဆင်းလာ၏။

''ဆောရီး…အကြင်နာ နည်းနည်းနောက်ကျသွားတယ်''

မာန့်မျက်နှာကို တည့်တည့်ကြည့်ပြီး ပြောလာသည့် မိန်းမ လှလေးတစ်ယောက်။ အကြင်နာဟု သူမနာမည်ကို ထည့်ပြောတော့ မှ အကြင်နာမြတ်နိုးပဲဟု ထန့်အဖော်မှန်း မာန် သိလိုက်၏။

''အကြင်နာကို ဘာကြည့်နေတာလဲ ထန်၊ သွားကြမယ် လေ''

ထန်ဟု သူ့ကိုခေါ်လိုက်တော့ ထန့်ရဲ့ အကြင်နာမြတ်နိုး ဆိုတာ မာန့်အတွက် ပိုသေချာသွားသည်။

''ဆောရီး အကြင်နာ၊ တို့ အကြင်နာနဲ့ မလိုက်နိုင်တော့ ဘူး''

''ဘာဖြစ်လို့လဲ၊ ထန်ပဲ အကြင်နာ့ကို ကတိပေးထားပြီး တော့၊ ထန့်သဘောထားတွေကို ဒီလိုပဲ အပြောင်းအလဲမြန်တတ် သလား''

စိတ်ဆိုးသွားသည့် အကြင်နာမြတ်နိုး မျက်နှာလှလှလေးကို ကြည့်ပြီး မာန် စိတ်ရှုပ်သွားသည်။ ဒါတွေအားလုံး အခုလိုဖြစ်ရ



www.burmeseclassic.com

www.burmeseclassic.com



တာ ထန့်ကြောင့်ပဲ။ သူကိုယ်တိုင် အကြင်နာမြတ်နိုးမှု ချိန်းထားပြီးမှ ဘာကိစ္စ မိဖုရားနောက် လိုက်သွားရတာလဲ။

"ဘယ်လိုလဲ ထန်၊ အကြင်နာမေးတာကို မဖြေဘဲ ဒီတိုင်းပဲ ကြည့်နေတော့မှာလား"

"အကြင်နာထင်သလို ကိုယ်ဟာ အပြောင်းအလဲမြန်တဲ့သူ မဟုတ်ပါဘူး အကြင်နာ"

"ဒါဆို ပေးပြီးသားကတိကို တည်ပြပေါ့"

"ကိုယ့်မှာ တခြား အရေးကြီးတဲ့ကိစ္စရှိလို့ပါ"

"ထန့်ဆီက အကြောင်းပြချက်တွေကို အကြင်နာ စိတ်မဝင်စားဘူး ထန်၊ အကြင်နာ တစ်ခုပဲမေးမယ်၊ အကြင်နာ နောက်ကို ထန် လိုက်မှာလား၊ မလိုက်ဘူးလား"

"ကောင်းပြီ ကိုယ်လိုက်ခဲ့မယ်"

"သင့်ခ်ယူ…ထန်"

နောက်ဆုံးတော့ ထန့်အပေါ် အထင်လွဲနေသည့် အကြင်နာ နောက်ကို ထန်အဖြစ် ဟန်ဆောင်ရင်း မာန် လိုက်ခဲ့သည်။ အိမ်မှာ က မိဘနှစ်ပါးစလုံး မရှိ။ တောင်ကြီးသွားနေသည်။ ဒါကြောင့် ထန်က လွတ်လပ်ချင်တိုင်း လွတ်လပ်ခွင့်ရနေ၏။ အကြင်နာက မာန် ဝတ်ထားသည့် အဝတ်တွေကိုကြည့်ပြီး ပြုံးသည်။

မာန်က သူ့ပုံစံအတိုင်း လည်ကတုံးအင်္ကျီဖြူ၊ ချည်ပုဆိုး



ညိုမှုက်နက် ဝတ်ထား၍ ထန့်ပုံစံနှင့်အတူပဲ ဖြစ်နေတာကို မာန် သိသည်။

"ရှော့…ကားသော့"

"ကားကို ထန်ပဲမောင်း၊ အကြင်နာက ဒီလမ်းတွေ သိပ်ကျွမ်းတာ မဟုတ်ဘူး"

မာန် ဘာမှမပြော။ အကြင်နာပြောသည့်အတိုင်း ကားကို သူပဲမောင်းဖို့ ဆုံးဖြတ်လိုက်သည်။

"ကဲ…ပြော၊ ဘယ်ကိုလိုက်ပို့ရမှာလဲ"

"အကြင်နာ သွားချင်တဲ့နေရာကို ပြောတာလား ထန်"

"ဟုတ်တယ်"

"ဒါဆို မြို့အစွန်သွားချင်တယ်၊ ထန် လိုက်ပို့"

ပြောပြီး အကြင်နာက ရယ်သဖြင့် မာန်လည်း ပြုံးဖြစ်သွားသည်။

"အကြင်နာ ဘာမှမစားရသေးဘူး ထန်၊ စကားပြောရင်း တစ်ခုခုစားရအောင်လား"

"အေးအေးဆေးဆေး စကားပြောနိုင်မယ့်နေရာကို ထန် သိမှာပါ၊ အဲဒီကို သွားကြတာပေါ့"

"ကောင်းပြီလေ၊ အကြင်နာ သွားချင်တဲ့နေရာမျိုး ကိုယ် လိုက်ပို့ပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"သင့်ခ်ယူနော်"

"ကြည့်ပါဦး ထန်ရယ်၊ ဆိုင်လေးက အေးချမ်းလိုက်တာ အကြင်နာစိတ်ထဲကို ငြိမ်းသွားတာပဲ၊ ဒီဆိုင်လေးကို ထန် လာနေ ကြလားဟင်"

"အင်း"

"ဘယ်သူနဲ့လဲလို့ မေးရင် ထန် စိတ်ဆိုးမှာလား"

ပြုံးနေသည့် အကြင်နာ မျက်နှာလေးကြောင့် သူ သက်ပြင်းချမိ၏။ ထန့်အပေါ်မှာထားသည့် အကြင်နာ ချစ်ခြင်း မေတ္တာကို မာန် မြင်တွေ့နေရသည့်အတွက်ပါ။ အကြင်နာလို မိန်း လှလေးကို ထန် မချစ်ဘူးလား။

"ကိုယ့်သူငယ်ချင်းနဲ့လာတာပါ အကြင်နာ"

"အကြင်နာလည်း ဒီနေရာလေးကို ထန်နဲ့ မကြာခဏ လာခွင့်ရရင် ကောင်းမှာပဲ"

"ကိုယ်အားရင် လိုက်ပို့မှာပါ အကြင်နာ"

"တကယ်နော်"

အကြင်နာကို သူ ခေါင်းညိတ်ပြရင်း အရင်က ဒီနေရာ မိဖုရားနှင့်အတူ ရောက်ခဲ့တာ သတိရပြီး မျက်နှာပျက်သွားသည် ဒါကိုပဲ မာန့်မျက်နှာကို အရိပ်လိုကြည့်နေသော အကြင်နာ သင် ပြုံးမိသွားလျက်...





"အကြင်နာနဲ့သွားရတာ စိတ်မပါဘူးလား ထန်၊ ဒါဆို ပြန်ကြရအောင်"

"မဟုတ်ပါဘူး အကြင်နာ၊ ကိုယ် သိပ်နေမကောင်းချင် လို့ပါ"

"ဆောရီး...ထန်၊ ထန် နေမကောင်းမှန်း အကြင်နာ မသိလိုက်ဘူး၊ အကြင်နာ ထန့်အပေါ်မှာ တစ်ကိုယ်ကောင်းဆန်သွား တယ်"

"ဒါကြောင့် ထန့်ကိုကြည့်ရတာ အေးစက်စက်နဲ့ အကြင်နာကို စိမ်းသွားသလိုလို ဘာလိုလို ဖြစ်နေတာကိုး"

ဩော်...အကြင်နာရယ်။ ကိုယ်က မင်းထင်နေတဲ့ ထန်မှ မဟုတ်ပဲ။ ဒီလိုပဲဖြစ်မှာပေါ့။

"စိတ်မကောင်းမဖြစ်ပါနဲ့ အကြင်နာ၊ ကိုယ် ဆေးသောက် လာခဲ့ပါတယ်"

ထန်အဖြစ် လိုက်ပါပြီးမှတော့ အကြင်နာကို သူစိတ်ချမ်း သာစေချင်ပါ၏။ အကြင်နာမြတ်နိုး ဆိုတာကလည်း ထန့်အပေါ် မှာ တစ်ဖက်သတ် မေတ္တာရှိနေသူ လှပသော မိန်းမလှလေး တစ်ယောက်မို့ ထန်နှင့် လိုက်ဖက်ပါသည်။

"အကြင်နာ သွားချင်တဲ့နေရာကိုပြောပါ၊ ကိုယ်လိုက်ပို့ မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ"

အကြင်နာမျက်နှာလေး ပြုံးသွားမှ မာန့်မျက်နှာလည်း ပြုံးသွား၏။ ထန်တစ်ယောက် အကြင်နာမြတ်နိုးအပေါ် ဘယ်လောက်များ ဆွဲဆောင်မှုရှိနေပါလိမ့်။

□ □ □



"ဟယ်...မိဖုရား"

"သြော်...မာပါလား၊ ဘာလဲ ဒီလာတာလား မာ"

"ဟုတ်တယ် မိဖုရား၊ ကြည့်စမ်း ရှင်တို့က နှစ်ယောက်တည်း လည်နေလိုက်တာ၊ တို့ကိုတောင် ခေါ်ဖော်မရဘူး"

မာ ရင်းနှီးစွာဖြင့် ထန့်ကို လှည့်နှုတ်ဆက်ပေမယ့် ထန်က မာ့ကိုမသိသဖြင့် ခပ်စိမ်းစိမ်းကြည့်နေ၏။ ဒါကို သတိပြုမိသွားသော မာက...

"ယော့...မာန် ဘာဖြစ်နေတာလဲ၊ ဘာလဲ တို့ကို မခေါ်ချင်လို့ မသိဟန်ဆောင်နေတာလား"

"ဟုတ်သားပဲ မာန်ကလဲ၊ မာ့ကို ဘာလို့မခေါ်တာလဲ"

မိဖုရားက ဝင်ပြောတော့မှ ထန်မှာ ဒါ မာန့်သူငယ်ချင်း မာပါလားဟု သိသွားလျက် ခပ်မြန်မြန် ပြုံးပြလိုက်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



"မှာ့ကို အလကားစတာပါဗျာ၊ မာ အံ့ဩသွားလား"

"အံ့ဩတာပေါ့ရှင်၊ မာန်မှ ဟုတ်ရဲ့လားလို့တောင် ထင်လိုက်သေးတာ၊ အဟင်း…ဟင်း"

"ကဲပါ…မာ သွားလိုက်ဦးမယ်၊ နောက်မှ ထပ်ဆုံမယ် ဟုတ်လား"

"ဆုံကြရင် မိဖုရား ဖုန်းဆက်မယ်နော် မာ"

မာက မိဖုရားစတာကို ခေါင်းညိတ်ပြီး နှုတ်ဆက်သွားတော့မှ ထန် သက်ပြင်းချလိုက်သည်။

"မာန်လည်း အခုတလော သိပ်ပြောင်းလဲနေတယ် သိလား၊ မှာ့ကိုများ ကြည့်နေလိုက်တာ တစ်ခါမှ မမြင်ဘူးတဲ့ပုံနဲ့"

"စတာပါလို့ ပြောပြီးပြီပဲ မိဖုရားရဲ့၊ မှာ့ကို မခေါ်လို့ မိဖုရားက ကိုယ့်ကို စိတ်ဆိုးနေတာလား"

ထန်က ရယ်ရယ်မောမောနှင့် သူ့အမှားကို ကာကွယ်တော့ မိဖုရားက ထန့်ကို မျက်စောင်းထိုးသည်။

"ဒါပေါ့…ဒါ စ,စရာလား"

"နောက်မစနဲ့"

"ကောင်းပါပြီဗျာ"

နောက်ကို သတိထားမှဟု တွေးလိုက်သူက ထန်။





"မင်း ဘယ်လိုလုပ်လိုက်တာလဲ ထန်၊ အကြင်နာမြတ်နိုးကို ချိန်းပြီး ဘာလို့ မိဖုရားနဲ့ လိုက်သွားရတာလဲ"

"သူက လူမှားပြီး ဖွတ်ခေါ်နေတာကိုးကွ၊ ပြီးတော့ သူက စိတ်ကောက်နေတာနဲ့ လိုက်သွားရတာ"

ထန် အိမ်သို့ ပြန်ရောက်တာနှင့် မာန်က ဆီး၍ အပြစ်တင်လိုက်ခြင်းဖြစ်သည်။ သို့သော် မာန် လိုချင်သောအဖြေကို မရ။ ထုံးစံအတိုင်း ထန့်မှာ အကြောင်းပြချက်က အသင့်ရှိနေ၏။

"ငါလိုက်မပို့လည်း အကြင်နာ့ကို မင်းလိုက်ပို့တယ် မဟုတ်လား၊ ဒါဆို ပြီးပြီပေါ့"

"ပေါ့ပေါ့လေးမပြောနဲ့ ထန်၊ ဒီလို လိမ်ညာဆက်ဆံနေရတဲ့ကိစ္စကို ငါ မကြိုက်ဘူး၊ အားလုံးကို အမှန်အတိုင်းဆက်ဆံစေချင်တယ်"

ရင်ထဲမှာ မျိုသိပ်ထားရသော မာန်မှ ဆန္ဒအမှန်ကို ဖွင့်ပြောလိုက်တော့ ထန်က မာန့်ကို ဆတ်ခနဲ ကြည့်သည်။

"ဘာလဲ…မင်း ရှိနေရဲ့သားနဲ့ ငါလိုက်သွားလို့ မင်းက ငါ့ကို ပညာပေးချင်နေတာလား မာန်"

"ဖြစ်သင့်တာကိုပြောတာကွ၊ မိဖုရားကို ငါ အမှန်အတိုင်း ဖွင့်ပြောလိုက်ရင်လည်း မိဖုရားက မင်းကို ငါ့ညီအဖြစ် ဆက်ခင်နေမှာပဲ"

www.burmeseclassic.com



"ဆက်ခင်တယ် ဟုတ်လား"

"အေး"

"ဒါပေမဲ့ အနေအထားချင်းက တူမှမတူဘဲ"

"ဘာလဲ····မင်းက မိဖုရားကို ငါနဲ့သဝန်တိုနေလား မာန်"

"မဟုတ်ဘူး"

"မင်းဘက်က သေချာရင် မိဖုရားကိုယ်တိုင် ငါတို့နှစ်ယောက်ကို အတူမတွေ့မချင်း ဒီအတိုင်းနေတာ ကောင်းပါတယ်၊ နောက်တော့လည်း အမှန်အတိုင်း ဖြစ်သွားမှာပါ"

"အကြင်နာမြတ်နိုးကို မင်း ထည့်မတွက်ဘူးလား၊ နောက်တစ်ခါ မင်းအဖြစ် ငါက ဟန်ဆောင်တော့မှာမဟုတ်ဘူး ထန်"

"သူ့ကိုတော့ ငါဟာ မင်းရဲ့အမွှာအစ်ကို မာန်ဆိုတာ ဖွင့်ပြောရမှာပဲ"

ထန်က မာန့်စကားကို မကြိုက်သလို မျက်ခုံးတစ်ချက် တွန့်လိုက်ပေမယ့် ဘာမှမပြော။ မာန်မှာ သက်ပြင်းတစ်ချက်ကျိုက် ချရင်း ထန်နှင့်သူ့ကိစ္စကို ဘယ်လိုအဆုံးသတ်ရမှန်းမသိ ဖြစ်နေ၏။

"မင်း အကြင်နာကို သဘောမကျဘူးလားဟင် မာန်"

"ငါက ဘာကို သဘောကျရမှာလဲ ထန်၊ အကြင်နာက မင်းမိတ်ဆွေ မဟုတ်ဘူးလား"





"သူ့ခမျာ မင်းကို တကယ်မေတ္တာရှိနေတာကွ"

"သွားစမ်းပါ၊ အဲဒီကိစ္စ ငါနဲ့ဘာမှမဆိုင်ဘူး၊ စိတ်လည်း မဝင်စားဘူး၊ ငါစိတ်ဝင်စားတဲ့သူက ဒီကမ္ဘာလောကကြီးမှာ တစ်ယောက်တည်းရှိတယ်"

"အဲဒီတစ်ယောက်တည်းကိုပဲ ငါ့အသည်းထဲမှာ စွဲနေတာကွ"

"မင်းပြောတဲ့ အဲဒီတစ်ယောက်ဆိုတာ ဘယ်သူလဲ ထန်"

ထန်ဟ မာန့်မျက်နှာကို စေ့စေ့စူးစိုက်ကြည့်ပြီး မထိတရိ ပြုံးသည်။

ထန့်အကြည့်ကြောင့် မာန့်စိတ်ထဲ တစ်မျိုးကြီးဖြစ်သွားတာ မာန့်မျက်နှာပေါ်က အပြုံးကို သဘောမကျသလို ဖြစ်နေချိန်မှာပဲ ထန်က···

"မင်းမေးလို့ ငါဖြေရမှာနော်၊ ပြီးမှ ငါ့ကို အပြစ်မတင်နဲ့"

"ငါက ဘာကို အပြစ်တင်ရမှာလဲ"

"ငါချစ်နေတဲ့သူကို သိရင်"

ထန့်အသံက အေးစက်စက်။ ထန့်အကြည့်တွေက အသိရခက်ခြင်းတွေနဲ့ နက်နက်ရှိုင်းရှိုင်း စူးရှတောက်ပစွာ လင်းလက်



www.burmeseclassic.com

www.burmeseclassic.com



လျက်။

"မင်းချစ်နေတဲ့သူ ဟုတ်လား၊ မင်းချစ်နေတဲ့သူက ဘယ်သူမို့လို့လဲ"

"မိဖုရား"

"ဘာ"

ထန်ကပြောပြီး နေရာက ချာခနဲ လှည့်ထွက်အသွားမှာ မထိတရိ အော်ဟစ်ရယ်လိုက်သံက တိတ်ဆိတ်ခြင်းကို ကြောက်စရာကောင်းအောင် နေရာယူ ဖြိုခွင်းသွား၏။

နားကြားမှားတာ ဖြစ်ပါစေလို့ ဆုတောင်းပေမယ့် မာန့်ဆုတောင်းက မပြည့်။

ထန်…မင်း။

□ □ □



သည်တစ်ခါတော့ လူမှန်နေရာမှန် ဖြစ်သွားတယ်ဟု ဆိုရမည်။ မနက်အစောကြီး အကြင်နာက ထန့်ကို ခေါ်သွားသည့်အတွက် မာန်မှာ မိဖုရားကို ဖုန်းဆက်ပြီး အပြင်မှာတွေ့ဖို့ ချိန်းရသည်။ မိဖုရားက သူ့ကို ထန်ဟုထင်နေ၍ မနေ့ကပဲ တွေ့ပြီးပြီဟု ဆို၍ မနည်းပြောမှ တွေ့ဖို့သဘောတူလိုက်မှ မာန်မှာ သက်ပြင်းချနိုင်သည်။ ချစ်သူနဲ့ဝေးနေရတာ မာန့်အတွက် ဘယ်လောက်ကြာပြီလဲ။ မာန့်နေရာမှာ ထန်ကချည်း မိဖုရားကို တွေ့တွေ့နေတာ မိဖုရားကမသိ။

"မိဖုရား"

ချိန်းသည့်နေရာကို ချစ်သူရောက်လာတော့ မာန်မှာ ဟန်မဆောင်နိုင်အောင် ဝမ်းသာကာ ပြေးထွက်ကြိုမိ၏။

ဒါကိုပဲ မိဖုရားက ပိုရန့်ကောဆိုသည့် အပြုံးလေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



မျက်စောင်းထိုးလျက်…

"ဟင်းနော်…အခုတလော မာန်ဟာလေ သိပ်ကိုဝိုးရှ သိလား"

"လွှမ်းလိုက်ရတာ မိဖုရားရယ်"

ချစ်သူမျက်နှာလေးကို တစိမ့်စိမ့်ကြည့်ပြီး တမ်းတမ်းတတ ပြောတော့ မိဖုရားက မျက်နှာနီနီနှင့် အနေရခက်စွာရယ်သည်။

"မနေ့ကမှ တွေ့ခဲ့တာနော် မာန်"

"ဒါလည်းလွှမ်းတာပဲ မိဖုရားရယ်"

"မာန်ဟာလေ…အရင်ကနဲ့ကို မတူတော့ဘူး သိလား"

"ဘာဖြစ်လို့လဲ"

မာန်က မျက်နှာပျက်ချင်တာကို သတိဖြင့် ထိန်းလျက် ပြုံး၍မေးလိုက်ရ၏။

"ဘာဖြစ်လဲဆိုတာ မာန့်ကိုမာန် မသိဘူးလား"

"ဟင့်အင်း…မိဖုရား ပြောပြ"

"မာန်နော်…သူ သိပ်ဆိုးတယ်သိလား၊ အခုလည်း ဘာပြောဖို့ခေါ်တာလဲ၊ မြန်မြန်ပြော"

ပန်းရင့်ရောင် ပြောင်းသွားသော မျက်နှာလေးနှင့် မိဖုရားက မာန့်ကို မျက်စောင်းထိုးသည်။

"ကိုယ်တို့ လက်ထပ်ကြရအောင်လား မိဖုရားရယ်၊





မာန့်ကို မသနားဘူးလားဟင်"

"သနားလို့ပေါ့၊ ဒီဝါကျွတ်ရင် မိဖုရားကို လာတောင်း လှည့်တော့၊ မာမီတို့ကို မိဖုရား ဖွင့်ပြောလိုက်ပြီ"

"ဟာ…ဝမ်းသာလိုက်တာ မိဖုရားရယ်၊ ကိုယ့်ဘဝမှာ အပျော်ဆုံးပဲ သိလား"

"မိဖုရားလည်း အတူတူပဲပေါ့"

မာန့်ရင်တွေ အခုမှ ပေါ့ပါးသွားသည်။

ထန်နှင့် ရှုပ်ထွေးနေသော ဇာတ်ကို မာန်က ဒီနည်းဖြင့် ဖြေရှင်းဖို့ ကြိုးစားခြင်းဖြစ်၏။ မိဖုရားနှင့်မာန် လက်ထပ်လိုက်ရင် ဒီဇာတ်လမ်းက ပြီးသွားမည်မဟုတ်လား။ ညီအစ်ကိုချင်းက ဘာပြဿနာမှ ဖြစ်စရာလည်း မရှိတော့။

"ဒီနေ့တော့ မာန့်အတွက် မင်္ဂလာပဲ မိဖုရားရယ်၊ ဝါကျွတ် ဖို့လည်း သိပ်မလိုတော့ဘူးဆိုတော့ မင်္ဂလာကိစ္စ မေမေတို့ကို အမြန် ဆုံး စီစဉ်ခိုင်းလိုက်မယ်"

"မာန့်သဘော"

"ဟေး"

"အို…ဘာလို့အော်ရတာလဲ"

"ဝမ်းသာလို့ပါ အချစ်ရယ်"

"အဟွန်း…ဟွန်း၊ ကိုယ်တော့ သိပ်ပျော်သွားပြီဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မိဖုရား ပြန်တော့မယ် မာန်"

"ဟင်…ချက်ချင်းကြီး"

"နောက်ဆို အကြာကြီး အတူနေရတော့မှာလေ၊ အခုတော့ ခဏလေး ခွဲရဦးမှာပေါ့ မာန်ရယ်"

"မိဖုရား သွားပြီနော်"

"မသွားခင် နှုတ်ဆက်ပါရစေဦး အချစ်ရယ်"

"အို"

မာန်က မိဖုရား လက်သီးဆုပ်လေးများကို ဖမ်းရင်း အားပါးတရ ရယ်မောလိုက်၏။ ထိုရယ်မောသံတွင် ဝမ်းသာပျော်ရွှင်မှုတွေ ပြည့်ဝစွာ ပျော်ဝင်နေသည်။

□ □ □



"မာန်"

"ဒါက ဘာသဘောလဲ"

"ဟင်…မိဖုရား"

ထန်နှင့် အကြင်နာမြတ်နိုး မြို့ထဲကို ကိစ္စတစ်ခုနှင့်အလာ မမျှော်လင့်ဘဲ မိဖုရားနှင့် တည့်တည့်တိုးခြင်းဖြစ်သည်။ မိဖုရား မျက်နှာမှာ ဒေါသကြောင့် အနီရင့်ရောင် ပြောင်းနေသလို ထန်နှင့် အတူရှိနေသော အကြင်နာမြတ်နိုးကို တစ်လှည့်၊ ထန့်ကိုတစ်လှည့် စူးစိုက်ကြည့်ပြီးမှ ထန့်လက်ကို ဖျတ်ခနဲဆွဲကာ…

"လာခဲ့၊ ရှင် အခု မိဖုရားနဲ့လိုက်ခဲ့"

"ထန်…ဒါက ဘယ်လဲ"

မိဖုရားက ပိုင်စိုးပိုင်နင်း အပြုအမူနှင့် ထန့်လက်ကိုဆွဲပြီး ခေါ်သွားသဖြင့် အကြင်နာ ဒေါသဖြစ်သွားသည်။ မိဖုရားက



www.burmeseclassic.com

www.burmeseclassic.com



အကြင်နာကို ခပ်စိမ်းစိမ်းပုံစံဖြင့် ပြန်ကြည့်ရင်း…

"ဒါ ကျွန်မချစ်သူရှင့်၊ ကိုယ့်ချစ်သူကို ကိုယ်ခေါ်တာ ဘာဖြစ်လဲ"

"မာန်…ရှင့်ဘယ်သူဆိုတာ သူ့ကိုပြောပြလိုက်"

"ဘာ…မာန်၊ ဟုတ်လား"

အကြင်နာက ထန့်ကို မာန်ဟု ခေါ်နေသူကို အံ့သြစွာ ကြည့်လိုက်၏။

"ရှင်…လူမှားနေပြီရှင့်၊ သူက မာန်မဟုတ်ဘူး"

"အကြင်နာ့မိတ်ဆွေ ထန့်ပါ၊ ထန့် ပြောလိုက်လေ၊ ရှင့်ကို လူမှားနေပြီ"

အကြင်နာစကားကြောင့် မိဖုရားမျက်နှာက ဒေါသနှင့် ပိုတင်းမာသွားသည်။ မာန့်ကိုများ မိဖုရားက လူမှားနေသည်တဲ့။

"ဒီမယ်…ဒါက ကျွန်မချစ်သူ မာန်မှမာန်အစစ် သိရဲ့လား၊ ကိုယ့်ချစ်သူတစ်ယောက်လုံးကို မမှတ်မိဘဲ လူမှားရအောင် ကျွန်မက ရူးနေတာမဟုတ်ဘူး"

"ပြောလိုက်လေ မာန်၊ မိဖုရားဆိုတာ မာန့်ချစ်သူ၊ မာန့် မကြာခင် လက်ထပ်တော့မယ်ဆိုတာ"

မိဖုရားအသံက မခံချိမခံသာ ဒေါသဖြစ်နေဆဲ။

"ထန့်…ရှင်းဦးလေ၊ အခု ဘာတွေဖြစ်နေတာလဲ





အကြင်နာတော့ ဘာမှကို နားမလည်တော့ဘူး"

"မာန်"

"မဟုတ်ဘူး၊ သူက ထန့်ပါ"

"မာန်မှ မာန်အစစ်ရှင့်၊ မာန်"

"နေပါဦး၊ ကိုယ်ရှင်းပြပါ့မယ်၊ ကိုယ့်နာမည် ထန့်"

"ရှင်"

"ဘာ…ရှင်က ထန့် ဟုတ်လား မာန်"

"မာန် မဟုတ်ဘူးလို့ ကာယကံရှင်ကိုယ်တိုင် ပြောနေတာ မကြားဘူးလား"

မိဖုရားက ထန့်မျက်နှာကို စေ့စေ့ကြည့်ပြီး အံ့သြဝမ်းနည်း အကြည်းမှုတွေနှင့် စိတ်ထိခိုက်သွားချိန်မှာ အကြင်နာကလည်း သူ့ဘက်က အောင်နိုင်သွားပြီမို့ အခုချိန်ထိ ထန့်ကို မာန်လို့ ခေါ်နေသော မိဖုရားကို သဘောမကျသလို ပြောလိုက်သည်။

"ရှင် မိဖုရားကို ညာနေတာ၊ လိမ်နေတာပဲ မာန်"

"ရှင့်ကို မိဖုရား မုန်းတယ်သိလား"

"မုန်းတယ်"

"မိဖုရား…နေဦးလေ"

"ဖယ်ပါ…ရှင့် မိဖုရားအသားကို မထိနဲ့"

ထန့်က သူ့ရှေ့က မျက်ရည်တွေနှင့် ဒိုရိုက်ပြေးထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



သည့် မိဖုရားလက်လေးကို လှမ်းဆွဲတော့ မိဖုရားက ဆတ်ခနဲ ထိမခံ ပြန်ရုန်းတွေ့ရင်း ထန့်လက်ကို ပုတ်ချသည်။

"ကိုယ် မိဖုရားကို မညာပါဘူးဗျာ၊ မာန့်ကိုတွေ့ချင်ရင် အိမ်ကိုသွားလိုက်ပါ"

"ဘာပြောတယ်၊ လူတစ်ယောက်လုံး မျက်စိရှေ့မှာ ရှိနေ ရက်နဲ့ မိဖုရားက ဘာကိစ္စ ရှင့်အိမ်ကို သွားရမှာလဲ"

"ဘာအကြံအစည်တွေနဲ့ မိဖုရားကို ထပ်ပြီး လိမ်ညာဦး မလို့လဲ မာန်"

ဒေါသနှင့် တုန်ရီပေါက်ကွဲနေသော မိဖုရား မျက်နှာလေး ကိုကြည့်ပြီး ထန့်ရင်ထဲမှာ နာကျင်ထိခိုက်ရပေမယ့် အကြင်နာရှေ့ မှာ သူ့ကိုယ်သူ မာန်အဖြစ် လိမ်ညာ၍မရတော့။

သူ့ပတ်စ်ပို့က အကြင်နာထံမှာ ရှိနေသည်။ သံရုံးသို့ ဗီဇာကိစ္စအတွက် လာခြင်းဖြစ်၍ မာန်အဖြစ် လိမ်ညာ၍မရ။

"ဒီမှာ…ရှင်မယုံရင် ဟောဒီမှာ ပတ်စ်ပို့စာအုပ်ကိုကြည့် သူ့နာမည် ထန့်"

အကြင်နာကမ်းပေးသည့် ပတ်စ်ပို့စာအုပ်ကို မိဖုရားက လှမ်းယူလိုက်တော့ တကယ်ပဲ စာအုပ်ထဲက အမည်က ထန့်ဖြစ်၍ မိဖုရား နှုတ်ခမ်းလေး တင်းတင်းစေ့သွားသည်။

"ဒါဆို ရှင်က ထန့်ပေါ့ ဟုတ်လား"





"ဟုတ်တယ်"

"ရှင့်ချစ်သူ မဟုတ်ဘူးဆိုတာ ရှင်းပြီနော်၊ လာ ထန့် သွားကြမယ်"

အကြင်နာက ထန့်လက်ကိုဆွဲပြီး မိဖုရားရှေ့က သွားဖို့ ပြင်သည်။ မိဖုရားမှာ သူ့မချစ်သူ မာန့်ကို မြင်ပါလျက် ထန်အဖြစ် လက်ခံရတာကို ရင်နာလျက် အံလေးကျိတ်လိုက်တာကို ထန့်က မြင်သဖြင့် မိဖုရားကို သနားစိတ်နှင့် ပို၍ချစ်သွားသည်။

"ကိုယ်က မာန့်ညီ ထန့်ပါ"

"မာန့်ညီ ဟုတ်လား"

"ဟုတ်တယ်၊ ကိုယ်တို့က အမွှာတွေလေ၊ မာန် အိမ်မှာ ရှိတယ်၊ သွားတွေ့လိုက်ပါ"

"ရှင် တကယ်ပြောတာနော်"

"ဩော်…တကယ်ပါဗျာ၊ ကိုယ် သွားပြီနော်"

ရင်နာနာနှင့် ချစ်သူကို နှုတ်ဆက်ပြီး ထန့် လမ်းခွဲလိုက်ရ ပေမယ့် နှလုံးသားတွေက နာကျင်နေ၏။

မိဖုရားကတော့ သူ့ကိုယ်သူ မာန်ရဲ့ အမွှာညီဆိုသည့် ထန့် ပြောတာကို မယုံ၍ မာန့်အိမ်ကို ဖုန်းဆက်မလို့ပြင်ပြီးမှ ကားဖြင့် ချက်ချင်းလိုက်သွားသည်။ ဒါမှ ကြိုတင်ကြံစည်လို့ မရမှာ မဟုတ်လား။ မာန့်အိမ်ရှေ့မှာ ကားရပ်လိုက်တော့ ဘယ်သူမှ



www.burmeseclassic.com

www.burmeseclassic.com



မတွေ့။ မာန့်မိဘတွေ တောင်ကြီးမှာဆိုတာ မိဖုရား သိထား၍ မာန့်အမည်ကို ခေါ်လိုက်၏။

"မာန်"

"မာန် ရှိလား"

သူ့နာမည် တကြော်ကြော် ခေါ်လာသော မိဖုရား၏ တွေ့လိုက်ရ၍ မာန် ဝမ်းသာစွာ ချစ်သူရှေ့ ရောက်လာ၏။

"မိဖုရား"

"မာန်"

မာန့်ကိုတွေ့တော့ မိဖုရားက ခြေဆုံးခေါင်းဆုံးကြည့်၏

"ဒါ…ဒါ မာန်အစစ်ပါနော်"

"အစစ်ပေါ့ မိဖုရားရဲ့၊ ကိုယ့်ချစ်သူ ကိုယ်တောင် မမှတ်မိ ဘူးလား"

"သိပ်မှတ်မိလို့ အခုလို ဖြစ်နေရတာပေါ့ မာန်ရယ် မိဖုရားလေ စောစောက မာန့်ကို တခြားမိန်းကလေးတစ်ယောက်နဲ့ တွေ့လိုက်တော့ မာန်က မိဖုရားကို လူမှားတာတဲ့"

"လူမှားတာ ဟုတ်လား၊ ကိုယ်လည်း ဘယ်မှမသွားရပ် လား မိဖုရားရယ်၊ ဒါဆို မိဖုရားတွေ့လာတာ ထန်ပေါ့"

"ထန်…ဟုတ်လား၊ မာန်"

"ဟုတ်တယ် မိဖုရား၊ ထန်က ကိုယ့်အမွှာညီလေ"





"ဟင်"

"မာန်တို့အမွှာက တစ်ရုပ်ထဲပါလား"

"ဟုတ်တယ် မိဖုရား"

"အို"

မာန့်ထံမှ ဝန်ခံစကားကြောင့် မိဖုရား ငိုချင်သွားသည်။

"ဒါဆို မိဖုရား မာန်နဲ့ထန့်ကို ဘယ်လိုခွဲရမှာလဲ မာန်ရယ်၊ မိဖုရားတော့ မခွဲတတ်အောင်ဖြစ်နေပြီ"

စိတ်ရှုပ်ထွေးသွားသည့် ချစ်သူကို ကြည့်ပြီး မာန် ပြုံးလိုက်၏။ အကြင်နာနှင့်ထန် အတူရှိနေ၍ သူ့ကိုယ်သူ မာန်အဖြစ် ဟန်ဆောင်ခွင့်မရလိုက်ဘဲ အမှန်ဝန်ခံလိုက်ရသည့် ထန့်အဖြစ်ကို အခုမှ သက်ပြင်းချနိုင်သည်။

"ပြောဦးလေ…မာန်၊ ထန်နဲ့မာန်ကို မာန့်မိဘတွေက ဘယ်လိုခွဲသိလဲ၊ ပြီးတော့ မာန့်အမွှာက မာန်နဲ့ တစ်ရုပ်ထဲဆိုတာ မိဖုရားကိုလည်း မာန်က တစ်ခါမှမပြောဘူး"

"ညီလေးက မပြောစေချင်ဘူးဆိုလို့ပါ"

"ဘာဖြစ်လို့လဲ"

"သူက နိုင်ငံခြားမှာ နေတာလေ၊ အခု ပြန်ရောက်တာ မကြာသေးဘူး၊ သူက ဘယ်သူနဲ့မှ မတွေ့ချင်ဘူးဆိုတော့"

"ဪ"



www.burmeseclassic.com

www.burmeseclassic.com



မိဖုရား မျက်ဝန်းထဲမှာ မာန်နှင့် ဘယ်လိုမှ ခွဲမရသော ထန့်ပုံရိပ်ကို မြင်ယောင်ရင်း ငိုချင်လာသည်။

လမ်းမှာတွေ့ရင် မိဖုရားချစ်သူက မခွဲတတ်ရင် ဘယ်လို လုပ်မလဲ။

“မိဖုရားမေးတာကို ဖြေပါဦး မာန်ရယ်၊ မာန်တို့ နှစ်ယောက်ကို မိဖုရား ဘယ်လိုခွဲရမှာလဲလို့”

“နှလုံးသားနဲ့ ခွဲကြည့်လေ”

“ရှင်”

“မိဖုရားချစ်တဲ့သူကို မိဖုရားနှလုံးသားက သိမှာပေါ့”

ပြုံးနေသည့် မာန့်မျက်နှာကို ကြည့်ပြီး မိဖုရား ရှုတ်ခ်ံး ရှုသွားသည်။

“မာန်တို့နှစ်ယောက်က ခွဲမရအောင် တူနေမှတော့ မိဖုရား နှလုံးသားက ဘယ်လိုလုပ် ခွဲခြားတတ်တော့မှာလဲလို့”

“ဒါဆို…မိဖုရားက ကိုယ့်ကို တကယ်မချစ်လို့ပေါ့”

“မာန်နော်…မိဖုရားကို လာမစနဲ့၊ မိဖုရား တကယ်ငိုချင် နေတာ သိလား”

ဒီတော့မှ မာန်က မိဖုရားပါးလေးကို ဖွဖွရှိုက်နမ်းရင်း ချစ်သူ၏ အခက်အခဲကို စာနာနားလည်စွာ ချစ်စနိုးရယ်သည်။

“ကိုယ်တို့နှစ်ယောက်ကို မေမေတို့က ဘယ်လိုခွဲလဲဆို





တော့ ဒီလိုခွဲထားတာပေါ့ အချစ်ရယ်”

“ဟယ်…မာန့်နှာမည်ပါတဲ့ ဆွဲကြိုးလေးပါလား မိဖုရား တစ်ခါမှ မမြင်ဖူးဘူးနော်”

“ထန့်မှာလည်း သူ့နာမည်နဲ့ ဆွဲကြိုးရှိတယ်ကွ”

“သူ့ဆွဲကြိုးက သူ့အင်္ကျီနဲ့ ဖုံးနေတော့ မိဖုရားက ဘယ်လို သိမှာလဲ”

မသိလို့ပဲ မိဖုရားကိုယ်တိုင် ထန့်ကို မာန်အဖြစ် တွဲခဲ့တာ သူ့အသိဆုံး မဟုတ်လား။

ဒါကိုတွေးမိတော့ မာန် ပြုံးလိုက်သည်။

“ဒါဆို ချစ်က မာန့်ကို မာန်မှန်းသိအောင် ဘယ်လိုခွဲ မလဲ”

“ဒီလိုဆိုရင်ကော မာန်”

“အား…နာတယ်ကွ”

“လူကို ဘာလို့ကိုက်ရတာလဲ၊ နာလိုက်တာ”

မိဖုရားက စိတ်ရှုပ်ရှုပ်နှင့် မာန့်လက်ကိုဆွဲပြီး သွားချွန် ချွန်လေးနှင့် ဖိကိုက်လိုက်၍ မာန်ကအော်တော့ မိဖုရားမှာလည်း စိတ်ညစ်သည့်ကြားက ရယ်မိသည်။

“သိဘူးလေ၊ ကိုယ့်ချစ်သူ ကိုယ်မှတ်မိချင်တာနဲ့ အခုလို လုပ်လိုက်တာပဲ”



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ဆိုးတဲ့ ကောင်မလေး၊ လာခဲ့"

"မာန်နော်"

"အို"

မိဖုရားက မာန့်ကိုယ်ကြီးကို လက်သီးဆုပ်လေးတွေနှင့် မနာကျင်အောင် ထုတော့ မာန်က ကြည်မွေ့စွာရယ်သည်။

"မိဖုရား အကြံရပြီ မာန်"

"ဘာအကြံလဲ၊ ပြောပါဦး"

"ဟင့်အင်း…အခုမပြောသေးဘူး၊ နောက်မှ မိဖုရား ချစ်သူအဖြစ် ပေးအပ်မယ့် အမှတ်အသားဟာ ဘာလဲဆိုတာ မာန့်ကို ပေးသိမယ်"

"လျှို့ဝှက်ချက်ပေါ့ ဟုတ်လား"

"ဒါပေါ့ မာန်နဲ့မိဖုရား နှစ်ယောက်တည်းသိတဲ့ လျှို့ဝှက်ချက်"

"ကောင်းပါပြီတဲ့ဗျာ၊ မမေးနဲ့ဆို မမေးပါဘူး၊ ဒါပေမဲ့ နှုတ်ပိတ်ခအဖြစ်"

"မာန်"

တိုးတိတ်သော အသံလေး ပျောက်ဆုံးသွားကာ မာန့် ရင်ခွင်ထဲမှာ မိဖုရားတစ်ကိုယ်လုံး မွန်နစ်သွားသည်။

◻ ◻ ◻



ရုတ်တရက်မြင်လိုက်ရသော ချွတ်စွပ်တူနေသည့် အမွှာ ညီအစ်ကိုကြောင့် မိဖုရားနှင့် အကြင်နာမြတ်နိုးတို့မှာ မယုံနိုင်အောင် အံ့သြလျက် နေရာမှပင် ဆတ်ခနဲ ပြိုင်တူထရပ်မိကြသည်။ ထို့နောက် အကြင်နာနှင့်မိဖုရား မာန်နှင့်ထန်ကို အပြန်ပြန် အလှန်လှန်ကြည့်ကာ ဘယ်သူက မာန်၊ ဘယ်သူက ထန်ဆိုတာ ခွဲခြားကြည့်နေကြ၏။ သို့သော် အချိန်သာကုန်သည်။ သူတို့နှစ်ယောက် ခွဲလို့မရပါ။

အကြင်နာနှင့် မိဖုရားကို မာန်နှင့်ထန်တို့နှစ်ယောက်က ပြုံးကြည့်လျက်…

"ကိုယ်တို့နှစ်ယောက်ဟာ ဘယ်သူက မာန်၊ ဘယ်သူက ထန်ဆိုတာ ပြောကြည့်ကြပါဦးဗျာ"

ရုပ်ချင်းခွဲမရအောင် တူနေသူနှစ်ဦးကို ကြည့်၍ အကြင်နာ မြတ်နိုးနှင့် မိဖုရားနှစ်ယောက်စလုံး ဘာစကားမှမပြောနိုင်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြ၏။ ထိုအကြည့်ထဲမှာတော့ ဘယ်လိုလဲဟူသည့်သဘော။

"အကြင်နာတော့ ဘယ်သူက ထန်၊ ဘယ်သူက မာန်ဆိုတာ မခွဲတတ်တော့ဘူး မိဖုရားရေ"

"မိဖုရားလည်း အတူတူပါပဲ အကြင်နာ၊ သူတို့ကို မခွဲတတ်တော့ဘူး"

စိတ်ရှုပ်ထွေးနေသည့် အမူအရာနှင့် မိန်းမလှလေးနှစ်ယောက်ကို ကြည့်ပြီး မာန်နှင့်ထန်က ပြုံးလိုက်ကြသည်။

သူတို့အမွှာကို မိဘတွေကိုယ်တိုင်က မခွဲတတ်မှတော့ တခြားသူတွေ မခွဲတတ်တာ မဆန်း။

"ဒီမှာ…ရှင် မာန်မဟုတ်လား"

"မဟုတ်ပါဘူးဗျာ၊ ကိုယ်က ထန်ပါ"

"ဒါဆို ရှင်က မာန်ပေါ့"

"ဟိတ်…မဟုတ်ဘူး၊ ကိုယ်က ထန်"

"အို…သူကပြောတော့ ထန်ဆို"

"အဲဒါညာတာ"

"အို…ဘာတွေလဲ"

သူတို့နှစ်ယောက် ဘယ်လိုပင် ရအောင် ခွဲခြားပေမယ့် အဖြေထွက်မလာ။ နောက်ဆုံး မိဖုရားက ကလေးတစ်ယောက်လို





တသိမ့်သိမ့် ငိုချလိုက်မှ မာန်အစစ်က ထွက်လာပြီး ချစ်သူကို ချော့သဖြင့် မိဖုရားက မာန့်ကို ထုရိုက်အပြစ်ပေးပါသည်။

"သွား…သွား၊ ရှင့်ကို မိဖုရား မုန်းတယ်သိလား"

"မမုန်းပါနဲ့ ကိုယ့်အချစ်ရယ်၊ ကိုယ်က မိဖုရားကို စချင်လို့ပါ၊ တိတ်နော် နောက် ဘယ်တော့မှ မိဖုရား စိတ်ညစ်အောင် မလုပ်တော့ဘူး ဟုတ်လား"

မိဖုရားမျက်ရည်တွေကို မာန်က သူကိုယ်တိုင်လက်ကိုင်ပဝါဖြူလေးနှင့် တို့သုတ်ဖယ်ရှားပေးရင်း ချစ်သူကို ချော့နေတာကို ထန်က မမြင်ဟန်ဆောင်ကာ မျက်နှာကို တစ်ဖက်သို့ လွှဲထားသည်။ သူချစ်သော၊ မြတ်နိုးသော ချစ်သူနှင့် မာန်ကို မကြည့်ချင်။ ထန့်ရင်တွေ နာနေသည်။

"ထန်"

"ဘာလဲ…အကြင်နာ"

"ဘာမှမဟုတ်ပါဘူး ထန်ရယ်၊ ထန်ဆိုတာ သေချာရဲ့လားလို့ ခေါ်ကြည့်တာပါ"

အကြင်နာ စကားအဆုံးမှာ ထန်က မထိတရိပြုံးသည်။

"ဘာလဲ…အကြင်နာလည်း လူမှားမှာ စိုးရိမ်လို့လား"

"ဒါပေါ့ ထန်၊ လူမှားရင် အားနာစရာမဟုတ်လား"

"ဒါဆိုလည်း လူမမှားအောင် အခုထဲက ကိုယ့်မျက်နှာကို

www.burmeseclassic.com

www.burmeseclassic.com



သေချာကြည့်ထားပေါ့၊ ကဲ…ကိုယ်သွားမယ်၊ အကြင်နာ လိုက်မှာ လား၊ နေခဲ့မှာလား”

“ထန်နဲ့လိုက်မှာပေါ့ ထန်ရယ်”

“မာန်…ငါတို့သွားပြီ”

“အိုကေ”

ထန်က မိဖုရားကို နှုတ်မဆက်။

မျက်နှာလှလှလေးကို တစ်ချက်စိုက်ကြည့်ပြီး နေရာက ချာခနဲ လှည့်ထွက်သွားပုံက သူစိမ်းဆန်ဆန်။ အကြင်နာက ထန့်ကားနှင့်အတူ ထွက်သွား၍ မာန်နှင့်မိဖုရား ကျန်ခဲ့သည်။

“မာန်”

“ဗျာ”

“ထန့်ကိုကြည့်ရတာ တစ်မျိုးပဲနော်၊ မိဖုရားကို မခေါ်ချင် သလိုလို မပြောချင်သလိုလိုနဲ့”

“သူက ဒီလိုပဲနေတတ်လို့ပါ”

“အမြဲတမ်းပဲလား”

“အင်း”

“သေချာတယ်နော်၊ ဒါဆို မာန်နဲ့ထန့်ကို မိဖုရား ခွဲခြား တတ်သွားပြီ”

“မိဖုရားက ဘယ်လိုခွဲခြားတတ်သွားတာလဲ၊ ကိုယ့်ကို





ပြောပါဦး”

“အို…မာန်ကလည်း ထန်ဆိုရင် မိဖုရားကို မခေါ်ချင် သလိုလို မပြောချင်သလိုလို လုပ်နေတာ မမြင်ဘူးလား”

“မမြင်ဘူး၊ ကိုယ်မြင်နေတာက ဟောဒီက ကောင်မ လေး”

“သွား…ဒီက စကားအကောင်းပြောနေတာကို”

“ကိုယ်ကလည်း အကောင်းပြောနေတာပဲဗျ၊ မိဖုရားကို ချစ်တယ်”

“မာန်ရယ်”

ချစ်သူနဲ့အတူ ရှိနေခွင့်ရ၍ အပျော်ဆုံးလူက မာန်ဖြစ်ပေ မယ့် မိဖုရားထံမှ အချစ်ကို ဆုံးရှုံးလိုက်ရသည့် ထန်ကတော့ ရင်ထဲမှာ သောကအပူမီးတွေနှင့် ဘယ်လိုမှ နေလို့မရ။

မိဖုရားနှင့် ဝေးရမှ မိဖုရားကို သူ ဘယ်လောက်ချစ်နေ မှန်း၊ မြတ်နိုးမှန်း၊ မခွဲနိုင်မှန်း ထန် သိလာ၏။

မခွဲနိုင်ဘူး မိဖုရားရယ်။

ထန့်ကိုပဲ မင်း ချစ်ရမယ်။

ထန်နဲ့ပဲ မင်း လက်ထပ်ရမယ်။

မင်းကို ထန်ပဲ ပိုင်ဆိုင်ရမှုဖြစ်မယ်။ ထန့်ရင်ထဲမှာ အချစ် မီးတွေ တောက်လောင်နေ၏။ အချစ်နဲ့စစ်မှာ မတရားတာမရှိဘူး



www.burmeseclassic.com

www.burmeseclassic.com



ထင်လာ၏။ မဖြစ်ဖြစ်သည့်နည်းနှင့် မိဖုရားကိုရယူဖို့ ထန် ဆုံးဖြတ်လိုက်ချိန်မှာ မိဖုရားက မာန့်နာမည်ပါသော ရွှေဟန်းချိန်းလေးတစ်ခု ချစ်သူလက်မှာ သူမကိုယ်တိုင် အမြတ်တနိုး ဝတ်ဆင်ပေးလိုက်ခြင်းဖြင့် ရုပ်ချင်းခွဲမရအောင်တူသော မာန်နှင့်ထန်ကို ခွဲခြားသတ်မှတ်လိုက်ပါသည်။

"ဒါပဲနော်…မိဖုရား ပေးထားတဲ့ ဒီဟန်းချိန်းလေးကို မာန့်လက်မှာ အမြဲဝတ်ထား၊ ဘယ်တော့မှ မချွတ်ပါဘူးလို့ ကတိပေး"

"စိတ်ချပါ အချစ်ရယ်၊ တစ်သက်လုံး မချွတ်ဘဲ ဝတ်ထားပါ့မယ်လို့ ကတိပေးပါတယ်၊ ကျေနပ်ပြီလား"

"ကျေနပ်ပြီ"

"မင်းလက်က ဟန်းချိန်းက လန်းလှချည်လား မာန် ဘယ်တုန်းက လုပ်လိုက်တာလဲ"

"ငါလုပ်တာမဟုတ်ဘူးကွ၊ မိဖုရားက ပေးထားတာ"

"မင်းနဲ့ငါ့ကို ခွဲတတ်အောင်၊ လူမမှားအောင်လို့တဲ့"

"ဩော်"

မာန့်စကားကြောင့် ထန့်မျက်နှာပျက်သွားပြီးမှ…

"မင်းကံကောင်းတယ် မာန်၊ မိဖုရားက မင်းကို တကယ်ချစ်တာကွ"





"အကြင်နာလည်း မင်းကိုချစ်တာပါပဲ ထန်ရယ်၊ ခင်းလည်း ကံကောင်းပါတယ်"

မာန့်စကားကို ထန် မချိပြုံး ပြုံးလိုက်၏။ ကိုယ့်ဝမ်းနာ ကိုယ်သာအသိဆုံးမဟုတ်လား။ အကြင်နာ ဘယ်လောက်ချစ်ချစ်၊ အကြင်နာကို ထန် မချစ်။ သူတကယ် ချစ်မိသွားတာက မိဖုရားကိုပါ။ အကြင်နာကို အခြေအနေအရ လက်ခံဆက်ဆံနေရပေမယ့် စိတ်ထဲက နည်းနည်းမှ ပျော်သည်မဟုတ်။

တစ်ခါတစ်ခါ ထန့်စိတ်ထဲမှာ အကြင်နာနေရာကို မိဖုရားရောက်ကာ မိဖုရားနေရာမှာ အကြင်နာဆိုလျှင် ဘယ်လောက်များကောင်းလိုက်မလဲလို့ တွေးမိတာလည်း ရှိသည်။

"မင်းတို့လက်ထပ်မှာ ဘယ်လောက်လိုသေးလဲ မာန်"

"လိုတော့ လိုပါသေးတယ်၊ မင်္ဂလာကိစ္စတွေ တိုင်ပင်ရဦးမှာ၊ စီစဉ်ရဦးမှာဆိုတော့ အချိန်ယူရဦးမှာပေါ့"

"မင်းနဲ့ငါ တစ်ပြိုင်တည်း လုပ်လိုက်ကြရင် ကောင်းမယ်ထင်တယ် ထန်"

"မင်းပြောသလိုဖြစ်ရင် ကောင်းတာပေါ့ မာန်"

"အကြင်နာကို ငါပြောလိုက်ရမလား"

"မင်းပြောချင်ရင် ပြောလိုက်ပေါ့"

ထန့်လေသံက မထိတရိ။



www.burmeseclassic.com

www.burmeseclassic.com



ထန့်မျက်နှာလည်း အသိရခက်သည့် အဓိပ္ပာယ်တွေနဲ့ဆို တော့ မာန် သက်ပြင်းကျိတ်ချလိုက်၏။

ထန်က မာန့်နားက ထသွား၏။ မာန့်စိတ်ထဲမှာတော့ မိဖုရားကို ထန် တကယ် စွဲလန်းနေတာလားဟု စိုးရိမ်နေသည်။

မိဖုရားမိဘတွေနှင့် မင်္ဂလာကိစ္စ ပြောဆိုပြီးသွားပြီမို့ ရင်ထဲ အေးနေပေမယ့် ထန့်ပုံစံကိုကြည့်ပြီး စိတ်မကောင်းမိသည်။

မာန်ရှိရာသို့ ထန် ရောက်လာသည်။

"တို့ညီအစ်ကိုနှစ်ယောက် တစ်ခုခုသွားစားရအောင် မာန် နှစ်ယောက်အတူ မသွားဖြစ်တာ ကြာပြီကွ၊ လာ"

ထန်က ကားသော့ကို ဆော့ကစားရင်း မာန့်ကိုခေါ်တော့ မေမေက လှမ်းအော်သည်။

"မင်္ဂလာဆောင်ရတော့မယ့် သတို့သားနော် မာန်၊ အသွား အလာ အနေအထိုင် ဆင်ခြင်ပါ"

"ခဏလေးပါ မေမေရ၊ မကြာပါဘူး"

"သွားပါစေကွာ၊ မင်္ဂလာပွဲက လိုပါသေးတယ်၊ သားကြီး လိုက်သွား"

"ဟုတ်ကဲ့ ဖေဖေ"

ဖေဖေကပါ ဝင်ပြောတော့ ထန့်နောက်ကို မာန် မငြင်းဘဲ လိုက်ခဲ့သည်။





"ကားကို ဖြည်းဖြည်းမောင်းနော် ထန်"

"ဟုတ်ကဲ့ မေမေ"

ထန်က ပါးစပ်က ဟုတ်ကဲ့ပြောပြီး ကားကို ဝေါခနဲမောင်း ထွက်လိုက်၏။ ဒါကလည်း ထန့်အကျင့်၊ ထန့်စရိုက်ဖြစ်၍ မာန် ဘာမှမပြော။ ထန် မောင်းသည့်ကားက လမ်းအတိုင်း တရိပ်ရိပ် ပြေးနေ၏။ ထန်က ကားကက်ဆက်ကို ခပ်ကျယ်ကျယ် ဖွင့်သဖြင့် မာန်က ပြန်တိုးလိုက်ရသည်။

"သီချင်းဆိုတာ ကျယ်ကျယ်ဖွင့်ရတယ်ကွ မာန်ရ"

"အေး…နောက်တော့ ဖွင့်တာပေါ့၊ အခု တို့ဘယ်သွား ကြမှာလဲ"

"အေးဆေးတဲ့ တစ်နေရာကိုပေါ့ကွ၊ ဘာလဲ မင်းက မသွားချင်ဘူးလား"

"မိဖုရားနဲ့ ချိန်းထားလို့ကွ"

"နောက် အမြဲတွေ့ရမှာပါ မာန်ရာ၊ သိပ်လည်း အဖြစ် သည်းမနေစမ်းပါနဲ့"

ထန့်စကားကြောင့် မာန် ပြုံးလိုက်သည်။

"မဟုတ်ပါဘူးကွာ၊ မိဖုရား စောင့်နေရမှာစိုးလို့ပါ"

ထန်က ခပ်သဲ့သဲ့ရယ်ပြီး ကားအရှိန်ကို ပိုမြှင့်လိုက်၏။

"မင်းက မိဖုရားကို ချစ်တယ်ပေါ့ ဟုတ်လား မာန်"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်လို့ လက်ထပ်ကြမှာပဲ ထန်၊ ဘာဖြစ်လို့လဲ"

အေးစက်တည်ငြိမ်နေသော ထန်ကိုကြည့်ပြီး မာန့်ရင်မှာ တစ်မျိုးဖြစ်သွား၏။ ထန် ဘာဖြစ်နေတာလဲ။

"မင်း ချစ်နေသလို တခြားတစ်ယောက်က မိဖုရားရဲ့ အချစ်ကို မရမနေနိုင်အောင် အရူးအမူး အသည်းအသန် အမြတ်တနိုး ချစ်နေပါပြီဆိုရင်ရော မင်း ဘာလုပ်မလဲ ထန်"

"မင်း ဘာကိုပြောတာလဲ ထန်၊ မိဖုရားက ငါနဲ့လက်ထပ်တော့မှာကွ၊ မင်းဘာတွေပြောနေတာလဲ"

"ချစ်တဲ့အကြောင်းတွေ ပြောနေတာ မာန်၊ မိဖုရားကို မင်းတစ်ယောက်တည်း ချစ်တာမဟုတ်ဘူး၊ ငါကိုယ်တိုင် အသည်းပေါက်မတတ် ချစ်နေတာ၊ မြတ်နိုးနေတာ၊ ရယူပိုင်ဆိုင်ချင်နေတာ အဲဒါတွေ မင်းသိလား မာန်"

"မင်း ဘာတွေပြောနေတာလဲ ထန်၊ မင်း ရူးနေပြီလား"

"ဟုတ်တယ် ငါ ရူးနေပြီ၊ အဲဒါ မိဖုရားကို ချစ်လို့ မစွန့်လွှတ်နိုင်လို့ပဲ"

"ဟင်"

တင်းမာခက်ထန်သော မျက်နှာနှင့် ခံစားပေါက်ကွဲနေသော ထန့်မျက်နှာကို မာန် အံ့သြတုန်လှုပ်စွာ မယုံနိုင်အောင် ကြည့်လိုက်မိသည်။ ထန့်မျက်နှာက ကြောက်စရာကောင်းအောင် အရောင်





ပြောင်းလျက် ရှိနေတာကို မြင်ရတော့ မာန့်စိတ်တွေ လှုပ်ရှားလာ၏။

"မင်းစိတ်ကို ထိန်းစမ်း ထန်၊ ဘာဖြစ်လို့ မဖြစ်နိုင်တာတွေ ပြောနေရတာလဲ"

"မဖြစ်နိုင်တာ မရှိဘူး မာန်၊ မဖြစ်သေးတာပဲရှိတယ်"

"မိဖုရားကို ငါချစ်တယ်၊ ငါချစ်တဲ့ မိဖုရားကို ငါပဲ ပိုင်ဆိုင်ရမယ်၊ မိဖုရားကို မင်းကိုယ်စား ငါလက်ထပ်မယ်"

"ဒီဟန်းချိန်းလေး ရှိတဲ့လူဟာ မာန်လေ၊ ငါ မနက်ဖြန် ဒီဟန်းချိန်းလေးကို မချွတ်ဘဲနေရင် မာန်ဟာ ဘယ်သူဖြစ်မလဲ"

"ထန်…မင်း ဘာတွေကြံစည်နေတာလဲ၊ ကားကို အခု ရပ်စမ်း၊ မင်းနဲ့ငါ မလိုက်နိုင်ဘူး"

"မလိုက်ချင်ရင် ခုန်ချလိုက်လေ"

"မင်းက ငါ့ကို သတ်မလို့ပေါ့ ဟုတ်လား ထန်"

"မင်းဘာသာ သေချင်တာပါ မာန်၊ ငါက ငါ့အမွှာ အစ်ကိုကို မသတ်ရက်ပါဘူးကွာ၊ ဒီမှာ ငါ့ဆွဲကြိုးလေး နာမည်ကို ကြည့်ပါဦး"

မာန်စာတာမ်းပါ မာန့်ဆွဲကြိုးက ထန့်လည်ပင်းမှာပါလား။

"ငါ့ဆွဲကြိုးကို မင်းဘာလုပ်တာလဲ"

"မင်းဆွဲကြိုး မဟုတ်ဘူးကွ၊ ဒါ ငါ့ဆွဲကြိုး"

"ဘာကွ…မင်း…မင်း"



www.burmeseclassic.com

www.burmeseclassic.com



မာန်လည်ပင်းမှာ ဆွဲကြိုးမရှိတော့။

"ငါနာမည် မာန်"

"ဟာ"

ထန့်စကားကြောင့် မာန့်မျက်လုံးတွေ ပြာခဲ့ဖြစ်၏။ ထန့်အကြံအစည်တွေက ကြောက်စရာပါလား။ ဒေါသစိတ်၊ မခံချင်စိတ်တို့က မာန့်ရင်မှာ မီးဟုန်းဟုန်းတောက်လောင်လျက်။

"ကားကို အခုရပ်စမ်း ထန့်"

"မရပ်ဘူးကွ…မရပ်ဘူး"

"ကဲကွာ…မရပ်ဦး"

ကားမောင်းနေသော ထန့်ထံက ဟန်းချိန်းကို လုရန်ကြိုးစားသော မာန့်လက်များကို ရှောင်ရှားခိုက် ရုတ်တရက် ကားမထိန်းနိုင်ဖြစ်လျက်…

"ရှေ့မှာ ကား…ကား"

"ထန်…ဘရိတ်နင်း…နင်း"

"ကျွိ"

"အား"

"ဝုန်း"

သူတို့အတွက် အချိန် ဘယ်လိုမှ လိုက်မမီတော့။ မျက်နှာချင်းဆိုင်မှလာသော ကားနှင့် တည့်တည့်တိုးခိုက်…





"ထန့်"

ဖူးရှကျယ်လောင်သံနှင့် ချောက်ချားတုန်လှုပ်စွာ ဟစ်အော်လိုက်သော မာန့်အတွက် အရာအားလုံး မှောင်အတိကျသွားသည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

"ဒီဟန်းချိန်းလေးကိုတော့ သမီးလေး မိဖုရားရဲ့ပစ္စည်း
သမီးပဲ ပြန်ယူထားလိုက်ပါကွယ်"

ငိုရှိုက်သံဖြင့် ပြောလာသော မေမေ့ကိုကြည့်၍ မာန့်ရင် ကွဲကြေသွားသည်။ မေမေက မိဖုရားကို လှမ်းပေးလိုက်တာ 'မာ ဆိုသည့် စာတမ်းပါ ရွှေဟန်းချိန်းလေး။ မိဖုရားက ထိုဟန်းချိ လေးကို ကြေကွဲစွာ စိုက်ကြည့်ပြီး မျက်ရည်ပေါက်ပေါက်ကျလျ တုန်ရီသော လက်လေးများဖြင့် လှမ်းယူလိုက်၏။

"ဒါ...မိဖုရားပစ္စည်း မဟုတ်ပါဘူး အန်တီရယ်၊ မာ ပစ္စည်း၊ မာန့်ကိုယ်စား၊ မာန့်ကိုယ်ပွားအဖြစ် မိဖုရားနဲ့အတူရှိနေ ပါ"

"မာန်...မာန်ရေ မိဖုရားအချစ်ရယ်"

"အဟင့်...ဟင့်...ဟင့်"



"သမီး သတိထားလေ"

မာန် ကြည့်နေဆဲမှာပင် မိဖုရားက သူ့အမည် ဟစ်အော်ရင်း သတိလစ်မေ့မျောသွား၍ အားလုံးက မိဖုရားနားမှာ ဝိုင်းအုံသွားသည်။ မာန်မှာသာ မိဖုရားဆိုတဲ့ ချစ်ရသူကို ဘေးမှာထားပြီး ဘာတစ်ခုမှ ပြောဆိုပိုင်ခွင့်မရှိဘဲ လက်ပိုက်ကြည့်နေရသည့်အဖြစ်။

ထန့်ကို သင်္ဂြိုဟ်သည့်နေ့က ဆေးရုံမှဆင်းလာသော မာန် လိုက်ပို့ခဲ့၏။ ပန်းများဖြင့် လှပစွာပြင်ဆင်ထားသော ထန့်ရုပ်အလောင်းက သေဆုံးနေတာနှင့်မတူဘဲ နှစ်ခြိုက်စွာ အိပ်မောကျနေသည်နှင့် ပိုတူပါသည်။ မာန့်ရင်ထဲမှာ ထန့်အတွက် ဖြည်မဆည်နိုင်အောင် ထိခိုက်နာကျင်နေသည့်ကြားက ထန်ကိုယ်တိုင် ရှင်းမရအောင် ရှုပ်သွားသည့်ပြဿနာကို ဘယ်လိုဖြေရှင်းရမှန်းမသိ ဖြစ်နေသည်။

"ကျွတ်...ကျွတ်၊ ကောင်လေးက ငယ်ငယ်ချောချော လေးနဲ့ နမြောစရာကောင်းလိုက်တာ"

"ဟုတ်ပါ့ကွယ်၊ ဟိုမှာလေ သူ့ရဲ့အမွှာညီဆိုတာ၊ ထန်တဲ့"

မာန့်မှာ မျက်ရည်ဖုံးသော မျက်လုံးများဖြင့် ထန့်ကို စိုက်ကြည့်ရင်း အံတင်းတင်းကြိတ်ထားမိ၏။

ထန်ရယ်...မင်းက လူသေသွားသလို မာန့်ဘဝသေသွား



www.burmeseclassic.com

www.burmeseclassic.com



အောင် လုပ်ခဲ့တာလား။ ကြည့်ပါဦး အားလုံးက ထန်ဆုံးတာကို မာန်လို့ ထင်နေကြတာ။ သူဘယ်လိုဖြေရှင်းရမလဲ။

မေမေကတော့ သည်းသည်းထန်ထန် ငိုရှိုက်လျက်။

"သားကြီးရေ…မာန် သားကြီး"

မာန့်အမည်ကို တငိုနေတာ တက်မတတ်၊ ချက်မတတ် ဖြစ်နေသည့် မေမေ့ကို မာန် မကြည့်ရက်။

"မာန် ဒီမှာပါ မေမေ၊ ခု ဆုံးသွားတာ မေမေ့သားငယ် ထန်ပါဗျာ"ဟု မာန့်စိတ်ထဲမှ ပြောနေတာ ဘယ်သူကြားမလဲ။

ဖေဖေ့မှာ မျက်ဝန်းတွေရဲလျက် အံတင်းတင်းကြိတ်ထားသလို မိဖုရားကတော့ အသံထွက် မငိုနိုင်တော့ဘဲ တိတ်တဆိတ် မျက်ရည်တွေကျနေ၏။ မိဖုရား မျက်ရည်တွေကို မြင်လိုက်ရတော့ မာန့်ရင်မှာ မီးစနဲ့ အထိုးခံလိုက်ရသလို ပူလောင်သွားသည်။

မိဖုရားဆိုတဲ့ မာန့်ချစ်သူရယ်။

ကိုယ့်ကို သိပ်ချစ်တာပဲလားကွယ်။

ကိုယ့်အတွက် မိဖုရား သိပ်ခံစားနေရတာ ကိုယ်မကြည့်ရက်ဘူး အချစ်ရယ်။ တကယ်လို့များ ကိုယ် မသေဘူးဆိုတာ မိဖုရားသိရင် ဘယ်လိုနေမလဲ။

မာန်ကိုယ်တိုင်လည်း မျက်ရည်တွေ ကျနေပါ၏။ သေဆုံးသွားတဲ့ ထန့်အတွက် ခံစားရတာကော ရတ်တရက် သူ့ဘဝ





ပျောက်ဆုံးသွား၍ နှစ်မျိုးပေါင်း ခံစားကာ ရင်မှာ လှိုက်တက်ဆို့နင့်လာ၏။

မာန်

အသက် (၂၀)

ဒါ မဟုတ်ဘူး၊ မာန် မသေဘူးကွ၊ အခု ဆုံးသွားတာ ထန်၊ မာန် မဟုတ်ဘူး၊ မဟုတ်ဘူး။

မာန်မှာ အမှန်တရား ပျောက်ဆုံးနေသမှုကို သည်းမခံနိုင်သလို အော်ဟစ်မိသည်။ ဒါကိုပဲ အကြင်နာနှင့် မိဖုရားက မာန်သေဆုံးသွား၍ သူ သိပ်ခံစားလွန်း၍ ပေါက်ကွဲနေသည်ဟု ထင်နေကြ၏။

"စိတ်ကိုထိန်းလေ ထန်၊ စိတ်ကို ထိန်းမှပေါ့ကွယ်"

"ဘာ ထန်လဲ၊ မာန်ကွ…မာန်၊ ငါပြောနေတာ မင်းတို့ မယုံဘူးလား"

"မင်း ဘယ်လိုဖြစ်နေတာလဲ ထန်၊ အန်တီတို့ခမျာ မာန့်ကြောင့် ရင်ကွဲမတတ် စိတ်ထိခိုက်နေချိန်မှာ မင်းကြောင့် နောက်ထပ် ပိုခံစားရအောင် မလုပ်နဲ့ ထန်ရာ"

ဆွေမျိုးတွေ ဝိုင်းပြောကြသည်။

မိဘနှစ်ပါးကို ညှာလိုက်၍ သူ ဆက်မပေါက်ကွဲတော့ပေမယ့် ဝမ်းနည်းကြေကွဲစိတ်ကတော့ အတောမသတ်နိုင်။ ရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ တနင့်နင့် လှိုက်လှဲနာကျင်ကြေကွဲနေ၏။

"သွားနှားပါလား ထန်ရယ်၊ ထန် နေမကောင်းဘူးမဟုတ်လား၊ အိပ်ရာထဲမှာပဲ အနားယူလိုက်ပါနော်"

မိဖုရား၏ နူးညံ့သိမ်မွေ့သော စကားကြောင့် ကြေကွဲမှုကြားမှ မာန် ကြိုးစားပြုံးလိုက်သည်။ မေမေကလဲ....

"ဟုတ်သားပဲ သားရယ်၊ သွားနားလိုက်ပါ၊ သားကြီးမာန်အတွက် သားငယ် ခံစားရတာကို မေမေနားလည်တယ်၊ ကိုယ့်ကိုယ်ကို ဒုက္ခရောက်လောက်အောင်တော့ မခံစားပစ်ပါနဲ့သားရယ်၊ မေမေ့သားလေး တစ်ခုခုဖြစ်ရင် မေမေ ဘယ်လိုခံနိုင်ရည်ရှိတော့မှာ မဟုတ်ဘူးကွယ်"

ပြောရင်း မေမေကငိုတော့ မာန် ပိုခံစားရသည်။

"မေမေရယ်"

မာန့်စိတ်ကို ထိန်းလျက် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ မေမေ၊ သား သွားနားပါ့မယ်၊ မိဖုရား ကိုယ်သွားမယ်နော်"

"ကောင်းပါပြီ ထန်"

ထန်တဲ့လား မိဖုရားရယ်။ မိဖုရားနားမှာ ရှိနေသူဟာ မိဖုရားရဲ့ချစ်သူ မာန်ကိုယ်တိုင်ဆိုတာ မိဖုရား နည်းနည်းလေးမှ မရိပ်မိတော့ဘူးလား အချစ်ရယ်။





"ထန် ဘာမှမစားရသေးလို့ ဒီမှာ အကြင်နာ ကော်ဖီယူလာတယ် ထန်"

"ကိုယ် မသောက်တော့ဘူး အကြင်နာ"

မာန့်ထံမှ စိမ်းကားအေးစက်စွာ ဆက်ဆံမှုကြောင့် အကြင်နာ မျက်နှာပျက်သွား၏။ မာန်ကတော့ ဘာကိုမှ ဂရုမစိုက်။ အဖြစ်အပျက်တွေအားလုံးကို မာန့်အပေါ် ထန် ရက်စက်စွာ ဖန်တီးသွားခဲ့သည်။ မင်းကတော့ အေးချမ်းသွားတာပေါ့ ထန်။ ဒါပေမဲ့ ကျန်ခဲ့တဲ့လူတွေရဲ့ရင်မှာ ဘယ်လောက် နာကျင်ခံစားပူလောင်အောင် လုပ်ခဲ့တယ်ဆိုတာ မင်းသိရင်...။

"မာန် ဆုံးသွားတော့ သားထန်လည်း အတော်စိတ်ထိခိုက်သွားတယ်၊ ဘယ်လောက်အထိလဲဆို သူ့ကိုယ်သူ ထန်ကနေ မာန်ပါလို့ ပြောလာတဲ့အထိ အခြေအနေဆိုးတယ်ကွယ်"

"သားထန်ကို နားလည်ပေးကြပါ"

"မိဖုရား နားလည်ပါတယ် အန်တီ၊ မိဖုရားရင်ထဲမှာလည်း ထန်နဲ့ထပ်တူပါ"

မိဖုရားမှာတော့ သူ့ကို ချစ်မြတ်နိုးသော မျက်လုံးများဖြင့် ငှတ်ဆက်သွားသော ထန်က သူ့ကိုယ်သူ မာန်အဖြစ် ယူဆထားလျက် အကြင်နာကိုကြတော့ အေးစက်စိမ်းကားစွာ ပြုမူပြောဆိုနေ၍ ထန့်အဖြစ်ကို ရင်မောစွာ သက်ပြင်းချလိုက်သည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

"ဝုတ်…ဝုတ်"

"ဟာ…ပါဝီ…ပါဝီ ဘယ်လဲကွ"

မာန်မှာ ခွေးကလေးပါဝီနောက်လိုက်ရင်း အိမ်ရှေ့သို့ ထွက် ခဲ့ရာ…

"ဟင်…ထန်"

မမျှော်လင့်ဘဲ ထန့်ကို တွေ့လိုက်ရ၍ မိဖုရား အံ့သြသွား၏။ မာန်က ဘာမှမပြော။ ပါဝီလေးကို ပွေ့ယူလိုက်တော့ မာန့်လက်ထဲမှာ ခွေးကလေးပါဝီ ငြိမ်သက်နေသည်။

သြော်…ဒါဆို စောစောက ပါဝီလေး ထွက်ကြိုတာ ထန့်ကိုပေါ့။ ခွေးနှင့် ထန့်ကိုကြည့်ပြီး မိဖုရားစိတ်ထဲ အတော် အံ့သြသွားသည်။ တကယ်ဆို မိဖုရားရဲ့ခွေးလေးဟာ သူစိမ်းဆို လုံးဝအကာပ်မခံသည့် ခွေးလေးမို့ ထန်နှင့်ကြတော့ ခင်မင်ရင်းနှီး





ထားသူလို ထန့်ရင်ခွင်မှာ ငြိမ်သက်လျက်။ ထန့်ကိုများ မာန်ဟု ထင်လားမသိ။ မာန်နှင့်ပါဝီက ခင်သည်။ မာန် မိဖုရားဆီလာတိုင်း ပါဝီက ဒီလိုထွက်ကြိုနေကြ။ ခုလည်း ထန့်ကို မာန်အမှတ်ဖြင့် ပါဝီ ပြေးထွက်ကြိုခြင်းဖြစ်မည်။

"နေကောင်းတယ်နော် မိဖုရား"

မိဖုရားနှင့်မာန် တစ်ယောက်ကိုတစ်ယောက် အတန်ကြာ ကြည့်ပြီးမှ မာန်က သတိဝင်လာကာ အပြုံးဖြင့် နှုတ်ဆက်လိုက်ခြင်းဖြစ်သည်။

"နေကောင်းပါတယ် ထန်၊ ထန် မိဖုရားဆီ လာတာလား ဟင်"

"ကိုယ် ထန်မဟုတ်ဘူး၊ မိဖုရား၊ မာန်ပါဗျာ"

"ထန်ရယ်"

မာန့်စကားကြောင့် မိဖုရား သက်ပြင်းကြိတ်ချလိုက်၏။ မိဖုရားကိုယ်တိုင် ထန့်ကိုမြင်ရတိုင်း မာန်လို့ပဲ ထင်နေ၍ ဝမ်းသာဝမ်းနည်းဖြစ်နေသူပါ။ အထူးသဖြင့် ပါဝီကို မာန် ဒီလိုပွေ့ပိုက်ထားပုံက မာန်နှင့် တစ်ပုံစံထဲဖြစ်သည်။ ဒါပေမဲ့ ဒါက မိဖုရားရဲ့ချစ်သူ မာန်မဟုတ်ဘူးဆိုသည့် အသိစိတ်ကို ဖွတ်နှစ်အားတင်းရင်း မိဖုရားရဲ့ ချစ်သူ မာန်နှင့် တစ်ထပ်ထဲ ခွဲမရအောင်တူသော ထန့်ကို မာန် အဖြစ် မဆက်ဆံမိအောင် အထူးသတိထားနေသူဖြစ်သည်။ ဒီကြား



www.burmeseclassic.com

www.burmeseclassic.com



ထဲက ထန်က သူ့ကိုယ်သူ မာန်ပါဟု ဆိုလာတော့ မိဖုရားနှလုံး သားတွေကို တစ်စစီ လှီးပြီး ဖွဲ့ချေနေသလို ရင်တစ်ခုလုံး စို့နင့် နာကျင်လာ၏။

"ထန်...နေမကောင်းသေးဘူးလားဟင်"

"ဘာလဲ...မိဖုရားက ကိုယ်ရူးနေပြီလို့ ပြောလိုက်တာ လား"

"မဟုတ်ပါဘူး ထန်ရယ်၊ ထန် နေမကောင်းဘဲ မိဖုရား ဆီ တစ်ယောက်တည်း ထွက်လာတာ စိုးရိမ်လို့ပါ"

"စိုးရိမ်တယ် ဟုတ်လား၊ မိဖုရားက ကိုယ့်အတွက် စိုးရိမ်တယ်ပေါ့ ဟုတ်လား"

"စိုးရိမ်တာပေါ့ ထန်ရယ်"

မိဖုရားက သူ့ကိုစိုးရိမ်တာ အချစ်ကြောင့်လို့ မာန်ယူဆ ပြီး ရင်ထဲ လှိုက်ခနဲ ပျော်သွားချိန်မှာပဲ မိဖုရားက သူ့မျက်နှာကို ငေးကြည့်ရင်း...

"မာန့်အတွက် ထန်ဆိုတာ တစ်ဦးတည်းသော အမွှာညီ ဆိုတော့ မိဖုရားအတွက်လည်း ထန်က မောင်လေးလို့ ပြောလို့ရ ပါတယ်"

"မောင်လေး...ဟုတ်လား"

မာန်က မိဖုရားမျက်နှာကို စေ့စေ့ကြည့်ပြီး မချိတရိရယ်





တော့ မိဖုရားမှာ မာန့်မျက်နှာကို ဆက်ကြည့်မနေနိုင်တော့ဘဲ မျက်လွှာချ ခေါင်းငုံ့ပစ်လိုက်သည်။

"ဒီမယ်...ကိုယ်မေးတာကို အမှန်အတိုင်းဖြေစမ်းပါ မိဖုရား၊ မိဖုရားစိတ်ထဲမှာရော၊ မိဖုရား နှလုံးသားထဲမှာရော ကိုယ်ဟာ မိဖုရားရဲ့ချစ်သူ မာန်ပါလို့ တိတ်တိတ်လေး ထင်မထား ခဲ့ဘူးလား၊ နည်းနည်းလေးမှ မိဖုရားရဲ့ချစ်သူအဖြစ် ကိုယ့်ကို မစဉ်းစားမိဘူးလား၊ ကိုယ်မေးတာ ဖြေစမ်းပါ မိဖုရား"

မာန့်အသံက ခံစားချက်ပြင်းထန်လွန်း၍ တုန်ရီမှုအက်ကွဲ လျက် ရှပ်ပျက်ဆင်းပျက် ဖြစ်နေ၏။ မိဖုရားက မာန်မေးတာကို မဖြေဘဲ အင့်ခနဲ တစ်ချက်ရှိုက်ပြီး ကိုယ်လေးသိမ့်ခနဲဖြစ်သွား အောင် ငိုချလိုက်၏။ မာန့်ရင်ထဲ ပိုခံစားသွားရသည်။

"မငိုနဲ့ မိဖုရား၊ ကိုယ်မေးတာကိုလည်း ဖြေပါ၊ တကယ် ပဲ မိဖုရားစိတ်ထဲမှာ ကိုယ်နဲ့ပတ်သက်ပြီး ဘာမှမခံစားရဘူးလား"

ပြောရင်း စိတ်မထိန်းနိုင်ဘဲ မိဖုရားကိုယ်လေးကို ပခုံး နှစ်ဖက်က တင်းကြပ်စွာ ဆုပ်ကိုင်ပြီး မေးလိုက်မိသူကိုယ်တိုင် မျက်ဝန်းမှာ မျက်ရည်တွေနှင့်ဖြစ်သည်။

"မိဖုရား မသိဘူး ထန်"

"သိကိုသိရမယ်ကွ၊ ကိုယ် ထန် မဟုတ်ဘူး၊ မင်းသိပ် ချစ်ပါတယ်ဆိုတဲ့ မင်းချစ်သူ မာန်ဆိုတာ ကိုယ်ကိုယ်တိုင်ပဲ



www.burmeseclassic.com

www.burmeseclassic.com



နားလည်လား''

''နားမလည်ဘူး…မသိဘူး၊ ရှင်ဟာ ထန်ပဲဖြစ်ဖြစ် မာန်ပဲ ဖြစ်ဖြစ် မိဖုရားမျက်ဝန်းထဲမှာတော့''

မိဖုရားအသံက ထိုနေရာမှာ ရပ်တန့်သွားကာ သည်းထန်စွာ ငိုချလိုက်၏။ ထို့နောက် မာန့်ရှေ့က ငိုရှိုက်၍ ပြေးထွက်သွားသည်။

''မိဖုရား''

မာန်က ချစ်သူအမည်ကို ရင်ကွဲသံကြီးနှင့် လှမ်းခေါ်သော်လည်း... 

မယ့် မိဖုရားက မာန့်ကို လှည့်မကြည့်တော့။

မာန် ခေါင်းငိုက်စိုက်ချလျက် ဘာတစ်ခွန်းမှ မပြောနိုင်ဘဲ ငူငူကြီး ရပ်ကျန်ခဲ့သည်။

မိဖုရားမှာ ဖြေမဆည်နိုင်သော သူမအဖြစ်အတွက် အိပ်ရာထဲမှာ လူးလှိမ့်ငိုရှိုက်ရင်း မာန်နှင့် ခွဲမရအောင်တူသော ထန့်ကိုမြင်ရတိုင်း မာန် အသက်မသေဘဲ သူမဆီကို ပြန်လာသည်ဟုသာ ထင်နေမိသည်။

ဒါကို ထန့်ရှေ့မှာ မိဖုရား ဝန်ခံလို့မဖြစ်။ ထန်က မာန် ဆုံးသွားပြီးထဲက သူ့ကိုယ်သူ မာန်လို့ပဲ ထင်နေသည်။ မာန်ဟာ သူပါဟု အားလုံးကို ပြောနေသည်။ ဆုံးပါးသွားသည့် မာန်မှာသာ မိဖုရားကိုယ်တိုင် ဝတ်ဆင်ပေးထားသည့် မာန့်အမည်ပါ ဟန်းချိန်း





လေးနှင့် မာန့်အမည်ပါ ဆွဲကြိုးလေး မာန့်ကိုယ်ပေါ်မှာ ရှိမနေခဲ့ရင် အခုလက်ရှိ အခြေအနေက လက်ခံချင်စရာဖြစ်သည်။

''အခုတော့ သူ့ကိုယ်သူ မာန်ပါလို့ တစ်မာန်ထဲ မာန်နေသည့် ထန့်မှာ မာန်နှင့်တူသည့် အထောက်အထားနှင့်တူတာဆိုလို့ ဘာတစ်ခုမှ မရှိ။ ကားအက်ဆီးဒင့်ဖြစ်တုန်းက ညီအစ်ကိုနှစ်ယောက် အတူတူဆိုတော့ ထန့်စိတ်ထဲမှာ သူ့ကိုယ်သူ မာန်လို့ထင်သွားအောင် ဦးခေါင်းကိုများ ထိခိုက်သွားစေခဲ့သည်လား မသိ။

ထိခိုက်ညှိုးငယ်သောအသွင်၊ ကြင်နာမြတ်နိုးသော ချစ်ခြင်းတို့ ပြည့်လျှမ်းသော ထန့်အကြည့်၊ ထန့်အပြောတွေအားလုံးက မာန်မှမာန်မို့ ထန် မရှူးဘဲ မိဖုရား ရှူးလောက်အောင် ခံစားတုန်လှုပ်နေရတာကို ထန် သိအောင် မပြောချင်။ မပြောရက်ပါ။ မပြောထွက်ပါ။

မိဖုရားကသာ ထန့်ကိုမြင်တိုင်း မာန်လို့ ခံစားနေရပါသည်ဟုဆိုလျှင် သူ့ကိုယ်သူ မာန်ပါဟုဆိုလာသည့် ထန့်ရောဂါ၊ ထန့်ဝေဒနာကို ပိုပြီးအားပေးသလိုဖြစ်မှာ စိုးကြောက်နေမိသည်။

''သမီး''

''မာမီ''

''မငိုပါနဲ့ သမီးရယ်''

မိဖုရား မိခင်ရင်ခွင်ထဲ ပြေးဝင်ကာ ကလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



လို ငိုချလိုက်တော့ မာမီက မိဖုရား ခံစားနေရသည့် သောကဝေဒနာကို စာနာဟန်ဖြင့် မိဖုရားကိုယ်လေးကို တင်းကြပ်စွာ ဖက်ထားပါသည်။

"ထန်လာတာ မာမီမြင်ပါတယ်၊ မာန်နဲ့က ရုပ်ချင်းခွဲမရအောင် တူနေရတဲ့အထဲ ထန်ကိုယ်တိုင်က သူ့ကိုယ်သူ မာန်ပါသူပါပဲလို့ ဆိုလာမှတော့ မာမို့သမီးလေးရင်ထဲ ဘယ်လိုရှိနေမယ်ဆိုတာ မာမီ နားလည်ပါတယ် သမီးရယ်၊ မာမို့သမီးလေး စိတ်ထဲမှာ ထန့်ကို မာန်လို့ပဲ ထင်နေရှာပြီပေါ့"

"မာမီရယ်...မိဖုရားရင်တွေ နာကျင်ခံစားရလွန်းလို့ ဘာဆက်လုပ်ရမှန်း မသိတော့ပါဘူးရှင်"

"မာမို့သမီး ဘာလုပ်ချင်လဲ၊ ဘာဖြစ်ချင်လဲဆိုတာ မာမီ့ကိုပြောပါ၊ မာမီဖြစ်အောင် လုပ်ပေးမယ်"

"သမီးဘာလုပ်ချင်လဲ၊ ဘယ်သွားချင်လဲပြော"

"သမီး...ထန်နဲ့ မတွေ့ချင်တော့ဘူး မာမီ"

ငိုရှိုက်သံ ဗလုံးဗထွေးနှင့် ထိုစကားကို နှလုံးသားတွေ နာကျင်စွာ မိဖုရား ပြောဖြစ်အောင် ပြောလိုက်မိသည်။

မိဖုရားကို ခွင့်လွှတ်ပါ မာန်ရယ်။

မာန်နဲ့ ရုပ်ချင်းခွဲမရအောင်တူတဲ့ ထန်နဲ့ မိဖုရား ဆက်မတွေ့ပါရစေနဲ့။





ထန့်ကိုမြင်တိုင်း မိဖုရားနှလုံးသားတွေ ဘယ်လောက်နာကျင်ကြေကွဲရတယ်ဆိုတာ မာန်သိရင် မိဖုရား အခုလို ဆုံးဖြတ်ရတာကို မာန် နားလည်ပါကွယ်။

"ကောင်းပြီလေ၊ မာမို့သမီးလေး စိတ်ချမ်းသာစေရမယ် ဟုတ်လား၊ ထန်လာရင် သမီးမရှိဘူးလို့ မာမီပြောလိုက်မယ်၊ ဒါမှမဟုတ် တခြားတစ်နေရာကို သမီး စိတ်ပြေလက်ပျောက် သွားမလား"

"အနည်းဆုံးတော့ အန်တီစိမ်းတို့အိမ်မှာ သမီးသွားနေနိုင်သားပဲ၊ သမီးသွားချင်တယ်ဆိုရင် မာမီ သမီးအန်တီစိမ်းဆီ ဖုန်းဆက်လိုက်မယ်",

"သမီးသွားမယ် မာမီ"

ယတိပြတ်ဆုံးဖြတ်ချက်ချပြီး မိဖုရား အန်တီစိမ်းအိမ်ကို သွားနေလိုက်သည်။ ထန်နှင့် နောက်ထပ် ဆုံစရာမရှိသဖြင့် မိဖုရားရင်ထဲ အတော်စိတ်သက်သာရာရသွား၏။

ထန် ဖုန်းဆက်ပေမယ့် မိဖုရား ဖုန်းမကိုင်တော့။ အိမ်ကို ထန်လာရင် မိဖုရားက အတွေ့မခံ။ ထန် ပြန်သွားတာကို လိုက်ကာနောက်က တိတ်တဆိတ် ရပ်တန့်ငေးမောကြည့်နေသည်။ အန်တီစိမ်းအိမ်ကို မိဖုရား ပြောင်းနေလိုက်သည့် အချိန်ကစပြီး ထန်နှင့် အဆက်အသွယ် ပြတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထန့်ကိုမြင်တိုင်း မာန့်ကို မြင်နေရသလို ဖြစ်နေသောကြောင့် မိဖုရားရင်မှာ ဝေဒနာတွေ ထပ်မခံစားချင်တော့၍ တမင်ရှောင်ပုန်းနေချိန်မှာပဲ…

"မိဖုရား"

"ဟင်…ထန်၊ ဒီကို ဘယ်လိုလုပ် ရောက်လာတာလဲဟင်"

ရုတ်တရက် ထန့်ကိုမြင်လိုက်ရတော့ မျက်နှာပျက်သွားသည့် မိဖုရားကိုကြည့်ပြီး မာန်က နာကြည်းဆွေးမြေ့စွာ ပြုံးသည်။

"ဘာလဲ…မိဖုရားက ကိုယ့်မျက်နှာကို မမြင်ချင်၊ မတွေ့ချင်လို့ ဒီမှာ ကိုယ်မတွေ့အောင် လာပုန်းနေတာလား"

"ဟုတ်တယ် ထန်၊ ထန့်မျက်နှာကို မြင်နေရတာဟာ မာန် မိဖုရားရှေ့ ရောက်လာသလိုပဲ၊ အဲဒါကို မိဖုရား မခံစားနိုင်တော့ဘူး"

"ကိုယ်က ထန်မဟုတ်ဘူး၊ မာန်ပဲ၊ မာန့်ကို မာန်လို့ထင်တာ ဘာဆန်းလို့လဲ"

"တော်ပါတော့ ထန်၊ မိဖုရားဟာ မာန့်အတွက် သိပ်ကို ခံစားနေရတဲ့သူပါ၊ ဒီအချိန်မှာ ထန်က မာန်ဟန်ဆောင်ပြီးလာတာ တော့ မကောင်းပါဘူး၊ မိဖုရား ဘယ်လောက် စိတ်ထိခိုက်ခံစားရမယ်ဆိုတာ ထန် ကိုယ်ချင်းစာနာတတ်ဖို့ ကောင်းပါတယ်ရှင်"





"ကိုယ်မညာဘူး မိဖုရား၊ ထန်အဖြစ် ဟန်ဆောင်နေတာလည်း မဟုတ်ဘူး"

"အို…မိဖုရား ဘာမှမကြားချင်ဘူး၊ ကျေးဇူးပြုပြီး မိဖုရားဆီကို ထပ်မလာပါနဲ့တော့ ထန်ရယ်"

မျက်နှာကို လက်နှစ်ဖက်အုပ်လျက် စိတ်ထိခိုက်သွားသော မိဖုရားကို ကြည့်၍ မာန့်ရင်ထဲ ကြေကွဲသွားသည်။ မိဖုရားက မာန့်ကို မကြည့်တော့ဘဲ ကိုယ်လေးသိမ့်သိမ့်တုန်သည်အထိ ရှိုက်ငိုနေ၍ မာန် စိတ်ထိခိုက်သွားသည်။ သူ့ကိုချစ်၍ မိဖုရား ဒီလောက်ခံစားနေရတာကို သိရတော့ မာန် ပိုခံစားရသည်။

"မငိုပါနဲ့ မိဖုရားရယ်၊ မာန့်အတွက် ဒီလောက်အထိ မခံစားပစ်ပါနဲ့၊ မိဖုရား ဒီလိုခံစားနေရတာကို ကိုယ်မကြည့်ရက်ဘူး၊ ကိုယ် မိဖုရားကို နောက်ဆုံးတစ်ခုပဲမေးမယ်၊ အခု နိုင်ငံခြားကို အပြီးထွက်သွားတော့မယ်ဆို ဟုတ်လား"

"ဟုတ်တယ် ထန်၊ မာန် မရှိတဲ့နေရာမှာ မိဖုရား မနေချင်ဘူး၊ မာန့်ကို အချိန်ပြည့် သတိရပြီး နာကျင်ကြေကွဲနေမယ့် နှလုံးသားကို တခြားအရပ်တစ်ခုမှာ မြှုပ်လိုက်တော့မယ်"

"မိဖုရားထင်သလိုမဟုတ်ဘဲ မာန်က ရှိနေသေးတယ်ဆိုရင်ရော"

"မဖြစ်နိုင်တာကို မပြောပါနဲ့ ထန်၊ ထန့်ဆီက ဒီစကားမျိုး



www.burmeseclassic.com

www.burmeseclassic.com



မိဖုရား နောက်ထပ်မကြားချင်တော့ဘူး”

မာန်က မိဖုရားမျက်နှာလှလှလေးကို အကြာကြီး စိုက်ကြည့်ပြီးမှ သက်ပြင်းချကာ တိုးတိတ်သောအသံဖြင့်…

“မိဖုရား စိတ်ချမ်းသာမယ်ထင်တာ လုပ်ပါ၊ ကိုယ်ကတော့ မင်းပြန်လာမယ့်ရက်ကို ခြေလှပ်ငန်းတွေ လုပ်ရင်း စောင့်နေပါ့မယ်”

“ကိုယ်ပြန်တော့မယ်”

ဆတ်ခနဲ ကျောခိုင်းလှည့်ထွက်သွားသော ထန့်ကိုကြည့်ပြီး မိဖုရားရင်ထဲ ပြင်းထန်လှိုက်လှဲစွာ နာကျင်နင့်စို့သွားသည်။ ပြီးတော့ ထန့်ကို နားမလည်အောင် ဖြစ်ရပြန်ပြီ။ ထန် ပြောသွားသည့် စကားတွေက မာန်ကိုယ်တိုင် မိဖုရားကိုပြောသွားသော စကားတွေ။ ဒါကို မိဖုရား သိသည်။ မှတ်မိသည်။ ဒါဖြင့် ထန်ဟာ။ အို…မဟုတ်ဘူး။ မဖြစ်နိုင်ဘူး။ မာန်မှ လောကကြီးထဲမှာ မရှိတော့တာပဲ မာန်ရယ်။

“ဘယ်တွေသွားနေတာလဲ ထန်ရယ်၊ အကြင်နာဖြင့် စိတ်ပူလိုက်ရတာ၊ အန်တီကတောင် အကြင်နာကို လိုက်ရှာခိုင်းနေတာ”

မာန် အိမ်ပြန်ရောက်တော့ ဘယ်အချိန်က ရောက်နေမှန်း မသိသော အကြင်နာက စိတ်ပူစွာပြောလာ၍ မာန် အကြင်နာမျက်နှာ





လေးကို တစ်ချက်ကြည့်လိုက်ရင်း…

“ကိုယ့်အတွက် စိတ်ပူစရာမလိုပါဘူး အကြင်နာ”

“ဘယ်လိုပြောလိုက်တာလဲ ထန်၊ ထန့်စကားတွေက သူစိမ်းဆန်လှချည်လား၊ တကယ်ဆို ထန်နဲ့ အကြင်နာဟာ အရင်းနှီးဆုံး သူငယ်ချင်းတွေပဲ”

“ထန့်အတွက်ဆိုရင် ဟုတ်မှာပေါ့ အကြင်နာ”

“ထန်”

“ကိုယ် ထန်မဟုတ်ဘူး အကြင်နာ၊ ကိုယ့်နာမည် မာန်၊ မင်းတို့ထင်နေတဲ့ ထန်က သေပြီ၊ လူ့လောကကြီးမှာ မရှိတော့ဘူး”

“အခု မင်းရှေ့မှာရှိနေတဲ့လူက မာန်ကွ မာန်”

“ငါ့နာမည် မာန်”

မာန်က သူ့ကို ထန်အဖြစ် ပြောဆိုဆက်ဆံနေတာကို မခံရပ်နိုင်သလို အော်ဟစ်လိုက်တော့ အကြင်နာမျက်နှာ သိသာစွာ ပျက်သွားသည်။ ထန့်ပုံက စိမ်းနေသည်။ ကြည့်ရတာ စိတ်မှန်လူမှန် မရှိသေးဘူးထင်ပါရဲ့။

“ဆောရီး…ထန်ရယ်၊ အကြင်နာက ထန် နေမကောင်းတာ မေ့သွားတယ်”

“ဘာနေမကောင်းတာလဲ၊ ကိုယ် နေကောင်းတယ် အကြင်နာ၊ နေကောင်းလို့ အခုပဲ မိဖုရားဆီက ပြန်လာတာ”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ထန်က မိဖုရားဆီက ပြန်လာတယ် ဟုတ်လား"

"ဟုတ်တယ်"

ထန့်မျက်နှာကိုကြည့်ပြီး အကြင်နာ အံ့သြသွားသည်။ ထန်က မိဖုရားဆီ ဘာသွားလုပ်တာလဲ။

"သိပ်အံ့သြနေလား အကြင်နာ၊ ကိုယ်က မာန်လေ၊ ဒီတော့ ကိုယ်က ချစ်သူရှိတဲ့နေရာကို သွားတွေ့တာ ဘာဆန်းလဲ"

"ဟို...မိဖုရားက ထန်ပြောတာကို လက်ခံလားဟင်၊ ထန်ဟာ ထန်မဟုတ်ဘူး၊ မာန်ဆိုတာလေ"

ထန့်မျက်နှာမှာ နာကြည်းသော အပြုံးတစ်ခု ဖျတ်ခနဲ ပေါ်လာ၏။

"ကိုယ်ဟာ မာန်ဆိုတာကို မိဖုရားကိုယ်တိုင် မယုံဘူး အကြင်နာ"

"ဟုတ်မှမဟုတ်တာပဲ ထန်ရယ်"

"ထန်က ထန်ပဲလေ၊ ဘယ်လိုလုပ် မာန်ဖြစ်နိုင်မှာလဲ"

"လာပါ ထန်ရယ်၊ အကြင်နာနဲ့အတူတူ စိတ်ပြေလက်ပျောက် တစ်ခုခုသွားစားရအောင်၊ လိုက်ခဲ့နော်"

"ဆောရီး...အကြင်နာ၊ ကိုယ် နားချင်ပြီ၊ မင်း ကိုယ့်နားက အမြန်ဆုံးသွားပါတော့ အကြင်နာရယ်၊ ကျေးဇူးပြုပြီး ကိုယ့်နား





ကို နောက် ဘယ်တော့မှ မလာပါနဲ့"

"ထန်ရယ်"

"အဟင့်...ဟင့်...ဟင့်"

မာန့်စကားကြောင့် အကြင်နာ ဝမ်းနည်းသွားပြီး မျက်နှာကို လက်ဝါးနှင့်အုပ်ကာ အိမ်ထဲမှ ပြေးထွက်သွား၏။ အရှိန်ပြင်းစွာ မောင်းထွက်သွားသော အကြင်နာကားလေးကို ကြည့်ကာ မာန် တစ်ယောက်တည်း အပြင်ဘက်မှာ ရပ်တန့်ကျန်ရစ်သည်။

"အကြင်နာကို ကောင်းကောင်းမွန်မွန် ဆက်ဆံပါလား သားရယ်၊ သူ့ခမျာ သားအပေါ် ဘယ်လောက်ကောင်းရှာလဲ၊ ဘာပြောပြော ဘာလုပ်လုပ် ထန့်အတွက်ဆိုတာချည်းပဲ"

မေမေ့စကားကြောင့် ထန် နာကျင်စွာ ပြုံးလိုက်၏။

"သူပြောနေတာ လုပ်နေတာတွေဟာ ထန့်အတွက်ပဲ မေမေ၊ မာန့်အတွက်မှ မဟုတ်တာ"

"သား...ထန်"

"ကျွန်တော် ထန်မဟုတ်ဘူး မေမေ၊ မေမေ့သားကြီး မာန်ပါဗျာ"

"ခုကွပါပဲ သားရယ်၊ ဒီလိုသာ အမြဲဖြစ်နေရင် သားရောဂါကို ဆရာဝန်နဲ့ ပြမှထင်တယ်ကွယ်"

"မလိုပါဘူး မေမေ၊ မာန် အားလုံးကောင်းနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



မာန့်စကားကြောင့် မေမေ ပြုံးသည်။ ပြီးတော့ မာန့်ကို သနားကြင်နာစွာကြည့်ရင်း…

"ဒါပေမဲ့ သားအတွက် မေမေ စိုးရိမ်လို့ပါ"

"ကျွန်တော် မာန်ပါဆိုတာ မေမေ့ကို ဘယ်လိုသက်သေပြရမလဲဗျာ၊ ဘာမဟုတ်တဲ့ သက်မဲ့ပစ္စည်းတွေကို သက်သေအဖြစ် တွေ့လိုက်တာနဲ့ပဲ ကျွန်တော်ဘ၀ အစစ်အမှန်ကို ပြောင်းလဲပစ်လိုက်ရတော့မှာလား၊ မာန်ဟာ ကျွန်တော်ပါ မေမေ"

"သားအစ်ကို မာန်ဆိုတဲ့ အစွဲအလန်းကို သား မေ့ဖျောက်ပစ်လိုက်ပါ သားရယ်"

"ဗျာ"

မေမေက မာန်ဆိုတဲ့သူ့ဘ၀ကို မေမေကိုယ်တိုင်က မေ့ဖျောက်နိုင်းနေတာပါလား။

သူဘယ်လို ဖျောက်ရမလဲ။ မာန်ဆိုတာက သူပဲ။ ဒါကို မေမေက သူ့ဘ၀ကို မေ့ပစ်ရမယ်ဆိုတာ ဘယ်လိုမှမဖြစ်နိုင်တဲ့ကိစ္စ။

စိတ်ဆင်းရဲခြင်းကြီးစွာ မာန့်မျက်နှာကို ကြည့်နေသည့် မေမေ့မျက်ဝန်းမှာ မျက်ရည်တွေ။

"ကျွန်တော့်မှာ မေမေယုံကြည်အောင် ဘာတစ်ခုမှ သက်သေမပြနိုင်မှတော့ မေမေပြောသလိုပဲ ဖြစ်ရမှာပေါ့လေ၊ အမှန်တရားကို တစ်နေ့တော့ ကျွန်တော် သက်သေပြလာနိုင်ဦးမှာပါ။





မာန်ဟာ ထန် ဘယ်လိုမှ ဖြစ်မလာနိုင်ပါဘူးဗျာ"

"သား…မာန်"

မေမေ့ခေါ်သံကို ကြားပေမယ့် မာန် လှည့်မကြည့်တော့ဘဲ နေရာက ထွက်လာခဲ့သည်။

သူ အံတင်းတင်းကြိတ်လိုက်သည်။

စိတ်ထဲမှလည်း ဘယ်သူ့ကိုမှန်းမသိအောင် နာကျင်နေသည်။

အမှန်တရားဆိုတာ မာန့်အတွက် မရှိတော့။ သည်ဖာတ်လမ်းကို ဖန်တီးသွားခဲ့တဲ့ ထန်တစ်ယောက်လည်း လောကကြီးမှ ထွက်သွားခဲ့ပြီ။ မာန့်အတွက် အမှန်တရားကို ရင်ဆိုင်ဖို့ ဘယ်သူ့ရှေ့က လာရပ်ပေးပါ့မလဲ။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

ရှမ်းပြည်နယ်၏ ဆောင်းညက ယခင်နှစ်တွေနှင့်မတူ တစ္ထူးခြားစွာ အေးစက်နေ၏။ ကြည့်လေရာ ပတ်ဝန်းကျင်တစ်ခုလုံး မြူတွေဆိုင်းလျက် ပြာလွင်သော နှင်းမှုံတို့ကြောင့် အရာရာသည် မသည်းကွဲ။

ဘယ်လောက်အေးချမ်းသည့် ရာသီဥတုဖြစ်ပါစေ မာန့်ရင်ထဲမှာတော့ မိဖုရားကိုလွမ်းသည့်စိတ်၊ တမ်းတသတိရသည့် စိတ်တွေနှင့် အမြဲတမ်း ပူလောင်နေ၏။ မိဖုရားကို မေ့ထားနိုင်ရန် စိတ်ရောကိုယ်ပါ အလုပ်အာရုံထဲမှာ နစ်မြုပ်ထားပေမယ့် ခုလို လွမ်းစရာအခြေအနေနှင့် ကြုံလာတော့ ချစ်သူကို လွမ်းမိသည်။ သတိရမိသည့်အဖြစ်ကိုတော့ မာန်လည်း မတားဆီးနိုင်။

ဦးနှောက်က မလွမ်းနဲ့လို့ ပြောပေမယ့် နှလုံးသားက လက်မခံတော့ ခက်သည်။ ထန်ဆုံးပြီးချိန်မှစ၍ ပြောင်းလဲသွား





သည့် အခြေအနေအရပ်ရပ်ကြားမှာ မာန်နှလုံးသား၊ မာန့်ဘဝ အားလုံးပျောက်ဆုံးသွားသည်။ ဖြေရှင်းရန် အခွင့်မရ။

ခုတော့ ရိပ်သင်ခြင်းကင်းမဲ့နေသော မှတ်ဆိတ်မွေး ပါးမြိုင်းမွေးတွေကြောင့် မာန့်ပုံစံက လူဆိုးတစ်ယောက်နှင့် တူနေ မည်ထင်သည်။

ဒီနေ့လည်း ပိန်းပိတ်အောင်ကျနေသော နှင်းမှုံများကြား မှာ သူ့ခြံသို့ မာန် ကားဖြင့်ထွက်ခဲ့သည်။ နှင်းတွေကျနေ၍ ဘာကိုမှ သည်းကွဲစွာမမြင်ရ။ ကားကို အာရုံစိုက်မောင်းနေသည့်ကြားမှ လမ်းချိုးအကွေ့တစ်ခုမှာ ရိပ်ခနဲပြေးဝင်လာသည့် လူရိပ်တစ်ခုကို မြင်လိုက်ရ၍ အချိန်မှီ ဘရိတ်အုပ်လိုက်ပေမယ့် မမှီတော့။

"ကျွီး"

"ဝုန်း"

"အမလေး"

"ဟာ"

ခွေခနဲ သူ့ကားရှေ့မှာ ပြိုလဲသွားသည့်သဏ္ဍာန်ကြောင့် မာန် ကားပေါ်က အပြေးဆင်းသွားပြီး လဲကျနေသူကို ကြည့်လိုက် တော့ မိန်းကလေးတစ်ယောက်ဖြစ်နေ၍ မာန် ခြေအစုံ နေရာမှာ တွေဝေစွာ ရပ်တန့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ မလှုပ်မယှက် ငြိမ်သက်သော မိန်းကလေးထံ လျှောက်ခဲ့ပြီး…

"ဒီမှာဗျာ့…ဒီမှာ"

မာန်ခေါ်ပေမယ့် မရ။

ခပ်စောင်းစောင်းလဲနေသည့် မိန်းကလေး၏ကိုယ်ကို ပွေ့ယူပြီး အုပ်မိုးနေသည့် ဆံနွယ်များကို ဖယ်အကြည့်…

"ဟင်"

"မိ…ဖု…ရား"

အံ့ဩတုန်လှုပ်စိတ်နှင့် မိဖုရားကိုယ်လေးကို ရင်ခွင်မှာ အတင်းကြပ်ဆုံး ထွေးပွေ့လိုက်မိသူရင်ထဲ ဖော်မပြနိုင်သော ဝေဒနာ ခံစားချက်တွေက တနင့်တပိုးဖြစ်သည်။

"မိဖုရား…မာန် အချစ်ဆုံးရယ်"

ချစ်သူကိုယ်မှာ ဒဏ်ရာကို အပြေးအလွှားရှာကြည့်တော့ ဘာဒဏ်ရာမှမတွေ့။ အကြောက်လွန်ပြီး မေ့သွားသော မိဖုရားကိုယ်လေး သူ့ကားနောက်ခန်းမှာ အညင်သာဆုံး ပွေ့ယူချီမပြီး ကားနောက်ခန်းထဲ ထည့်လိုက်သည်။

"မိဖုရား…မိဖုရား"

"အင်"





"ကိုယ်ခေါ်နေတာ ကြားရဲ့လားဟင်၊ ကိုယ့်ကို မျက်လုံးဖွင့်ကြည့်ပါဦးဗျာ"

တိုးသဲ့သော ညည်းသံသဲ့သဲ့နှင့်အတူ မိဖုရားမျက်ဝန်းတို့ ဖြည်းဖြည်းပွင့်အလာမှာ အနီးကပ်မြင်တွေ့လိုက်ရသည့် မျက်နှာကြောင့် မိဖုရားရင်မှာ ဖော်မပြနိုင်အောင် ဝမ်းသာသွားကာ…

"မာန်"

"မိဖုရား"

"မာန်…မာန်ရယ်"

မာန့်ရင်ခွင်ထဲကို ကလေးတစ်ယောက်လို ပြေးဝင်ပြီး မာန့်ကိုယ်ကြီးကို လွတ်ထွက်သွားမှာ စိုးရိမ်သည့်အလား တင်းကြပ်စွာဖက်ထားသည် မိဖုရားကိုယ်လေးကို မာန်ကိုယ်တိုင်လည်း ခံစားမှုအစုံစုံဖြင့် တင်းကြပ်စွာ ပြန်လည်ပွေ့ဖက်ထားလိုက်သည်။

"မိဖုရားကို ခွဲမသွားပါနဲ့ မာန်ရယ်၊ မာန်မရှိရင် မိဖုရား မနေတတ်ဘူး"

"အဟင့်…ဟင့်…ဟင့်"

"မငိုပါနဲ့ အချစ်ရယ်၊ မာန်ကိုယ်တိုင်လည်း မိဖုရားနဲ့ ခွဲနေရတဲ့အချိန်ကစပြီး တစ်ရက်မှ စိတ်မချမ်းသာခဲ့ရပါဘူး အချစ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်လေ မိဖုရားကို သိပ်ချစ်တယ်"

"ချစ်တယ်ကွယ်"

"မာန်…မာန်ရယ်"

တစ်ယောက်ရင်ခွင်ထဲ တစ်ယောက် အတင်းကြပ်ဆုံး ပွေ့ဖက်မိကြသလို ချစ်အနမ်းတွေကိုလည်း အငမ်းမရ သီကုံးမိကြသည်။ တမ်းတခြင်း၊ မွတ်သိပ်ခြင်း၊ လမ်းခွဲရသမျှ ချစ်အနမ်းတွေက အတိုင်းအဆမရှိ။ သိပ်သည်းရှည်လျားခြင်းတွေနှင့် မဆုံးနိုင်အောင် သီကုံးပြီးမှ ပထမဆုံး သတိဝင်လာသူက မိဖုရား။

သူမ အခုရောက်နေတဲ့ ရင်ခွင်ဟာ မာန့်ရင်ခွင်မှမဟုတ်ဘဲ။ သူက မာန်မဟုတ်ဘူးဆိုသည့်အသိနှင့်--မာန့်ရင်ခွင်ထဲက သူမကိုယ်လေးကို ရုတ်ရုန်းပစ်လိုက်တော့ မာန်က ပေးမလွှတ်။

"ဘာဖြစ်တာလဲဟင် အချစ်"

"မိဖုရားကိုလွှတ်ပါ ထန်"

"ထန်…ဟုတ်လား"

"ဟုတ်တယ်၊ ရုတ်တရက် ထန့်ကိုမြင်လိုက်ရတော့ မိဖုရားစိတ်ထဲမှာ မာန်လို့ပဲ ထင်လိုက်မိတယ်"

"မိဖုရားကို ခွင့်လွှတ်ပါ ထန်၊ မိဖုရား သွားပါရစေတော့"

"မင်းမသွားရဘူး မိဖုရား၊ အခုချိန်ကစပြီး မာန့်ရင်ခွင်ထဲ





ကနေ မိဖုရား ဘယ်ကိုမှ မသွားရတော့ဘူး"

"ထန်"

မာန်က အံ့သြထိတ်လန့်နေသည့် အမူအရာနှင့် မိဖုရားမျက်နှာလေးကို တစ်ချက်စိုက်ကြည့်ပြီး ကားကို နေရာမှ ခပ်ကြမ်းကြမ်း မောင်းထွက်ခဲ့သည်။

"ထန်…ဒါက ဘယ်လဲ"

"ထန်မဟုတ်ဘူး မာန်"

"အခု မိဖုရားကို မာန် မခွဲနိုင်လို့ ခိုးပြေးနေတာ"

"ဟာ"

"ထန်နော် မိဖုရားကို"

"ထန်မဟုတ်ဘူးကွ၊ မာန်…မာန်၊ မိဖုရားရဲ့ချစ်သူ မာန်"

"မဟုတ်ဘူး…မဟုတ်ဘူး၊ မာန်မရှိတော့ဘူး၊ မာန်မရှိတော့ပါဘူး ထန်ရယ်"

ပြောရင်း မိဖုရား အသံလေး တိမ်ဝင်သွားကာ ကိုယ်လေး သိမ့်တုန်သည်အထိ ရှိုက်ငိုလိုက်သည်။ ချစ်သူထံမှ ငိုရှိုက်သံကို ကြားရတော့ မာန့်နှလုံးသားတွေ မခံစားနိုင်။

အဖြစ်မှန်ကို ရှင်းပြလို့လည်း မယုံကြနှင့် နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်ရာဖြစ် မိဖုရားဆိုသည့် ချစ်သူကို ကြိုတင်ကြံစည်မှု ဘာတစ်ခုမှမရှိဘဲ လက်လွှတ်ဆုံးရှုံး မခံနိုင်တာတစ်ခုထဲနှင့် သူ့အိမ်ကို ခေါ်ခဲ့သည်။ မာန့်မိဘတွေက ရန်ကုန်အိမ်မှာ ကျန်ခဲ့သည်။ မာန်က သူတစ်ယောက်တည်း နေပါစေဟု မိဘနှစ်ပါးထံမှ ခွင့်တောင်းပြီး တောင်ကြီးမှာ တစ်ယောက်တည်းနေခိုက် မမျှော်လင့်ဘဲ မိဖုရားနှင့် ဆုံကြရခြင်းဖြစ်သည်။

"ဒါ…မာန့်အိမ်ပဲ မိဖုရား၊ ဒီမှာ မာန်တစ်ယောက်တည်းနေတာ၊ တခြား ဘယ်သူမှမရှိဘူး"

"မိဖုရား တောင်းပန်ပါတယ် ထန်ရယ်၊ မိဖုရားတည်းနေတဲ့အိမ်ကိုပဲ ပြန်ပို့ပေးပါနော်၊ မိဖုရားလေ"

"တော်ပြီ မိဖုရား၊ ကိုယ့်ကို မိဖုရား ဘာမှဆက်မပြောနဲ့တော့၊ အခုချိန်ကစပြီး မာန့်နားမှာပဲ မိဖုရား နေရမယ်၊ မာန့်ကိုပဲ မိဖုရား လက်ထပ်ရမယ်"

"မာန်…မိဖုရားနဲ့ မခွဲနိုင်တော့လို့ပါ အချစ်ရယ်"

မာန်ကိုယ်တိုင် ချစ်သူကိုပြောရင်း နှလုံးသားတွေ နာကျင်လာကာ စိတ်ထိခိုက်ခံစားရလွန်းသဖြင့် မျက်ဝန်းမှာ မျက်ရည်တွေပြည့်လာတာကိုကြည့်ပြီး မိဖုရား ခေါင်းကိုသာ တွင်တွင်ခါယမ်းရင်း ငိုနေမိသည်။





"မာန့်ကိုခွင့်လွှတ်ပါ အချစ်ရယ်"

"ထန်…အို ဒီလိုမလုပ်နဲ့"

"မိဖုရားကို လွှတ်ပါ ထန်ရယ်၊ မိဖုရား ထန့်ကို တောင်းပန်ပါတယ်"

မိဖုရား အော်ဟစ်ငိုယိုတောင်းပန်နေသံလေးကို ဂရုမစိုက်။ ချစ်သူကိုယ်လေးကို ပေါ့ပါးညင်သာစွာ တင်းကြမ်စွာပွေ့ယူပြီး သူ့အိပ်ခန်းရှိရာ အပေါ်ထပ်သို့ ခေါ်လာခဲ့သည်။

မိဖုရားက ထန့်ကိုယ်ကြီးကို လက်သီးဆုပ်လေးများဖြင့် ထုရိုက်သော်လည်း မာန့်အတွက် ပန်းနှင့်ပေါက်သလို ရှိပါသည်။

"အခုချိန်ကစပြီး မိဖုရားကို မာန် ပိုင်သွားပြီ၊ မိဖုရားဆိုတဲ့ မာန့်ချစ်သူနားမှာပဲ မာန် အတူရှိနေပါရစေတော့ အချစ်ရယ်"

"မဟုတ်ဘူး ထန်၊ မိဖုရား ရှင်းပြတာကို နားထောင်ပါဦးကွယ်"

"ဘာမှမရှင်းပြနဲ့ မိဖုရား၊ အခုချိန်မှာ မာန်သိတာ တစ်ခုထဲပဲရှိတယ်၊ အဲဒါ မိဖုရားကို မောင် မခွဲနိုင်ဘူး၊ မောင့်ကိုပစ်ပြီး တခြားတစ်နေရာကို ထွက်မသွားပါနဲ့ မောင့်အချစ်ရယ်"

"မိဖုရားကို မောင်ချစ်တယ်"

"သိပ်ချစ်တယ် မိဖုရားရယ်"

"ထန်"



www.burmeseclassic.com

www.burmeseclassic.com



"အို…မဟုတ်ဘူး"

"ဟင့်အင်း…ဟင့်အင်း မိဖုရားချစ်တာ မာန့်ကိုပဲ"

"မာန့်ကိုပဲ ချစ်တယ်"

"မိဖုရားကို လွှတ်ပါ ထန်"

မာန့်ထံမှ ပြုံကျလာသော ချစ်အနမ်းတွေနှင့် မိဖုရားထံမှ မျက်ရည်တို့ ပေါင်းဆုံသွား၏။ အတင်းကျပ်ဆုံး နှောင်ဖွဲ့မှု အောက်မှာ မိဖုရား ဘာစကားမှ မပြောနိုင်။

ရှိုက်ငိုရင်း ရှုန်းကန်ရင်း မာန့်ရင်ခွင်မှာ မိဖုရား မျက်ရည်စက်တွေ စွန်းပေကျန်သည်။ မာန်ကတော့ သူဆုံးဖြတ်ချက်အတိုင်း မိဖုရားကို သူ့နားက ဘယ်ကိုမှ သွားခွင့်မပြုတော့။

မိဖုရားမှာလည်း သူမ အသည်းနှင့်အောင် ချစ်ရသော ချစ်သူနှင့် ခွဲမရအောင်တူသော ထန်ဟု သူထင်နေသော မာန်နှင့် အတူ ရှိနေချိန်မှာ သူမချစ်သူ မာန်သာ ဖြစ်လိုက်စမ်းပါတော့ဟု ဆုတောင်းနေမိသည်။

"ထန်"

"ထန် မဟုတ်ပါဘူး၊ အချစ်ရယ် မာန်ပါ"

"ထန်ရယ်"

မာန့်အမူအရာ၊ မာန့်စကားသံ၊ မာန့်ရုပ်သွင်၊ မာန့်အကြင်နာတွေနှင့် ထန့်ကိုကြည့်ရတာ မိဖုရားရဲ့ချစ်သူ မာန်မှ မာန်ပါ။





"ကိုယ် မာန်ဆိုတာ မိဖုရားမယုံတာ ကိုယ် ရင်အနာဆုံးပဲ အချစ်ရယ်"

တကယ်စိတ်ထိခိုက်နေသူ ထန့်ရုပ်သွင်ကို ကြည့်ပြီး မိဖုရားကိုယ်တိုင်လည်း ဝမ်းနည်းကြေကွဲနေမိသည်။

"ထန်က မာန်ဆိုရင် ဘာဖြစ်လို့ မာန့်ကိုယ်ပေါ်မှာ မာန့်ပစ္စည်းတွေ ရှိမနေတာလဲ"

"အဲဒီအကြောင်းတွေကို မာန် ရှင်းပြပါ့မယ် အချစ်ရယ်၊ အဖြစ်အပျက်တွေအားလုံး အခုလို ရှုပ်ထွေးကုန်ရတာ ထန်ကိုယ်တိုင် မိဖုရားကို သိပ်ချစ်သွားလို့ အခုလိုဖြစ်ရတာပါ"

မာန်က သူနှင့်ထန်တို့ မိဖုရားကို တစ်ယောက်တစ်လှည့်စီ မိဖုရားကို တွေ့ကြပုံ။ နောက်တော့ ထန်က မိဖုရားကို ချစ်မိပြီဟု ဝန်ခံစကားပြောရုံမက မာန် ဟန်ဆောင်ပြီး မာန့်ပစ္စည်းတွေ မာန်မသိအောင် ဝတ်ဆင်ခဲ့ရာမှ နောက်ဆုံး ကားအက်ဆီးဒင့်ဖြစ်၍ ထန် ဆုံးသွားပုံအားလုံး မာန် ရှင်းပြသည်။

မိဖုရားမှာတော့ မာန့်စကားတွေကို ယုံရခက်၊ မယုံရခက် တွေတွေငေးငေးလေး စဉ်းစားတွေဝေလျက် မျက်ရည်သာကျနေပါသည်။

"မောင်ပြောတာ ယုံပါ မိဖုရားရယ်၊ အခု မိဖုရားနားမှာ မိဖုရားနဲ့အတူ ရှိနေတာ မိဖုရားချစ်တဲ့ မိဖုရားရဲ့ချစ်သူ မာန်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ယုံပါဆိုပေမယ့် မယုံနိုင်။

မာန့်ကိုယ်ပေါ်မှာ မာန့်အမည်ပါ ဟန်းချိန်းလေးနှင့် မာန့်ဆွဲကြိုးလေး ရှိနေသည်က အမှန်ဖြစ်သည်။

"ဘယ်သွားမလို့လဲ မိဖုရား"

"မိဖုရားတစ်ယောက်တည်း နေပါရစေ"

မာန့်လို့လည်း မခေါ်။ ထန့်လို့လည်း မသုံး။ မိဖုရားက သံပြတ်နှင့် စကားပြောရင်း မာန့်အနားက လှည့်အထွက်...

"အမလေး"

"ဟာ...မိဖုရား"

ခေါင်းထဲ မိုက်ခနဲဖြစ်သွားသည်။ မိဖုရားမျက်ဝန်းထဲမှာ ဘာဆိုဘာမှ မမြင်ရတော့။ မာန်က မိဖုရားကိုယ်လေးကို ပွေ့ယူလိုက်တော့ မိဖုရားက သတိလစ်နေပြီ။ မိဖုရားကိုယ်လေးကို ပွေ့ယူပြီး ဆေးခန်းကို သွားပြတော့ ဆရာဝန်က သေချာစစ်ဆေးပေးသည်။

"မင်္ဂလာသတင်းပါဗျာ၊ မကြာခင် ခင်ဗျား ကလေးအဖေဖြစ်ရတော့မယ်ဆိုတော့ ကွန်ကရက်ကျူးလေးရှင်းပါဗျာ"

"သင့်ခ်ယူ...ဒေါက်တာ"

ဆရာဝန်ကို လက်ဆွဲနှုတ်ဆက်ရင်း မာန့်ရင်တွေ တဒိတ်ဒိတ် ခုန်နေသည်။ မိဖုရားမှာ ကိုယ်ဝန်ရှိနေသည်။

"အင်း"





"မိဖုရား...သတိရပြီနော်"

"မာန်"

ချစ်သူအမည်ကိုပဲ မိဖုရားနှုတ်က ခေါ်မိသည်။

"မိဖုရား ဘာဖြစ်တာလဲဟင်"

ဆေးခန်းကိုကြည့်ပြီး မိဖုရား မေးလာတော့ ရုတ်တရက် မာန် ဘာပြောရမှန်းမသိ။

"ဟို...မိဖုရားမှာ"

"ညီမမှာ သားသားလေးရှိနေပြီ ညီမရေ၊ ဒါကို ကလေးအဖေက ဝမ်းသာပြီး ဘာပြောရမှန်းမသိ ဖြစ်နေတာထင်တယ်"

"ရှင်"

"မိဖုရား...သတိထားလေ၊ လာ ကိုယ့်လက်ကိုတွဲ"

"ဆရာ...ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီဗျာ"

မာန်က မိဖုရားလက်ကိုတွဲပြီး ကားပေါ်တက်စေသည်။ ပြီးမှ ဆရာကို နှုတ်ဆက်၍ ကားကို မောင်းထွက်ခဲ့သည်။ မိဖုရားက ဘာစကားမှမဆိုဘဲ အသံတိတ် မျက်ရည်တွေကျနေ၏။

"မငိုနဲ့လေ မိဖုရား၊ မိဖုရားဗိုက်ထဲမှာ သားလေးရှိနေတာ ဝမ်းသာစရာမဟုတ်လား"

"ဝမ်းသာရမယ် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မိဖုရား၊ ဝမ်းသာရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ထန့်ကိုယ်ပွား၊ ထန့်ကိုယ်စားလေး မိဖုရားရင်ထဲမှာ ကျန်ခဲ့တာ ဘယ်လောက် ဝမ်းသာစရာကောင်းလဲ"

"ထန်ရယ်"

"မောင်တို့ လက်ထပ်ကြမယ်၊ မိဖုရားရင်ထဲက သားဟာ မောင့်သားလေး၊ မောင့်ရင်သွေး၊ အဲဒါကို မိဖုရား ဘယ်တော့မှ မမေ့နဲ့"

မာန်က အားတက်သရော ပြောနေသလောက် မိဖုရားကတော့ မျက်ရည်တွေနှင့် ခေါင်းကိုသာ တွင်တွင်ခါနေသည်။

"မောင်တို့ လက်ထပ်ကြမယ်နော် မိဖုရား"

"မိဖုရား ဘာမှမသိတော့ဘူး ထန်ရယ်၊ မိဖုရား ဘာမှ မသိတော့ဘူး"

တသိမ့်သိမ့် ရှိုက်ငိုနေသော မိဖုရားကိုယ်လေးကို မာန်က သူ့ရင်ခွင်ထဲ အတင်းကြပ်ဆုံး ထွေးပွေ့ထားလိုက် သည်။

"တူ…တူ…တူ"

ညင်သာစွာ အော်မြည်လာသည့် ဖုန်းကို မာန် ကောက်ယူပြီး ထူးလိုက်တော့ ဖုန်းက အိမ်ကဖုန်းဖြစ်နေ၏။

"ဟဲလို"

"သားကြီး"





"မေမေ"

"မေမေသားကြီး မာန်"

"ဟာ…မေမေ ကျွန်တော့်ကို"

ရှိုက်သံဖြင့် ရောထွေးနေသည့် မိခင်ဖြစ်သူထံမှ ငိုရှိုက်သံနှင့် သူ့ကို ထန်လို့မခေါ်ဘဲ သားကြီးမာန်ဟု မေမေကိုယ်တိုင် အသိအမှတ်ပြု ခေါ်လိုက်သံက မာန့်ရင်ကို ပြင်းစွာ တုန်လှုပ်သွားစေသည်အထိ စိတ်ထိခိုက်သွား၏။

"သားကြီး မာန်၊ သား"

"ဗျာ…မေမေ"

"သားဟာ မာန်ဆိုတာ မေမေသိပါပြီ သားကြီးရယ်၊ သားငယ်ထန့်ကိုယ်ပေါ်မှာ သားမာန်နာမည်နဲ့ ပစ္စည်းတွေကို တွေ့လိုက်ရတော့ မေမေတို့လည်း သားငယ် ထန်လို့မထင်ဘဲ သားကြီးမာန်လို့ပဲ ထင်လိုက်မိကြတယ်ကွယ်"

"အခုမှ သားငယ်ထန့်ဒိုင်ယာရီစာအုပ်ကို ရှာတွေ့ပြီး ဖတ်မိရာက အဖြစ်မှန်ကို သိခဲ့ရတယ်၊ သားထန်လေးကို ခွင့်လွှတ်လိုက်ပါ သားကြီးရယ်"

ပြောရင်း ငိုချလိုက်သည့် မိခင်ကြောင့် မာန်ကိုယ်တိုင် မျက်ဝန်းမှာ မျက်ရည်တွေ ဝဲလာ၏။

"ထန်ရယ်"

"ထန့်ကို ကျွန်တော် အပြစ်မယူရက်ပါဘူး မေမေရယ်၊ ထန့်ဘဝ၊ ထန့်ရင်ထဲက ခံစားချက်တွေကို ကျွန်တော်နားလည်ပါတယ် မေမေ"

"သာဓုပါ သားကြီးရယ် သာဓုပါ၊ ဒီမှာ သားကြီးနှာမည်နဲ့ ဆွဲကြိုးလေး ပြန်တွေ့တယ်၊ သားထန် ဆွဲထားတဲ့ မာန်ဆိုတဲ့ ဆွဲကြိုးလေးရဲ့အတွင်းဘက်မှာ မေမေနဲ့ဖေဖေတို့ရဲ့ သင်္ကေတ အယ်စာလုံးမပါခဲ့ဘူးလေ"

"အခုမှ ဆွဲကြိုးလေးနှစ်ခုကို သေချာတိုက်ကြည့်ပြီး စစ်ဆေးမိတယ် သားရယ်"

"မေမေရယ်"

"ဘာပဲဖြစ်ဖြစ် မာန်ဟာ ထန် မဟုတ်ဘူးဆိုတာ မေမေတို့သိရင် သား ကျေနပ်ပါပြီဗျာ"

"သားကို့မင်္ဂလာကိစ္စကို အမြန်ဆုံး စီစဉ်ပေးမယ်၊ သားတို့ ပြန်လာခဲ့ကြတော့၊ သမီးလေးမိဘတွေကိုလည်း အဖြစ်မှန်အတိုင်း မေမေတို့ ရှင်းပြပြီးပြီ၊ သူတို့လည်း ဝမ်းသာနေကြပါတယ်ကွယ်"

"ပြန်လာခဲ့ကြတော့နော် သားကြီး"

"ဟုတ်ကဲ့ပါ မေမေ၊ သားတို့ မကြာခင် ပြန်လာခဲ့ပါမယ်"

"ဒါပဲနော် သား"





"ဟုတ်ကဲ့"

မာန့်လက်ထဲက ဖုန်းကိုပိတ်ပြီး မာန့်မျက်နှာကို စေ့စေ့ကြည့်နေရင်း မျက်ရည်ဖြိုင်ဖြိုင်ကျနေသော မိဖုရားကို ရုတ်တရက် မြင်လိုက်ရ၏။

"မိဖုရား"

"ဟင့်အင်း…မိဖုရားအသားကို မထိပါနဲ့ မာန်ရယ်"

"မာန်…ဟုတ်လား၊ ကိုယ်ဟာ ထန်မဟုတ်ဘူး၊ မာန်ဆိုတာ မိဖုရား သိသွားပြီပေါ့"

မိဖုရားက ခေါင်းညိတ်သည်။ မာန်က ဝမ်းသာနေသလောက် မိဖုရား ရှိုက်ငိုနေပုံက ဝမ်းနည်းကြေကွဲခြင်းတွေနှင့် ဖြစ်သည်။

"ဒါဖြင့် ကိုယ့်ချစ်သူ ကိုယ်ပြန်တွေ့ရတာ ငိုစရာလား မိဖုရားရယ်၊ ကိုယ့်ချစ်သူ ကိုယ်ပြန်တွေ့ရတာ ဝမ်းမသာဘူးလား"

"ဝမ်းသာပါတယ် မာန့်ရယ်၊ ဒါပေမဲ့"

"တော်ပြီ၊ ကိုယ်ကြားချင်တဲ့စကားထဲမှာ ဒါပေမဲ့ဆိုတာ မပါဘူး၊ အခုချိန်ကစပြီး ကိုယ်တို့မိသားစုလေး ဘယ်တော့မှမခွဲဘဲ တစ်သက်လုံး အတူတူနေသွားကြမယ်နော် အချစ်"

"မာန့်ရယ်"

တင်းကြပ်စွာ ထွေးပွေ့လာသည့် မာန့်ရင်ခွင်ထဲ မိဖုရား

www.burmeseclassic.com



ကိုယ်လေး နစ်ဝင်သွားၿ၏။ ချိုမြိန်စွာ ကျရောက်လာသည့် ချစ်အနမ်းတွေအောက်မှာ မျက်ရည်ချောင်းလေး စီးနေရပေမယ့် မိဖုရားရင်ထဲနှလုံးသားထဲမှာတော့ မာန်နှင့် ခွဲမရအောင်တူသည့် ထန့်ပုံရိပ်ကို ပြန်လည်မြင်ယောင်ရင်း ဖော်ပြရန် မစွမ်းနိုင်သည့် စိတ်ခံစားမှုအရှုပြင့် မာန့်ရင်ခွင်မှာ ငြင်းဆိုကန့်ကွက်ရန် စကားတို့ ရှားပါးပျောက်ဆုံးလျက် မျက်ဝန်းအစုံကို မှေးမှိတ်ငြိမ်သက်စွာ တိတ်ဆိတ်နေလိုက်ရပါတော့သတည်း။

ချစ်သူတိုင်း ဖျော်ရွှင်ကြည်နူးနိုင်ကြပါစေ။
ချစ်ခြင်းမေတ္တာဖြင့်
မြပုလဲသွယ်

ဝိုး ဝိုး ၈ ၁ ၄ ပ

www.burmeseclassic.com